


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

BURMESE CLASSIC .com

ပြိတကူ

# မဟူရာရန်ခွယ်

[ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်]

www.burmeseclassic.com

www.burmeseclassic.com



## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၃၉။ သလင်းကျောက်နန်းတော်
၄၀။ နှင်းဖြူတောင်တန်း လွမ်းသက်သေ
၄၁။ ဇီဝစိုးကျိန်စာ
၄၂။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၃။ ပျဉ်ဒရယ်မြနန္ဒီ
၄၄။ နဂါးပွက်အိုင်လမ်း
၄၅။ မောရမြိုင်မှ သောဥသဝက်ပါ
၄၆။ ကျောက်လက်ဝါးအမြူတေ
၄၇။ ဂမုန်းနက် ရန်စွယ်
၄၈။ ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ
၄၉။ ရှမ်ဘဲလားသို့ မဟာဂန္တာရီ
၅၀။ တစ္ဆေကျွန်း
၅၁။ နဂါးတစ်ထောင်ဂူ





## ပါဝင်သောအခန်းများ

အမှာစာ...


အခန်း (၁) ကျွန်ုပ်နှင့် တိုတမ်ဝါဒမှတ်တမ်း၊
အခန်း (၂) သွေးစွန်းသော မဟူရာညာ၊
အခန်း (၃) နုနယ်သောအချစ်သည် အသီရခက်လှ၏၊
အခန်း (၄) ပဟေဠိဆန်သော နန်းသူဇာ၊
အခန်း (၅) ထမန်းကျားလော တောကောင်ပေလော၊
အခန်း (၆) ဒေါ်မင်းဇာ၏ ဆန်းကြယ်သောစကား၊
အခန်း (၇) မိုးကြိုးသံသေစားနဲ့ ဘဝဟောင်းက ချစ်သူ၊
အခန်း (၈) ကျောက်မျက်ရှင်လည်ဆွဲနှင့် မေတ္တာဒဏ်သင့်သူ၊
အခန်း (၉) ကံကြမ္မာကလှဲ့စား၊
အခန်း (၁၀) ကျောက်မျက်ရှင်သဲလွန်စ၊
အခန်း (၁၁) တိုက်ပွဲအတွက် ပြင်ဆင်ကြပြီ၊




BURMESE CLASSIC .com
www.burmeseclassic.com

အခန်း (၁၂) ဘဝဟောင်းမှ ချစ်သူပေလော၊
အခန်း (၁၃) လက်ရုံးတစ်ဖက်သည် အားတစ်ခုဖြစ်၏၊
အခန်း (၁၄) ကျောက်မျက်ရှင် ရုစ်ပါး ပြည့်စုံသွားပြီ၊
အခန်း (၁၅) ဒေါ်မင်းဇာ၏ လျှို့ဝှက်သော အကြံအစည်၊
အခန်း (၁၆) ချစ်ခြင်းမေတ္တာရဲ့ ပဟေဠိများ၊
အခန်း (၁၇) ဟော်နန်းထဲမှ လျှို့ဝှက်ရန်သူ၊
အခန်း (၁၈) အတိတ်မှ ရန်ငြိုးရန်စ၊
အခန်း (၁၉) မိုင်းခွန်းရွာတိုက်ပွဲ၊
အခန်း (၂၀) ထမန်းနက်ရန်စွယ်၊
အခန်း (၂၁) ရန်ငြိုးရန်စနှင့် နောင်တ၊
အခန်း (၂၂) ဝေဒနာ သတင်းပေးသူ၊
အခန်း (၂၃) ထမန်းနက်တို့နှင့် နောက်ဆုံးတိုက်ပွဲ၊
အခန်း (၂၄) မေတ္တာဒဏ်သင့်သူနှင့် မေတ္တာဆုံသောပွဲ၊






မိန်းမသားတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာ လုံခြုံမှုအတွက် ဘဝတစ်သက်တာမှာ ယုံကြည်အားကိုးရတဲ့ အဖော်ကောင်း တစ်ယောက် တော့ရှိမှ တင့်တယ်မယ်လို့ ကျွန်မ ထင်တယ်။

စောနန္ဒာ





www.burmeseclassic.com

www.burmeseclassic.com





လောကမှာ အနာရှိရင် ဆေးရှိစမြဲပါကွယ်၊

အနာနဲ့ဆေး တည့်အောင် ပေးတတ်ဖို့သာ အရေးကြီးပါတယ်၊

ဆေးပက် မဝင်တဲ့အပင်၊

ဆေးပက်မဝင်တဲ့ အရာဝတ္ထု ဆိုတာလည်း မရှိပါဘူး။

ရှမ်းဆရာကြီး ဦးစိုင်းလုံ







ဝိသဿ ဝိသမောဓ ဆိုတဲ့ စကားလိုပါ၊

အဆိပ်ပသည်ပင် အဆိပ်ရဲ့ဖြေဆေး ဖြစ်ပါတယ်။

ရှမ်းဆရာကြီး ဦးစိုင်းလုံ





www.burmeseclassic.com

www.burmeseclassic.com



၁၂ လရာသီရဲ့ လပြည့်ညတွေမှာ မိစ္ဆာတွေ မကြိုက်တဲ့ ညဆိုလို့ တန်ဆောင်မုန်း လပြည့်နေ့ညပဲရှိတယ်။ တန်ဆောင်မုန်း လပြည့်နေ့ညက ဆေးပေါင်းခတဲ့ညဆိုတော့ တန်ခိုးရှိတဲ့ ဂမုန်းရနံ့တွေရဲ့ ဒဏ်ကို သူတို့မခံနိုင်ကြဘူး။

ငဒွေး







မေတ္တာတရားကို စော်ကားမိသူ ဘဝ တစ်သက်တာမှာ စစ်မှန်တဲ့ မေတ္တာတရားနဲ့ ဘယ်တော့မှ မဆုံနိုင်တော့ဘူးဆိုတာ ကျွန်မ သိပါပြီ။

နန်းသူဇာ





www.burmeseclassic.com



မေတ္တာတရားရဲ့ ဒဏ်ချက်ကြွင်း
ကို ခံရသူအတွက်တော့လည်း နောက်က ဆိုတဲ့
အလောင်း တစ်လွဲလို့ အကြောင်းနဲ့မှ မတိုက်
တန်ပါဘူး။

နန်းသူဇာ







ကကယ့်ချစ်သူတွေဟာ အနောက်ကသား မလိုဘူး၊
ဘဝ ဘယ်ပြလောက်ကြားကြား၊
ဘယ်ပြလောက် ဝေးနေနေ
ပြန်တွေ့တာနဲ့
အသည်းနှလုံးက အလိုလို သိနေတယ်။

ဒေါ်မင်းဇာ





www.burmeseclassic.com

www.burmeseclassic.com





ဒီလည်ဆွဲရတနာက

တစ်နေ့ကျရင်

မင်းရဲ့ ချစ်သူအစစ်ကို ရှာပေးသလို၊

ဒီဖားကလည်း

မင်းအတွက် အန္တရာယ်အသွယ်သွယ်က

ကာကွယ်ပေးပါလိမ့်မယ်။

ဒေါ်မင်းဇာ







လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ကိုယ် ဘယ်ဘဝက ကူးပြောင်းလာတယ် ဆိုတာကို မသိနိုင်ကြပါဘူး၊ အဲဒီမှာ ပါရမီစွမ်းအား ကောင်းတဲ့သူတွေနဲ့ မေတ္တာစွမ်းအားကြီးမားသူတွေကတော့ ဘဝဟောင်းက ဖြစ်ခဲ့တဲ့ အကျိုးဆက်တွေနဲ့ ဘဝဟောင်းက ချစ်သူတွေကို ပြန်ပြီးသတိရကြတယ်၊ အမှတ်ရလေ့ရှိကြတယ်။

စောနန္ဒာ






www.burmeseclassic.com

www.burmeseclassic.com

















www.burmeseclassic.com

www.burmeseclassic.com



# ဝန်ခံချက်

ဤဝတ္ထု၌ ပါဝင်သော သမိုင်းအချက်အလက် မှတ်တမ်းများမှာ ၁၉၈၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော [တိုင်းရင်းသား လူမျိုးများ၏ နယ်ချဲ့ ဆန့်ကျင်ရေး သမိုင်း] စာအုပ်မှ ထုတ်နုတ် သုံးစွဲပါကြောင်း ဝန်ခံပါသည်။

စာရေးသူ





## အခန်း [ ၁ ]

# ကျွန်ုပ်နှင့် တိုတာမ်ဝါဒမှတ်တမ်း

တစ်နေ့သ၌ ကျွန်ုပ်သည် ခရီးထွက်ရန်ကိစ္စများလည်း မရှိ၊ စာရေးသားရန်ကိစ္စလည်း လောလောဆယ်တွင် မရှိသေးသောကြောင့် ယခင်က သွားလာခဲ့ဖူးသော ခရီးစဉ်မှတ်တမ်းများအား ပြန်လည်ဖတ်ရှုနေသည်။

ကျွန်ုပ်အနေနှင့် မြန်မာပြည်အနှံ့အပြားသို့ ခရီးသွားခဲ့ပြီးဖြစ်ရာ ၎င်းမှတ်တမ်းများမှာ စာရေးသားသောအခါတွင် လွန်စွာမှ တန်ဖိုးရှိ အသုံးဝင်လှပေသည်။

ကျွန်ုပ်မှာ တစ်ကိုယ်တည်းဘဝဖြင့် စာရေးသားခြင်း အလုပ်တစ်ခုကိုသာ ဖောက်ချလုပ်ကိုင်သူဖြစ်ရာ စာပေရေးသား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် ရရှိသော ငွေကြေးများဖြင့် မြန်မာနိုင်ငံသာမက ဟိမဝန္တာတောင်တန်း၊ တိဗက်တောင်တန်းများအထိ ခရီးသွားခဲ့ဖူးပြီ။

တကယ်တော့ ကမ္ဘာမြေပြင် အနှံ့အပြားတွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော အကြောင်းအရာများ၊ အဖြစ်အပျက်များစွာတို့ ရှိပေသည်။

ထိုအကြောင်းများသည် ကျွန်ုပ်အတွက် ရေးသားမကုန်အောင် များပြားလှပေသည်။

ကျွန်ုပ်သည် ထမံသီရွာသို့ ရောက်ခဲ့စဉ်က ရေးသားပြုစုထားသော မှတ်တမ်းများကို တွေ့သဖြင့် စိတ်ဝင်စားစွာဖြင့် ပြန်ဖတ်ကြည့်နေမိသည်။

ထမံသီရွာသည် ချင်းပြည်နယ်၊ ချင်းတွင်းမြစ်ရိုးတွင် နာမည်ကျော်ကြား လူသိများသော နေရာ တစ်နေရာဖြစ်ပါသည်။ ဟိုးယခင်ကပင် ထမံသီရွာနှင့် ပတ်သက်သော အကြောင်းများ၊ ရေးသားခဲ့သော စာပေမှတ်တမ်းများကို လေ့လာဖတ်ရှုခဲ့ပြီး ဖြစ်၏။

မှတ်တမ်းများထဲတွင်...

ထမံသီရွာအား ထမန်းလူမျိုးများမှ စတင်ထူထောင်ခဲ့ကြသည်။ တောင်ပေါ်နာဂ နောက်အော်ကျေးရွာက အချို့





ဆွေမျိုးအုပ်စုတို့မှာလည်း ကျားဖြစ်သော အမျိုးအနွယ်များ ရှိခဲ့ဖူးသည်ဟု ရေးသားဖော်ပြကြသည်။

ဒါကို 'သမန်းကျား'ဟု ခေါ်ဝေါ် သမုတ်ခဲ့ကြသည်ဟု ဖော်ပြထားသည်။ နယ်ခံတစ်ဦးကတော့...

"သမန်းကျားဆိုတာ လူရဲ့ဝိညာဉ်က ကျားကိုပူးကပ်ပြီး သားကောင်တွေကို ကိုက်ခဲ သတ်ဖြတ်တဲ့ကျားကို ခေါ်ခြင်းဖြစ်တယ်၊ သမန်းကျားဖြစ်တဲ့ လူဟာ အိပ်ပျော်နေသလို အိပ်ရာထဲမှာ လဲနေတယ်၊ သတိရလာတဲ့အခါ သမန်းကျားဖြစ်စဉ်က ကိုက်သတ်ထားတဲ့ သားကောင်ရှိတဲ့နေရာကို ပြောပြနိုင်တယ်တဲ့လေ။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်က ထမံသီမှာ အမျိုးသမီးကြီးတစ်ဦး ရှိခဲ့ဖူးတယ်၊ ထမန်းအမျိုးသမီးကြီးပေါ့၊ ထမံသီမှာတော့ နောက်ဆုံး ကျားမျိုးဆက်လို့ ပြောတယ်၊ အမည်က ဒေါ်မင်းရေးလို့ခေါ်တယ်။

အဲဒီ ဒေါ်မင်းရေးကို တစ်ရွာလုံးက ကျားမျိုးနွယ်လို့ ပြောကြတယ်၊ အသိအမှတ် ပြုခဲ့ကြတယ်။

ထမန်းကျား ပြောင်းနိုင်တယ်လို့ ပြောပါတယ်"

ဟု ပြောပြသည်။

ထို့ပြင်...



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါနဒီ မြန်ပြည်မြောက်ဖျား (ဒုတိယတွဲ၊ စာမျက်နှာ ၂၃၄)တွင် ထမန်းမျိုးနွယ်များအကြောင်းအား ဤသို့ ရေးသားထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

၎င်းနယ်မြေမှာ ဘိုးစဉ်ဘောင်ဆက်ကတည်းက အငဲသီချွဲ၊ အကြားစွဲ၊ ယုံကြည်စွဲနှင့် ကျားမျိုးနွယ်ဟု ထင်မှတ်နေကြသော ကျားမျိုးနွယ်များလည်း ရှိခဲ့ကြသည်။

ထမန်းမျိုးနွယ်မှ ကျားဖြစ်သောကြောင့် "မန်းကျား" ဟု ခေါ်ခဲ့ကြရာမှ ကာလကြာသောအခါ လူများ၏ ပါးစပ်ဖျားတွင် "သမန်းကျား" ဟူသော အမည်ဝေါဟာရတစ်ခု တွင်လာခဲ့ခြင်း ဖြစ်၏။

၎င်းနှင့်ဆက်စပ်သော ပုံပြင်များလည်း ရှိပေသည်။

ကျားနွယ်ကျားဆက် တစ်ဦးဖြစ်သော ထမန်းတစ်ဦးသည် "သမန်းကျား"ဘဝသို့ ပြောင်းလိုက ပြောင်းနိုင်၏။ ကျားအဖြစ်သို့ ပြောင်းလိုက ထိုသူသည် အဖော်တစ်ဦးနှင့် တောထဲသို့ သွားရသည်။

တောထဲရောက်သောအခါ ကျားအဖြစ် ပြောင်းမည့်သူက အဝတ်အစား အားလုံးကို ချွတ်ပြီး ပါလာသည့် အဖော်အားပေးထားရ၏။ အဖော်ဖြစ်သူက အဝတ်အစားများကို ယူပြီး





သစ်ပင်ပေါ်သို့ တက်နေရသည်။ ထိုသို့ တက်နေရခြင်းမှာ သမန်းကျားဖြစ်လာသူက အန္တရာယ် မပေးနိုင်အောင်ဖြစ်၏။

ထို့နောက်.ကျားအဖြစ် ပြောင်းမယ့်သူသည် ကျားစိတ်များ ဝင်လာအောင်လုပ်ပြီး ကျွမ်းသုံးခါ ထိုး၍ တော်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

ထိုသူသည် တောထဲတွင် ကျားတစ်ကောင်၏ စွမ်းအားများ၊ သတ္တိများ၊ လျင်မြန်မှု၊ ဖျတ်လတ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကိုသုံး၍ သားကောင်ကို ကိုက်ဖမ်း၍ သတ်သည်။

ထိုသို့ သားကောင်ရရှိပြီးသောအခါ အဖော်ရှိရာ သစ်ပင်ကြီးသို့ ပြန်လာသည်။

ထိုအခါ သစ်ပင်ပေါ်မှ အဖော်ဖြစ်သူက အဝတ်အစားများကို လှူပ်ရမ်းပြရသည်။ ကျားစိတ်ဝင်နေသူက ၎င်း၏ အဝတ်အစားများကို မြင်သောအခါ တဖြည်းဖြည်း သတိရလာပြီး လူစိတ်ပြန်ဝင်လာလေသည်။

ထိုအခါမှ အဖော်က အဝတ်အစားများကို ပေးလိုက်ရသည်။ စိတ်ချရသောအခါ အဖော်သည် သစ်ပင်ပေါ်က ဆင်း၏။ ထို့နောက် သမန်းကျားဘဝက ကိုက်သတ်ထားသော သားကောင်ကို ရှာဖွေပြီး ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနယ်မြေ၌ ပေါ်ပေါက်ခဲ့သော လူမှ သမန်းကျား အဖြစ်သို့ ကူးပြောင်းနိုင်သည်ဆိုသော ဖြစ်စဉ်တို့ကို မနုဿ ပညာရှင်တို့က မနုဿဗေဒ သီဝရီဖြင့် သိပ္ပံနည်းကျ ကြံဆ ထားသည်တို့လည်း ရှိပေသည်။

မနုဿဗေဒ ပညာရှင်တို့က သမန်းကျား ဟူသည် ယုံကြည်စွဲလမ်းမှု 'တိုတမ်ဝါဒ' တွင် အကျုံးဝင်သည့် ယုံကြည်ချက်တစ်ရပ် ဖြစ်သည်ဟု ဆိုခဲ့ကြသည်။

ထို တိုတမ်ဝါဒသည် ယနေ့တိုင် ကမ္ဘာ နေရာအနှံ့ အပြား၌ ရှိနေ, တွေ့နေရသေးသည်ဟုလည်း မှတ်တမ်းများက ဆိုပါသည်။

အချို့သော သုတေသီတို့ကမူ တိုတမ်ဝါဒကို ရှေးအကျဆုံး ဘာသာရေးအဖြစ် သတ်မှတ်ကြ၏။ သို့ရာတွင် အချို့သုတေသီတို့ကမူ ဘာသာရေးဟု မသတ်မှတ်ကြပေ။

ထိုအထဲတွင် မနုဿဗေဒ ပညာရှင်တစ်ဦးဖြစ်သူ 'ဝီလျံဟောင်းဝဲလ်' အမည်ရှိ ပုဂ္ဂိုလ်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ထင်ရှားသည်။

"တိုတမ်ဝါဒမှာ ဘာသာရေး မဟုတ်ချေ။ သစ်ပင် (သို့မဟုတ်) တိရစ္ဆာန်တစ်မျိုးမျိုးနှင့် ပတ်သက်သည့် စွဲလမ်းယုံကြည်မှု၊ အလေးထား လေးစားလွန်းမှု၊





သစ်ပင် တိရစ္ဆာန်တို့နှင့် ဆွေမျိုးနွယ်စပ်နေသည်ဟု ထင်သည့် စိတ်ကူးယဉ် တွေးခေါ်မှုများသာ ဖြစ်သည်"ဟု အဓိပ္ပာယ် ဖွင့်ဆိုထား၏။

ဥပမာ...

ခြင်္သေ့တိုတမ်ဝါဒများကို ယုံကြည်နေမိသူသည် မိမိတို့သည် ခြင်္သေ့မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်နေကြ၏။ ခြင်္သေ့များနှင့် မိမိတို့ ဆွေမျိုးတော်စပ်ကြသည်ဟု လုံးဝ ယုံကြည်ကြ၏။

ထို့ကြောင့် ခြင်္သေ့များသည် သူတို့အတွက် လုံးဝ အန္တရာယ်မရှိ၊ သူတို့ကလည်း လုံးဝ မကြောက်ရွံ့ကြ။

ထိုသူတို့သည် ခြင်္သေ့တောတွင် ရဲဝံ့စွာ သွားလာဝံ့ကြသည်။ ထို့အတူ မိကျောင်းတိုတမ်ဝါဒီများသည် မိကျောင်းများ ပေါများလှသည့် မြစ်ချောင်းများထဲသို့ ရဲဝံ့စွာ ကူးသန်းသွားလာဝံ့ကြသည်။ မိကျောင်းတို့သည် သူတို့ကို အန္တရာယ် မပြုနိုင်ဟု ယုံကြည်ကြလေသည်။

ထို့ပြင် ဝက်ဝံတိုတမ်ဝါဒီများကလည်း ဝက်ဝံများကို မကြောက်ရွံ့ကြ။ နှစ်စဉ်ပွဲတော်ရက်များအတွက် အထူးသီးသန့် မွေးမြူထားသည့် ဝက်ဝံကို သတ်၍ အသားအနည်းငယ်စီ ဝေငှ၍ စားသောက်လေ့ပင် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို တိုတမ်ဝါဒ အမျိုးအစားကို မနုဿဗေဒ ပညာရှင်တို့က သုံးမျိုးသုံးစား ခွဲခြားထားကြပြန်၏။ ကျေးရွာတစ်ရွာတွင် ဆွေမျိုးအုပ်စု တစ်စုကသာ လက်ခံယုံကြည်ထားသည့် ဆွေမျိုးစု တိုတမ်၊ တစ်ရွာလုံးတွင် တစ်ဦးကသာ ယုံကြည်သည့် ပုဂ္ဂလိက တိုတမ်နှင့် ကျား,မ အုပ်စုအလိုက် လက်ခံယုံကြည်ကြသည့် လိင်အလိုက်လက်ခံ သက်ဆိုင်သည့် တိုတမ်ဟူ၍ ဖြစ်၏။

မနုဿဗေဒ ပညာရှင်တို့အလိုအရ ဤချင်းတွင်း၊ နာဂနယ်မြေ၌ ပေါ်ပေါက်ခဲ့သည့် သမန်းကျားအယူဝါဒသည် ဆွေမျိုးအုပ်စု တစ်ခုမျှနှင့်သာ သက်ဆိုင်သည့် ဆွေမျိုးစု တိုတမ်သာ ဖြစ်၏။

စိတ္တဗေဒပညာအရ ဤသမန်းကျားစိတ်သည် 'ဟစ်စတီးရီးယား'ခေါ် စိတ်ကျိုးကျိုးကြွကြွ ဖြစ်မှုဟု ဆို၏။

အကြောင်းမူကား...

သမန်းကျားအဖြစ် ပြောင်းလဲနိုင်သည်ဟု မိမိကိုယ်ကို ယုံကြည်စွဲလမ်းနေသူသည် ထိုစိတ်၏ စွမ်းဆောင်မှုကြောင့်ပင် သားကောင်များကို နိုင်အောင် တိုက်ခိုက် သတ်ပုတ်နိုင်၏။

ရက်စက် စွန့်စားဝံ့၏။





ကျားစိတ်ဝင်အောင် အထင်အမြင်စိတ်ဖြင့် ယုံကြည်စွာ လှည့်စား ပြောင်းလဲမစ်နိုင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့်...

မိမိတို့၏ နာကျည်းချက်၊ ခံစားချက်နှင့် ကလဲ့စားချေလိုချက်တို့ကို စုစည်းကာ သမန်းကျားစိတ်ဝင်၍ လက်စားချေတုံ့ပြန်ကြခြင်းဖြစ်သည်ဟု စိတ္တဗေဒဖြင့် ကောက်ချက်ဆွဲကြခြင်း ဖြစ်၏။

အထက်ချင်းတွင်း၌ ခရိုင်ဝန်ဖြစ်ခဲ့သူ မစ္စတာ ဂရန့်ဘရောင်းသည် ၁၉၀၈ ခုနှစ်တွင် စာအုပ်ရေးသားထုတ်ဝေခဲ့ဖူး၏။ သူ၏ စာအုပ်ထဲတွင် ထမန်းလူမျိုးတို့သည် လူစစ်စစ်မှ ကျားအဖြစ်သို့ ပြောင်းလဲနိုင်ပြီး၊ မိမိပိုင် ပစ္စည်းများကို ခိုးယူသူတို့အား ဒုက္ခပေး လက်စားချေလေ့ရှိသည်ဟု ဖော်ပြထားဖူးသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် ယဉ်ကျေးမှု မနုဿရှုထောင့်မှ သိပ္ပံနည်းကျ ဆန်းစစ်ထားသည့် သမန်းကျားအပေါ် သုံးသပ်မှုကိုလည်းကောင်း၊

စိတ္တဗေဒဖြင့် သမန်းကျားစိတ် ဖြစ်ပေါ်လာပုံကို ရှုမြင်ထားချက်ကိုလည်းကောင်း ၎င်းမှတ်တမ်းများအရ သိရှိခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က ချင်းတွင်း နယ်ဘက်တွင် ပေါ်ပေါက်ခဲ့ဖူးသော သမန်းကျား၊ ထမန်းကျား ဖြစ်သည်ဟူသော အယူအဆမှာ ကျားစိတ်ဝင်လာသည်ဟု အထင်အမြင်စိတ်ဖြင့် မိမိကိုယ်ကိုမိမိ ကျားဖြစ်သည်ဟု ယုံကြည်လာကာ မိမိတို့၏ နာကျည်းချက်၊ ခံစားချက်နှင့် ကလဲ့စားချေလိုချက်တို့ကို စုစည်းကာ တုံ့ပြန်ခြင်းပင်ဖြစ်ပေ၏။

ထို ထမန်းကျား အယူအဆနှင့် ပတ်သက်၍ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က မှတ်မှတ်ရရ ဆိုရပါမူ မြန်မာနိုင်ငံသို့ တိုင်းတစ်ပါးသား မျက်နှာဖြူများ ကျူးကျော်ဝင်ရောက်ကာ တိုင်းရင်းသားတို့အပေါ် မတရားအုပ်ချုပ်နေသော အချိန်တွင် ချင်းတွင်းမြစ် အရှေ့ဘက်တွင် 'ဟန်လိုင်းလား' ရွာကြီးရှိပြီး၊ အနောက်ဘက်ကမ်းတွင် ဆွမ်ကိန်း ဟူသော ရွာကြီးနှစ်ရွာ ရှိခဲ့သည်။

ထိုရွာကြီးနှစ်ရွာတွင် ထမန်းကျား အယူအဆနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များအား မှတ်တမ်းပြုစုထားသည်များ ရှိခဲ့ပေ၏။

ကျွန်ုပ်အနေဖြင့် "မဟူရာကေရီ" ဝတ္ထုရှည်ရေးသားစဉ်က တနိုင်းမြို့မှ ကျွန်ုပ်၏ မိတ်ဆွေရင်းချာ တစ်ဦးဖြစ်သူ





မုဆိုးကြီး ဦးဇော်ခွန် ကောင်းမှုကြောင့် ထမံသီရွာသို့သော်လည်းကောင်း၊

ယခုအခါ နေရာဟောင်းမျှသာ ကျန်ရစ်ခဲ့ပြီဖြစ်သော ဆွမ်ကိန်းနှင့် ဟန်လိုင်းလား ရွာဟောင်းကြီးများသို့လည်းကောင်း ရောက်ရှိခဲ့ပြီး ရေးဟောင်းမှတ်တမ်းအချို့ကို ရရှိခဲ့ပေသည်။

ထိုမှတ်တမ်းများမှ အချက်အလက် အဖြစ်အပျက်များကို ထုတ်နုတ်ယူပြီး၍ "မဟူရာရန်စွယ်" အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုကြီး ရေးသားရပေသည်။



www.burmeseclassic.com

အခန်း [ ၂ ]

# သွေးစွန်းသော မဟူရာည

ညသည် ထူးခြားစွာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အမှောင်ထုများကလည်း ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖြန့်ကြက်ဖုံးအုပ်ထားလေသည်။ ကောင်းကင်ပြင်ပေါ်၌ ကြယ်ရောင်များရှိသည်ဆိုသော်လည်း တိမ်ညိုတိမ်မည်းများက ထုထည်ကြီးမားစွာ ဖုံးအုပ်ထားသောကြောင့် ဤမျှ ပိန်းပိတ်အောင်မှောင်နေခြင်းဖြစ်သည်။ တောင်ကုန်းများပေါ်တွင် ရှိသောသစ်ခြောက်ပင်ကြီးများ၊ သစ်ပင်ကြီးများတို့မှာ အမှောင်ထုအောက်ဝယ် ပုံသဏ္ဍာန်အမျိုးမျိုး ရှိနေကြရာမှ လေတို



www.burmeseclassic.com

www.burmeseclassic.com



လိုက်တိုင်း ယိမ်းထိုးလှုပ်ရှားနေပုံမှာ မကောင်းဆိုးဝါးကြီးများနှင့်ပင် သဏ္ဍာန်တူနေတော့သည်။

နေရာမှာ...

ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဆွမ်းကိန်းရွာကြီးနှင့် မဝေးလှသော "ဟူးကောင်းတောင်ကုန်း"ပေါ်၌ ဖြစ်သည်။ ထိုတောင်ကုန်းပေါ်၌ သချိုင်းဟောင်းတစ်ခု ရှိပေသည်။ ထိုသချိုင်းဟောင်းတွင် ရှေးဟောင်းရတနာပစ္စည်းများ မြှုပ်နှံထားသည်ဆို၍ သော်လည်းကောင်း၊ မိုးကြိုးသွားဖြင့် စီမံပြုလုပ်ထားသော ဓားတစ်လက် ရှိသည်ဆို၍သော်လည်းကောင်း၊

နဝရတ်ကိုးပါးဖြင့် စီရင်ပြုလုပ်ထားသည့် နန်းစဉ်လည်ဆွဲရတနာတစ်ကုံး ရှိသည်ဆို၍သော်လည်းကောင်း၊

ထိုသတင်းများကြောင့် ရွာအနီးအနားမှ လူများသော်လည်းကောင်း၊ ပတ်ဝန်းကျင်မှ လူများသော်လည်းကောင်း များစွာ စိတ်ဝင်စားမှု ရှိကြလေသည်။

ထိုရတနာများကို အရဲစွန့်ကာ လာရောက်ရှာဖွေသူများလည်း ရှိခဲ့ကြပေသည်။ သို့သော် ထိုသို့ လာရောက်ရှာဖွေကြသူတိုင်း ကြောက်မက်ဖွယ်ရာ အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသည်ဟု ဆိုကြလေ၏။ အချို့က ဝိညာဉ်များကြောင့် သော်လည်းကောင်း၊





အချို့က သချိုင်းဟောင်းအနီးတွင် နေထိုင်သော တောရိုင်းတိရစ္ဆာန်များ၊ မကောင်းဆိုးဝါးများ၏ နှောင့်ယှက်ဖျက်ဆီးမှုကြောင့်သော်လည်းကောင်း အမျိုးမျိုး ထင်ကြေးပေးကြသည်။

မည်သို့ပင်ဖြစ်စေ...

ဟူးကောင်းတောင်ကုန်းပေါ်ရှိ သချိုင်းဟောင်းသို့ အရဲစွန့်ကာ သွားရောက်ခဲ့ကြသူတိုင်း အန္တရာယ် အနှောင့်အယှက်တစ်မျိုးမဟုတ် တစ်မျိုးနှင့်တော့ ကြုံရသည်ကြောင့် မသွားဝံ့၊ မလာဝံ့ကြတော့ဘဲ လူအများ ကွင်းရှောင်ရာ နေရာတစ်ခု ဖြစ်ခဲ့ရသည်။

ညဘက်မဆိုထားနှင့်...

နေ့အခါများတွင်ပင် တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ထိုကုန်းပေါ်သို့ မသွားမလာဝံ့ကြပေ။

ယခုအခါ ထိုမျှ မှောင်မိုက်သောအချိန်တွင် ဟူးကောင်းတောင်ကုန်းပေါ်သို့ လူသုံးယောက် တက်လာကြသည်။

သူတို့သည် မီးအိမ်ငယ်ငယ်တစ်လုံး၊ ဓားလှံလက်နက်များ ယူဆောင်ကာ အရဲစွန့် တက်လာကြခြင်းဖြစ်၏။

ထို့ပြင် ၎င်းတို့တွင် တူရွင်းနှင့် ပေါက်တူးများလည်း ယူဆောင်လာ၏။ သုံးယောက်စလုံး အသက်သုံးဆယ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရှိပြီး သန်မြန်ဖျတ်လတ်သူများ ဖြစ်ကြသည်။ ၎င်းတို့ သုံးယောက်မှာ တောင်ကုန်းပေါ်သို့ မတက်လာခင်က ရဲဆေး တင်သည့်အနေဖြင့် အရက်သောက်ထားကြသောကြောင့် အတန်ငယ် မူးနေကြသည်။

ယခုလို အမှောင်ထု ကြီးစိုးထားသော ညအခါတွင် တစ္ဆေခြောက်သည်ဟု နာမည်ကြီးနေသော ဟူးကောင်းသချိုင်း ဟောင်းသို့ အရဲစွန့်ကာလာခဲ့ခြင်း ရည်ရွယ်ချက်မှာ ရတနာ ပစ္စည်းများ ရှာဖွေကြရန်အတွက်ပင် ဖြစ်သည်။

"သိန်းတင်... မင်း အပြောကောင်းလို့သာ အရဲစွန့်ပြီး လိုက်လာရတာ၊ မှောင်လိုက်တာလည်း လွန်ပါရောကွာ"

စိန်သန်းက ညည်းညည်းညူညူ ပြောသည်။

"ဟုတ်တယ်၊ မင်းပြောတဲ့ ရတနာပစ္စည်းတွေရှိတယ် ဆိုတာကရော သေချာရဲ့လားကွာ၊ တော်ကြာ ရတနာမတွေ့ဘဲ တစ္ဆေနဲ့ တွေ့နေမှ ပြေးပေါက် မှားနေပါဦးမယ်ကွာ"

အေးကျော်ကပါ ဝင်ပြောသည်။

"မင်းတို့ကလည်းကွာ ငါကလည်း မသေချာဘဲ မင်းတို့ကို အခုလို ခေါ်လာပါ့မလား၊ သေချာလို့ ခေါ်လာတာ ပေါ့ကွာ"

"ဘယ်လိုသေချာတာလဲ"





"ဒီ သင်္ချိုင်းဟောင်းထဲမှာ ရတနာပစ္စည်းတွေ ရှိတယ် ဆိုတာ သေချာတယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့အဘိုး ကိုယ်တိုင် သေသေချာချာ ပြောပြခဲ့တာကွ၊ သူတို့လာရှာ တုန်းကတော့ သင်္ချိုင်းထဲက ကျားလိုလို၊ ကျားသစ်လိုလို သတ္တဝါကြီးတစ်ကောင် ထွက်လိုက်လို့ ထွက်ပြေးခဲ့ရတာလို့ ပြောကြတယ်ကွ"

"ဒါဖြင့် တို့လည်း သတိထားရမှာပေါ့၊ တစ္ဆေခြောက်တာ မခြောက်တာထက် ဆွမ်ကိန်းရွာကလူတွေ သိသွားရင် မလွယ် ဘူး၊ ဟန်လိုင်းလားနဲ့ ဆွမ်ကိန်းက နှစ်ရွာတစ်ရွာ သင့်မြတ် ကြတာ မဟုတ်ဘူး၊ တို့လာမှန်းသိရင် ဒီလူက ကျေနပ်ကြမှာ မဟုတ်ဘူး"

"စိုးရိမ်မနေစမ်းပါနဲ့ အေးကျော်ရယ်၊ ဒီလိုအချိန်မျိုး မှာ ဆွမ်ကိန်းရွာကလူတွေ ဒီနေရာကို လာဝံ့ဖို့ မဆိုထားနဲ့ အိမ်ထဲက အိမ်အပြင်ကိုတောင် ထွက်ဝံ့ကြမှာ မဟုတ်ဘူး၊ စိတ်ချစမ်းပါ"

"ဒါဖြင့်ရင်လည်း ပြီးတာပါပဲကွာ"

၎င်းတို့သုံးယောက်မှာ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း တွင် ရှိသော ဟန်လိုင်းလားရွာကြီးမှ ရွာသားများဖြစ်ကြသော သိန်းတင်၊ စိန်သန်း၊ အေးကျော်တို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း၌ရှိသော ဟန်လိုင်းလားရွာနှင့် အနောက်ဘက်ကမ်းမှာရှိသော ဆွမ်ကိန်းရွာတို့မှာ တစ်ရွာနှင့်တစ်ရွာ ရန်ငြိုးပွားကာ သင့်မြတ်မှု မရှိကြပေ။

အချိန်မှာ ၁၈၈၅ ခုနှစ် ကာလဖြစ်ပြီး တိုင်းပြည်အခြေအနေ မငြိမ်မသက်နှင့် အေးချမ်းမှုမရှိသော အချိန်ဖြစ်သောကြောင့် ကိုယ့်ဒေသနှင့်ကိုယ်၊ ကိုယ့်ရပ်ရွာနှင့်ကိုယ်၊ ကိုယ့်နေရာနှင့်ကိုယ် အုပ်စုများဖွဲ့ကာ တစ်ဗိုလ် တစ်မင်း ထူထောင်နေထိုင်ကြသော အခြေအနေဖြစ်သည်။

၁၈၈၅ ခုနှစ်တွင် မျက်နှာဖြူနယ်ချဲ့များက ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စကို အကြောင်းပြကာ မြန်မာနိုင်ငံအား အကြောင်းမဲ့ ကျူးကျော် ရန်စလာကြသည်။

အကြောင်းမရှိ အကြောင်းရှာကာ မြန်မာနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်စ ပြုနေသော ကာလပေမို့ တိုင်းရင်းသားများမှာ လူသူလက်နက်များ ရသမျှ စုဆောင်းနေကြသော အချိန်လည်းဖြစ်ပေ၏။

ချင်းတွင်းမြစ် အနောက်ဘက်၌ရှိသော ဆွမ်ကိန်းရွာကြီးတွင် ရွာခေါင်းကြီး ဦးလဖော်က အုပ်ချုပ်ပြီး အရှေ့ဘက်ကမ်းရှိ ဟန်လိုင်းလားရွာကို ဦးသက္က က စီမံအုပ်ချုပ်လေသည်။





နှစ်ရွာစလုံးမှာ အိမ်ခြေပေါင်း ထောင်နှင့်ချီ၍ရှိသော ရွာကြီးများပီပီ လူအင်အားလည်း များကြပေသည်။

ယခုအချိန်တွင် နယ်ချဲ့မျက်နှာဖြူများ ကျူးကျော်ဝင်ရောက်စ ပြုလာပြီဖြစ်သောကြောင့် နှစ်ရွာစလုံးမှာ လက်နက်အင်အား၊ လူအင်အား တောင့်တင်းခိုင်မာအောင် စီမံဆောင်ရွက်လျက် ရှိပေသည်။

အမှန်တော့...

၎င်းတို့နှစ်ရွာ မသင့်မြတ်ကြခြင်း အကြောင်းရင်းမှာ နယ်ချဲ့မျက်နှာဖြူများတို့၏ သူလျှိုများက အတွင်းသူလျှိုများထည့်ကာ မက်လုံးများပေးပြီး သွေးခွဲနေကြသောကြောင့် ဖြစ်သည်။

သို့သော်...

တစ်ရွာနှင့် တစ်ရွာ ဟန်မပျက် ဆက်ဆံမှုများတော့ ရှိကြပေသည်။ သုံးယောက်သား မီးအိမ်အလင်းရောင်ကလေးကိုအားပြုကာ တဖြည်းဖြည်းတက်လာကြရာ မကြာမီ သချိုင်းဟောင်းရှိရာ တောင်ကုန်းပေါ်သို့ ရောက်လာကြတော့သည်။

"သိန်းတင်... တို့က ဘယ်နေရာမှာ တူးရမှာလဲ"

"အဘိုးပြောခဲ့တာက ဒီသချိုင်းဟောင်းရဲ့ မြေအောက်တစ်နေရာမှာ လိုဏ်ဂူတစ်ခုရှိတယ်၊ အဲဒီလိုဏ်ဂူထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တလားနဲ့ထားတဲ့ အလောင်းတစ်လောင်း ရှိတယ်၊ အဲဒီအလောင်းက ဆေးအစီအရင်တွေနဲ့ထားတာ ဖြစ်ပုံရတယ်၊ အခုအချိန်ထိ မပုပ်မသိုးဘဲ ပကတိရုပ်အတိုင်း ရှိနေသေးတယ်တဲ့"

"နေစမ်းပါဦး အဲဒီရုပ်အလောင်းဆိုတာက ယောက်ျားအလောင်းလား၊ မိန်းမအလောင်းလား"

"ယောက်ျားအလောင်းပဲ၊ ရှေးခေတ်က သူရဲကောင်း အဝတ်အစားတွေနဲ့ပဲ၊ သူနဲ့အတူ ရှေးဟောင်းဓားတစ်လက်လည်း ရှိတယ်၊ နောက်ပြီး ရတနာကိုးပါးနဲ့ စီရင်ထားတဲ့ လည်ဆွဲတစ်ကုံးလည်း ရှိတယ်"

"ဒါပဲလားကွ"

"မဟုတ်ဘူး၊ ရတနာပစ္စည်းတွေလည်း အများကြီး ရှိသတဲ့"

"စိတ်ဝင်စားစရာပဲဟေ့၊ ဒါထက် နေစမ်းပါဦး၊ မင်းအဘိုးက အဲဒီနေရာကို ဘယ်လိုရောက်သွားတာလဲ၊ ရတနာတွေကိုရော ဘာကြောင့် တစ်ခါတည်း ယူမလာကြတာလဲ"

သိန်းတင်က ရှင်းပြလေသည်။

"ဒီလိုကွ၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကာလအတွင်းမှာ အဘိုးတို့က အင်္ဂလိပ်တွေကို တိုက်ခိုက်နေတဲ့ ကာလ





မှာပဲ ဒီနေရာကို အမှတ်မထင် ရောက်ခဲ့ကြတာ၊ ရောက်ပုံက စစ်ပွဲကာလအတွင်းမှာ တိုက်ပွဲ တစ်ပွဲတိုက်ရင်း သူတို့ ပြောက်ကျားတပ်တွေ အရေးနိမ့်တော့ ဆုတ်ခွာရင်း ဒီဘက်ကို ရောက်ခဲ့ကြတာ"

"ရတနာပစ္စည်းတွေကို ဘာကြောင့် တစ်ခါတည်း မယူခဲ့တာလဲ"

"စစ်ပွဲကာလအတွင်းမှာ လူတွေတောင် အသက်လုပြီး ပြေးနေရတာ ဒီရတနာတွေ ဘယ်လိုလုပ် ယူနိုင်မှာလဲ၊ ဒါကြောင့် နေရာပဲ မှတ်ထားခဲ့ရတာ"

"နောက်တော့ရော"

"နောက်တော့ ဒီနေရာကို သိတဲ့လူတွေက စစ်အတွင်းမှာပဲ တဖြည်းဖြည်း သေကုန်ကြတာ၊ နောက်ဆုံး အဘိုး တစ်ယောက်ပဲ ကျန်ခဲ့တော့တာ၊ ဒီအကြောင်းတွေကို အဘိုး မသေခင်က ပြောသွားခဲ့လို့ ငါတောင် သိခဲ့ရတာ"

ဟု သိန်းတင်က ပြောပြသည်။

ထိုအခါ အေးကျော်ကပါ ဝင်ပြောသည်။

"သိန်းတင်ပြောတာ ဖြစ်နိုင်တယ်ကွ၊ စိန်သန်းရ"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူးကောင်းတောင်ကုန်းပေါ်မှာ တစ္ဆေခြောက်ခံရတဲ့ သူတိုင်း ရှေးခေတ်အဝတ်အစားတွေနဲ့ လူတွေကို တွေ့ရတယ်လို့ ပြောတယ်၊ နောက် လပြည့်လကွယ်နေ့တွေမှာ ဓားကြီးတစ်လက်ကို ကိုင်ထားတဲ့ လူတစ်ယောက် ထွက်ထွက်လာတာကို မြင်ကြရသတဲ့"

ထိုအခါ စိန်သန်းက...

"မင်းတို့နှစ်ယောက်ကလည်း အယူသည်းမနေကြစမ်းပါနဲ့၊ လောကမှာ ရုပ်ရှိရင် နာမ်ရှိရမှာပေါ့၊ နာမ်ဆိုတာ ဝိညာဉ်ပဲ၊ တို့ပတ်ဝန်းကျင်မှာ မြင်တာတွေရော၊ မမြင်တာတွေရော ဝိညာဉ်တွေ အများကြီးရှိတာပဲကွာ"

ဟု အားပေးသည်။

"ကိုင်း... ဒါဖြင့်လည်း အချိန်မရှိဘူး၊ တို့လုပ်စရာရှိတာ လုပ်ကြရအောင်"

ဟုဆိုကာ ကုန်းမြေတစ်ဝိုက်သို့ လှည့်ကာ ထူးခြားသောနေရာများကို လိုက်လံကြည့်ရှုကြလေသည်။

တောင်ကုန်းပေါ်၌ ကျောက်တုံး ကျောက်ခဲကြီးများပေါသလို၊ သစ်ပင်ကြီးငယ်တို့ကလည်း ထူထပ်လှသည်။ အချို့နေရာများတွင် တောင်ပို့များရှိကာ ဂူပေါက်ဝများသဖွယ်ဖြစ်နေတတ်သည်။





အချို့တောင်ပို့များအတွင်းမှ မြွေတွန်သံများ ကြားရသည်။ တစ်နေရာအရောက်မှာ တောင်ကုန်းထိပ်တွင် လွန်စွာမြင့်သော ကညင်ပင်ကြီးတစ်ပင်ကို လှမ်းမြင်ရသည်။

"အဘိုးပြောသွားတာကတော့ ကုန်းပေါ်မှာရှိတဲ့ သစ်ပင်မြင့်မြင့်ကြီး တစ်ပင်အနားမှာ ဂူပေါက်တစ်ပေါက် ရှိတယ်၊ အဲဒီဂူပေါက်ထဲကို ဝင်ရမှာလို့ ပြောတယ်၊ အဲဒီနား သွားကြရအောင်"

သုံးယောက်သား ထိုသစ်ပင်ကြီးရှိရာသို့ တက်လာကြသည်။ ထိုသစ်ပင်ကြီးတစ်ဝိုက်မှာလည်း တောင်ကုန်းကြီးများ၊ တောင်ပို့များစွာတို့ ရှိသည်။

သူတို့သုံးယောက် တောင်ကုန်းတစ်ဝိုက် လိုက်လံရှာဖွေနေကြစဉ် သူတို့နှင့် မလှမ်းမကမ်း တောစပ်အတွင်းမှ အရိပ်မည်းတစ်ခုသည် သူတို့နောက်မှ ခြေရာဖျောက်ကာ လိုက်နေသည်။

တစ်ခါတစ်ရံ မီးရောင် ဟစ်စွန်းတစ်စနှင့် ထိလိုက်သောအခါ မျက်လုံးနေရာမှ နီရဲသော အလင်းစက်နှစ်ခု ဖြာထွက်လာသည်။ ၎င်းတို့နောက်မှ လိုက်လာသော မည်းမည်းသဏ္ဌာန်သည် ခြေသံ လုံ့လုသောကြောင့် အနီးကပ်လာသည့်တိုင် လူသုံးဦးတို့က မသိနိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် စိန်သန်းက အလုပ်လုပ်နေရင်း စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာသဖြင့် နောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ နောက်ဘက်တောစပ်တွင် ရဲရဲနီလျက်ရှိသော မျက်လုံးအစုံကို တွေ့လိုက်ရသည်။

"ဟော့... ဟော့ ဟိုတောစပ်မှာ နီနီရဲရဲ မျက်လုံးကြီးတွေ တွေ့လိုက်ရတယ်"

ကျန်နှစ်ယောက်က လှည့်ကြည့်သောအခါ ထိုအရာကို မတွေ့ရတော့။

"ဘယ်မှာလဲကွ၊ ဘာမှလည်း မရှိပါလား"

"ဒီကောင် သွေးရူးသွေးတန်းနဲ့ မြင်မိမြင်ရာ မြင်နေတယ် ထင်ပါရဲ့ကွာ"

ထိုသို့ဆိုပြီး သုံးယောက်သား ဂူပေါက်ရှိရာသို့ သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြသည်။

မကြာမီ ထိုသစ်ပင်ကြီးနှင့် မလှမ်းမကမ်းတွင် အပေါက်ဝကို ချုံနွယ်များ ပိတ်နေသော ဂူပေါက်ဝတစ်ခုကို ရှာဖွေတွေ့ကြသည်။ သူတို့သည် ဂူပေါက်ဝတွင် ပိတ်နေသော ချုံနွယ်များကို သဲကြီးမဲကြီး ရှင်းလင်းနေကြစဉ် သူတို့သုံးယောက် နောက်ဘက်မှ နီရဲသော မျက်လုံးအစုံနှင့်





မည်းမည်းသဏ္ဍာန်သည် တဖြည်းဖြည်း ချဉ်းကပ်လာပြီး ၎င်းတို့အပေါ်သို့ ခုန်အုပ်လိုက်လေတော့သည်။

ပါလာသော လက်နက်များဖြင့် ကြောက်လန့်တကြား ပြန်လည်တိုက်ခိုက်ကြသော်လည်း အင်အားကြီးသော ထိုသတ္တဝါကြီး၏ လျင်မြန်သော တိုက်ခိုက်မှုကြောင့် လူသုံးယောက်မှာ အမှောင်ထုထဲမှာ မရှုမလှ ခံရလေသည်။

"သမန်းကျား... သမန်းကျား"

ထိုသို့ ကယောင်ကတမ်းနှင့် အော်ဟစ်ရင်း သိန်းတင်နှင့် စိန်သန်းမှာ နေရာတွင် သေဆုံးသွားပြီး အေးကျော်တစ်ယောက်သာ ဒဏ်ရာများဖြင့် တောင်ကုန်းအောက်သို့ ပြေးဆင်းသွားနိုင်လေတော့သည်။

မဟူရာညကတော့ ထိုမျှ ရက်စက် ကြမ်းကြုတ်သော မြင်ကွင်းကို သိပ်သည်းလွန်းသော အမှောင်ထုထဲမှာ နှစ်မြှုပ်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၃ ]

# နူးနုယ်သော အချစ်သည် အသိရခက်လှ၏

ဆွမ်ကိန်းရွာကြီး။

ချင်းတွင်းမြစ် အနောက်ဘက်ကမ်း၌ရှိပြီး ဟူးကောင်းတောင်ကုန်းနှင့် မဝေးလှသောနေရာတွင် ရွာတည်ထားခြင်းဖြစ်သည်။ အိမ်ခြေပေါင်း တစ်ထောင်နီးပါးရှိပြီး လယ်ယာကိုင်းကျွန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူ များလေ၏။ ထိုရွာတွင် ရှမ်း၊ ကချင်၊ ချင်း၊ နာဂ၊ ဝ၊ မြန်မာလူမျိုးတို့ ရောနှောနေထိုင်ကြသည်။

ရွာတည်ထားပုံမှာ မြစ်ကမ်းပါးနှင့် မဝေးလှဘဲ ကုန်းမြင့်ပေါ်တွင် ရှေးဟောင်းလက်ရာဖြင့် ဆောက်လုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်လုံးရှိသည်။ ကျွန်း၊ ပျဉ်းကတိုးသစ်များဖြင့် ဆောက်လုပ်ကာ ရေနံချေးများ အထပ်ထပ် သုတ်ထားသောကြောင့် မည်းမှောင်လျက်ရှိသည်။

ထိုအိမ်ကြီးမှာ နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ပြီး ပိုင်ရှင်မှာ ရွာလူကြီး ဦးလဖော်၏ အိမ်ပင်ဖြစ်၏။

ထိုနယ်တစ်ဝိုက်တွင် ဦးလဖော် ပိုင်ဆိုင်သော လယ်ယာများ၊ ကျွဲ၊ နွား၊ မြင်း များစွာတို့လည်း ရှိပေသည်။

၎င်းမှာ အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး နှုတ်ခမ်းမွေး ကားကား၊ သျှောင်တစောင်းနှင့် ကိုယ်ခန္ဓာ ထွားကျိုင်းသန်မာသော မြန်မာကြီးတစ်ဦးဖြစ်သည်။

မျိုးချစ်စိတ် ထက်သန်သော မြန်မာတစ်ဦးဖြစ်သည့်အားလျော်စွာ မိမိတို့မြေပေါ်သို့ မတရားကျူးကျော် ရန်စလာသော တိုင်းတစ်ပါး ရန်သူများတို့ကို တွန်းလှန်တိုက်ခိုက်ရန်အတွက် လူသူစုဆောင်းခြင်း၊ သူရဲကောင်းများစုခြင်း၊ လက်နက်၊ ရိက္ခာများ စုဆောင်းသိုလှောင်ခြင်းများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

၎င်းတွင် ဇနီးဖြစ်သူ ဒေါ်နန်းမေနှင့် သားသုံးယောက်ရှိသည်။ သူရ က သားအကြီးဆုံး၊ ကျော်စွာ က သားအငယ်





ဖြစ်ပြီး စပ်နန္ဒ ကတော့ ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ထားသော မွေးစားသားဖြစ်သည်။

သို့သော် ဦးလဖော် ဒေါ်နန်းမေတို့က စပ်နန္ဒအား သားအရင်းကဲ့သို့ ချစ်ခင်ကာ ပြုစုစောင့်ရှောက်ထားသည်။ သူရနှင့် ကျော်စွာတို့ကလည်း နို့စို့ဖက်များဖြစ်ကြသောကြောင့် စပ်နန္ဒအား ညီရင်းအစ်ကိုကဲ့သို့ ခင်တွယ်ကြသည်။

ယခုအခါတွင် ညီအစ်ကို သုံးယောက်တို့မှာ အသက်နှစ်ဆယ်ကျော်အရွယ်များ ရှိကြပြီး အစ်ကိုအကြီးဆုံး သူရပင်လျှင် အသက် (၂၅)နှစ် ကျော်ပေပြီ။

သူရနှင့် စပ်နန္ဒတို့က လူပုံ ထွားကျိုင်းသန်မာကာ ဖျတ်ဖျတ်လတ်လတ် ရှိကြသလောက် ကျော်စွာကတော့ အေးအေးဆေးဆေး နေလေ့ရှိသည်။ သို့သော် စိတ်ဓာတ်ကတော့ ကြံ့ခိုင်လှသည်။ တိုက်ခိုက်ရေးပညာများကို ကျွမ်းကျင်စွာ တတ်မြောက်သလို အနုပညာကိုလည်း များစွာနှစ်သက်သူဖြစ်သည်။

တစ်ခါတစ်ရံ စောင်းတီး၍ သီချင်းဆိုသလို၊ တစ်ခါတစ်ရံများဆို ဓားခုတ်, လှံထိုး, မြင်းစီး, မြားပစ် ပညာများကိုတစ်ယောက်တည်း လေ့ကျင့်နေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း ရွှေဟောင်းပေစာ၊ ကျမ်းစာများကို အပတ်တကုတ် လေ့လာနေတတ်သည်။

သူရန်နှင့် ကျော်စွာတို့မှာ တစ်အူတုံဆင်း ညီအစ်ကို အရင်းများ ဖြစ်ကြသော်လည်း သူရ က လူပုံကြမ်း၍ ရုပ်ဆိုး သလောက်၊ ကျော်စွာမှာ လူပုံနွဲ့၍ ရုပ်ရည်ချောမောသူဖြစ်၏။ သို့သော် မိန်းမဆန်ခြင်းမျိုးမဟုတ်ဘဲ ယောကျ်ားပီသသော ခံ့ညားတင့်တယ်မှုမျိုးတော့ ရှိပေသည်။

တစ်ခါတစ်ရံတွင် အများနှင့်ရော၍ လေ့ကျင့်မှုမျိုး မဟုတ်ဘဲ ညီအစ်ကိုသုံးယောက်တည်း ဓားရေး၊ လှံရေး၊ တိုက်ခိုက်ရေးများ လေ့ကျင့်ကြသည့်အခါ ကျော်စွာမှာ အစ်ကို နှစ်ယောက်နှင့် လက်ရည်တူစွာ ယှဉ်ပြိုင် တိုက်ခိုက်နိုင်သူ ဖြစ်၏။

သို့ရာတွင် အစ်ကို အကြီးဖြစ်သူ သူရကတော့ ညီဖြစ်သူ၏ ပုံကိုကြည့်ကာ အားရမှု မရှိလှပေ။

"မင်းပုံကလည်း ညီလေးရာ စစ်တိုက်ဖို့မကောင်းဘူး၊ ဇာတ်ပွဲ က,ဖို့ပဲ ကောင်းတော့တယ်"

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"မင်းရုပ်ရည်က နွဲ့နွဲ့နှောင်းနှောင်းနဲ့ စစ်သား တစ် ယောက်ထက်၊ ဇာတ်မင်းသားတစ်ယောက်ရဲ့ပုံ ပေါ်နေတယ်"





ဟု မခံချင်အောင် ပြောသည်။

"စစ်တိုက်တာ စိတ်ဓာတ်နဲ့ ဉာဏ်ပညာက အဓိက မကျဘူးလား အစ်ကို"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ခွန်အားဗလ မပြည့်စုံ ပြန်ရင်လည်း သူတစ်ပါး အထင်အမြင်သေးတာ၊ နှိပ်စက် တာကို ခံရတယ်"

"နံ့ပြီစုတ်ငှက် တစ်ကောင်ကြောင့် ဆင်ဆိုးကြီး သေခဲ့ ရတာ ရှိတယ်မဟုတ်လား"

"ဒါက တစ်ကြိမ်တစ်ခါတော့ ရမှာပေါ့၊ အမြဲတစေ တော့ ဒီလို ကံမကောင်းနိုင်ဘူး ထင်တယ်"

"နံ့ပြီစုတ်ငှက်ကလေးဟာ ဆင်ကြီးကို ကံကောင်းလို့ နိုင်တာ မဟုတ်ဘူး၊ ဉာဏ်ရှိလို့နိုင်တာ အစ်ကိုရ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ကျီးကန်းရယ်၊ ယင်မ မည်းရိုင်း ရယ်၊ ဖားရယ်ကို ဘယ်လိုအသုံးချရမယ်ဆိုပြီး သိတဲ့ဉာဏ် ကြောင့် သူ အနိုင်ရခဲ့တာ၊ တိုက်ပွဲတစ်ပွဲမှာ တစ်ဖက်ရဲ့ အားနည်းချက်ကိုရှာပြီး အကွက်ကျကျ တိုက်ခိုက်နိုင်တဲ့သူက အနိုင်ရခဲ့တာပဲ"

ထိုစကားကြောင့် သူရက ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စာပေဗဟုသုတ နှံ့စပ်ကျွမ်းကျင်သော ကျော်စွာအား ယုဉ်ပြီး စကားအနိုင်ပြောရန် မလွယ်ကြောင်း သိသဖြင့် အရှက်ပြေ ရယ်နေခြင်းဖြစ်၏။

တစ်နေ့သောအခါ စပ်နန္ဒ အမဲပစ် ထွက်နေခိုက်တွင် ဦးလဖော်က သားနှစ်ယောက်အား ဤသို့ ခေါ်ပြောလေသည်။

"တစ်နေ့က အရှေ့ဘက်ကမ်းမှာရှိတဲ့ ဟန်လိုင်းလား ရွာက ရွာခေါင်းကြီး ဦးသက္ကက သူ့ရွာသားတစ်ယောက်ကို လွှတ်ပြီး အကြောင်းကြားခိုင်းတယ်"

"ဘာတဲ့လဲ အဘ"

"တခြားတော့မဟုတ်ဘူး၊ ဒီက ငါ့သားအကြီးဖြစ်ဖြစ်၊ အငယ်ဖြစ်ဖြစ် တစ်ယောက်နဲ့ သူ့သမီးချောနဲ့ လက်ဆက်ပေးစားချင်တယ်လို့ ပြောတယ်၊ တစ်ရွာနဲ့ တစ်ရွာမှာရှိနေတဲ့ ရန်မီး ရန်စ‌တွေလည်း ငြိမ်းစေ၊ ရွှေလမ်း ငွေလမ်းလည်း ခင်းပြီးသားလည်း ဖြစ်စေပေါ့ကွာ၊

ငါ့သဘောကတော့ ဒီအစီအစဉ် မဆိုးလှဘူးလို့ ထင်တယ်၊ ကဲ... မင်းတို့နှစ်ယောက် သဘောလည်း ပြောကြဦး"

ဟု ဦးလဖော်က ဆေးတံကြီးဖွာရင်း မေးလိုက်သည်။

ထိုအခါ ကျော်စွာက...





"ဒီကိစ္စမျိုးဆိုတာ ကြီးတဲ့သူကို ဦးစားပေးရတာဆိုတော့ အစ်ကိုပဲ ယူလိုက်ပေါ့ဗျာ"

ဟု ပြောသည်။

"ငါက ယူချင်တယ်ပဲထားဦး၊ တစ်ဖက်က မိန်းကလေးက ငါ့ရုပ်ကြီးမြင်ရင် ယူချင်ဦးမှကိုး၊ စဉ်းစဉ်းစားစားလည်း ပြောပါ ညီလေးရာ"

"ဘာမှ ငြင်းမနေနဲ့ အစ်ကိုကြီး၊ အိမ်ထောင်စုတစ်ခုမှာ အစ်ကိုကြီးကို အရင်ဦးစားပေးရမှာပဲ"

"ဒါထက် အဘ သဘောရော ဘယ်လိုရှိသလဲ"

"ငါကတော့ သဘောတူလိုက်တယ်၊ အဲဒီ သူ့သမီးလေးကို တစ်ခါနှစ်ခါ ငါတွေ့ဖူးတယ်၊ အတော်ချောမောလှပတဲ့ မိန်းကလေးပဲ၊ ငါ့သဘောကတော့ ဟိုဘက်က လက်ခံရင် သူရနဲ့ပဲ ပေးစားချင်တာပဲ"

ထိုအခါ သူရက သက်ပြင်းတစ်ချက်ချရင်း စိတ်မချမှာ စကားဆိုသည်။

"ဆွမ်ကိန်းနဲ့ ဟန်လိုင်းလားက နှစ်ရွာတစ်ရွာ ရန်မီးများနေကြတာဆိုတော့ ဖြစ်ပါ့မလား အဘရာ၊

တော်ကြာ သူ့ရွာကို ဥပါယ်တံမျဉ်နဲ့ ခေါ်ပြီး ဟိုရွာရောက်မှ တစ်ခုခုလုပ်ရင် ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ဦးလဖော်က...

"ငါ့သားအကြီးကောင်က ရှေ့နောက်အတော် တွေးပူတတ်တာကိုး၊ ဒီလောက်လည်း ပူမနေပါနဲ့ကွာ၊ ငါ့သားတွေကို သိအောင်ပြောရဦးမယ်၊ အခုအခြေအနေက ဘုံဘေဘားမား သစ်ကိစ္စရဲ့ အကြောင်းကိစ္စကို ရမယ်ရှာပြီးတော့ တို့နိုင်ငံကို ကျူးကျော်ရန်စ ဖို့ နယ်ချဲ့တွေက ပြင်ဆင်နေကြတယ်၊ ဒီ မျက်နှာဖြူနယ်ချဲ့တွေဟာ မလွဲမသွေ ဝင်လာကြမှာ သေချာတယ်၊ အခုကာလမှာ တို့တစ်တွေက စည်းလုံးညီညွတ်ပြီး အင်အားတောင့်တင်းကြဖို့ အရေးကြီးတယ်ကွယ့်"

"ဟုတ်ပါတယ် အဘ"

"အခု ဟန်လိုင်းလားရွာက ဦးသက္က ကမ်းလှမ်းတာကို လက်ခံလိုက်ရင် နှစ်ရွာတစ်ရွာ ဖြစ်သွားပြီးတော့ အင်အားတောင့်တင်းလာမှာ အမှန်ပဲ၊ ဒါကြောင့် အဘက လက်ခံလိုက်တာပဲ"

"ကောင်းပါတယ်၊ အဘ ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်တော် လက်ခံပါ့မယ်"

ဟု သူရက သဘောတူ လက်ခံသောကြောင့် နောက်တစ်နေ့တွင် ဟန်လိုင်းလားရွာသို့ သွားကြရန် ပြင်ဆင်ကြသည်။ နောက်တစ်နေ့တွင် ဦးလဖော် ပိုင်ဆိုင်သော လောင်းလှေ





ကြီး တစ်စင်းဖြင့် ဟန်လိုင်းလားရွာသို့ ဆန်တက်ကြသည်။ လှေပေါ်တွင် ဦးလဖော်၊ ဒေါ်နန်းမေ၊ သူရ၊ ကျော်စွာတို့ လိုက်ခဲ့ကြပြီး စပ်နန္ဒကတော့ သူနှင့်မသက်ဆိုင်သော ကိစ္စ ဖြစ်သောကြောင့် အိမ်စောင့် ကျန်ရစ်ခဲ့သည်။

လှေပေါ်တွင် ရွာသူ ရွာသား အတော်များများနှင့် လှေဝမ်းထဲမှာ လက်နက်များကိုပါ ယူဆောင်သွားကြသည်။ ဟန်လိုင်းလားရွာမှာ အထက်အညာဘက်၌ ရေဆန်တက်ရသောကြောင့် အတော်ကြာကြာ လှော်ခတ်ကြရသဖြင့် ဆွမ်းခံဝင်ချိန်လောက်မှ ရွာကမ်းခြေသို့ ရောက်ကြသည်။

ဦးလဖော်တို့လာမည်ဟု လူလွှတ်ကာ ကြိုတင်အကြောင်းကြားထားသောကြောင့် ဟန်လိုင်းလားရွာသူကြီး ဦးသက္က ကိုယ်တိုင် ကမ်းနဖူးမှ လာကြိုသည်။

ဦးသက္ကမှာ အသက်ငါးဆယ်ကျော် အရွယ်ရှိပြီး နှုတ်ခမ်းမွေး သျှောင်တစောင်းဖြင့် ခံ့ညားလှသူ တစ်ဦး ဖြစ်၏။

ထို့နောက် ၎င်း၏နေအိမ်ရှိရာသို့ ခေါ်ဆောင်သွားသည်။ ခြံကျယ်ကြီးထဲတွင် ဆောက်လုပ်ထားသော ၎င်း၏အိမ်ဝင်းအတွင်းသို့ ရောက်သောအခါ စားသောက်ဖွယ်ရာများဖြင့် လိုလေသေးမရှိအောင် ကျွေးမွေးညှဉ့်ခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာနှင့်တစ်ရွာ မသင့်မြတ်ကြသည် ဆိုစေကာမူ ရွာခေါင်းကြီးနှစ်ဦးမှာ မိတ်ရင်းဆွေရင်းများ ဖြစ်ကြသောကြောင့် ယခုကဲ့သို့ တွေ့ဆုံခိုက်တွင် ရှေးဖြစ်နောက်ကြောင်းများ ပြောမကုန်နိုင်အောင် ရှိပေတော့သည်။

ဟန်လိုင်းလားရွာမှာ ရွာသူ အပျိုချောများကလည်း ဧည့်သည်များအား လိုလေသေးမရှိအောင် ဧည့်ခံမှု ပြုကြသည်။

"အစ်ကို မင်းနဲ့စေ့စပ်မယ်ဆိုတဲ့ မိန်းကလေးကိုလည်း ခုထိ မမြင်ရသေးပါလား"

"လာမှာပေါ့ကွ၊ အခန်းထဲမှာ အလှပြင်နေတာ ဖြစ်မှာပေါ့"

သူရနှင့် ကျော်စွာတို့ကို လူကြီးများနှင့် မဝေးသောနေရာတွင် သီးသန့်နေရာ ပေးထားလေသည်။ ခဏကြာသောအခါ နောက်ဘက်အခန်းထဲမှာ အသက်နှစ်ဆယ်ကျော်ခန့် အမျိုးသမီးတစ်ဦး ထွက်လာပြီး သူရတို့အတွက် ကွမ်းဆေး၊ လက်ဖက်များ လာရောက်ချပေးသည်။

ထိုအမျိုးသမီးမှာ အသားမည်းမည်း၊ သွားခေါခေါနှင့် လွန်စွာ အကျည်းတန်သော မိန်းကလေးဖြစ်၏။ ထိုမိန်းကလေးက သူတို့နှစ်ယောက်အား ပြုံးပြနှုတ်ဆက်ပြီးနောက် အခန်းထဲသို့ ပြန်ဝင်သွားလေသည်။





"အစ်ကို မင်းနဲ့စေ့စပ်မယ်ဆိုတာ သူများလားမသိဘူး၊ တကယ်လို့ ဟုတ်တယ်ဆိုရင်တော့ မင်းနဲ့လိုက်တယ်"

"ဘာလဲ မင်းက ငါ့ကို အရုပ်ဆိုးတယ်ဆိုပြီး ဒီလိုပြောတာလား၊ ဒီလိုရုပ်မျိုးဆိုရင်တော့ မယူချင်ပါဘူး"

ရယ်ရယ်မောမောနှင့် ပြောနေကြစဉ် အခန်းထဲမှ နောက်ထပ် မိန်းမပျိုတစ်ဦးထွက်လာလေသည်။ ထိုမိန်းကလေးမှာ လှပချောမောသူတစ်ဦး ဖြစ်သောကြောင့် မြင်လိုက်တာနဲ့ ညီအစ်ကို နှစ်ယောက်စလုံး ငေးမောကြည့်ရှုနေကြသည်အထိ ဖြစ်သွားသည်။

မိန်းကလေး သူရနှင့် ကျော်စွာကို တစ်ချက်လှမ်းကြည့်ပြီးနောက် မိခင်ဖြစ်သူ အနီးတွင် သွားရောက်ထိုင်လေသည်။

ဦးသက္က က သူရနှင့် ကျော်စွာတို့ နှစ်ယောက်ကိုပါ အနားသို့ခေါ်ပြီး မိတ်ဆက်ပေးသည်။

"ဦးလဖော်...ဒါ ကျုပ်သမီးလေ၊ နာမည်က နန်းသူဇာတဲ့၊ ကျုပ်တို့မှာတော့ မိမွေး၊ ဖမွေးခံမယ့် တစ်ဦးတည်းသောသမီးပေါ့ဗျာ၊ ဒါထက် ခင်ဗျားသားအကြီးကောင်က ဘယ်မှာလဲ၊ ဘယ်သူလဲ"

ဟု မေးလိုက်သောအခါ ဦးလဖော်က သူရအား လက်ညှိုးထိုးပြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘက်မှာ ထိုင်နေတာ အကြီးကောင် သူရပဲ၊ ဒီဘက်မှာ ထိုင်နေတာ အငယ်ကောင် ကျော်စွာတဲ့"

ဟု ပြောပြလိုက်သောအခါ နန်းသူဇာက သူနှင့် စေ့စပ်မည့် သတိုးသားလောင်း၏ မျက်နှာကို မြင်သောအခါ လွန်စွာ မနှစ်မြို့သောအသွင်ပေါ်သွားလေသည်။ ဒါကို ခေါင်းငုံ့နေသော သူရက မမြင်လိုက်သော်လည်း ကျော်စွာကတော့ အခြေအနေကို အကဲခတ်မိလိုက်သည်။ ကျော်စွာမှာ နန်းသူဇာ၏ ပြောင်းလဲသွားသော အမူအရာကို နားမလည်စွာဖြင့် လှမ်းအကြည့်နှင့် နန်းသူဇာက ပြန်အကြည့်နှင့် ဆုံသော အခိုက်အတန့်ဝယ် သူမ၏ မျက်ဝန်းထဲမှ ကျော်စွာ့အပေါ် နှစ်သက်မှုများ ရှိနေသည်ကို သတိပြုမိလိုက်သည်။

ထိုအခြေအနေကို ဖျတ်ခနဲ ခေါင်းပြန်မော့လာသော သူရကလည်း အမှတ်မထင် တွေ့မြင်သွားသည်။

ညီဖြစ်သူအား မရိုးသားသောအကြည့်နှင့် လှမ်းကြည့်နေသော ဇနီးလောင်းဖြစ်သူ နန်းသူဇာကိုလည်း ရင်ထဲမှာ မကျေမနပ် ဖြစ်သွားသည်။

ထို့နောက်ပိုင်းတွင် ညှိသည်များ မပါတော့ဘဲ သက်ဆိုင်ရာ မိဘနှစ်ပါးနှင့် သူရနှင့် နန်းသူဇာတို့ တွေ့ဆုံကြပြီးနောက် မိမိတို့၏အစီအစဉ်နှင့် ကာယကံရှင် လူငယ်





နှစ်ဦး၏ သဘောဆန္ဒကို ပွင့်ပွင့်လင်းလင်း မေးသောအခါ သူရအနေနှင့် နန်းသူဇာအား နှစ်သက် လက်ခံသော်လည်း နန်းသူဇာက သူရအား လက်ထပ်ရန် ငြင်းဆန်လေသည်။

ထိုအခါ ဖခင်ဖြစ်သူ ဦးသက္ကက...

"ဦးလဖော်သားနဲ့ သမီးကို လက်ဆက်ပေးရတာကတော့ နှစ်ရွာ့ကစ်ရွာ နှစ်အိမ့်တစ်အိမ်ဖြစ်အောင် ပေါင်းစည်းချင်လို့ပဲ သမီး၊ အဘတို့က ကောင်းမယ်ထင်လို့ စီစဉ်တာကို သမီးအနေနဲ့ လုံးဝတော့ ဖျက်လို့မရဘူး၊ သူတို့မှာ သားနှစ်ယောက်ရှိတယ်၊ တစ်ယောက်မဟုတ်ရင် တစ်ယောက်ကိုတော့ မဖြစ်မနေ လက်ထပ်မှဖြစ်မယ်"

ဟု ပြောသည်။

ထိုစကားကြောင့် နန်းသူဇာက ငြိမ်ပြီး စဉ်းစားနေသည်။ ဦးလဖော်နှင့် ဒေါ်နန်းမေတို့ကတော့ မမျှော်လင့်ဘဲ ပြောင်းလဲသွားသော အခြေအနေကြောင့် ဘယ်လိုလုပ်ရမှန်း မသိကြတော့ပေ။ သူရကတော့ မိမိအား နန်းသူဇာက လက်မခံနိုင်မှန်း သိသွားသောအခါ ရက်စိတ်ကြောင့် နေရာမှ ထ,ကာ အပြင်သို့ ထွက်သွားလေတော့သည်။

"ဦးလဖော်... ကျုပ်ပြောတာ လက်ခံရဲ့မဟုတ်သား၊ ခင်ဗျားတို့ သဘောတွေကိုလည်း ပြောကြဦးလေ



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ သမီးရှင်ဆိုတော့ ခင်ဗျားကောင်း သလိုသာ စီစဉ်ပါတော့ဗျာ"

ဟု ဦးလဖော်က ပြောလိုက်သည်။

"ကဲ...သမီးရဲ့ ဆန္ဒကိုပြော"

ထိုအခါ နန်းသူဇာက...

"အဘတို့ ကောင်းမယ်ထင်လို့ စီစဉ်တာကို လက်ခံပါ့မယ်၊ ဒါပေမယ့် ကျွန်မ ကိုသူရကိုတော့ လက်မထပ်ပါဘူး"

ဟု အဓိပ္ပာယ်နှစ်မျိုးထွက်သော စကားကို ပြောပြီး နောက် အခန်းထဲ ပြန်ဝင်သွားရာ လူကြီးများမှာ တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ပြီး နန်းသူဇာ၏ စကားအဓိပ္ပာယ် အား နားလည်မနိုင်အောင် ရှိနေတော့သည်။





အခန်း [ ၄ ]

# ပဟေဠိဆန်သော နန်းသူဇာ

တကယ်တော့ ထိုနေ့က စေ့စပ်ကြောင်းလမ်းပွဲမှာ ခုတ်ရာတခြား၊ ရှရာတစ်လွဲ ဖြစ်ခဲ့လေသည်။ လူကြီးများ စီစဉ်တာက ဦးလဖော်၏ သားကြီးဖြစ်သူ 'သူရ'နှင့် နန်းသူဇာ တို့အား စေ့စပ်ကြောင်းလမ်းရန် ဖြစ်သော်လည်း အခြေအနေက မျှော်လင့်သလို ဖြစ်မလာဘဲ တစ်မျိုးပြောင်းလဲသွားခြင်း ဖြစ်သည်။

အမှန်တော့ ထိုအခြေအနေကို ပြောင်းလဲစေသူမှာ နန်းသူဇာပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူရအား လက်မခံနိုင်ပါဟု ဆိုသဖြင့် အစ်အစဉ် ပြောင်းကြရခြင်း ဖြစ်၏။ လူကြီးများက မိမိတို့ချင်းကတိစကားမဖျက် မျက်နှာမပျက်စေလိုသဖြင့် သတို့သားကို ပြောင်းလဲပေးလိုက်ကြရသည်။

သူရ နေရာမှာ ကျော်စွာအား အစားထိုးလိုက်ခြင်းပင် ဖြစ်၏။ သူရမှာ လူပုံအလယ်မှာ အရှက်ရသလို ကျော်စွာမှာလည်း မိမိအစ်ကိုဖြစ်သူအတွက် သတို့သားအရန်လုပ်လိုက်လာရာမှ မမျှော်လင့်ဘဲ မိမိကိုယ်တိုင် သတို့သားဖြစ်သွားသောအခါ အံ့သြမဆုံးနိုင်အောင် ဖြစ်မိသလို နန်းသူဇာအပေါ်မှာလည်း အပြောင်းအလဲ မြန်လွန်းသည်ဟု ယူဆကာ များစွာ အထင်သေးမိသည်။

နန်းသူဇာသည် လှပလွန်းသလောက် ကြောက်စရာကောင်းလှသော မိန်းမတစ်ဦးဟု မှတ်ချက်ချမိသည်။

အစီအစဉ်ပြောင်းလိုက်စ.မှာပင် သူအတန်တန် ငြင်းသေးသည်။

"အဘ ကျွန်တော် လက်မထပ်ချင်သေးဘူး၊ နောက်ပြီး သူ့ကိုလည်း မယူချင်ဘူး၊ လက်ထပ်ပြီးရင်တောင်မှ အစ်ကိုသူရကို တစ်သက်လုံး ဘယ်လိုမျက်နှာပြမလဲ၊ အစီအစဉ် ဖျက်လို့ မရဘူးလား"ဟု ငြင်းသည်။





ထိုအခါ ဦးလဖော်က...

"အစီအစဉ်ကတော့ ဘယ်နည်းနဲ့မှ ဖျက်လို့မရတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ အားလုံး လူသိရှင်ကြားတွေဖြစ်ပြီးကုန်ပြီ၊ ဒီတော့ တစ်နည်းမဟုတ် တစ်နည်းတော့ဖြစ်အောင် စီစဉ်ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ အစကတည်းက နှစ်ရွာတစ်ရွာက ရန်မီးပွားနေတာဆိုတော့ အခြေအနေကပိုပြီးဆိုးရွားသွားနိုင်တယ်သား၊

နောက်ပြီး သူတို့က စပ်နန္ဒကျတော့ မွေးစားသားမှန်းသိတော့ လက်မခံချင်ဘူး၊ ဒါကြောင့် သူရနဲ့စေ့စပ်တာအဆင်မပြေရင် မင်းပဲ လက်ခံရမှာပဲ သား"

ဟု ဖျောင်းဖျ ပြောဆိုလေသည်။

ကျော်စွာ များစွာ စိတ်ညစ်သွားသည်။

သူရကတော့ ကြီးသူပီပီ နှစ်သိမ့်စကားပြောသည်။

"ညီလေးရာ ငြင်းမနေပါနဲ့တော့၊ ငါ့ကိုလည်း အားနာမနေပါနဲ့၊ မင်းနဲ့ထိုက်လို့ မင်းရတယ်လို့ပဲ အောက်မေ့လိုက်ပါ၊ ဒီစေ့စပ်ပွဲက တို့လူငယ်တွေရဲ့ နှလုံးသားဆန္ဒထက် တိုင်းရေးပြည်ရေး အခြေအနေအတွက် ပိုပြီးဦးစားပေးရမှာ ဆိုတော့ မင်း ငြင်းရမှာမဟုတ်ဘူး၊ နောက်ပြီး အဘစိတ်လည်း မင်းအသိသားနဲ့၊ သူစီစဉ်တာကို ဖျက်လို့ ဘယ်တုန်းကရခဲ့ဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ စိတ်ညစ်တယ်ဗျာ၊ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး"

"ဘယ်လိုမှ လုပ်မနေနဲ့တော့၊ လူကြီးတွေ စီစဉ်တာကိုသာ လက်ခံလိုက်ပေတော့၊ ဒါထက် တို့ညီအစ်ကိုချင်း မေးရဦးမယ်"

"ဘာမေးမှာလဲ"

"နန်းသူဇာက လှပါတယ်ကွ၊ မင်း သဘောမကျဘူးလား"

"ချစ်တယ်၊ ကြိုက်တယ်ဆိုတာ ခုမြင်၊ ခုကြိုက်လို့ ရတာမျိုးမှ မဟုတ်တာ၊ အသည်းနှလုံးက လက်ခံမှဖြစ်တာမျိုးဆိုတော့ အခုမှ မြင်ဖူးတဲ့ သူ့ကို ဘယ်လိုလုပ်ပြီး ချစ်လို့ရဦးမှာလဲ"

"အခု မချစ်လည်း နောင်တော့လည်း ဒီလိုပဲ တဖြည်းဖြည်း ချစ်သွားမှာပေါ့ကွာ၊ မိဘတွေ စီစဉ်ပေးလို့ ဒီလိုနဲ့ ရာသက်ပန် လက်တွဲသွားကြသူတွေ အများကြီးရှိတာပဲ"

ဟု ညီဖြစ်သူအား ဖျောင်းဖျ ပြောဆိုလေသည်။

ဤသို့ဖြင့် ကျော်စွာမှာ မအူမလည်ဖြင့် သတို့သားအရန် ဘဝမှ မမျှော်လင့်ဘဲ သတို့သားဘဝ ရောက်ခဲ့ရလေသည်။





"အင်း... ကံတရားများ အတော် ဆန်းကြယ်ပြီး အပြောင်းအလဲ မြန်လွန်းတာပဲ၊ နောက်မှပဲ အခြေအနေကြည့်ပြီး လုပ်ရတော့မှာပဲ၊ ခုတော့..."

ဤသို့ဖြင့် နှစ်ဖက်လူကြီးများ၊ ဆွေမျိုးများ၊ ရပ်မိရပ်ဖများက ကျော်စွာနှင့် နန်းသူဇာတို့၏ စေ့စပ်ပွဲ အခမ်းအနားကို ပြင်ဆင်ကြလေတော့သည်။

ထိုနေ့ ညဘက်တွင် ကျော်စွာနှင့် နန်းသူဇာတို့ နှစ်ဦးသား လွတ်လွတ်လပ်လပ် တွေ့ဆုံကာ စကားပြောဖြစ်ကြသည်။

"အခု မသူဇာနဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ စေ့စပ်ပွဲ လုပ်ကြတော့မယ်၊ ဒီအစီစဉ်ကို မသူဇာအနေနဲ့ လက်ခံရဲ့လား"

"ဩော်...ကိုကျော်စွာရယ် ကျွန်မ လက်ခံလို့ အခုလို စီစဉ်ဖြစ်ကြတာပေါ့၊ မိဘတွေက ကောင်းမယ်ထင်လို့ စီစဉ်ကြတာပဲ၊ ဘာငြင်းစရာရှိမှာလဲ၊ ကိုကျော်စွာကလည်း ကျွန်မအနေနဲ့ ငြင်းရမယ့်လူမျိုးမှ မဟုတ်တာ"

ဟု ညုတုတု လေသံဖြင့် ပြောလေသည်။

"မိဘတွေ စီစဉ်တာကို လက်ခံတယ်ဆိုရင် ဘာကြောင့် မုဆိုးတဲ့ ကိုသူရကို ငြင်းလိုက်တာလဲ"

ဟု မေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ထိုမေးခွန်းများက လည်ချောင်းထဲမှာ နစ်မွန်း ပျောက်ကွယ်သွားလေ၏။ တကယ် မေးလိုက်တာက...

"အချစ်မရှိဘဲ ထူထောင်တဲ့ အိမ်ထောင်ရေးကရော ကြာရှည် ခိုင်မြဲပါ့မလား မသူဇာ"

နန်းသူဇာက မနို့တရို့ပြုံးကာ...

"ကျွန်မ ကြားဖူးတာကတော့ အချစ်ဆိုတာ သစ်ပင်တစ်ပင် စိုက်ပျိုးရသလိုပဲ၊ ပြုစုပျိုးထောင်မှုရှိရင် ရှိသလို၊ ကောင်းရင် ကောင်းသလို ကြီးထွား ရှင်သန်လာရတာပဲပေါ့၊ မဟုတ်ဘူးလား"

"ဒါပေမယ့် ဘဝတစ်သက်တာ လက်တွဲကြမယ့်သူချင်းတွေမှာ အနည်းဆုံး တစ်ဦးနဲ့တစ်ဦး နှစ်သက် လက်ခံခြင်းလောက်တော့ ရှိသင့်တယ် မဟုတ်ဘူးလား"

"ကိုကျော်စွာက ကျွန်မကို မနှစ်သက်ဘူးလား"

"အို... ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး မသူဇာ၊ ကျွန်တော်ပြောတာက တစ်ယောက်သဘောကို တစ်ယောက်သိကြရင် ပိုပြီးကောင်းမယ်ထင်လို့ပါ"

"ဒါကတော့ ကိုကျော်စွာရယ်၊ အခြေအနေဆိုတာ ကိုယ်ဖြစ်စေချင်သလို ဖြစ်နေတာမျိုးမှ မဟုတ်တာ၊ သူဖြစ်ချင်





သလို ဖြစ်နေတာကို လူတွေက အလိုက်သင့် ဖြစ်ပေးနေရတာ မဟုတ်ဘူးလား၊ တစ်နေ့ကျရင်တော့ ကျွန်မတို့ချင်း နားလည်မှု ရှိလာကြမှာပါ"

ဟုဆိုကာ ကျော်စွာအား နှုတ်ဆက်ပြီး အိမ်ထဲသို့ ဝင်သွားလေသည်။ ကျော်စွာကမူ နားလည်ရ ခက်ခဲသော နန်းသူဇာ၏ ကျောပြင်ကိုကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။ အပြင်လောကတွင် ကြယ်ရောင်, လရောင်များ မရှိသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ကြီးစိုးထားလေသည်။

ထိုကဲ့သို့ပင်...

ကျော်စွာ့ရင်ထဲမှာလည်း ဦးတည်ချက် အလင်းရောင်များ ပျောက်ကာ တွေဝေခြင်း၊ အမှောင်ရိပ်များက ဖုံးလွှမ်းထားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၅ ]

# ထမန်းကျုံးသော တောကောင်ပေလော

ဟန်လိုင်းလားရွာတွင် မတင်မကျဖြင့် ကျော်စွာနှင့် ရန်းသူဇာတို့ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ ပြီးခဲ့ပြီးနောက် ခွမ်ကိန်းရွာသို့ ပြန်လာခဲ့ကြလေသည်။

ရွာသို့ပြန်ရောက်သောအခါ ထိုအကြောင်းကို စပ်နန္ဒကို ပြောပြလိုက်ရာ စပ်နန္ဒမှာ ထိုပွဲသို့ သူ မလိုက်ခဲ့ရခြင်းအတွက် မကျေမနပ်ဖြင့် ပြောဆိုနေတော့သည်။

အဘယ်ကြောင့်ဆိုလျှင် စပ်နန္ဒမှာ မိန်းမကိစ္စနှင့် ပတ်သက်လာလျှင် လွန်စွာ ဝါသနာကြီးသူ တစ်ယောက် ဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ မိန်းမချောများဆိုလျှင် စပ်နန္ဒက အလွတ်မပေးချင်။ မိဘဂုဏ်ကို ခုတုံးလုပ်ပြီး အနုနည်း၊ အကြမ်းနည်းများ သုံးကာ ချဉ်းကပ်လေ့ရှိသည်။ ရွာထဲမှ မိန်းကလေးများကလည်း စပ်နန္ဒအကြောင်းကို အနည်းနှင့်အများ သိထားကြသူများပေမို့ ဝေးဝေးက ရှောင်ကြဉ်ကြသည်။

ထိုအကြောင်းများကို သိသောအခါ စပ်နန္ဒက...

"မင်းကတော့ကွာ... မရှယ်ဘဲ စော်ကဲမင်းဖြစ်တဲ့ကိန်းဆိုက်တာပဲ၊ မမျှော်လင့်ဘဲနဲ့ မိန်းမချောတစ်ယောက် ရတာဆိုတော့ သိပ်ကံကောင်းတာပေါ့ကွာ၊ မင်းရဲ့ ဇနီးလောင်းရဲ့ သတင်းကတော့ မွှေးပါ့ကွာ၊ သိပ်ချော သိပ်လှတဲ့အကြောင်းကို ကြားနေတာတော့ ကြာပြီ၊ လူကိုသာ တစ်ခါမှ မမြင်ဘူးသေးတာ"

ဟု မစားရ ဝခမန်း ပြောဆိုနေသည်။

သူတို့တစ်တွေ ဆွမ်းကိန်းသို့ ပြန်ရောက်သောအခါ သတင်းဆိုးတစ်ခုက ဆီးကြိုနေတော့သည်။

ထိုသတင်းမှာ အခြားမဟုတ်ပေ။

သူတို့တစ်တွေ ဟန်လိုင်းလား သွားနေခိုက်မှာ အလွန်ကြီးသော တောကောင်ကြီးတစ်ကောင် ရွာထဲအထိ ဆင်းလာကာ သောင်းကျန်းသွားခြင်းပင်။ ရွာသူရွာသားများ ပြောပြ





ချက်အရ တောကောင်ကြီးမှာ လွန်စွာကြီးလှပြီး ပြန်အထွက်တွင် ရွာသားတစ်ယောက်အား ကိုက်ချီသွားခဲ့သည်ဟု ပြောပြကြသည်။

ထိုစကား ကြားသောအခါ ဟန်လိုင်းလားက ဦးသက္ကပြောလိုက်သော စကားများအား ပြန်လည် အမှတ်ရကြလေသည်။

"တလောက ကျုပ်ရွာက လူသုံးယောက်၊ ဟူးကောင်းတောင်ကုန်းပေါ် သွားရင်း နှစ်ယောက် အသတ်ခံလိုက်ရတယ်၊ တစ်ယောက်ပဲ ဒဏ်ရာတွေနဲ့ ရွာကို ပြန်ရောက်လာတယ်။

ပထမတော့ ကျုပ်လည်း အထင်လွဲမိတယ်၊ ခင်ဗျားတို့ရွာကလူတွေ လက်ချက်လို့ ထင်မိခဲ့တယ်၊ နောက်တော့မှ ပြန်ရောက်လာတဲ့လူကို မေးကြည့်မှ တောကောင်တစ်ကောင်ရဲ့ လက်ချက်ဆိုတာ သိရတော့တယ်။

ကျုပ်ရွာသားတွေကို သတ်တဲ့ အဲဒီတောကောင်ကြီးကို ရအောင်ဖမ်းပြီး သားရေနဲ့ ခေါင်းကို ကျုပ်ဆီ လက်ဆောင်ပို့ပေးလိုက်စမ်းပါဗျာ"

ဟူသော စကားပင် ဖြစ်၏။

ရွာသူရွာသားများ တောင်ယာတဲများသို့ပင် တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း မသွားဝံ့၊ မလာဝံ့ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဦးလဖော်က ကျားဆိုးရန်ကို နှိမ်နင်းရန် သားများကို စေခိုင်းကြလေသည်။

ထိုအခါ သူရက...

"ကျားဖမ်းတဲ့အလုပ်ဆိုတာ ကြံခိုင်ပြီး သန်မာ ဖျတ်လတ်တဲ့ လူမျိုးတွေ လုပ်ရတာဆိုတော့ ညီလေးကျော်စွာလိုက်လို့ ဖြစ်မယ်မထင်ဘူး၊ နောက်ပြီး မင်းက မကြာခင်မင်္ဂလာဆောင်တော့မှာဆိုတော့ ဒီမှာပဲ အေးအေးနေခဲ့ပါကွာ၊ ငါနဲ့ စပ်နန္ဒပဲ သွားလိုက်ပါ့မယ်"

ဟု အပေါ်စီးလေသံမျိုးဖြင့် ပြောလိုက်သည်။

အမှန်တော့ မလိုက်မှာစိုး၍ တမင် မခံချင်အောင် ကျော်စွာ၏စိတ်ကို ဆွပေးလိုက်ခြင်း ဖြစ်၏။

"အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ဟာ ဘယ်လောက်ပဲ အကောင်သေးပေမယ့် ဖွတ်ကို ကိုက်ရင်လည်း တစ်ချက်ပဲ၊ ဆင်ကိုပေါက်ရင်လည်း တစ်ချက်ဆိုရင် လုံလောက်ပါတယ် အစ်ကိုရာ"

"မင်းလိုက်ခဲ့မယ်လို့ ပြောတာလား ကျော်စွာ"

"ကျွန်တော်ဟာ စာပေအနုပညာကို ဝါသနာပါပေမယ့် လောကမှာ လူ့အထင်အမြင်သေးလောက်တဲ့ ကိစ္စမျိုးကို ဘယ်တော့မှ မလုပ်ပါဘူး"





"ကောင်းတာပေါ့ကွာ... မင်းလိုက်တော့လည်း တို့အတွက် အားဖြစ်တာပေါ့၊ တစ်စုံတစ်ခုဖြစ်ရင်သာ အစ်ကိုတို့က အကြီးဖြစ်ပြီး မညှာဘူးလို့ မင်း မပြောနဲ့"

ကျော်စွာက ဘာမှ ပြန်မပြောတော့ဘဲ ခရီးထွက်ရန်အတွက် လိုအပ်သော ပစ္စည်းများ ပြင်ဆင်နေတော့သည်။

တကယ်တော့ ထိုခရီးကို ကျော်စွာလိုက်သဖြင့် တောထဲမှာ တစ်စုံတစ်ခု ဖြစ်သွားပါက ဝမ်းမနည်းသူမှာ စပ်နန္ဒသာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူရအား ငြင်းပယ်ထားသော နန်းသူဇာမှာ အကယ်၍ ကျော်စွာမရှိခဲ့ပါလျှင်...

မိမိအတွက် ကံကောင်းလာနိုင်သည်ဟု မျှော်လင့်ထားသောကြောင့် ဖြစ်ပေသည်။

သူတို့သုံးယောက်သည် မြင်းတစ်ကောင်စီနှင့် ဓားလှံလက်နက်များအား ယူဆောင်ကာ ခရီးထွက်ခဲ့ကြသည်။

ထိုသို့ ခရီးထွက်လာသောအခါမှ ကျော်စွာမှာ နန်းသူဇာ၏ အကြောင်းများကို ပြန်တွေးမိရင်း စိတ်ထဲမှာ မတင်မကျ ဖြစ်နေမိသည်။

ဘယ်လိုအကြောင်းကြောင့်ဆိုတာတော့ အတတ်မပြော နိုင်သော်လည်း နန်းသူဇာမှာ မိမိဘဝတစ်သက်တာ လူ[illegible]တွဲ



www.burmeseclassic.com

www.burmeseclassic.com



ရမည့် ဖူးစာရှင် အစစ်အမှန် မဟုတ်မှန်းတော့ စိတ်ထဲမှာ အလိုလို သိနေမိသည်။ လမ်းတစ်လျှောက်လုံး ငေးငေး ငိုင်ငိုင် ဖြစ်နေသော ကျော်စွာ့အခြေအနေကို ရိပ်မိသော သူရက...

"ကျော်စွာရေ... သိပ်လည်း အတွေးလွန်မနေနဲ့ကွ၊ တော်ကြာ မယား မရခင် ကျားစာ ဖြစ်သွားဦးမယ် ဟား ဟား ဟား"

ဟု မခံချင်အောင် ပြောနေတော့သည်။

ကျော်စွာကတော့ ဘာမှပြန်မပြောဘဲ ပတ်ဝန်းကျင် အခြေအနေများအား အကဲခတ် ကြည့်နေလေသည်။

တစ်နေရာအရောက်တွင် တောကောင်ကြီး ဖြတ်သန်း သွားသော ခြေရာလက်ရာများ၊ သားကောင်ကို ဒရွတ်တိုက် ဆွဲသွားသော အရာများ၊ သွေးစ, သွေးန, များအား ကျော်စွာက လှမ်းမြင်လိုက်သည်။

ရှေ့က သွားကြသော သူရနှင့် စပ်နန္ဒတို့ကတော့ စကားတပြောပြောနှင့် သွားကြသောကြောင့် ထိုအရာများအား မတိမပြုမိကြပေ။ တောင်ကုန်းတစ်နေရာသို့ ရောက်သော အခါ ၎င်းတို့ စီးလာသော မြင်းများမှာ ရှေ့ဆက်မသွားကြ တော့ဘဲ ပဒပ်ရပ်ကာ 'ဟီ' နေလေတော့သည်။





သို့ကြောင့် သုံးယောက်သား မြင်းပေါ်မှ ဆင်းလိုက် ကြသည်။

"မြင်းတွေ ဘာဖြစ်တာလဲ စပ်နန္ဒ"

သူရက မေးသည်။

စပ်နန္ဒက သူ မသိကြောင်းပြောကာ မြင်းပေါ်မှ လက်နက်များကို ယူနေသည်။ ကျော်စွာက ဘာမှမပြောဘဲ ပတ်ဝန်းကျင်အား သတိပြင့် အကဲခတ်ကြည့်ရှုရာ ၎င်းတို့နှင့် မဝေးလှသော နေရာတွင် ကောကောင်ကြီး ရောက်နေသည် ကို သိလိုက်သဖြင့် မိမိကိုင်ဆောင်သော ဓားနှင့် လှံကို အသင့်အနေအထား ကိုင်ထားလိုက်သည်။ သူရတွင် သေနတ် တစ်လက်နှင့် ဓားတစ်လက် ပါသည်။ စပ်နန္ဒကတော့ ကျောတွင် လေးမြားဘူး လွယ်ထားပြီး လက်ထဲတွင် ရဲဒင်း တစ်လက် ရှိသည်။

ကျော်စွာက ပတ်ဝန်းကျင်အား အသေအချာ အကဲခတ် ကြည့်နေမှန်း သိသောအခါ သူရက အနားလာပြီး 'ဘာထူး သလဲ ကျော်စွာ' ဟု မေးလိုက်သည်။

ကျော်စွာက မြေပေါ်မှ ခြေရာများနှင့် ယင်မည်းရိုင်း များ အုံနေသော သွေးစ,များကို ပြသည်။ သွေးစ,သွေးန,များ က မခြောက်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက မြေပြင်တစ်နေရာတွင် ထင်ကျန်နေသော တောကောင်ကြီး၏ ခြေရာကို လက်ညှိုးထိုးပြလိုက်သည်။

"ဟား... နည်းတဲ့ခြေရာကြီး မဟုတ်ပါလား၊ ခြေရာတောင် ဒီလောက်ကြီးနေရင် အကောင်ကတော့ ဘယ်လောက်ကြီးမယ် မသိဘူး၊ ဒါကြောင့် တို့မြင်းတွေ လန့်ပြီး ချပ်ကုန်ကြတာကိုး"

"ဟုတ်တယ်... ဒါကြောင့်ပဲ၊ တောကောင်ကြီးက ကျွန်တော်တို့ သွားရာကို နောက်ကလိုက်လိုက်၊ ရှေ့ကပတ်လိုက်နဲ့ ဒီနားမှာတင် ရှိနေတာ"

"ဟင်... မင်း ဒါတွေ သိလျက်နဲ့ ဘာကြောင့် စောစောကတည်းက မပြောတာလဲ"

ဟု သူရက အပြစ်တင်သောလေသံနှင့် မေးလိုက်သည်။

"ကျွန်တော် မပြောတာက အစ်ကိုတို့ကရော ကျွန်တော့်ကို အထင်ကြီးကြလို့လား၊ အယုံအကြည်ရော ရှိလို့လား"

ဟု ပြန်မေးလိုက်သည်။

ထိုအခါ သူရက ရယ်ရယ်မောမော အမူအရာဖြင့်...

"ညီလေးက ဒါတွေကို စိတ်ထဲမှာ တေးမှတ်ထားတာကိုး၊ အစ်ကိုတို့က မင်းကို နှိမ်ပြီးပြောတာ မဟုတ်ပါဘူး၊ ပျော်စေပျက်စေ သဘောမျိုးနဲ့ ကြည်စယ်တာပါ၊ စ,တာပါ"





ဟု ချော့လိုက်သည်။

ထိုအခါ စပ်နန္ဒကပါ ဝင်ပြီးပြောသည်။

"ကျော်စွာရယ် တို့က ညီအစ်ကိုတွေပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အာဃာတတွေ မထားပါနဲ့ကွာ၊ ကဲ... အစ်ကိုတို့နှစ်ယောက်က မင်းကို တောင်းပန်ပါတယ်၊ စိတ်ထဲမှာ အတေးအမှတ် မထားပါနဲ့ ကျေတော့နော် ညီလေး၊ ကျေပါတော့နော်"

"ကျွန်တော်က အစ်ကိုတို့အပေါ်မှာ ဘယ်လိုမှ အတေးအမှတ် မထားပါဘူး"

ဟု အပြုံးဖြင့် ပြောလိုက်သောအခါ ညီအစ်ကို သုံးယောက်သား ပြေလည်မှုရသွားပြီး လက်ချင်းတင်းတင်း ဆုပ်ကိုင်လိုက်ကြသည်။

"တောကောင်က အတော်ကြီးတယ်၊ လူတစ်ယောက် မဆိုထားနဲ့ မြင်းတစ်ကောင်လောက်ကိုတောင် အသာကလေး ကိုက်ချီသွားနိုင်တယ်၊ သူ ရ,ထားတဲ့ သားကောင်ကို ကိုက်ချီပြီး မကြာသေးခင်ကမှ ဒီနေရာက ဖြတ်သွားတာ၊ သစ်ရွက်တွေပေါ်မှာတင်နေတဲ့ သွေးစက်တွေတောင် မခြောက်သေးဘူး"

"ဒါဆိုရင်တော့ တို့သုံးယောက် သတိထားလိုက်မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တကယ်လို့ တွေ့ရင်တော့ သုံးယောက်သား တစ်ညီလက်ညီ တိုက်ကြရုံရှိတာပေါ့"

ဤသို့ဖြင့် သုံးယောက်သား လက်နက်များအား အသင့်ကိုင်ဆောင်ကာ တောနက်အတွင်းသို့ ဆက်လိုက်ကြသောအခါ တစ်နေရာအရောက်တွင် ယင်မ,မည်းရိုင်းများ ဝေါခနဲဝေါခနဲ ပျံနေသံများ ကြားရသဖြင့် ခြေသံလုံလုံနှင့် ရှေ့သို့တိုးသွားကာ ကြည့်လိုက်သောအခါ မှောက်လျက်အနေအထားလဲကျသေဆုံးနေသော လူတစ်ယောက်၏ အလောင်းကို လှမ်းမြင်ရသည်။

ဆွမ်ကီန်းရွာမှ ဝင်ဆွဲသွားသော လူဖြစ်မည်ဟု ခန့်မှန်းကြသည်။ အလောင်းမှာ ကျောဘက်မှ ကိုက်ဖောက်စားထားသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ။

ထိုအခိုက်မှာပင် တောထဲမှ ထောကြက်များ လန့်ပျံသံကို ကြားလိုက်ရသဖြင့် ကျော်စွာက ကျန်နှစ်ယောက်အား အချက်ပေးပြီး ချုံတစ်ချုံနောက်သို့ ဝင်ပုန်းနေလိုက်ကြသည်။

မကြာမီ တောတွင်းတစ်နေရာမှ လှုပ်ရှားသံအချို့ကို မသဲမကွဲ ကြားလိုက်ရသည်။ ထိုအသံကြားရာဘက်မှာ သူတို့ ပုန်းအောင်းနေသော နေရာ၏ လေညာအရပ်တွင် ဖြစ်သောကြောင့် ကံကောင်းသည်ဟု ဆိုရပေမည်။





အတန်ကြာတော့ တောတွင်းမှ သတ္တဝါကြီးတစ်ကောင် ရှေ့သို့ ထွက်လာသည်။

အလွန်ကြီးသော တောကောင်ကြီး ဖြစ်၏။

ကိုယ်ပေါ်တွင် အဝါနှင့်အနက် အစင်းကြောင်းကြီးများနှင့် လုပသော ကျားကြီးမှာ ဦးခေါင်းပိုင်းတွင် အမွေးများ မရှိဘဲ ပြောင်နေလေသည်။ တောကောင်ကြီးက အစာရှိရာသို့ မလာမီ ပတ်ဝန်းကျင်သို့ အနံ့ခံသည်။ အကဲခတ်ကြည့်သည်။

ပြီးတော့မှ တောကောင်ကြီးသည် အစာရှိရာသို့ သွားသည်။ ထို့နောက် ကိုက်ချီကာ သူတို့ ပုန်းအောင်းနေရာဘက်သို့ ဆွဲယူချလာတော့သည်။

သူတို့ သုံးယောက်အတွက် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ဖြစ်သွားတော့သည်။

မရှောင်သာတော့။

အခုအချိန်ကျမှတော့ ရှောင်လို့လည်း မရတော့ပေ။

သို့ကြောင့် သူရက နေရာမှ ဆတ်ခနဲ ထ,ရပ်ပြီး လက်ထဲမှာ အသင့် မောင်းတင်ထားသော သေနတ်ဖြင့် ပစ်သည်။

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်၏ ပြင်းထန်သော ပေါက်ကွဲသံက တောတစ်ခွင် ပဲ့တင်ထပ်သွားလေသည်။ သူရ၏ စိတ်လှုပ်ရှားနေမှုကြောင့် ပစ်မှတ်က မထိရောက်ပေ။ တောကောင်ကြီးကို ချက်ကောင်း မထိဘဲ ရှပ်ထိရုံသာ ထိသွားလေသည်။

အံ့သြဖို့ကောင်းသည်က အခြား တိရစ္ဆာန်များဆိုလျှင် သေနတ်သံ ကြားသည်နှင့် ကြောက်လန့်တကြား အဝေးသို့ ပြေးထွက်သွားမည်ဖြစ်သော်လည်း တောကောင်ကြီးကတော့ ထိုသို့မဟုတ်ပေ။ သေနတ်သံကြားရာဘက်သို့ ဝေါခနဲ ကျွမ်းပစ် ဝင်လာခြင်းပင် ဖြစ်သည်။

သူရ၊ စပ်နန္ဒ၊ ကျော်စွာတို့ သုံးယောက်မှာ မမျှော်လင့်သော အခြေအနေကြောင့် တအံ့တသြဖြစ်ကာ မည်သို့ ပြုလုပ်ရမည်ကို မသိအောင် ဖြစ်သွားကြသည်။

ကျော်စွာ့စိတ်ထဲ၌မူ...

"ဒါ ရိုးရိုးတောကောင်မှ ဟုတ်ရဲ့လား၊ သမန်းကျားများ ဖြစ်နေမလား"

ဟု တွေးမိကာ စိုးရိမ်စိတ် ဝင်သွားမိလေသည်။

သို့သော် သူ့အနေနှင့် ကြာကြာအံ့သြချိန် မရလိုက်ပါ။

အဘယ်ကြောင့်ဆိုသော်...





ကျွမ်းပစ်ဝင်လာသော ကျားက ခဏချင်းမှာပင် သူတို့ အနီးသို့ ရောက်လာသောကြောင့် ဖြစ်သည်။

အနီးရောက်လာသော ကျားက သေနတ်ကိုင်ထား သော သူရအပေါ်သို့ ပြေး၍ ခုန်အုပ်သည်။ သူရမှာ ရုတ်တရက် အခြေအနေကြောင့် ကိုင်ထားသော သေနတ်ကို လုံးဝ အသုံးပြုခွင့် မရတော့ဘဲ ဘေးသို့ လိမ့်ရှောင်ပေးလိုက် ရသည်။ ထိုအခါ စပ်နန္ဒက လက်ထဲမှ ရဲဒင်းဖြင့် ကျားကို ပြေးဝင်ခုတ်သည်။

ကျား၏ ဦးခေါင်းပိုင်းကို မိမိရရ ခုတ်မိလိုက်သော်လည်း ကျားက သူ့အား လက်ဖြင့် ပုတ်ထုတ်ခြင်း ခံလိုက်ရသည်။

ကျား၏ ချွန်ထက်သော လက်သည်းကြီးများဖြင့် အပုတ်ခံလိုက်ရသော စပ်နန္ဒမှာ အင်္ကျီများစုတ်ပြဲကာ ပခုံးသား များတွင် အစင်းကြောင်းကြီးများ ထင်ကျန်သွားလေသည်။

ကျားက ဒဏ်ရာရသွားသော စပ်နန္ဒအပေါ် ပြေးခုန် အုပ်လိုက်သည်။ အခြေအနေ မကောင်းသော စပ်နန္ဒအခြေ အနေကို လှမ်းမြင်လိုက်ရသော ကျော်စွာသည် ထိုနေရာသို့ ပြေးဝင်သွားပြီးနောက် ကျား၏ နံကြားသို့ လှံဖြင့် အားကုန် ထိုးချလိုက်သည်။

"အစ်ကို နန္ဒ... ငါလာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



လုံက ကျားနံရိုးကိုထိပြီး ပြန်ကန်ထွက်လာသည်။

ကျော်စွာက နောက်တစ်ချက် ထပ်ထိုးပြန်သည်။ ကျား၏ ဝမ်းဗိုက်ထဲသို့ မိမိရရ ဝင်သွားသည်။

ကျားက နာကျည်းစွာအော်ရင်း ဘေးသို့ လှမ်းချလိုက်ရာ ကျော်စွာပါ ပါသွားသည်။ သို့သော် သူ့လက်ထဲမှာတော့ လုံရှည်က ပါသွားခဲ့သည်။

ကျားက ကျားနာခံ ခဲရန်အတွက် ကျော်စွာ့အပေါ်သို့ ပြေးခုန်အုပ်သည်။ ကျော်စွာက အောက်မှ လုံရှည်ဖြင့် ပင့်ထိုးသည်။

ခုန်အုပ်လိုက်သော ကျားအရှိန်ကြောင့် လုံရှည်မှာ ကျားရင်ဝမှ ဝင်သွားကာ အပေါ်သို့ ပေါက်သွားပြီး ကျော်စွာ အပေါ်သို့ တအိအိ ပိကျလာတော့သည်။ သို့သော် ၎င်း၏ လက်သည်းကြီးများဖြင့်တော့ ကျော်စွာအား အငြိုးကြီးစွာ ကုတ်လေပြီးမှ တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

ကျော်စွာမှာလည်း အပေါ်မှ ကျားသေကြီး အဖိချခံလိုက်ရခြင်းနှင့် ဒဏ်ရာများကြောင့် သတိမေ့မျောသွားလေတော့သည်။ ယခုတော့လည်း. . .

တိုက်ပွဲက အဆုံးသတ်သွားခဲ့လေပြီ။





အခန်း [ ၆ ]

## ဒေါ်မြင်းဇာ၏ ဆန်းကြယ်သောစကား

ကျော်စွာအား သူရနှင့် စပ်နန္ဒတို့က မြင်းပေါ်တင်ပြီး ရွာသို့ ပြန်ခေါ်ခဲ့ကြသည်။ သူရရော၊ စပ်နန္ဒပါ ဒဏ်ရာများ ရခဲ့ကြသည်ဆိုသော်လည်း ကျော်စွာလောက် အထိမများလှပေ။ ကျော်စွာမှာ ဒဏ်ရာအထိများသောကြောင့် ရွာပြန်ရောက်သည့်တိုင် သတိမရသေးပေ။

စပ်နန္ဒကတော့ သတိလစ်နေသော ကျော်စွာအား ကြည့်ပြီး. . .

"ငါ ကျော်စွာကို အထင်အမြင်သေးမိတာ မှားတာပဲ၊ အခုလို အရေးကြုံလာတဲ့အခါမှာ သူ့ရဲ့စွမ်းရည်ကောင်းရှိသော



www.burmeseclassic.com

www.burmeseclassic.com



ငါ အသက်ချမ်းသာရာ ရခဲ့တာပဲ၊ ခုတော့ ငါ့မှာ ကျော်စွာ ကယ်ပေးခဲ့တဲ့ အသက်ပဲ ကျန်တော့တယ်"

ဟု နောင်တရနေမိတော့သည်။

မိခင်ဖြစ်သူ ဒေါ်နန်းမေကတော့...

"ငါ အတန်တန် တားနေတဲ့ကြားက အစ်ကိုနှစ်ယောက်ကို မခံချင်စိတ်ကလေးနဲ့ လိုက်သွားခဲ့တာ၊ အခုတော့ အမေ့စကား နားမထောင်ခဲ့လို့ ဒုက္ခတွေ့ရပြီ၊ ငါ့သားလေး ဘေးမသိရန်မခဘဲ အသက်ဘေး ချမ်းသာရာရပါစေ"

ဟု မျက်ရည်ကလေး စမ်းစမ်းဖြင့် ဆုတောင်းမေတ္တာပို့သနေရှာသည်။ ဦးလဖော်ကတော့ သားငယ် ဒဏ်ရာရလာခဲ့ခြင်းအတွက် စိုးရိမ်မှုဖြစ်သော်လည်း ရဲဝံ့စွန့်စားမှုအတွက်တော့ ကျေနပ်နေမိသည်။

"အငယ်ကောင်ဟာ လူကြည့်တော့ နွဲ့ပုံနွဲ့ပန်းနဲ့ အရေးကြုံလာတော့လည်း ယောကျ်ားတစ်ယောက်လို အစွမ်းအစပြတတ်ပါလား၊ တကယ်လို့ မဆိုစကောင်း၊ ဆိုစကောင်း သေသွားရင်တောင်မှ ငါတော့ သူ့အတွက် ဝမ်းမနည်းဘူး၊ ဘာကြောင့်လဲဆိုတော့ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ အခုလို တိုက်ရင်း ခိုက်ရင်း စွန့်စားရင်းနဲ့ သေရတာက မြတ်တယ်ကွ"





မျက်ရည်ဝိုင်းနေသည့်ကြားမှ အံကြိတ်ကာ ကြိမ်းဝါးနေလေသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသော ကျော်စွာရော၊ သူရနှင့် စပ်နန္ဒတို့ နှစ်ယောက်ကိုပါ 'ဒေါ်မင်းဇာ'က ဆေးကုသပေးသည်။

ဒေါ်မင်းဇာမှာ အသက်ငါးဆယ်ကျော် အရွယ်ရှိပြီး သူရတို့, ကျော်စွာတို့ ငယ်စဉ်ကတည်းက ဦးလဖော်ထံရောက်နေခဲ့ပြီး မိသားစုတစ်ဦးပမာ နေထိုင်ခဲ့သည်။ သူတို့နှစ်ယောက်အတွက် အထိန်းတော် တစ်ယောက် ဆိုလည်းမမှားပေ။

ထူးခြားချက်မှာ ဒေါ်မင်းဇာသည် ထမန်းမျိုးဆက်တစ်ဦးဖြစ်ကာ ရှေးဟောင်းဆေးဝါး အစီအရင် အတတ်ပညာနှင့် ဆေးဝါးအတတ်ပညာများကို ကျွမ်းကျင်စွာ ကတ်မြောက်ခြင်းဖြစ်၏။

ရိုးသားသော ရွာသူရွာသားများကတော့ ဒေါ်မင်းဇာအား အလိုလိုနေရင်း ကြောက်ရွံ့နေကြသည်။

အဘယ့်ကြောင့်ဆိုလျှင်...

ဒေါ်မင်းဇာအား စုန်းကဝေအတတ်၊ မှော်အတတ်ပညာများ တတ်ကျွမ်းသည်ဟု ယူဆထားကြသောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းဇာ ရှိနေခြင်းကြောင့် ရွာသူရွာသားများက ဦးလဖော်အား ပိုမိုကြောက်ရွံ့ကြပြီး သူ၏သြဇာ ပိုမိုထိရောက်မှု ရှိပေသည်။ ဦးလဖော်အတွက်တော့ အကျိုးရှိလှသည်။

ဒေါ်မင်းဇာကလည်း သူရနှင့် ကျော်စွာတို့အား ငယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်ပေးခဲ့ရသဖြင့် သားအရင်းသဖွယ် ခင်မင်တွယ်တာမှု ရှိလေသည်။ ညအိပ်ရာဝင် ပုံပြင်သဖွယ် ဒေါ်မင်းဇာ ပြောပြခဲ့သော ထမန်းကျား အကြောင်းများမှာ ကျော်စွာတို့အတွက် များစွာ စိတ်ဝင်စားမှု ဖြစ်ခဲ့ကြရသည်။

ယခုလည်း ဒေါ်မင်းဇာကိုယ်တိုင် ဖော်စပ်ထားသော အဆိပ်ဖြေဆေးများကြောင့် သူရနှင့် စပ်နန္ဒတို့မှာ ရက်ပိုင်းအတွင်း ပြန်လည်ကောင်းမွန်ခဲ့ကြပြီး ကျော်စွာပင်လျှင် သတိကောင်းစွာ ပြန်ရလာပြီဖြစ်၏။

နောက်ရက်တွင် တောထဲသို့ ကျားသေသွားယူသော အဖွဲ့ ပြန်ရောက်လာသည်။ ၎င်းတို့နှင့်အတူ ကျားသေကြီးလည်း ပါလာ၏။ ထို့နှင့်အတူ သတင်းထူးတစ်ခုလည်း ပါလာလေသည်။

"ဆရာကြီး တောထဲမှာ ကျုပ်တို့ ကျားသေကြီးကို သွားယူတော့ ထူးဆန်းတာတစ်ခု တွေ့ခဲ့ရတယ်ဗျာ"

"ဘာလဲ"





"ကျားသေပေါ်မှာ ပုဆိုး၊ အင်္ကျီတွေ တင်ထားတာ တွေ့ခဲ့ရတယ်"

"ဟင်... ဟုတ်လား"

ဦးလဖော် တအံ့တသြ ဖြစ်သွားလေသည်။

ဘေးနားမှ နားထောင်နေသူများကပါ ထိုသတင်းကို ကြားသောအခါ တစ်ယောက်တစ်မျိုး မှတ်ချက်ချကြသည်။

"ဒါဖြင့် ဒီကျားဟာ ရိုးရိုးကျားမှ ဟုတ်ရဲ့လား၊ လူကနေ အသွင်ပြောင်းထားတဲ့ သမန်းကျားတွေ ဘာတွေများ ဖြစ်နေမလား"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါကွာ၊ တစ်ယောက်ယောက်က တင်ထားတာရော မဖြစ်နိုင်ဘူးလား"

"ငါ ကြားဖူးတာကတော့ လူကနေ ကျားအသွင်ပြောင်းထားတဲ့ လူဟာ အိပ်ပျော်နေတဲ့အခါ ဒါမှမဟုတ် သေဆုံးသွားတဲ့အခါမှ မူလဇာတိရုပ် ပြန်ပေါ်တယ်လို့ ကြားဖူးပါတယ်၊ အခုဟာက ကျားကနေ ကျားအတိုင်း ဆိုတော့ ကျားပဲဖြစ်မှာပေါ့ကွာ။

မင်းစကားက ရှုပ်နေတာပဲ၊ ကျားထဲကကို မထွက်တော့ဘူး"

မည်သို့ပင်ဖြစ်စေ...



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်ကိန်းရွာသူရွာသားများ အဖို့ကတော့ မိမိတို့ရွာကို လာရောက် ဒုက္ခပေးနေသော ကျားဆိုးကြီးအား ဖမ်းဆီး ပေးခဲ့သော ကျော်စွာတို့ ညီအစ်ကိုတစ်တွေအား ကျေးဇူး တင်နေကြသည်။

ရက်အနည်းငယ် ကြာသောအခါ သူရနှင့် ကျော်စွာတို့ နှစ်ယောက်မှာ လုံးဝ ပျောက်ကင်းသွားပြီဖြစ်ကြကာ ကျော်စွာ တစ်ယောက်သာ ဒဏ်ရာအချို့ အကင်းမသေသေးသော ကြောင့် အိပ်ရာထဲမှာ နေရသေးသည်။ ကျော်စွာမှာ ရောဂါ သက်သာသွားသောအခါ မိမိအစ်ကို နှစ်ယောက် ကောင်းမွန် စွာ ရှိနေကြသည်ကို သိရသဖြင့် များစွာ ကျေနပ်ဝမ်းသာမှု ဖြစ်မိလေသည်။

သူရနှင့် စပ်နန္ဒကလည်း...

"ညီလေးရာ တို့နှစ်ယောက်မှာ မင်းကယ်တင်ပေးခဲ့တဲ့ ကျေးဇူးကြောင့် ဘာမှ ထွေထွေထူးထူး မဖြစ်ကြပါဘူး၊ တို့မှာ မင်းပေးခဲ့တဲ့ အသက်ပဲ ကျန်ပါတော့တယ်ကွာ"

"ဟုတ်ပါတယ် ညီလေးရာ၊ တကယ်တော့ မင်းဟာ လူပုံလူဟန် နူးညံ့ပျော့ပျောင်းသလောက် တကယ့်ကို ရဲစွမ်း သတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်း တစ်ယောက်ပါပဲ၊ နောက်





ဆိုရင် ငါ့ညီအပေါ်မှာ ဘယ်တော့မှ အထင်အမြင် မသေးတော့ ပါဘူးကွာ"

"ကျွန်တော့်ကို ဒီလောက်လည်း အထင်ကြီးမနေပါနဲ့၊ ဒီကိစ္စမှာ ကျွန်တော်တစ်ယောက်တည်းတော်လို့ မဟုတ်ပါဘူး၊ အစ်ကိုတို့နှစ်ယောက်လည်း သတ္တိရှိကြလို့ပါ"

"ဘာမှ ပြောမနေနဲ့တော့... တို့နှစ်ယောက်ကတော့ ငါ့ညီကို သူရဲကောင်းဘွဲ့ ပေးထားလိုက်ပြီဟေ့... ဟား ဟား ဟား ဟား"

"အစ်ကိုတို့နှစ်ယောက်ကို ကျွန်တော် တစ်ခုတော့ အကူအညီ တောင်းချင်တယ်"

"ဘာများလဲ ညီလေးရ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဟန်လိုင်း လွှားရွာက မပြန်ခင်မှာ ဦးသက္ကက မှာလိုက်တယ်"

"ဘာတဲ့လဲ"

"ဩော်... သူ့ရွာက လူနှစ်ယောက်ကို ကိုက်သတ်တဲ့ ကျားကို ဖမ်းမိရင် သူ့ဆီကို သားရေနဲ့ခေါင်း ပို့ပေးလိုက်ပါလို့ မှာလိုက်တာရှိတယ်၊ အခု ကျားကို ဖမ်းမိပြီဆိုတော့ သူမှာတဲ့ အတိုင်း သားရေနဲ့ခေါင်း ပို့ပေးရမယ်၊ ဒါပေမယ့် ကျွန်တော် တော့ ကောင်းကောင်းနေမကောင်းသေးလို့ မသွားနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့ နှစ်ယောက်ထဲက တစ်ယောက်ယောက် သွားပို့ပေးဖို့ ပြောချင်တာပါ"

ထိုစကား ကြားသောအခါ သူရက ကပျာကရာ ငြင်းသည်။

"ဟာ... ငါတော့ ဟန်လိုင်းလားရှာကို မသွားချင်ပါဘူးကွာ၊ သူတို့က ငါ့ကို သိပ်ပြီးကြည့်လို့ရကြတာ မဟုတ်ဘူး၊ နန္ဒပဲ သွားပို့နိုင်းတော့ကွာ"

တုဆိုကာ အပြင်ထွက်သွားလေသည်။

"ဒီလိုဆိုတော့လည်း အစ်ကို နန္ဒပဲ သွားပို့ပေးတော့ဗျာ၊ အစ်ကိုက စေ့စပ်ပွဲတုန်းက မပါတော့ ကျွန်တော့်ဇနီးလောင်းကိုလည်း မမြင်ဖူးသေးဘူး မဟုတ်လား"

"အေး... အတော်ပဲကွာ၊ ငါကလည်း ခယ်မလောင်းကို မြင်ဖူးချင်နေတာနဲ့ အတော်ပဲဟေ့"

"ဒါပေမယ့် အစ်ကိုနန္ဒက မိန်းကလေးဆိုရင် ဝါသနာပါလွန်းတယ်နော်၊ ကျွန်တော့် ဇနီးလောင်းကိုတော့ ချမ်းသာပေးပါနော်"

ဟု ရယ်ရယ်မောမော ပြောလိုက်သည်။

ထိုအခါ စပ်နန္ဒကလည်း...





"အေး... စိတ်ချပါကွာ၊ ကိုယ့်ညီရဲ့ ဇနီးလောင်းကိုတော့ စိတ်နဲ့တောင် မပစ်မှားပါဘူးကွာ၊ မင်းနဲ့ လိုက်.မလိုက် ကြည့်ရုံတင် ကြည့်ခဲ့မှာပါ"

ဟု ဆိုကာ ထွက်သွားလေသည်။

စပ်နန္ဒသည် ရှမ်းသွေးပါသူတစ်ယောက် ဖြစ်သောကြောင့် အသားဖြူဖြူ၊ နှုတ်ခမ်းမွှေးစ,စ,နှင့် ရုပ်ရည်ချောမောသူ တစ်ယောက်ဖြစ်သောကြောင့် ၎င်းစိတ်ဓာတ်ကို မသိသူ မိန်းကလေးအတော်များများက သူ့အား နှစ်သက်သဘောကျကြသည်။

သို့သော်...

စပ်နန္ဒသည် မည်သည့်မိန်းကလေးကိုမှ ရာသက်ပန် လက်တွဲရန် စိတ်မကူးဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား နေတတ်သူ တစ်ယောက်သာ ဖြစ်သည်။

သူ့ကို ယုံကြည်ပြီး အထင်ကြီးခဲ့မိသော မိန်းကလေးတော်တော်များများမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကာ ဒူးနှင့်မျက်ရည် သုတ်ကြရသည်သာ များသဖြင့် ရွာနီးချုပ်စပ်မှ မိန်းကလေးများကတော့ စပ်နန္ဒအကြောင်းကို သိကာ မည်သူကမှ အနားကပ် မခံဝံ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



စပ်နန္ဒ ထွက်သွားသောအခါ အခန်းထဲသို့ ဒေါ်မင်းဇာ ဝင်လာပြီး ဒဏ်ရာများကို ဆေးထည့်ပေးခြင်း၊ ဆေးတိုက်ခြင်းများ ပြုလုပ်ပေးသည်။

"ကျော်စွာရယ်... မင်း ဘာကြောင့်များ ဟန်လိုင်းလားရှာကို စပ်နန္ဒကို လွှတ်လိုက်ရတာလဲကွယ်"

ဒေါ်မင်းဇာက ဆေးထည့်ပေးရင်း ကျော်စွာကို အပြစ်တင်သည်။

"ဘာဖြစ်လို့လဲ ဒေါ်မင်းဇာရဲ့"

"မင်းလည်း နန္ဒအကြောင်းကို အသိသားနဲ့ကွယ်၊ သူက မိန်းကလေးလှတာမြင်ရင် သိပ်ပြီး အလွတ်ပေးချင်တာ မဟုတ်ဘူးကွယ့်"

"ဒေါ်မင်းဇာရယ်... အစ်ကိုနန္ဒကို ဒီလောက်လည်း အထင်မသေးပါနဲ့၊ အစ်ကိုနန္ဒက တခြားမှာသာ စည်းမစောင့်ချင် ရှိမယ်၊ ကျွန်တော်တို့အပေါ်မှာတော့ ဒီလိုလုပ်လိမ့်မယ် မထင်ပါဘူးဗျာ၊ မိဘတွေချင်း အသေအချာ ပြောထားပြီး မကြာခင်မှာ မင်္ဂလာဆောင်ဖို့ရက်တောင် ရွေးကြတော့မှာ မဟုတ်လား"

"အင်း"





"နောက်ပြီး နန်းသူဇာကလည်း ခုမြင် ခုကြိုက် ဒီလို အပြောင်းအလွဲမြန်တဲ့ မိန်းကလေးမျိုး ဟုတ်မယ်မထင်ပါဘူး"

"မင်း ငယ်ပါသေးတယ် ကျော်စွာရယ်၊ လူတွေရဲ့ အတွင်းစိတ်ဆိုတာ အတော်နားလည်ရခက်တယ်ကွယ့်၊ အထူးသဖြင့် မိန်းကလေးတွေရဲ့ အတွင်းစိတ်ကို သိဖို့ဆိုတာ ပိုပြီး ခက်လှသေးတယ်"

ကျော်စွာ ဒေါ်မင်းဇာကို ငေးကြည့်နေသည်။

"ငါလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပါပဲ၊ ရှေးက ဇာတ်တော်တွေထဲမှာ တော်လေးဝ ဝင်တဲ့ မိန်းမမျိုးတွေလည်း ရှိခဲ့ဖူးပါတယ်၊ ဒါပေမယ့် အတော်များများကတော့ မယုံကြည်အပ်တဲ့အထဲမှာ ပါတယ်၊ အထူးသဖြင့် မေတ္တာရေးနဲ့ ပတ်သက်လာရင် ပိုပြီး မယုံကြည်အပ်တဲ့ အထဲမှာ ပါတယ်ကွယ့်"

ကျော်စွာကတော့ ဒေါ်မင်းဇာထံမှ ထိုစကားမျိုး ကြားရသောကြောင့် အံ့သြနေမိသည်။

"ဒါထက် ကျွန်တော်က မမျှော်လင့်ဘဲ အိမ်ထောင်ကျရမယ့် လူဆိုတော့ ကျွန်တော်ရဲ့ အနာဂတ်အတွက် ဇာတာလေး၊ ဘာလေး ကြည့်ပေးပါဦး ဒေါ်မင်းဇာရယ်"

"မင်းက ငါပြောရင်ကော လက်ခံမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မင်းဇာပြောရင် ဘယ်တုန်းက လက်မခံခဲ့တာ ရှိဘူးလို့လဲဗျာ"

"မင်းရဲ့ အနာဂတ်အကြောင်းကို ငါ အာရုံခံကြည့်ပြီးပြီ၊ အခု လက်ထပ်မယ့် မိန်းကလေးဟာ မင်းတစ်သက်လုံး လက်တွဲရမယ့်သူ မဟုတ်တာတော့ သေချာတယ်"

"ဟင်..."

"မအံ့ဩနဲ့ ကျော်စွာ၊ မင်းဟာ လူဝင်စားတစ်ယောက်ပဲ၊ ဘဝဟောင်းမှာ မင်းသိပ်ချစ်တဲ့ ချစ်သူ ရှိခဲ့တယ်၊ မင်းရဲ့ ချစ်သူဟာလည်း အခု တစ်နေရာမှာ ရှိနေတယ်၊ တစ်နေ့ကျရင် မင်းတို့နှစ်ယောက် မမျှော်လင့်ဘဲ ပြန်တွေ့ကြရလိမ့်မယ်။

အဲဒီအခါကျရင် မင်းမေတ္တာစစ် မေတ္တာမှန်ရဲ့ ဆန်းကြယ်တဲ့ သဘောကို သိလာရလိမ့်မယ်"

ဟုဆိုကာ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ကျော်စွာ့ရင်ထဲမှာတော့ မတင်မကျ အတွေးများ တစ်ပွေ့တစ်ပိုက်နှင့် ကျန်ရစ်ခဲ့လေတော့သည်။





အခန်း [ ၇ ]

## မိုးကြိုးသံသေစားနဲ့ ဘဝဟောင်းက ချစ်သူ

ထင်သည့်အတိုင်းပင်...

စပ်နန္ဒတစ်ယောက် ဟန်လိုင်းလားရွာသို့ ကူးသွားခဲ့တာ နှစ်ရက်၊ သုံးရက် ကြာသည်အထိ ပြန်မလာပေ။

ကျော်စွာမှာ ယခုရက်အတွင်းမှ ပြန်လည်ကျန်းမာလာပြီ ဖြစ်သောကြောင့် စပ်နန္ဒ ပြန်လာလျှင် အကျိုးအကြောင်း သိရမည်မို့ တမျှော်မျှော် ဖြစ်နေသည်။

ဦးလဖော်၊ ဒေါ်နန်းမေတို့ပင် စပ်နန္ဒ ပြန်မလာသော ကြောင့် စိတ်တထင့်ထင့် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရကပင် စိတ်မရှည်စွာ ပြောသည်။

"ဒီကောင် ဘာကြောင့် ဒီလောက်ကြာနေတယ် မသိဘူး၊ ဒီမှာ အလုပ်တွေရှိနေတာလည်း သူအသိသားနဲ့၊ အကြောင်းတစ်ခုတော့ ရှိရမယ်"

ထိုအခါ ဦးလဖော်က ဖျောင်းဖျ ပြောဆိုသည်။

"ဒီလောက်လည်း တွေးပူမနေပါနဲ့ သားရယ်၊ သူ ဟိုရွာမှာ ပျော်နေလို့ ကြာနေတာဖြစ်မှာပေါ့"

"မဟုတ်ဘူး အဘ၊ ကျွန်တော် စပ်နန္ဒအကြောင်းကို ကောင်းကောင်းသိတယ်၊ ဒီကောင်က ကျွန်တော်တို့ ညီအစ်ကိုလို စိတ်မျိုးမရှိဘူး၊ အမျိုးသမီးချောချော မြင်ရင် စည်းစောင့်ချင်တာ မဟုတ်ဘူး"

သူရ စကားကို ရိပ်မိသော ဦးလဖော်က...

"ဒါကတော့ သားရယ်၊ သူက မွေးစားသားဆိုပေမယ့် တို့က သားအရင်းနဲ့ တန်းတူထားတာပဲ၊ ဒါမှ စည်းမစောင့်ရင်တော့လည်း သူ့ထိုက်နဲ့ သူ့ကံပေါ့၊ သူ့အတွက် ဘာမှ တာဝန်ယူမပေးရုံ ရှိတာပေါ့ကွာ"

ဟု အပြတ်ပြောသည်။

သူတို့တစ်တွေက စပ်နန္ဒအား မျှော်လင့်နေကြစဉ် တစ်နေ့တွင် စပ်နန္ဒနှင့် ပတ်သက်သော ဧည့်သည်များ





ရောက်လာတော့သည်။ ၎င်းတို့သည် ရှမ်းပြည်နယ်၊ မိုင်းပွန် ဘက်မှ လာခဲ့ကြခြင်းဖြစ်သည်။ ဦးလဖော်ကိုယ်တိုင် ဧည့်သည် များအား ကြိုဆိုပြီး နေရာထိုင်ခင်းများ ပေးသည်။

ဧည့်သည်များက ဦးလဖော်အား အရိုအသေပေးပြီး အကြောင်းစုံ ပြောပြကြသည်။

"ရွာစားကြီး ဦးလဖော်ဆိုတာ..."

"ကျုပ်ပါပဲ"

"ကျွန်တော်တို့က မိုင်းပွန်ဘက်က လာကြတာပါ၊ လာခဲ့ရတဲ့ အကြောင်းကတော့ သခင်လေး စပ်နန္ဒကို ဒီက ရွာစားကြီးက ခေါ်ယူစောင့်ရှောက်ထားတယ်ဆိုတာ သိရလို့ လာခဲ့ကြတာပါ"

"စပ်နန္ဒနဲ့ မောင်ရင်တို့က ဘယ်လိုပတ်သက်နေတယ် ဆိုတာလည်း ပြောပြကြပါဦး"

"ဒီလိုပါ မိုင်းပွန်မှာ အရေးတော်ပုံတစ်ခု ပေါ်ခဲ့ပါ တယ်၊ အဲဒီမှာ စော်ဘွားကြီး လုပ်ကြံခံရပါတယ်၊ ဒါကြောင့် စော်ဘွားကြီးရဲ့ မိသားစုတွေ အဆက်အနွယ်တွေကို ရန်သူ များရဲ့ ဘေးအန္တရာယ်က လွတ်ကင်းအောင် ပို့ကြတဲ့အခါ မှာ စပ်နန္ဒကို အထိန်းတော်တစ်ဦးက ဒီနယ်ဘက်ကို ခေါ်လာခဲ့တာ ဖြစ်ပါတယ်၊ ဦးလဖော်တို့က အခုလို သွေး[illegible]သိ



www.burmeseclassic.com

www.burmeseclassic.com



ရန်မခ,အောင် စောင့်ရှောက် ကျွေးမွေးထားတာကို အထူး ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွယ်၊ ကျုပ်တို့တစ်တွေက တိုင်းရင်းသား အချင်းချင်းတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက် ကူညီရမှာပေါ့၊ ဒါထက် အခု မိုင်းပွန်မှာက သခင်မလေး စောနန္ဒာ အုပ်ချုပ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အခုလည်း သခင်မလေး စောနန္ဒာကပဲ အခေါ်လွှတ်လိုက်လို့ ကျွန်တော်တို့ စပ်နန္ဒကို လာခေါ်ကြ တာပါ၊ နောက်ပြီး ရွာစားကြီးတို့ကိုလည်း ကျေးဇူးဆပ်ချင်လို့ မိုင်းပွန်ကို လိုက်နိုင်ရင် လိုက်လာခဲ့ဖို့ သခင်မလေးက မှာလိုက်ပါတယ်"

"အခုလို ကြားရတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်ကတော့ ရပ်ရေး ရွာရေးကိစ္စတွေနဲ့ မလိုက်နိုင်တော့ ပါဘူး၊ မိုင်းပွန်မှာ စပ်နန္ဒ ရှိနေတယ်ဆိုရင်တော့ ဒီက ကျုပ်သားနှစ်ယောက် လာကြပါလိမ့်မယ်"

ဟုဆိုကာ သူရနှင့် ကျော်စွာအား ဧည့်သည်များနှင့် မိတ်ဆက်ပေးလေသည်။

"ဦးလဖော်မှာ အခုလို အားကိုးရတဲ့ သားတွေရှိတာ အားတစ်ခုပဲပေါ့၊ လက်ရုံးတွေ ပြည့်တယ်လို့ ဆိုရမှာပဲ၊ အခု





ဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံ နယ်ပယ်အသီးသီးတွေကို မျက်နှာဖြူတွေက မျက်စိကျနေတယ်၊ ကျူးကျော်ဖို့လည်း ဟန်ပြင်နေကြတာ ဦးလဖော်လည်း ကြားမိမှာပေါ့"

"ကြားမိပါတယ်"

"အခုအချိန်ဟာ နယ်ချဲ့မျက်နှာဖြူတွေကို ခုခံတွန်းလှန်ဖို့ ကျွန်တော်တို့တစ်တွေမှာ လူအင်အား၊ လက်နက်အင်အား အများကြီးလိုတယ်၊ အခုဆိုရင် ကျွန်တော်တို့ သခင်မလေးဟာ အနယ်နယ် အရပ်ရပ်မှာ ရှိတဲ့ သူ့ရဲကောင်းတွေကို ရှာဖွေ စုဆောင်းနေပါတယ် ဦးလဖော်"

"အရေးကြီးတော့လည်း သွေးစည်းရတာပေါ့ဗျာ"

"အခု စပ်နန္ဒကို အခေါ်လွှတ်တာကလည်း ဒီအတွက် ပါပဲ၊ ဒါကြောင့် ဒီက ဦးလဖော်ရဲ့ သားနှစ်ယောက်ပါ လိုက်လိုတဲ့ ဆန္ဒရှိရင် တစ်ပါတည်း ခေါ်သွားချင်ပါတယ်"

ဟု ပြောလေသည်။

"ကျုပ်ရဲ့ သားနှစ်ယောက်ကို မိုင်းပွန်ကို လွှတ်ဖို့က တော့ ဒီမှာ အစီအစဉ်တွေ လုပ်ပြီးတာနဲ့ အကြောင်းပြန်ပေး ပါ့မယ်၊ ကိုင်း...ဧည့်သည်တွေ ခရီးပန်းလာကြတယ်၊ ဒီမှာ အေးအေးဆေးဆေး နားကြဦးပေါ့၊ စပ်နန္ဒ အရှေ့ဘက်ကစ္စကို



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ပါတယ်၊ သူပြန်ရောက်တာနဲ့ တစ်ခါတည်း ခေါ်သွ ကြဖို့ စီစဉ်ပေးပါ့မယ်"

"ကျေးဇူးပါပဲ ဆလိုင်းရာ"

နောက်တစ်နေ့ နံနက်စောစောပိုင်းအချိန်တွင် စပ်န ပြန်ရောက်လာသည်။ သို့သော် သူတစ်ယောက်တည်း ပြန်လ သည် မဟုတ်ဘဲ ဟန်လိုင်းလားရွာမှ ဧည့်သည်များလည် လိုက်ပါလာကြသည်။

၎င်းတို့မှာ ဦးသက္က၊ နန်းသူဇာနှင့် အခြား ရွာ ရွာသားများ ဖြစ်ကြလေသည်။

အားလုံးက ဦးသက္ကနှင့် နန်းသူဇာတို့ ပါလာသည်ကို မြင်သောအခါ အံ့ဩနေကြသည်။ ထူးခြားနေသည်ဟုလည် ဘင်နေကြသည်။ ပို၍ထူးခြားသည်မှာ စပ်နန္ဒနှင့် နန်းသူ တို့မှာ တစ်ဦးနှင့်တစ်ဦး လွန်စွာရင်းနှီးသော အမူအရာဖြ ပြုံးပြုံးရွှင်ရွှင်နှင့် စကားပြောဆိုလာကြသည်ကို လှမ်းမြင် သောအခါ ဒေါ်မင်းဇာက ကျော်စွာအား မေးငေါ့ပြသည်။

"ငါပြောတာ မှန်နေပြီ မဟုတ်လား"

ဟူသော သဘောဖြစ်သည်။

ဦးလဖော်ကတော့ ဦးသက္ကအား ဝတ္တရားကျေပွန်စွ ကြိုဆို ဧည့်ခံလေသည်။





ဦးသက္က က ခရီးရောက်မဆိုက်ပင်...

"ဦးလဖော်... ခင်ဗျား အတော်လျှို့ဝှက်တဲ့လူပဲဗျာ"

ဟု အပြစ်တင်လေသည်။

"ဘာများလဲ ဦးသက္ကရဲ့၊ ကျုပ်က ဘာများ လျှို့ဝှက် ားမိလို့ပါလိမ့်ဗျာ၊ ပြောပါဦး"

"စပ်နန္ဒဟာ ခင်ဗျားတို့ မွေးစားသားဆိုပေမယ့် သူက ာမန်မျိုးရိုးထဲက မဟုတ်ဘူးဗျ၊ မိုင်းပွန်စော်ဘွားအရှင်ရဲ့ ျိုးနွယ်ဆက်ဆိုတာကို ကျုပ်တို့ စုံစမ်းသိခဲ့ရတယ်၊ အခု ည့်စမ်းဗျာ၊ ဘယ်လောက် သူရသတ္တိနဲ့ ပြည့်စုံတဲ့လူလဲ၊ လောက်ကြီးတဲ့ ကျားကို သူ့အစွမ်းအစနဲ့ သတ်ပြနိုင်တယ် ိုတာ နည်းတဲ့သတ္တိလားဗျာ၊ ကျုပ်က အဲဒီလို သတ္တိဗျတ္တိ ကောင်းတဲ့ သူမျိုးကိုမှ သဘောကျတာဗျ"

ဟု ခရီးရောက်မဆိုက် ပွင့်ပွင့်လင်းလင်း ပြောလိုက် လသည်။

ထိုစကားကြားသောအခါ ဦးလဖော်မှာ မျက်စိမျက်နှာ ျက်သွားရုံမက ဘေးနားမှ ကြားလိုက်ရသူများကလည်း ်နန္ဒတစ်ယောက် မဟုတ်တာ ပြောခဲ့ပြီဟု နားလည်လိုက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူရရော, ကျော်စွာပါ ဒေါသဖြစ်သွားကြသော်လည်း စပ်နန္ဒက သူတို့နှစ်ယောက်အား မျက်နှာငယ်လေးနှင့် အသနားခံသော အကြည့်ဖြည့် လှမ်းကြည့်နေသောကြောင့် ဘာမှတော့ ဝင်မပြောဖြစ်ကြတော့ပေ။

"ကျုပ်က ကျားသားရေကို ရကတည်းက ခင်ဗျားတို့ကို ကျေးဇူးတင်နေတာဗျ။ ဒါကြောင့် တမင်လိုက်လာခဲ့တာ၊ နောက်ပြီး သမီးကလည်း ဒီရွာကို တစ်ခေါက်မှ မရောက်ဘူးလို့ လိုက်ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာပါ"

"ဩော်... အင်း... ကောင်းတာပေါ့ဗျာ၊ ဒီ... ဒီမှာ သားငယ်လည်း အတော်နေမကောင်း ဖြစ်နေတယ်၊ သမီးလေး ရောက်လာတော့ ပိုကောင်းတာပေါ့"

"အေးဗျာ... ဒီကလေးက လူပုံက ကန့်ကလျှံ ကျားဖမ်းတဲ့ဆီ လိုက်သွားတော့ အခုလို ခံရတာပေါ့ဗျာ၊ သူ့ပုံနဲ့က ကျားဖမ်းရမှာ မဟုတ်ဘူး၊ ဂီတဖြေဖျော်ပွဲ သွားရမှာဗျ... ဟား ဟား ဟား ဟား"

ဦးသက္ကက ပြောရင်းနှင့် ကွမ်းသွေးများ တက်နေသော သွားများပေါ်အောင် တဟားဟား ရယ်မောနေပြန်သည်။

ထိုအချိန်မှာပင် မိုင်းပွန်မှလာသော ဧည့်သည်များ ရောက်လာကြပြီး စပ်နန္ဒအား အကျိုးအကြောင်း ပြောပြလေသည်။





ထိုစကားကြားသောအခါ ဦးသက္ကနှင့် နန်းသူဇာတို့မှာ လွန်စွာအထင်ကြီးသော အမူအရာဖြင့် စပ်နန္ဒကို ဝိုင်းကြည့်နေကြသည်။

"ဟင်... ဒီလိုဆိုရင် စပ်နန္ဒက နယ်ရှင်ပယ်ရှင်ဖြစ်ပြီပေါ့၊ ကောင်းတယ်ဗျို့... ကောင်းတယ်၊ စပ်နန္ဒက သတ္တိဗျတ္တိလည်းရှိ၊ တိုက်ရည်ခိုက်ရည်လည်းရှိတဲ့ လူမျိုးက နယ်ရှင်ပယ်ရှင်ဖြစ်တော့ ပိုကောင်းတာပေါ့ဗျာ၊ ကျုပ်တို့အတွက် အားကိုးတစ်ခု ရတာပေါ့"

နန်းသူဇာကလည်း စပ်နန္ဒအား ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် အထင်ကြီးစွာ ကြည့်နေလေသည်။ ထိုအခြေအနေကို အကဲခတ်မိသော ကျော်စွာမှာ မည်သူ့ကိုမှ မတွေ့လိုတော့သဖြင့် မိမိအခန်းထဲသို့ ဝင်နေလိုက်တော့သည်။ ခဏကြာသောအခါ ဒေါ်မင်းဇာ အခန်းတွင်းသို့ ဝင်လာသည်။

"ဘယ်လိုလဲ ကျော်စွာ၊ အခုတော့ ငါပြောတာတွေ မှန်နေပြီ မဟုတ်လား၊ ဒီမိန်းမမျိုးက ရုပ်ရည်ကလေး လှသလောက် မြွေဟောက်လို လျှာနှစ်ခွနဲ့ သိပ်ကြောက်စရာကောင်းတယ်ဆိုတာ လက်တွေ့မြင်ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်မင်းဇာ၊ ဒီလောက်အပြောင်းအလွဲ မြန်တဲ့ မိန်းမမျိုးနဲ့ တစ်သက်လုံး လက်တွဲသွားလို့ ဖြစ်ပါ့မလား"

"အဲဒါ မင်းဆုံးဖြတ်ရမယ့် ကိစ္စပဲလေ၊ ငါမြင်တာကတော့ သူ့အတွက်ကြောင့် ဆွမ်ကိန်းနဲ့ ဟန်လိုင်းလားရှာကြီးနှစ်ရွာဟာ မကြာခင်မှာ ရန်ငြိုး ရန်စတွေ ပွားလာတော့မယ် ဆိုတာပဲ"

"အဲဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ ဒေါ်မင်းဇာ"

"မင်း သူ့ကို သဘောမကျတော့ဘူးဆိုရင် မဆုံဖြစ်အောင် ငါ စီစဉ်ပေးလို့ ရပါတယ်၊ မင်းသာ ငါ့စကားကို နားထောင်နိုင်ပါ့မလား"

ကျော်စွာက ဘာပြောရမှန်း မသိသဖြင့် ဒေါ်မင်းဇာမျက်နှာကို မော့်ကြည့်နေသည်။

ထိုညက ဦးလဖော်သည် ဟန်လိုင်းလားမှ လာကြသော ဧည့်သည်များရော၊ မိုင်းပွန်မှ လာရောက်ကြသူများကိုပါ ၎င်း၏ ခြံကျယ်ကြီးထဲတွင် ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံလေသည်။ ကျော်စွာကတော့ နေမကောင်းသည်ကို အကြောင်းပြကာ ထိုပွဲသို့ မလာတော့ပေ။





အမှန်တော့ နန်းသူဇာနှင့် မတွေ့လိုသောကြောင့် ဟမင် ရှောင်နေခြင်းလည်း ဖြစ်၏။

မိမိအိမ်ထဲမှာ ရှိနေလျှင် နန်းသူဇာနှင့် ဆုံနေမည် ိုးသောကြောင့် မြင်းဇောင်းမှ မြင်းတစ်စီးကို ယူကာ တစ်ယောက်တည်း ဟူးကောင်းတောင်ကုန်းဘက်သို့ ထွက်လာ ခဲ့သည်။

နွေနှောင်းကာလ၏ ညဦးလ, ရောင်သည် ပတ်ဝန်းကျင် တစ်ခွင်သို့ ဖြန့်ကြက်ထားလေသည်။

မှုန့်ဝါးသော လရောင်အောက်ဝယ် မြူနှင်းဆမ်းသော သဘာဝ၏ အလှအပများကို တွေ့မြင်ရသည်။

ဟူးကောင်းတောင်ကုန်းပေါ်သို့ ရောက်သော် လရောင် ဆမ်းသော တောင်ကုန်းတစ်နေရာတွင် ထိုင်နေရင်း သူ၏ အတွေးအာရုံများက ပြန့်လွင့်လျက်ရှိသည်။

စိတ်ထဲတွင် တစ်စုံတစ်ခုကို လွမ်းဆွတ်ကြေကွဲရင်း ဟမ်းတမိသလို ရှိနေသည်။ ရနံ့သင်းသော တောင်ဇလပ် ပင်ကြီး တစ်ပင်ကို မှီထိုင်ရင်း စူးရှသော တောင်ဇလပ်ပွင့် များ၏ ရနံ့ကြောင့် ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာသည်။

မိန့်မိန့်မူးမူး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သကဲ့သို့ မေ့ခနဲဖြစ်သွားစဉ် အိပ်မက်ကဲ့သို့ ပုံရိပ်များကို မြင်နေရသည်။ ထိုအရာများမှာ အခြားမဟုတ်ပေ။

ရှေးခေတ် စစ်သူကြီးအဝတ်အစားနှင့် ဓားရှည်ကြီး တစ်လက်ကို လွယ်ထားသော ခံ့ထည်လှသည့် လူရွယ် တစ်ဦးနှင့် လွန်စွာချောမောလှပသော မိန်းမပျိုတစ်ဦးတို့၏ ပုံရိပ်များပင် ဖြစ်၏။

မိန်းကလေးမှာ နန်းဝတ်နန်းစားနှင့် ဖြစ်သည်။

၎င်းတို့နှစ်ဦး၏ လည်ပင်းတွင် လည်ဆွဲရတနာ တစ်ကုံးစီ ကို အသီးသီး ဆွဲထားကြလေသည်။ အမှန်တော့ ၎င်းလည်ဆွဲ ရတနာ နှစ်ကုံးမှာ တစ်ဝက်စီဖြစ်ပြီး နှစ်ခုဆက်မှ တစ်ကုံး ဖြစ်ပေသည်။

ထူးခြားသော အချက်မှာ...

စစ်သူကြီး အဝတ်အစားနှင့် လုလင်ပျို၏ မျက်နှာမှာ ထူးထူးခြားခြား ၎င်း၏မျက်နှာနှင့် တူနေလေ၏။

ထို့ပြင် မိန်းကလေး၏ မျက်နှာကိုလည်း ရင်းရင်းနှီးနှီး သိနေသလို ရှိပေသည်။

မိန်းကလေးက သူ့အား အပြုံးကလေးဖြင့် ကြည့်ကာ အဝေးသို့ ထွက်ခွာသွားလေသည်။

"ကျော်စွာ... ကျော်စွာရေ... ကျော်စွာ"





အဝေးမှ မိမိအမည်များကို ခေါ်သံသဲ့သဲ့ ကြားနေရ သည်။

"ကျော်စွာရေ... ကျော်စွာ"

ထိုခေါ်သံများကို ကြားရပြီး မကြခင် တောင်ကုန်း ပေါ်သို့ လူသုံးယောက် တက်လာလေသည်။ ၎င်းတို့မှာ ဒေါ်မင်းဇာ၊ စပ်နန္ဒနှင့် နန်းသူဇာတို့ ဖြစ်ကြသည်။ ဒေါ်မင်းဇာ က မြင်းတစ်စီး၊ စပ်နန္ဒနှင့် နန်းသူဇာတို့ နှစ်ယောက်က မြင်းတစ်စီးနှင့် လိုက်လာကြခြင်း ဖြစ်သည်။ ကျော်စွာမှာ အိပ်ရာမှ နိုးလာသလိုဖြစ်ကာ ထိုသုံးယောက်ကို မြင်သော အခါ တအံ့တသြ ဖြစ်သွားလေသည်။

"ဘယ်ကလိုက်လာကြတာလဲ"

"ဒီမှာ ညီလေးရာ၊ ညှော်ခံပွဲမှာ မင်းကို မတွေ့တာနဲ့ နန်းသူဇာက မင်းကို လိုက်ရှာပေးပါဆိုလို့ ငါနဲ့ ဒေါ်မင်းဇာ တို့က ဒီကို လိုက်ပို့ပေးတာပါ"

ဟု စပ်နန္ဒက ၎င်းအား အထင်မလွဲစေရန် ရှင်းပြနေ လေသည်။ နန်းသူဇာက သူ့အနီးသို့ မဝံ့မရဲ ကပ်လာပြီး လက်မောင်းတစ်ဖက် ဆုပ်ကိုင်ရင်း...

"ကိုကျော်စွာရယ်... နေကောင်းသေးတာ မဟုတ်ဘဲနဲ့ ဒီလောက်အန္တရာယ်များတဲ့ နေရာကို ဘာဖြစ်လို့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း လာနေရတာလဲဟင်၊ ကျွန်မတို့ဖြင့် ကိုကျော်စွာကို ရှာမတွေ့လို့ စိတ်ပူလိုက်ရတာရှင်''

ဟု ကန္ဒဲ့ကလျ ပြောနေလေသည်။

ကျော်စွာကမူ နန်းသူဇာကို ကြည့်ပြီး ဘာမှပြန်မပြောပေ။ သို့သော် သူ၏ရင်ထဲ၌မူ စကားသံများက ပဲ့တင်ထပ်လျက် ရှိသည်။

''သချိုင်းမြေဆိုတာ အသက်မရှိတဲ့ လူတွေနဲ့ ဝိညာဉ်တွေပဲ ရှိတာဆိုတော့ ဘာမှ ကြောက်စရာမရှိဘူး၊ အပြင်မှာ ရုပ်ရည်ကလေးလှသလောက် မြွေဟောက်လို လျှာနှစ်ခွနဲ့ သစ္စာမရှိတဲ့ မိန်းမမျိုးကမှ ပိုပြီးကြောက်စရာကောင်းတယ် နန်းသူဇာရေ''

ကျော်စွာ့အမူအရာကို ကြည့်ပြီး စပ်နန္ဒက...

''ကဲ... ညီလေး၊ တို့ ပြန်ကြရအောင်၊ လူကြီးတွေကလည်း စိတ်ပူနေကြတယ်၊ နောက်ပြီး မင်းတို့ မင်္ဂလာပွဲကိစ္စကလည်း ရှိသေးတယ်မဟုတ်လား''

''ကျွန်တော် မပြန်သေးပါဘူး၊ ကိုနန္ဒတို့ပဲ ပြန်နှင့်ကြပါ''

''အို... ကိုကျော်စွာကလည်း ဒီအချိန်မှာ ဒီလိုနေရာမျိုးမှာ အကြာချည်း မနေသင့်ဘူးလေ၊ ပြန်ကြရအောင်နော် ကိုကျော်စွာ''





''ကျွန်တော် မပြန်ချင်သေးလို့ပါ''

''ကဲ...ကဲ...သူ မပြန်ချင်သေးဘူးဆိုရင်လည်း ခဏတော့ ငါ အဖော်လုပ်ပေးလိုက်ပါ့မယ်၊ မင်းတို့နှစ်ယောက် ပြန်နှင့်ကြပေတော့''

ဒေါ်မင်းဇာကပါ ဝင်ပြောလိုက်သောအခါ စပ်နန္ဒနှင့် နန်းသူဇာတို့မှာ မျက်စိမျက်နှာ မကောင်းစွာဖြင့် ပြန်သွားကြလေသည်။

စပ်နန္ဒတို့ စီးသွားသော မြင်းခွာသံများ ဝေးသွားသောအခါမှ ကျော်စွာက မိမိမြင်မိသော ပုံရိပ်များအကြောင်းကို ဒေါ်မင်းဇာအား ပြောပြလိုက်လေသည်။

ဒေါ်မင်းဇာက ထိုအကြောင်းကို ကြားသောအခါ ကျေနပ်စွာ ပြုံးနေလေသည်။

''အင်း... တစ်နေ့ကျတော့လည်း အခြေအနေက ဒီလိုပဲ ဖြစ်လာတာပါပဲလား''

ဟု မှတ်ချက်ချသည်။

''အခု ကျွန်တော့်စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိတယ် ဒေါ်မင်းဇာ''

''ဘာများပါလိမ့်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နန်းသူဇာကို လက်မထပ်သင့်တော့ဘူး ထင်တယ်"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ သူဟာ ကျွန်တော် လက်ထပ်ရမယ့် ဖူးစာရှင် အစစ်အမှန် မဟုတ်သေးဘူးဆိုတာ စိတ်ထဲက အလိုလို သိနေသလိုပဲ"

"ဒါပေမယ့် အကြောင်းပြချက် မခိုင်လုံဘဲနဲ့တော့ လူကြီးတွေ စီစဉ်တာကို ဖျက်လို့မရဘူးလေ၊ အစ,ကတည်းက ငြင်းမယ်ဆိုရင် မင်းမှာ ငြင်းပိုင်ခွင့် ရှိခဲ့တာပဲ"

"အဲဒီတုန်းကတော့ ကျွန်...ကျွန်တော်...

"ကဲ... ထားပါတော့၊ အခုမှတော့ လွန်ခဲ့ပြီဆိုတော့ ဒါတွေ ပြန်ပြောနေလို့လည်း အပိုပါပဲ၊ အခု မင်းဘာလုပ်ချင်သလဲ၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပါ"

"ကျွန်တော့်စိတ်ထဲမှာ သိချင်တာတစ်ခု ရှိနေတယ်၊ အဲဒါကို ဒေါ်မင်းဇာက ပြောပြပါ"

ဒေါ်မင်းဇာက မလှမ်းမကမ်းနေရာတွင် ထိုင်ရင်း ငြိမ်သက်စွာ နားထောင်နေသည်။

"ကျွန်တော်ရဲ့ ဖူးစာရှင် အစစ်အမှန်ဆိုတာ တကယ်ရှိသလား"





ကျော်စွာထံမှ ထိုမေးခွန်းကို ကြားသောအခါ ဒေါ်မင်းဇာက သက်ပြင်းတစ်ချက်ချကာ လရောင်ဆမ်းသော အဝေးသို့ မျှော်ကြည့်နေသည်။ အတန်ကြာမှ စကားသံ ထွက်လာသည်။

"တကယ်တော့ မင်းဟာ လူဝင်စားတစ်ယောက် ဖြစ်မလို၊ ဘဝဟောင်းမှာ ချစ်သူရှိခဲ့တယ်၊ မင်းရဲ့ချစ်သူကလည်း အခု မင်းလိုပဲ၊ တစ်နေရာမှာ ရှိနေတယ်၊ မင်းတို့နှစ်ယောက်ဟာ တစ်ချိန်ချိန်မှာ မလွဲမသွေ ပြန်ဆုံကြရလိမ့်မယ်၊ မင်း သူ့ကိုတွေ့အောင်ရှာဖို့ တာဝန်ရှိတယ် ကျော်စွာ"

ထိုစကားကြောင့် ကျော်စွာ အံ့သြမှု ဖြစ်သွားမိသည်။

"ကျွန်တော်က သူ့ကို ဘယ်လိုသိပြီး ဘယ်လိုတွေ့အောင်ရှာရမှာလဲ ဒေါ်မင်းဇာ"

"တကယ့်ချစ်သူတွေမှာ အမှတ်အသားမလိုဘူး၊ ဘဝဘယ်လောက်ခြားခြား၊ ဘယ်လောက်ဝေးနေနေ ပြန်တွေ့တာနဲ့ အသည်းနှလုံးက အလိုလို သိနေတယ်"

"ဟင်..."

"ငါ ပေစ်ခုမေးမယ်၊ အခု နန်းသူဇာကို တွေ့တဲ့အခါမှာ မင်းစိတ်ထဲမှာ မင်းရဲ့ချစ်သူအစစ်လို့ သတ်မှတ်နိုင်သလား၊ မင်းရဲ့ အသည်းနှလုံးက သူ့ကို လက်ခံရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ကျွန်တော် သူ့ကို မချစ်ဘူး"

"အဲဒါပြောတာပေါ့၊ တစ်နေ့မှာ မင်းချစ်သူကိုတွေ့ တဲ့ အခါ မင်းရဲ့ အသည်းနှလုံးက အလိုလို အချက်ပေးလိမ့်မယ်၊ အဲဒီအခါကျရင် မင်း ငြင်းလို့မရတော့ဘူး၊ တခြား အမှတ် အသား ပစ္စည်းတွေဆိုတာ တခြားလူတွေအတွက် သက်သေ ပြရုံသက်သက်ပါပဲ၊ ကိုယ့်ချစ်သူချင်းတွေအတွက် မလိုပါဘူး၊ ဒါပေမယ့် မင်းကို ငါပြစရာ, ပေးစရာတွေ ရှိသေးတယ်"

ဒေါ်မင်းဇာက ပြောပြောဆိုဆိုနှင့် နေရာမှ ထ,သည်။

ကျော်စွာက နားမလည်သလို မော့ကြည့်နေသည်။

"လာ... ကျော်စွာ၊ တို့ သင်္ချိုင်းထဲ ဝင်ကြရအောင်"

"ဗျာ... ဘယ်သင်္ချိုင်းထဲဝင်မှာလဲ ဒေါ်မင်းဇာ"

"ဟူးကောင်းတောင်ကုန်း အောက်ဘက်မှာရှိတဲ့ သင်္ချိုင်း ဟောင်းထဲကို ဝင်မှာပါ၊ လူအများ သိထားတာက အပေါ် ဘက်က သင်္ချိုင်း၊ အောက်ဘက်မှာ သင်္ချိုင်းဟောင်းတစ်ခု ရှိသေးတယ်၊ လာ... ငါ့နောက်ကို လိုက်ခဲ့"

ဟုဆိုကာ ရှေ့မှထွက်သွားသဖြင့် ကျော်စွာမှာ နောက်မှ ကပျာကယာ လိုက်ခဲ့ရလေသည်။

နှစ်ယောက်သား လရောင်ဖြင့် ပိုးတဝါးမြင်နေရသော လမ်းအတိုင်း တောင်ကုန်းအောက်သို့ ဆင်းလာရာ မကြာမီ





ချုံနွယ်များဖြင့် ပိတ်နေသော ဂူပေါက်တစ်ခုသို့ ရောက်သည်။ ထိုဂူပေါက်ဝသို့ ရောက်သောအခါ ဒေါ်မင်းဇာက ကညင်ဆီ မီးတိုင်ကို မီးထွန်းလိုက်သဖြင့် အလင်းရောင် ကောင်းစွာ ရသွားလေသည်။ ဒေါ်မင်းဇာသည် ကညင်ဆီမီးတိုင်ကို အစကတည်းက ရည်ရွယ်ချက်တစ်ခုဖြင့် ဆောင်ယူလာဟန် ရှိသည်။

ဂူအတွင်းပိုင်းမှာ သာမန် သဘာဝအတိုင်း ပေါက်နေ သော ဂူပေါက်မဟုတ်ဘဲ ရှေးခေတ် အုတ်ချပ်ပြားကြီးများဖြင့် ဖို့ပြုလုပ်ထားသော ဂူပေါက်ဖြစ်ကြောင်း တွေ့ရသည်။ အတွင်းဘက် ရောက်သောအခါ ပင့်ကူအိမ်များ၊ ပိုးချည်မျှင် များ ရှုပ်ထွေးလျက်ရှိသည်။ အတွင်းနေရာရှိ အုတ်ချပ်ပြား ကြီးများမှာ အင်္ဂတေချပ်များ အကွက်လိုက်, အကွက်လိုက် ကွာကျလျက်ရှိသည်။ တစ်နေရာရောက်သောအခါ ဂူကြမ်းပြင် ပေါ်ရှိ မြေမှုန့်များပေါ်တွင် အလွန်ကြီးသော ကျားခြေရာ ကြီးများကို တွေ့ရပြီး အရိုးများ ပြန့်ကျဲနေသည်ကို လှမ်းမြင် ရသဖြင့် ကျော်စွာမှာ လန့်သွားသည်။

"ဒေါ်မင်းဇာ ဟို...ဟိုမှာ ကျားခြေရာတွေဗျ၊ အထဲ ဝင်လို့ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ လာသာလာပါ... ကျားက မရှိတော့ပါဘူး"

"ဘယ်ရောက်သွားလို့လဲ"

"ဟလောက မင်းတို့သတ်လိုက်တဲ့ ကျားက ဒီဂူထဲမှာနေတာလေ"

"ဟင်... ဒေါ်မင်းဇာက ဘယ်လို သိတာလဲ"

"ဒီလိုပဲ သိတာပေါ့ကွယ်၊ လာ... လာ အချိန်မရှိဘူး၊ အထဲဝင်ကြရအောင်"

နှစ်ယောက်သား ဂူအတွင်းပိုင်းသို့ ရောက်သောအခါ အောက်ဘက်သို့ ဆင်းသော လှေကားထစ်များကို တွေ့ရသဖြင့် အောက်သို့ ဆင်းခဲ့ကြသည်။ အောက်ဘက်ရောက်သောအခါ ကျောက်တုံးများမှာ ရေညှိများ တွယ်ကပ်နေသဖြင့် ချော်နေရာ သတိဖြင့် လျှောက်ကြရသည်။

တစ်နေရာ ရောက်သောအခါ ကျောက်ချပ်တံခါးကြီးဖြင့် ပိတ်ထားသော အခန်းတစ်ခန်းကို တွေ့ရသဖြင့် ဒေါ်မင်းဇာက ကျော်စွာအား ထိုကျောက်ချပ်ကြီးကို ဖယ်နိုင်လေသည်။

ကျော်စွာက ကျောက်ချပ်ကြီးကို အားဖြင့် တွန်းဖယ်လိုက်သောအခါ တဖြည်းဖြည်း ပွင့်သွားလေသည်။





အတွင်းသို့ရောက်သောအခါ ပင့်ကူအိမ်များဖြင့် ဖုံးအုပ်လျက်ရှိသော ကျောက်တလားကြီးတစ်လုံးကို တွေ့ရသည်။ ဒေါ်မင်းဇာက ထိုကျောက်တလားကြီး အဖုံးကို ဖွင့်နိုင်းသဖြင့် ကျော်စွာက အဖုံးကို ခက်ခက်ခဲခဲ တွန်းဖွင့်လိုက်သောအခါ အတွင်း၌ ဆွေးမြည့်လျက်ရှိသော စစ်သူကြီးအဝတ်အစားများ အောက်၌ အရိုးစုများကို တွေ့ရသည်။

ၡင်း၏ဘေးတွင် ဓားရှည်တစ်လက် ရှိသည်။ ထို့ပြင် လည်ပင်းနေရာမှာလည်း လည်ဆွဲရတနာတစ်ခု ဆွဲထားသည်ကို တွေ့ရသည်။

"ဒေါ်မင်းဇာ သူက ဘယ်သူလဲ၊ သူ့အကြောင်းသိရင် ကျွန်တော့်ကို ပြောပြပါ"

"ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဟိမဝန္တာတောင်တန်းကြီးရဲ့ ဟိုဘက်မှာ မဏိပုတြပြည်က သူရဲကောင်းတစ်ဦးရဲ့ ရုပ်အလောင်းပဲ ကျော်စွာ။

သူက လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံတဲ့ သူရဲကောင်းတစ်ဦးဖြစ်လို့ ဘုရင်ကြီးက မြှောက်စားထားခဲ့တယ်၊ တစ်နေ့တော့ ဘုရင့်သမီးတော် သီရိမာလာနဲ့ ချစ်ရည်မျှနေကြတာကို ဘုရင်ကြီးသိလို့ အမျက်တော်ရှတာကြောင့် သူရဲကောင်းလေးက တစ်နယ်တစ်ကျေးကို ထွက်ပြေး တိမ်းရှောင်ခဲ့ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရှောင်တိမ်းခါနီးမှာ ချစ်သူနှစ်ဦးဟာ ဆုတောင်းပြည့် ဘုရားမှာ ဘဝအဆက်ဆက် ပေါင်းရပါစေသားလို့ ဆုတောင်းကြပြီး မင်းသမီးလေးက သူ့ရဲ့လည်ဆွဲရတနာကို တစ်ပိုင်းစီခွဲပြီး သူ့ရဲ့ကောင်းလေးကို ပေးလိုက်တယ်၊ ဒီလည်ဆွဲရတနာဟာ သူတို့နှစ်ယောက် ဘဝသစ်မှာ ပြန်တွေ့ကြတဲ့အခါမှာ အမှတ်အသား တစ်ခုဖြစ်အောင် ထားခဲ့တယ်ဆိုရင်လည်း မမှားဘူး။

ဒီ လည်ဆွဲရတနာဟာ သူတို့နှစ်ဦးအတွက် မေတ္တာသင်္ကေတ ဖြစ်ပေမယ့် မဆိုင်တဲ့လူတွေ လက်ထဲရောက်သွားရင်တော့ ဘေးဥပါဒ်အန္တရာယ်တွေနဲ့ တွေ့ပါစေလို့ သစ္စာပြုခဲ့တယ်၊ နောက်တော့ သူ့ရဲ့ကောင်းလေးဟာ လည်ဆွဲရတနာ တစ်ဝက်ကို ယူပြီး တစ်နယ်တစ်ကျေးကို တိမ်းရှောင်သွားခဲ့တယ်၊ မကြာခင်မှာ မင်းသမီးလေးလည်း ကံတော်ကုန်သွားရှာတယ်"

"သနားစရာပဲ"

"တကယ်တော့ ဘဝတစ်ခုနဲ့ တစ်ခု ကူးပြောင်းခြင်းဟာ အခြားသူတွေအတွက် အချိန်ကြာချင် ကြာတတ်ပေမယ့် သစ္စာပြုခဲ့တဲ့ ချစ်သူတွေအတွက်ကတော့ အတော့်ကို မြန်ဆန်လေ့ရှိတယ်၊ ကဲ... မင်း အဲဒီ လည်ဆွဲနဲ့ ဓားကို ယူလိုက်ပေတော့ ကျော်စွာ"





"ဖြစ်ပါ့မလား ဒေါ်မင်းဇာ"

"ဖြစ်ပါတယ်ကွယ်၊ ဒီလည်ဆွဲရတနာက တစ်နေ့ကျရင် မင်းရဲ့ ချစ်သူအစစ်ကို ရှာပေးသလို၊ ဒီဓားကလည်း မင်းအတွက် အန္တရာယ် အသွယ်သွယ်က ကာကွယ်ပေးပါလိမ့်မယ်၊ ဒီဓားက သာမညဓား မဟုတ်ဘူး။

မိုးကြိုးသွားအစစ်နဲ့ သံသေကို ရောပြီး ပြုလုပ်ထားတဲ့ မိုးကြိုးသံသေဓားပဲ။

အချိန်မရှိဘူး၊ ငါပြောတဲ့အတိုင်း လည်ဆွဲနဲ့ ဓားကို ယူခဲ့ပေတော့၊ တို့ ပြန်ကြရအောင်"

ဟု ပြောကာ ရှေ့မှ ထွက်သွားသဖြင့် ကျော်စွာလည်း စဉ်းစားချိန်မရဘဲ ဒေါ်မင်းဇာပြောသည့်အတိုင်း ကျောက်တလားကြီးအတွင်းမှ လည်ဆွဲရတနာနှင့် ဓားကိုယူကာ ဒေါ်မင်းဇာနောက်သို့ ခပ်သွက်သွက် လိုက်ခဲ့ရလေတော့သည်။

အပြင်မှာ လရောင်က ထွန်းလင်း တောက်ပနေဆဲဖြစ်သော်လည်း နှင်းများကျလာသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် မှုန်မှုန်ဝါးဝါး ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၈ ]

# ကျောက်မျက်ရှင် လည်ဆွဲနှင့် မေတ္တာဒဏ်သင့်သူ

နောက်ရက်တွင် ကျော်စွာ ကောင်းမွန်စွာ နေကောင်းလာသောအခါ ၎င်း၏စေ့စပ်မင်္ဂလာပွဲကို ဆွမ်ကိန်းရွာတွင် ကျင်းပပြုလုပ်ရန် လူကြီးများက စီစဉ်နေကြသည်။

ယောကျ်ားတစ်ယောက်အတွက် လောကတွင် အပျော်ရွှင်ဆုံး သုံးရက်တွင် လက်ထပ်မင်္ဂလာပြုသော ကိစ္စသည် တစ်ရက် ပါဝင်သော်လည်း ကျော်စွာအဖို့မှာ ပျော်ရွှင်မှု လုံးဝကင်းမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူးကောင်းသချိုင်းဟောင်းအတွင်းမှ ဓားနှင့်လည်ဆွဲ ရလာပြီးကတည်းက တစ်နေရာတွင် မိမိချစ်သူက မိမိကို စောင့်မျှော်နေလိမ့်မည်ဟုသာ စိတ်ထဲမှာ ထင်နေမိသည်။

သည်ကြားထဲမှာ ဆွမ်ကိန်းရွာတွင် ရှိနေစဉ် စပ်နန္ဒ နှင့် နန်းသူဇာတို့မှာ တပူးတွဲတွဲ ရှိနေကြသည်ကို ကြည့်ပြီး ကျော်စွာမှာ များစွာ စိတ်မချမ်းမသာ ဖြစ်မိလေသည်။

ထို့ကြောင့် သူတို့နှင့် မတွေ့အောင် တတ်နိုင်သမျှ ရှောင်နေခဲ့သည်။ ထိုရက်ထဲမှာပင် မိုင်းပွန်မှ စပ်နန္ဒကို လာခေါ်သော ညီ့သည်များက မိုင်းပွန်သို့ ပြန်သွားကြသော် လည်း စပ်နန္ဒက တစ်ပါတည်း ပြန်လိုက်မသွားပေ။

ကျော်စွာ၏ မင်္ဂလာပွဲကိစ္စအား အကြောင်းပြကာ နေရစ်ခဲ့ခြင်းဖြစ်သည်။ စပ်နန္ဒ ပြန်လိုက်မသွားခြင်းမှာ နန်းသူဇာ နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေလိမ့်မည်ဟုတော့ ထင်ကြ သည်။

နေ့လယ်ဘက်တွင် ကျော်စွာတစ်ယောက် အိပ်ခန်း အတွင်းသို့ ဝင်ကာ မိုးကြိုးဓားနှင့် လည်ဆွဲကို အသေအချာ ကြည့်နေသည်။ ဓားမှာ ပြုလုပ်ထားပုံကောင်းမွန်လှသောကြောင့် လက်ထဲတွင် စေးစေးပိုင်ပိုင် ရှိလှသည်။ အသွားရောင်မှာ ငှက်ခါးတောင်ကဲ့သို့ ပြာလဲ့လဲ့ကလေးဖြစ်၏။





ထို့ပြင် ဓားအိမ်မှာ သစ်ကနက်သားဖြင့် ပြုလုပ်ထား ကြောင်း တွေ့ရလေသည်။

သူ့ဓားကို ဓားအိမ်အတွင်း ပြန်သွင်းလိုက်ပြီး ခေါင်းရင်း ဘက်တွင် တင်ထားလိုက်သည်။

ထို့နောက် လည်ဆွဲရတနာကို ကြည့်လိုက်သည်။

လည်ဆွဲရတနာမှာ ရတနာရှစ်ပါးဖြင့် ပြုလုပ်ခဲ့ဟန် ရှိသော်လည်း ယခု သူ့ဆီ ရောက်နေသော တစ်ပိုင်းမှာ ပတ္တမြား၊ ဥဿဖရား၊ မသာရကန်၊ စိန် စသော ကျောက်မျက်ရှင် လေးမျိုးသာ ပါရှိလေသည်။ ဒေါ်မင်းဇာ ပြောသည့်အတိုင်း ရတနာရှစ်ပါးတို့ဖြင့် ပြည့်စုံအောင် ပြုလုပ်ခဲ့သည်ဆိုလျှင် ကျန်လည်ဆွဲရတနာ တစ်ပိုင်း၌ မြ၊ နီလာ၊ ပြယိုယား၊ ဂေါ်မုတ် စသော ကျောက်မျက်ရှင် လေးမျိုး ကျန်ခဲ့ပေ လိမ့်မည်။

သည်နှစ်ခု ပေါင်းစပ်မှ ကျောက်မျက်ရှင် ရှစ်ပါး ပြည့်စုံမည် ဖြစ်ပေသည်။

သည်နှစ်ခုပေါင်းမှ ကျောက်မျက်ရှင် ရှစ်ပါးနှင့် လည်ဆွဲ ရတနာတစ်ကုံး ဖြစ်သကဲ့သို့ မိမိနှင့် ဘဝဟောင်းမှ ချစ်သူတို့ ပြန်လည်ဆုံစည်းပါမှ ဘဝတစ်ခု ပြည့်စုံမည်ဟုလည်း ကျော်စွာ စိတ်ထဲ မှာ ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အခန်းတွင်းသို့ နန်းသူဇာ ဝင်လာလေသည်။

သူမသည် ကျော်စွာ့လက်ထဲမှာ ကိုင်ထားသော လည်ဆွဲရတနာကို မြင်သောအခါ မက်မောစွာဖြင့် လှမ်းကြည့်နေသည်။

"ကိုကျော်စွာ ဘယ်က လည်ဆွဲရတနာလဲဟင်၊ လှလိုက်တာ၊ မင်္ဂလာပွဲရက်ကျရင် ကျွန်မ့ကို ဆွဲပေးမှာလားဟင်"

ကျော်စွာက အားနာစွာဖြင့် ခေါင်းခါပြလိုက်သည်။

"ဒီလည်ဆွဲရတနာက အလှဆွဲဖို့ မဟုတ်ဘူး မသူဇာ၊ မဆိုင်တဲ့သူတွေ ဆွဲရင် ဘေးဥပါဒ်အန္တရာယ် ဖြစ်နိုင်တယ်"

"ကျွန်မကို ကိုကျော်စွာနဲ့ ပတ်သက်ပြီး သက်ဆိုင်တဲ့ လူတစ်ယောက်အဖြစ် မသတ်မှတ်နိုင်ဘူးလားဟင်"

ထိုစကားကြောင့် ကျော်စွာမှာ အဖြေရ ခက်သွားလေသည်။

နန်းသူဇာက တစ်ချက်ပြုံးလိုက်ပြီး...

"ကဲပါ... ကိုကျော်စွာ၊ မဖြေချင်လည်းနေပါ၊ ကျွန်မ ကိုကျော်စွာကို တောင်းပန်စရာတစ်ခု ရှိပါတယ်"

ဟုပြောသည်။





"ဘာများလဲ မသူဇာ"

"ဩော်... တခြားတော့ မဟုတ်ပါဘူး၊ ကျားသားရေကြီး လာပို့ပေးတုန်းက ကိုနန္ဒက အဖေ့ရှေ့မှာ အဲဒီကျားကို သူကိုယ်တိုင် ဖမ်းခဲ့တယ်လို့ပြောတော့ ကျွန်မက ကိုနန္ဒကို သိပ်ပြီး အထင်ကြီးမိတာ၊ ဒီရောက်တော့မှ ကိုသူရက အကြောင်းစုံပြောပြမှ ကျားကို ကိုကျော်စွာ ဖမ်းခဲ့တယ်ဆိုတာ သိရတာ၊ ဒီအတွက် ကျွန်မ ကိုကျော်စွာကို တောင်းပန်ပါတယ်"

"ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး"

"နောက်ပြီး သူ့ မိုင်းပွန်ကို ဘာကြောင့် တစ်ခါတည်း ပြန်လိုက်မသွားတာလဲဟင်"

"ဒါကတော့ ကာယကံရှင်တွေသာ အသိဆုံးဖြစ်မှာပေါ့"

"အို... ကိုကျော်စွာ့ စကားကလည်း အနှောင့်မလွတ် အသွားမလွတ်နဲ့၊ ဒါက အရေးမကြီးပါဘူး၊ ဒါထက် ကိုကျော်စွာ ကျွန်မကို ဘာဖြစ်လို့ ရှောင်နေတာလဲဟင်"

"ကျွန်တော် ဒီရက်ထဲမှာ နေမကောင်းသေးလို့ အေးအေးနေတာပါ၊ မသူဇာကို တမင်ရှောင်နေတာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... ကိုကျော်စွာက သိပ်ပြီး နေကောင်းသေးတာမှ မဟုတ်တာ၊ နောက်တစ်ရက်ဆိုရင် ကျွန်မတို့ စေ့စပ်ညှော်ခံပွဲကို ဒီမှာပဲ လုပ်ကြတော့မှာ ကိုကျော်စွာရဲ့ မပျော်ဘူးလားဟင်"

"ဩော်... အင်း... ပျော်ပါတယ်"

"ပျော်ပါတယ်သာဆိုတယ် ကိုကျော်စွာ့ မျက်နှာက တစ်မျိုးဖြစ်နေသလိုပဲ၊ ကျွန်မ ထင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပါလေ၊ ဘာပဲဖြစ်ဖြစ် ညှော်ခံပွဲရက် ရောက်ရင်သာ ကျွန်မကို ဒီလည်ဆွဲရတနာလေး ဆွဲပေးပါနော်"

မလွှဲသာ မရှောင်သာသဖြင့် ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။ နောက်တစ်နေ့ နံနက်တွင် စေ့စပ်မင်္ဂလာပွဲကျင်းပတော့မည်မို့ ထိုညဘက်တွင် ကျောက်မျက်ရှင်လည်ဆွဲအား နန်းသူဇာအား ဆွဲပေးလိုက်သည်။

နန်းသူဇာ လည်ပင်းတွင် ကျောက်မျက်ရှင်လည်ဆွဲဆွဲထားသည်ကို မြင်သောအခါ ဒေါ်မင်းဇာက...

"ကျော်စွာ မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလည်ဆွဲကို ဘယ်သူ့ကိုမှ ပေးမဆွဲပါနဲ့လို့ ငါ အတန်တန် မှာထားပါလျက်နဲ့၊ ဘာကြောင့် ပေးဆွဲလိုက်တာလဲ၊ ဒုက္ခတွေတော့ ရောက်ကုန်တော့မှာပဲ"





ဟု အပြစ်တင်လေသည်။

ထိုနေ့ ညဥ့်ဦးပိုင်းတစ်ချိန်လုံး စပ်နန္ဒတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားလေသည်။

လိုက်ရှာသော်လည်း မတွေ့ရပေ။

"ညီလေး စပ်နန္ဒတစ်ယောက် ဘယ်ရောက်သွားပြီလဲ၊ ကိုလိုက်ရှာတာတော့ မတွေ့ဘူး၊ နန်းသူဇာတစ်ယောက်ရော ရှိသေးရဲ့လား"

"နန်းသူဇာတော့ ရှိပါတယ်၊ စပ်နန္ဒကိုတော့ တစ်နေ့လုံး ဦးသက္ကနဲ့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေတာကို ကျွန်တော် သတိပြုမိတယ် အစ်ကို"

"မဟုတ်ကာမှလွဲရော ငါ့အထင်ပြောရရင် စပ်နန္ဒ တစ်ခုခု အကြံအစည် ရှိနေပုံရတယ်၊ နောက်ပြီး ဦးသက္ကကြည့်ရတာလည်း သိပ်ပြီး မူမမှန်လှဘူး၊ မင်းတို့ရဲ့ စေ့စပ်မင်္ဂလာပွဲကို ဟန်လိုင်းလားရွာမှာ လုပ်ဖို့ အသေအချာပြောထားခဲ့ပြီးမှ ဒီရွာမှာ လာလုပ်တာကိုက ငါတော့ သိပ်မသင်္ကာဘူး၊ စပ်နန္ဒနဲ့ သူတို့ အကြံအစည် တစ်ခုခု ရှိနေပုံရတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ အစ်ကိုသူရ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ဘက်က တစ်ခုခုတော့ အဆင်သင့် ပြင်ထားရင် ကောင်းမယ် ညီလေး၊ ရန်သူဆိုတာ လျှော့တွက်လို့မရဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့ရွာက လူတွေကို နည်းနည်း အသိပေးပြီး အဆင်သင့် လုပ်ထားရင်တော့ မမှားဘူး ထင်တယ်"

သူတို့ထင်သည့်အတိုင်းပင်...။

နောက်တစ်နေ့ နံနက်ပိုင်း အရုဏ်တက်ချိန်လောက်တွင် ရုပ်ဖျက်ထားသော ဟန်လိုင်းလား ရွာသူရွာသားများ ဝင်ရောက်လာပြီး တိုက်ခိုက်ကြလေတော့သည်။

ကျော်စွာတို့ဘက်ကလည်း အဆင်သင့် ပြင်ဆင်ထားသောကြောင့် တစ်ရွာလုံး လက်နက်ဆွဲကာ ပြန်လည်ခုခံတိုက်ခိုက်ကြရာ နံနက်ခင်း အရုဏ်ဦးအောက်ဝယ် အော်သံဟစ်သံ၊ ကြွိမ်းဝါးသံ၊ ဓားသံ၊ လှံသံ၊ မြားပစ်သံ၊ နာကျည်းစွာ အော်ဟစ် ညည်းညူသံများ ပေါ်ထွက်လာလေတော့သည်။

ဟန်လိုင်းလားရွာနှင့် ဆွမ်ကိန်းရွာမှာ တစ်ရွာနှင့်တစ်ရွာ မသင့်မြတ်ကြသည့်ကြားမှ စပ်နန္ဒက နန်းသူဇာအား လိုချင်သောကြောင့် သစ္စာဖောက်ကာ ဦးသက္ကနှင့် ပူးပေါင်းပြီး မိမိရွာအား ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်တော့သည်။

သို့သော်...





သူရနှင့် ကျော်စွာတို့၏ သတိရှိမှု၊ ကြိုတင်ပြင်ဆင်မှုများကြောင့် အထိမနာဘဲ တန်ပြန်တိုက်ခိုက်နိုင်ကြသည်။

အချိန်ကြာလာသည်နှင့်အမျှ ဟန်လိုင်းလား ရွာသားများ အထိနာလာတော့သည်။

အဘယ်ကြောင့်ဆိုသော်...

အခြားရွာမှ လာရောက် တိုက်ခိုက်ရသဖြင့် ရွာခံများကဲ့သို့ နယ်မြေမကျွမ်းကျင်သောကြောင့် အလူးအလဲ ခံကြရသည်။ ထို့ပြင် တိုက်ရည်ခိုက်ရည် ကောင်းသော သူရနှင့် ကျော်စွာတို့၏ လက်ချက်ကြောင့် သေဆုံးသူ. ဒဏ်ရာရသူများလာပြီး နံနက်လင်းသောအခါ ဘယ်လိုမှ မတတ်နိုင်ကြတော့ဘဲ ဟန်လိုင်းလားရွာသို့ ပြန်ပြေးသွားလေတော့သည်။

အောင်ပွဲခံလိုက်သော ဆွမ်ကိန်းရွာသားများက ရန်သူများဘက်မှ သေဆုံးသူ ဒဏ်ရာရသူများကို လိုက်လံစစ်ဆေးသောအခါ သေဆုံးသူများထဲတွင် ဦးသက္ကကို တွေ့ရပြီး ဒဏ်ရာရသူများထဲမှာ စပ်နန္ဒကိုတွေ့သဖြင့် ဖမ်းဆီးချုပ်နှောင်ထားလိုက်သည်။ ဦးလဖော်က ၎င်းလက်ထဲမှ သွေးစွန်းနေသော ဓားအား ဓားအိမ်အတွင်း ပြန်သွင်းလိုက်ရင်း မေးကြောကြီးများ ထောင်ထ,လာသည်အထိ အံကို တင်းတင်းကြိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်... အသားထဲက လှောက်ထွက်တဲ့ သစ္စာဖောက်တွေ၊ နယ်ချဲ့အလိုတော်ရိတွေရဲ့ သွေးထိုးမြှောက်ပင့်မှုကို ယုံပြီး ကိုယ့်အမျိုးအချင်းချင်းကို ပြန်သတ်ဖို့ ယုတ်မာကြတယ်"

ဟု ရေရွတ်နေသည်။

ကျော်စွာအဖို့ ထိုညက တိုက်ပွဲတွင် မိုးကြိုးသွားသံသေဓားကို အသုံးပြုပြီး စတင်တိုက်ခိုက်ခဲ့လေရာ သူ့ရဲကောင်းတစ်ဦး၏ စိတ်ဓာတ်၊ သူရဲကောင်းတစ်ဦး၏ဝိညာဉ် လာရောက်ပူးကပ်နေသည့်အလား တိုက်ပွဲအတွင်း၌ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖျတ်လတ် သွက်လက်ခဲ့သည်ကို ပြန်လည် သတိပြုမိသည်။

ထိုတိုက်ပွဲဖြစ်မည်ကို ကြိုတင်သိရှိသဖြင့် ထိုဓားကို ဒေါ်မင်းဇာ ရှာပေးခဲ့ရော့သလားဟု တွေးမိသည်။

အားလုံး ပြီးသွားသောအခါ ဖခင်ဖြစ်သူ၏ အလောင်းကို ဖက်ကာ တရှုတ်ရှုတ် ငိုနေသော နန်းသူဇာက ထ,လာပြီး ကျော်စွာကို လာရောက် တောင်းပန်လေသည်။

"ကျွန်မကို ခွင့်လွှတ်ပါ ကိုကျော်စွာရယ်၊ ခွင့်လွှတ်ပါ၊ ဒီအကြံအစည်တွေဟာ အဖေနဲ့ စပ်နန္ဒတို့ ကြံစည်ခဲ့ကြတာပါ၊ ဒီအထဲမှာ ကျွန်မဆန္ဒ လုံးဝ မပါ,ပါဘူးရှင်။





အခု ကျွန်... ကျွန်မမှာ အားကိုးရာလည်း မရှိတော့ပါဘူးရှင်၊ ကျွန်မ ကိုကျော်စွာနဲ့ နေပါရစေနော်"

"မင်းကို ငါခွင့်လွှတ်ပါတယ် နန်းသူဇာ၊ အခုဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို အိပ်မက်လိုပဲ ငါ သဘောထားလိုက်ပါမယ်။

ငါ့ဆွေမျိုးသားချင်းတွေ၊ ရွာသူရွာသားတွေရဲ့ သွေးနဲ့ အသက်တွေနဲ့ ရင်းခဲ့ပြီးမှ မင်းဆီက ချစ်ခြင်းမေတ္တာတရားကို ငါ လက်မခံပါရစေနဲ့တော့၊ ဝိညာဉ်တွေရဲ့ မျက်ရည်တွေကြားက ရရှိလာမယ့် ပျော်ရွှင်မှုတွေကို ငါ မလိုချင်တော့ပါဘူး၊ မင်းထိုက်နဲ့ မင်းကံပဲ ရှိစေတော့ နန်းသူဇာရေ"

နန်းသူဇာ၏ ငိုရှိုက်သံများက ပတ်ဝန်းကျင်သို့ ပြန့်လွင့်လာသည်။ အတန်ကြာသောအခါ နန်းသူဇာက ၎င်းလည်ပင်းတွင် ကျော်စွာဆွဲပေးထားသော ကျောက်မျက်ရှင် လည်ဆွဲကို ပြန်ဖြုတ်ပြီးနောက် ကျော်စွာအား ပြန်ပေးလေသည်။

"ဒါ ကိုကျော်စွာ ဆွဲပေးခဲ့တဲ့ လည်ဆွဲပါ၊ ဒီလည်ဆွဲကို မဆိုင်တဲ့လူတွေဆွဲရင် ဘေးဥပဒ် ရောက်မယ်လို့ ကိုကျော်စွာ ပြောခဲ့တုန်းက ကျွန်မ မယုံခဲ့ဘူး၊ အခုတော့ ကျွန်မက ကိုကျော်စွာရဲ့ ဖူးစာရှင် အစစ်အမှန် မဟုတ်ဘူးဆိုတာ သိခဲ့ရပါပြီရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက နန်းသူဇာပေးသော ကျောက်မျက်ရှင် လည်ဆွဲကို ပြန်ယူလိုက်သည်။

"ကျွန်မ ကိုကျော်စွာအပေါ်မှာ စိတ်၏ပြစ်မှားခြင်း၊ ကိုယ်၏ပြစ်များခြင်းတွေ ရှိခဲ့ပါတယ်၊ အဲဒီအတွက် ကျွန်မကို ခွင့်လွှတ်ပါ ကိုကျော်စွာရယ်"

ဟုဆိုကာ ကျော်စွာအား ကန်တော့ပြီးလျှင် မြစ်ကမ်းဆိပ် ဘက်သို့ ထွက်သွားလေတော့သည်။

"ဘယ်သူမပြု မိမိမှုပဲပေါ့ နန်းသူဇာရယ်၊ သွားပေဦး တော့ကွယ်"

ကျော်စွာအနေနှင့် ထိုမျှသာ ရေရွတ်ရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်တော့လေပြီ။





## အခန်း [ ၉ ]

# ကံကြမ္မာ ကလဲ့စား

ဆွမ်ကိန်းရွာတွင် ကိစ္စများ ပြီးစီးသွားသည့်တိုင် စပ်နန္ဒ အား ချုပ်နှောင်ထားလေသည်။

ရွာသူရွာသားများကတော့ သစ္စာဖောက်သူ စပ်နန္ဒအား သတ်ပစ်ရန်သာ တောင်းဆိုနေကြသည်။ ယခုကဲ့သို့ တစ်ရွာ နှင့်တစ်ရွာ သွေးချောင်းစီးလောက်အောင် ဖြစ်ရသောကိစ္စမှာ စပ်နန္ဒ ကြိုးဟ်မှုသောကြောင့် ဖြစ်ရသည်ဟု အားလုံးက သိကြသောကြောင့် ဖြစ်သည်။

ဦးလဖော်၊ ဒေါ်နန်းမေတို့ကလည်း တစ်သက်လုံး သားအရင်းကဲ့သို့ ကျွေးမွေးပြုစုလာသော ကျေးဇူးကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မထောက်ဘဲ ဤကဲ့သို့ သစ္စာဖောက်ရက်လေခြင်းဟု ယူကျုံးမရ ဖြစ်နေကြသည်။

ဒေါ်နန်းမေကတော့ ဝမ်းနှင့်လွယ် မမွေးရသော်လည်း နို့တိုက်မွေးခဲ့ရသဖြင့် စပ်နန္ဒအပေါ် သားအရင်းနှင့်မခြား မိခင်သံယောဇဉ် ရှိသောကြောင့် သတ်မပစ်ဘဲ နယ်နှင်ပစ်လိုက်ရန်သာ တောင်းပန် ပြောဆိုလေသည်။

ဦးလဖော်ကတော့ ဘာမှပြန်မပြောဘဲ ဆုံးဖြတ်ရန်ခက်နေဟန်ဖြင့် နှုတ်ဆိတ်နေလေသည်။

တစ်ညတွင် ဒေါ်နန်းမေသည် အားလုံးမသိအောင် စပ်နန္ဒ ချုပ်နှောင်ထားရာ နေရာသို့သွားပြီး စပ်နန္ဒအား တွေ့လေသည်။ စပ်နန္ဒမှာ ဒေါ်နန်းမေအား တွေ့သောအခါ လွန်စွာ အားတက်သွားပြီးနောက်...

"အမေ... အမေရယ်... ကျွန်တော့်ကို ကယ်ပါဦး အမေရယ်၊ ကျွန်တော် အမေတို့အပေါ်မှာ သစ္စာမဲ့ခဲ့ပါတယ်၊ မှားခဲ့မိပါတယ်၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးဖို့ အဘကို ပြောပေးပါ အမေရယ်"

ဟု မျက်ရည်စက်လက်နှင့် တောင်းပန်လေသည်။

"မင်းဟာ ငါ့ကို အမေလို့ မခေါ်ထိုက်တော့ဘူး နန္ဒ၊ ငါကလည်း မင်းကို သားလို့ မခေါ်ချင်တော့ဘူး၊ မင်းဟာ





ငါ့နို့ရည်နဲ့ ကြီးပြင်းခဲ့တယ်ဆိုပေမယ့် ငါ မင်းကို သားတစ်ယောက်အဖြစ် မသတ်မှတ်ချင်တော့ဘူး။

ဒါပေမယ့်... ရှိပါစေတော့လေ။

မင်းကို ငါတစ်ခုတော့ မှာလိုက်မယ် နန္ဒ။

လောကမှာ ကျေးဇူးရှင်ကို စော်ကားတဲ့လူ၊ မိဘကို ပစ်မှားတဲ့လူဟာ လောကမှာ ဘယ်တော့မှ ကောင်းကျိုးချမ်းသာ မရနိုင်သလို၊ နောင်ဘဝမှာလည်း ငရဲသွားကြရတာချည်းပဲ။

ဒီတော့ မင်းကို ငါကတော့ ခွင့်လွှတ်ပါတယ်။

ဒါပေမယ့် လောကဝဋ်ကြွေးက မနေဘူး စပ်နန္ဒ။

ဒီဝဋ်ကြွေးကိုတော့ မင်း မလွှဲမသွေ ပြန်ဆပ်ရလိမ့်မယ်။

မင်း ကံကောင်းပါစေလို့ ငါဆုတောင်းပါတယ်"

ဟုဆိုကာ ဒေါ်နန်းမေက လှည့်ထွက်သွားလေတော့သည်။

"အမေ...အမေ...နေပါဦး အမေရယ်၊ သား အမေ့ကို ကန်တော့ပါရစေ"

ဟု စပ်နန္ဒက လှမ်းပြောသော်လည်း ဒေါ်နန်းမေက နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့်တော့ဘဲ အပြင်သို့ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရင်ထဲမှာ ကြွင်းကျန်နေသေးသော သံယောဇဉ် ကြောင့် မျက်ရည်စက်များက ပါးပြင်ပေါ်မှတစ်ဆင့် ကျကျန်ရစ်ခဲ့ ကြသည်။

နောက်တစ်နေ့တွင် ဒေါ်မင်းဇာရောက်လာပြီး စပ်နန္ဒကို ထားသော အချုပ်ခန်းစောင့်သော လူများကို စားသောက် စရာများ လာပို့ပေးသည်။

"မင်းတို့ အချုပ်သားကို သတိ ဝီရိယနဲ့ စောင့်ကြ၊ အစားအသောက်တွေလည်း စားလိုက်ကြဟေ့"

ဒေါ်မင်းဇာ ပို့ပေးသော အစားအသောက်များကို စားသောက်ပြီးသောအခါ အစောင့်နှစ်ယောက်မှာ အချိန် အနည်းငယ်အတွင်းမှာ အိပ်ပျော်သွားကြလေတော့သည်။

ထိုအခါ အချုပ်ခန်းရှိရာသို့ ကျော်စွာ ရောက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။

"ကဲ...စပ်နန္ဒ၊ မင်း လွတ်ရာကိုပြေးပေတော့၊ တစ်ရက် နှစ်ရက်ဆိုရင် ရွာသားတွေက မင်းကို သတ်ပစ်ကြတော့မှာ။

မင်း ငါ့အပေါ်မှာ ဘယ်လောက်ပဲ မကောင်းခဲ့... မကောင်းခဲ့၊ ဘယ်လောက်ပဲ ယုတ်မာ ရက်စက်ခဲ့ပေမယ့် ငယ်စဉ်က နို့စို့ဖက်ဆိုတဲ့ သံယောဇဉ်ကြောင့် ငါ· မင်းရဲ့ အသက်ကို ကယ်ပေးလိုက်ပါ့မယ်၊ သွားပေတော့ စပ်နန္ဒ"





"ကျေး... ကျေးဇူးတင်ပါတယ် ညီလေးရယ်၊ ဒီတစ်ခါ ပါနဲ့ဆို မင်း ငါ့အသက်ကို ကယ်ခဲ့တာ နှစ်ခါရှိပါပြီ၊ မင်းက ငါ့အပေါ်မှာ ကောင်းသလောက်၊ ငါက မင်းအပေါ်မှာ မကောင်းနိုင်ခဲ့ဘူး၊ ယုတ်မာ ရက်စက်ခဲ့တယ်၊ ဒါပေမယ့်·ငါ နန်းသူဇာရဲ့ အချစ်ကိုလည်း မရခဲ့ပါဘူး၊ သူ တကယ် သံယောဇဉ် ရှိတာကလည်း မင်းကိုပဲဆိုတာ ငါ နောက်မှ သိခဲ့ရပါတယ်"

"တော်ပါတော့ဗျာ၊ ဒီလိုသစ္စာမရှိတဲ့ မိန်းမတစ်ယောက် အကြောင်းကိုလည်း မကြားချင်တော့ပါဘူး၊ ကဲ... အချိန် မရှိဘူး၊ အစောင့်တွေ ပြန်နိုးမလာခင် လွတ်ရာပြေးပေတော့ စပ်နန္ဒ"

စပ်နန္ဒသည် ကျော်စွာအား ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောဆိုပြီး အမှောင်ထဲသို့ ထွက်ပြေးသွားလေ တော့သည်။

သူ့ဦးတင်ချက်က ဟူးကောင်းတောင်ကြားဘက်မှ ကျော်ဖြတ်ကာ မိုင်းပွန်နယ်ဘက်သို့ အရောက်ပြန်ရန်ပင် ဖြစ်သည်။

သူသည် အမှောင်ရိပ်ကို အကာအကွယ်ယူကာ ရွှမ်ကိန်းရွာအပြင်သို့ ထွက်သည်။ ရွာအပြင်သို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ မိမိနေထိုင်ကြီးပြင်းခဲ့သော ဆွမ်ကိန်းရွာကို ပြန်လှည့်ကြည့်မိသည်။

တစ်လောက စစ်ပွဲတစ်ခုကြောင့် ပြင်းထန်စွာ လှုပ်ရှားခဲ့သော ဆွမ်ကိန်းရွာသည် ယခုအခါ အမှောင်ထုအောက်မှာ ငြိမ်သက်စွာ အိပ်မောကျလျက် ရှိနေသည်။

သူသည် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ဆွမ်ကိန်းရွာအား နောက်ဆုံးနှုတ်ဆက်ခဲ့ပြီး ဟူးဟောင်းတောင်ကုန်းရှိရာဘက်သို့ ဦးတည်ကာ ထွက်လာခဲ့လေသည်။

ထိုအချိန်တွင် သူ၏နောက်မှ မည်းမည်းသဏ္ဍာန်နှစ်ခုက မလှမ်းမကမ်းမှ လိုက်လာသည်ကို စပ်နန္ဒတစ်ယောက် သတိမပြုမိပေ။

သူ့ကြမ္မာက ဟူးကောင်းတောင်ကုန်းပေါ် ရောက်သောအခါ ပြောင်းလဲသွားလေတော့သည်။ တောစပ်မှ ထွက်လာသော လူလိုလို ကျားလိုလို သတ္တဝါနှစ်ကောင်၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံရသော စပ်နန္ဒမှာ ဘယ်လိုမှ မယ်မယ်ရရ မတုံ့ပြန်နိုင်ခင်မှာပင် အထိနာတော့သည်။

ငင်းသတ္တဝါနှစ်ကောင်၏ ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်ခံလိုက်ရသောအခါ တစ်ကိုယ်လုံး အဝတ်





အစားများ စုတ်ပြတ်ထွက်ကုန်ပြီး စားနင့်ခဲ့သည်ထက် ဆိုးဝါးသော လက်သည်းချက်များ။

ငင်းတို့တွင် ပါလာသော အဆိပ်များကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် စပ်နန္ဒတစ်ယောက် အသက်ပျောက်သွားလေတော့သည်။ ဒေါ်နန်းမေ ပြောလိုက်သလို လောကဝင့်ကြွေးအတွက် အသက်နှင့် ပေးဆပ်ခဲ့ရသလော မပြောတတ်ပါပေ။

စပ်နန္ဒ သေဆုံးသွားသောအခါ သတ္တဝါနှစ်ကောင်မှာ စပ်နန္ဒအား ဆွဲယူသွားခြင်း၊ ကိုက်ဖြတ် စားသောက်ခြင်း မပြုဘဲ သည်အတိုင်း ထားရစ်ခဲ့ကာ တောနက်အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းကွင် အချုပ်ခန်းထဲတွင် စပ်နန္ဒ မရှိတော့သဖြင့် လိုက်လံရှာဖွေကြသောအခါ ဟူးကောင်းတောင်ကုန်း တစ်နေရာတွင် ကျားလက်သည်း ဒဏ်ရာများဖြင့် သေဆုံးနေသော စပ်နန္ဒအလောင်းကို အံ့သြစွာ တွေ့မြင်ကြရသည်။

ရွာသားများကတော့ အလောင်းကို ဆွဲယူသွားခြင်း၊ ကိုက်ဖြတ်စားသောက်ခြင်း မပြုသဖြင့် "ထမန်းကျား" လက်ချက်ဖြစ်မည်ဟု မှတ်ချက်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားများမှာ ရှေးဟောင်း အယူအဆများကို များစွာ ယုံကြည်ထားကြသောကြောင့် လူမှ ကျားအဖြစ် ပြောင်းနိုင်သည်ဆိုသော ထမန်းကျား အယူဝါဒကို လက်ခံကြသည်။ ထိုသို့ လက်ခံရန်အကြောင်းကလည်း ရှိပေသည်။

ဆွမ်ကိန်းရွာနှင့် မဝေးလှသော ချင်းတွင်းမြစ်ကမ်းပါးတွင်ရှိသည့် ထမံသီရွာမှာ ထမန်းကျားနှင့် ပတ်သက်၍ နာမည်ကြီးလှပေသည်။

ထမံသီရွာ၌ လူက ကျားအဖြစ် ပြောင်းနိုင်သော မျိုးဆက်များ ရှိကြပေသည်။

တောင်ပေါ် နာဂကျေးရွာများမှ ကူးစက်လာသော ၎င်းအယူအဆမှာ ထမံသီရွာတွင် ပျံ့နှံ့လျက်ရှိပေသည်။

ကျားမျိုး ကျားဆက်ဖြစ်သော ထမန်းမျိုးနွယ်တစ်ဦးသည် လူက ကျားအဖြစ် ပြောင်းလိုက ပြောင်းနိုင်၏။

ရန်သူအား တိုက်ခိုက်ရန်အတွက် ကလဲ့စားချေရန်အတွက် မိမိပစ္စည်းအား ခိုးယူဖျက်ဆီးသူများအား တုံ့ပြန်တိုက်ခိုက်လိုသောအခါ ကျားစိတ်ကျားမာန် ပြောင်းလေ့ရှိကြသည်။ ကျားအဖြစ် ပြောင်းလိုသူသည် တောတွင်းသို့ အဖော်တစ်ယောက်နှင့် အတူသွားကာ ၎င်းအဝတ်အစားများကို ပေးကာ အဖော်အား သစ်ပင်အမြင့်ပေါ်သို့ တက်နေစေသည်။





၎င်းကျားစိတ်ဝင်လာသောအခါ ရန်မရှာနိုင်ရန်အတွက် ဖြစ်သည်။ ကျားစိတ်ကျားမာန် သွင်းမည့်သူသည် ကျွမ်းသုံးပတ်လိုးကာ ကျားစိတ်ကျားမာန် သွင်းကာ တောတွင်းသို့ ဝင်သွားလေတော့သည်။ သားကောင်ရှာဖွေရန်အတွက်သော်လည်းကောင်း၊ ရန်သူကို ရှာဖွေတိုက်ခိုက်ရန်အတွက်သော်လည်းကောင်း၊ ကိစ္စပြီးမှ မိမိနေရာကို ပြန်လာလေ့ရှိသည်။ အဖော်ကလည်း သူပြန်မလာမချင်း စိတ်ရှည်စွာ စောင့်ရလေသည်။

ထိုသို့စောင့်နေသော အဖော်က အခြားနေရာသို့ ရွှေ့ပြောင်းခြင်း မပြုရပေ။

အဘယ်ကြောင့်ဆိုသော်...

ကျားစိတ်ပြောင်းသူ၏ အဝတ်အစားများက ၎င်းထံတွင် ရှိနေသောကြောင့် ဖြစ်သည်။

ထို့ပြင် ကျားစိတ်ကျားမာန် ဝင်နေသူမှာလည်း မိမိ၏ အဝတ်အစားများရှိရာသို့ မလွဲမသွေ ရောက်အောင်ပြန်လာတတ်ကြပေသည်။ ၎င်းပြန်လာသည်ကို မြင်လျှင် သစ်ပင်ပေါ်မှ အဖော်ဖြစ်သူက အဝတ်အစားများကို မြင်သာအောင် လှုပ်ယမ်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို မှတ်မိဟန်ရှိတော့မှ အောက်သို့ ပစ်ချပေးလိုက်သည်။ ၎င်းမှာ အဝတ်အစားများကို ပြန်ဝတ်ပြီးသောအခါမှ စိတ်ချရပြီး သစ်ပင်ပေါ်မှ လူက အောက်သို့ ဆင်းရလေသည်။

ယခု စပ်နန္ဒ သေဆုံးခြင်းမှာလည်း ထမန်းကျားမျိုးနွယ်များ၏ ကလဲ့စားချေခြင်း ခံရလေသလောဟု တွေးတောနေကြသည်။

နောက်တွင် စပ်နန္ဒအလောင်းအား တောင်ကုန်းပေါ်မှာပင် သင်္ဂြိုဟ်မြေမြှုပ်ပြီး ရွာသို့ ပြန်ခဲ့ကြသည်။





အခန်း [ ၁၀ ]

# ကျောက်မျက်ရှင် သဲလွန်စ

စပ်နန္ဒ သေဆုံးပြီးသွား နောက်ပိုင်းရက်များတွင် ထွမ်ကိန်းရွာတွင်းသို့သော်လည်းကောင်း၊ ရွာအပြင်ထွက်၍ အလုပ် လုပ်ကြသူများကို လူလိုလို၊ ကျားလိုလို သတ္တဝါများ၏ နှောင့်ယှက်မှုများကို ခံကြရသည်။

၎င်းတို့မှာ အလင်းရောင်မရှိသော ညဘက်များတွင် ရွာတွင်းသို့ ဝင်ရောက် နှောင့်ယှက်ကြပြီး တောတက်သူများကိုတော့ လစ်လျှင် လစ်သလို ဝင်ရောက် တိုက်ခိုက်ကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများ၏ ပြောပြချက်အရ ၎င်းတို့သည် အဝတ်နက်ကြီးများ ခြုံထားပြီး ကျားတစ်ကောင်ကဲ့သို့ ခုန်ပျံသွားလာနိုင်ကြသည်။

၎င်းတို့၏ အထိရောက်ဆုံး လက်နက်များမှာ ချွန်ထက်သော လက်သည်းကြီးများ ဖြစ်သည်။

ထိုလက်သည်းကြီးများမှာ ကျားတစ်ကောင်ကဲ့သို့ ရိုးရိုးလက်သည်းမဟုတ်ဘဲ အဆိပ်လက်သည်းများ ဖြစ်ကြသည်။ ထိုလက်သည်းချက်များ ထိလိုက်သည်နှင့် သွေးစို့ရုံနှင့်ပင် ချက်ချင်း လဲကျ သေဆုံးနိုင်သည်။

ရွာသူ ရွာသားများကတော့ ရိုးသားသူများဖြစ်သော ကြောင့် ၎င်းသတ္တဝါများအား လူမှ ကျားအသွင် ကူးပြောင်းထားသော ထမန်းကျားများဖြစ်မည်ဟု တစ်ထစ်ကျ ပြောနေကြသည်။

မည်သို့ပင်ဖြစ်စေ...

ထိုကျားလိုလို၊ လူလိုလို သတ္တဝါများမှာ ဟန်လိုင်းလား ရွာမှ လာကြသလော၊ ဒါမှမဟုတ် စပ်နန္ဒနှင့် ပတ်သက်သော အဆက်အနွယ်များ ဖြစ်လေသလောဟု သေသေချာချာမခွဲခြား နိုင်ကြသော်လည်း ၎င်းကိစ္စအတွက် ဆွမ်ကိန်းရွာသူ ရွာသား များ ကြောက်ရွံ့ ထိတ်လန့်နေကြသည်တော့ အမှန်ပင်ဖြစ်၏။





သို့ကြောင့် ဦးလဖော်က ၎င်းသတ္တဝါများအား စုံစမ်းရှာဖွေပြီး တိုက်နိုက် ဖယ်ရှားပေးရန် စီစဉ်လေတော့သည်။ ၎င်းအစီအစဉ်ကို ဦးဆောင်သူများမှာ သူရနှင့် ကျော်စွာတို့ နှစ်ဦးဖြစ်ပြီး လက်ရွေးစင် ရွာသူ ရွာသားအချို့ကို ခေါ်ယူကာ တောတက်ခဲ့ကြသည်။ ၎င်းတို့သည် လေးမြားလက်နက်၊ သေနတ်၊ ဓားလှံတို့ကို ယူဆောင်လာခဲ့သည်။

တောသို့တက်ကြမည့်သူများမှာ အားလုံး မုဆိုးအလုပ်ကို ကျွမ်းကျင်ကြသူများ ဖြစ်ကြသည်။ သူတို့သည် ဟူးကောင်းတောင်ပေါ်သို့ တက်ကာ ခြေရာခံကြသည်။ တောတောင်အနှံ့ လိုက်ရှာကြသည်။

"အား..."

အဝေးတစ်နေရာဆီမှ အမျိုးသမီးတစ်ဦး၏ စူးစူးဝါးဝါး အော်သံဟစ်သံ ကြားလိုက်ရသောကြောင့် အားလုံး အံ့ဩသွားကြသည်။ သည်တောထဲမှာ ဘယ်ကအမျိုးသမီး ရောက်နေပြီး၊ ဘယ်လိုဒုက္ခမျိုး တွေ့နေလို့ပါလိမ့်။

သို့ကြောင့်...

သူတို့တစ်တွေ လူစုခွဲကာ ထိုအော်သံကြားရာဘက်သို့ လိုက်ကြလေသည်။ မိန်းကလေး၏ အော်သံမှာ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသော်လည်း လိုက်သွားသူများ ထိုနေရာသို့ ရောက်သွားပြန်တော့ ဘာမှ ထူးခြားမှုမတွေ့ရပေ။

ထိုအခါ နောက်တစ်နေရာမှ အော်သံကြားရပြန်သည်။

လိုက်သွားကြပြန်တော့လည်း ဘာတစ်ခုမှ ထူးခြားမှု မတွေ့ရပြန်ပေ။ ထိုအခါ မုဆိုးကြီးဘရန်က ဤသို့ မှတ်ချက်ချသည်။

"တို့ကိုတော့ တောခြောက်နေပြီထင်တယ် ကျော်စွာရေ၊ တို့တစ်တွေ သတိ ဝီရိယသာ ထားကြပေတော့ဟေ့"

"ရတယ် ဘရန်၊ ကျုပ်တို့ကို လာခြောက်လို့ကတော့ ဒူးလေးစာ အမိပဲဟေ့"

ဇော်ဘက ဒူးလေးကို မြှောက်ပြရင်း ပြောသည်။

"ငါ့ရဲ့လှံကလည်း သွေးမသောက်ရတာ အတော်ကြာပြီ၊ တစ်ပွဲတစ်လမ်းတော့ တွေ့လိုက်ချင်တယ်"

စိုင်းကျော်ကလည်း အားကျမခံ ပြောသည်။

ထိုအခါ ဘရန်က...

"ကိုင်း... တွေ့တာ, မတွေ့တာ အသာထားဦး။ ငါပြောတာကို သေသေချာချာ နားထောင်ကြ၊ တို့တစ်တွေ ဒီအတိုင်း လိုက်နေလို့ကတော့ အဖြေပေါ်မှာ မဟုတ်ဘူး၊ အသံကြားတဲ့ဆီကို လူစုခွဲပြီး ဝိုင်းကြည့်ကြရအောင်၊ ဒါပေမယ့်





တစ်ခုတော့ မှာလိုက်မယ်၊ ဘာပဲဖြစ်ဖြစ် ခြေလွန်လက်လွန်တော့ မလုပ်ကြနဲ့နော်၊ တော်ကြာ တောကောင်မဖြစ်ဘဲ လူဖြစ်နေရင် ရှုပ်ကုန်မယ် ကြားကြလား"

"စိတ်ချပါ ဘရန်"

ဤသို့ဖြင့် လက်နက်များ အသီးသီး ကိုင်ဆောင်ပြီး စုရပ်တစ်ခု သတ်မှတ်ကာ တောတိုးဝင်ကြသည်။

ကျော်စွာကတော့ အဖော်နှင့် မသွားဘဲ လှံရှည်တစ်လက်နှင့် ဓားတစ်လက်ကိုယူပြီး တစ်ယောက်တည်း ထွက်ခဲ့သည်။

တောနက်အတွင်း ရောက်သောအခါ မုလှမ်းမကမ်းဆီမှ အမျိုးသမီးတစ်ယောက် အော်သံကြားလိုက်ရသည်။

ကျော်စွာ နည်းဗျူဟာ ပြောင်းလိုက်လေသည်။

လှုပ်ရှားနေသော သားကောင်ကို သူနှင့်အတူလိုက်၍ မလှုပ်ရှားဘဲ တစ်နေရာမှာ ပုန်း၍ စိတ်ရှည်လက်ရှည်စောင့်သော ဗျူဟာဖြစ်သည်။

ထိုနည်းဗျူဟာမှာ တောထဲတွင် စပါးကြီးမြွေ၊ ကွန်ကို နဂါးဟု ခေါ်သော အလွန်ကြီးသော ဖွတ်ကြီးများ အသုံးပြုသော နည်းဖြစ်သည်။ စပါးကြီးမြွေများမှာ တစ်နေရာထဲတွင် ငြိမ်ခွေနေပြီး သားကောင်း အနီးရောက်လာမှ ရုတ်တရက် ဖမ်းသောနည်းဖြစ်၏။ ကွန်ကိုနဂါးကြီးများလည်း တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝပ်နေကြပြီး အပြေးမြန်သော သမင်တို့ ဆတ်တို့ အနီးရောက်လာသောအခါမှ ရုတ်တရက် ထ,ကာ ခြေထောက်ကို ကိုက်စွဲဖမ်းခြင်းမျိုး ဖြစ်၏။

ရေထဲ၌ မိကျောင်းများလည်း ထိုနည်းမျိုးကို အသုံးပြုကြသည်။ ရေစပ်တွင် သစ်တုံး တစ်တုံးလို ငြိမ်သက်စွာ စောင့်နေပြီး ကျွဲ၊ နွားသတ္တဝါများ ရေစပ်ဆင်းလာတော့မှ အမြီးနှင့် ရိုက်ချကာ ဖမ်းသောနည်းဖြစ်သည်။

ယခု ကျော်စွာလည်း အသံကြားရာသို့ လျှောက်လိုက်မနေတော့ဘဲ သစ်ပင်ကြီးတစ်ပင်အနီးတွင် ပုန်းအောင်းကာ စောင့်ဆိုင်းနေလိုက်သည်။ သူ့အတွေး မဆိုးလှပါ။

အတန်ကြာသောအခါ တောထဲမှ တောတိုးလာသံ ကြားရသည်။

သူ လှံကို အဆင်သင့် ပြင်ထားလိုက်သည်။

ခဏကြာသောအခါ တောထဲမှ လူတစ်ယောက် ပြေးထွက်လာသည်။ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။ အနီးသို့ရောက်သောအခါ ကျော်စွာက ရှေ့သို့ ခုန်ထွက်လိုက်သည်။ ကျော်စွာကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် မိန်းကလေးမှာ ကြောက်လန့်တကြား ရပ်တန့်သွားသည်။





"မင်းဘယ်သူလဲ"

"ကျွန်... ကျွန်မ..."

"စောစောက အော်သံကြားတာ မင်း အော်တာလား"

"ဟုတ်ပါတယ်ရှင့်"

"ဘာဖြစ်လို့ အော်တာလဲ"

"ကျွန်မကို ကျားလိုက်ဆွဲနေလို့ပါ"

"ကျားက ဘယ်မှာလဲ"

"နောက်မှ ကျန်နေခဲ့ပြီ"

ထိုစကားကို ကျော်စွာ မယုံပေ။

အဘယ်ကြောင့်ဆိုသော်...

ဤမျှ ရှုပ်ထွေးလှသော တောထဲမှာ လွန်စွာလျင်မြန်လှသော ကျားတစ်ကောင်ကို မိန်းကလေးတစ်ဦးက လွတ်အောင် ပြေးနိုင်သည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရာ မရှိပေ။

သူ မိန်းကလေးကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့်ရှိပြီး အသားဖြူဖြူ မျက်လုံးမျက်ဖန် ကောင်းကောင်းဖြင့် ချောမောသူ တစ်ဦးဖြစ်၏။

၎င်းတွင် နက်မှောင်ရှည်လျားသော ဆံပင်ရှည်များက ခါးလယ်အထိ ဝဲကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားချက်မှာ မိန်းကလေး၏ မျက်လုံးများမှာ အရောင်လက်နေသည်ဟု ထင်ရလောက်အောင် ကြည်လင်တောက်ပလွန်းလှသည်။ မိန်းကလေးက ကျော်စွာအား ရှက်ရွံ့သော အမူအရာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်တွင် ကျော်စွာ လည်ပင်းတွင် ဆွဲထားသော ကျောက်မျက်ရှင် လည်ဆွဲကို လှမ်းမြင်သွားသည်။

"ဟင်...ဒီ...ဒီလည်ဆွဲက..."

ဟုဆိုကာ နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်သွားသည်။

"ဘာဖြစ်လို့လဲ... မင်းက ဒီလည်ဆွဲမျိုးကို မြင်ဖူးလို့လား"

"မြင်ဖူးတယ်ရှင့်"

"ဘယ်မှာ မြင်ဖူးတာလဲ"

"ထမန်းမျိုးနွယ်ထဲက မိန်းကလေးတစ်ယောက်ဆီမှာ ကျွန်မ တစ်ခါမြင်ဖူးတယ်၊ ဒီလည်ဆွဲနဲ့ ပုံအတူတူပဲ၊ ဒါပေမယ့် သူ့ဆီမှာ တစ်ဝက်ပဲ ရှိသေးတယ်လို့ ပြောတယ်"

"ဟင်..."

ကျော်စွာ စိတ်ဝင်စားသွားသည်။





"နောက်ပြီး အဲဒီလည်ဆွဲက သိပ်ပြီးကြောက်ဖို့ကောင်းတာပဲတဲ့၊ မဆိုင်တဲ့လူတွေဆွဲရင် ချက်ချင်း အန္တရာယ်တစ်ခုခုနဲ့ ကြုံတာပဲလို့ ပြောတယ်၊ အဲဒီမိန်းကလေး ဆွဲထားတော့လည်း ဘာမှ မဖြစ်ဘူး၊ သူတို့က ထမန်းမျိုးနွယ်တွေဆိုတော့ အစီအရင်တွေနဲ့ လုပ်ထားတာ ဖြစ်မယ်ထင်တယ်"

"မင်း သူ့ကို တွေ့ဖူးလား၊ သူ့နာမည်က ဘယ်သူလဲ၊ နောက်ပြီး ဘယ်မှာနေတာလဲ"

"သူ့ကို ကျွန်မတွေ့ခဲ့တာက မိုင်းပွန်နယ်ဘက်က 'မိုင်းခွန်း'ဆိုတဲ့ ရွာကလေး တစ်ရွာမှာပဲ၊ သူ့ရဲ့နာမည်က 'မာလာ'လို့ ခေါ်တယ်၊ သူက ထမန်းမျိုးနွယ်တစ်ဦးပဲ"

"ကဲ... ကျွန်မ သွားတော့မယ်"

ဟုဆိုကာ တောထဲသို့ ပြေးဝင်သွားရာ ကျော်စွာပင် တားချိန်မရလိုက်တော့ပေ။

မကြာမီ ကျော်စွာရှိရာသို့ အခြားအဖော်များ ရောက်လာကြလေတော့သည်။

"ကျော်စွာ မင်းဘက်ကို လူလိုလို၊ ကျားလိုလို မိန်းကလေးတစ်ယောက် ပြေးလာတာ မတွေ့လိုက်ဘူးလား"

"မတွေ့မိပါဘူး၊ ဒီဘက်တော့ ဘာမှ မလာပါဘူး"

ကျော်စွာက ဖုံးကွယ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ မျက်စိနဲ့ကို တပ်အပ်မြင်လိုက်ရတာကွ၊ တောထဲက လူလိုလို, ကျားလိုလို မိန်းကလေးတစ်ယောက် ဒီဘက်ကို ဖြတ်ပြေးသွားတာ ရိပ်ခနဲ မြင်လိုက်ရတယ်"

"ထမန်းကျား ဖြစ်ချင်လည်းဖြစ်၊ ဒါမှမဟုတ် လူဖြစ်ချင်လည်း ဖြစ်မှာပေါ့ဗျာ"

"ငါတို့တော့ တောခြောက်ပြီလို့တောင် ထင်လိုက်မိတာ၊ ကောင်မလေးက အတော်ချောတယ်ဟ"

"ကိုင်း... ဒီကနေ့တော့ အချိန်သိပ်မရှိတော့ဘူး၊ ရွာကို ပြန်ကြရအောင်ဟေ့"

မုဆိုးကြီး ဘရန်က အုပ်စုကွဲနေသော မိမိလူများကို အချက်ပေး စုဆောင်းပြီးနောက် ဟူးကောင်းတောင်ကုန်းပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။





အခန်း [ ၁၁ ]

## တိုက်ပွဲအတွက် ပြင်ဆင်ကြပြီ

အခြေအနေများ ပြီးသွားပြီးနောက် လ,အနည်းငယ်ကြာသောအခါ မိုင်းပွန်ဟော်နန်းမှ လူများ ရောက်လာကြပြန်လေသည်။ ၎င်းတို့သည် ယခင်တစ်ကြိမ်က စပ်နန္ဒအား ခေါ်ယူရန် လာကြသူများလည်း ပါလေသည်။

ဦးလဖော်က စပ်နန္ဒအကြောင်းအား ပြောပြလိုက်သောအခါ ဧည့်သည်များက...

"ဒီက သတင်းတွေကို ကျုပ်တို့ ကြားပြီးပါပြီ၊ ထိုက်ခဲ့သို့ သစ္စာမရှိတဲ့လူ၊ စည်းကမ်းဖောက်တဲ့ လူမျိုးကိုလည်း ကျုပ်တို့ ယခင်မက အလိုမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ခေါက် ကျုပ်တို့လာရခြင်း ရည်ရွယ်ချက်က ယခုအခါမှာ မျက်နှာဖြူနယ်ချဲ့တွေဟာ အိန္ဒိယနယ်စပ်ဘက်ကနေ ကျုပ်တို့နေတဲ့ မိုင်းပွန်နယ်ဘက်ကို ကျူးကျော်ဝင်ရောက်စ ပြုနေပါပြီ၊ ဒါကြောင့် ဒီမိစ္ဆာတွေရဲ့ ရန်ကို တွန်းလှန် တိုက်ထုတ်ကြဖို့ ကျုပ်တို့မှာ လက်နက်အင်အား လူအင်အားတွေ အများကြီးလိုပါတယ်။

မျိုးချစ်သူရဲကောင်းတွေ အများကြီး လိုနေပါတယ်။

ဒါကြောင့် မျက်နှာဖြူတွေရဲ့ ရန်ကို တွန်းလှန်တိုက်ထုတ်ဖို့ ဦးလဖော်တို့ဆီက လက်နက်အင်အား၊ လူအင်အားတွေ ရသလောက် အကူအညီပေး စေလွှတ်ဖို့ မိုင်းပွန်သခင်မလေးက မှာလိုက်လို့ လာကြတာပါ"

ဟု ညွှဲသည်များက လာရင်းအကြောင်းကို ရှည်လျားစွာ ပြောပြကြသည်။

ထိုစကားကို ကြားသောအခါ ဦးလဖော်မှာ မေးရိုးကြီးများ ထောင်ထ,လာသည်အထိ အံကြိတ်ထားလေသည်။

"တောက်... ဒီကုလားဖြူနယ်ချဲ့တွေဟာ ကျုပ်တို့ပြည်ကို နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်နေကြတာပါပဲလား၊ ဒီအကြိမ်ပါနဲ့ဆို ဒင်းတို့ ကျူးကျော် စော်ကားတာ သုံးကြိမ်ရှိနေပြီ၊ အေးလေ... ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲ





ဖြစ်ဖြစ် ကိုယ့်မြေ, ကိုယ့်ပိုင်နက်ကို ထိပါးစော်ကားလာလို့ကတော့ လက်ပိုက်ကြည့်နေလို့ မရဘူး။

အရေးကြီးရင် သွေးစည်းရမှာပဲ။

မိုင်းပွန်သခင်မလေးတောင်းတဲ့ အကူအညီကို ကျုပ်ပေးပါ့မယ်"

ဟု ကတိပေးလိုက်ကာ သူ့ရန့်င့် ကျော်စွာတို့ ညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်ကို ရွေးချယ်ရသည်။

"ကဲ... ဒီပွဲတော့ ကျွန်တော့်ကို ဦးစားပေးပါ အစ်ကိုသူရ၊ ကျွန်တော် မိုင်းပွန်ကို သွားပါရစေ"

ဟု ခွင့်တောင်းလေသည်။

"ငါ သိပါတယ် ကျော်စွာရယ်၊ မင်း မိုင်းပွန်ရောက်ရင် မိုင်းခွန်းဆိုတဲ့ရွာကို ရှာချင်လို့မဟုတ်လား"

အကြောင်းသိ ညီအစ်ကိုချင်းမို့ ကျော်စွာက ပြုံးနေသည်။

"အေး... မင်းသွားချင်တယ်လည်း ငါက ဦးစားပေးပါတယ်၊ ငါလည်း ရွာအတွက် ပြင်ဆင်စရာတွေ ပြင်ဆင်ရမှာဆိုတော့ နေရစ်ခဲ့ပါမယ်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အစီအစဉ်များ ပြုလုပ်ပြီးနောက် ကျော်စွာနှင့် ဆွမ်ကိန်းရွာသားအချို့ မိုင်းပွန်သို့ လိုက်သွားကြလေတော့သည်။

ရှမ်းပြည်နယ်ဘက်တွင် မိုင်းပွန်သည် အချက်အချာကျကာ နယ်ပယ်ကျယ်ဝန်း၍ စည်ကားလှသော ဒေသတစ်ခုဖြစ်ပေသည်။

ငင်းတို့ရောက်သွားချိန်တွင် ကုလားဖြူနယ်ချဲ့တပ်များက မိုင်းပွန်နယ်နိမိတ်များအား ထိပါးစော်ကားမှုများ ပြုနေသော အချိန်ဖြစ်သည်။

မိုင်းပွန်ဟော်နန်းတွင် စော်ဘွားကြီး မရှိတော့သည့်နောက်ပိုင်းတွင် သခင်မလေး စောနန္ဒာက စီမံအုပ်ချုပ်ပြီး နယ်ချဲ့များရန်ကို ခုခံတော်လှန်ရန် ဆောင်ရွက်လျက်ရှိသည်။

စောနန္ဒာမှာ အရွယ်ငယ်သေးသော်လည်း မျိုးချစ်စိတ်ပြင်းထန်သူတစ်ဦး ဖြစ်ပေသည်။ သူမသည် မိုင်းပွန်နယ်သာမက အခြားနယ်များမှ သူရဲကောင်းများ၊ လက်နက်အင်အား လူအင်အားများ စုဆောင်းကာ နယ်ချဲ့ရန်ကို ခုခံတွန်းလှန်ရန်အတွက် ပြင်ဆင်နေလျက်ရှိသည်။

သူမသည် အသက်နှစ်ဆယ်ကျော် အရွယ်မျှရှိပြီး လှပတင့်တယ်ခြင်းနှင့် ပြည့်စုံသော ရှမ်းသွေးပါသူတစ်ဦး





ဖြစ်သည်။ ငင်း၏ မျက်နှာပြင်ပေါ်မှာ နုနယ်ချောမောခြင်း၊ တက်ထန်ကြမ်းတမ်းခြင်းနှင့် ဇာတိသွေး၊ ဇာတိမာန် တက်ကြွခြင်းတို့က ရောယှက် ပေါ်လွင်လျက် ရှိသည်။

ဟော်နန်းအစောင့်များက ကျော်စွာတို့ ရောက်ရှိကြောင်း ဝင်ရောက် အကြောင်းကြားသောအခါ စောနန္ဒာကိုယ်တိုင် ထွက်လာပြီး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေသည်။

သခင်မလေး စောနန္ဒာ ထွက်လာသည်ကို မြင်သောအခါ အားလုံးက ဦးညွှတ်၍ အရိုအသေ ပေးလိုက်ကြသည်။

“ကျွန်တော် ဆွမ်ကိန်း ရွာခေါင်းကြီးရဲ့သား ကျော်စွာ ဖြစ်ပါတယ် သခင်မလေး”

ထိုအခါ စောနန္ဒာက ချိုလွင်သော အသံဖြင့်...

“တွေ့ရတာ ဝမ်းသာလှပါတယ်၊ အခုလို ဝကူးဝက ရောက်လာကြတာကိုလည်း အားရလှပါတယ်၊ နယ်ချဲ့တွေကို ခုခံတွန်းလှန်ဖို့ အားရှိတာပေါ့၊ စော်ဘွားကြီး ရှိစဉ်ကတည်းက ရွာခေါင်းကြီး ဦးလဖော်တို့နဲ့ဆိုတာက မိတ်ဆွေရင်းချာတွေ ဖြစ်ကြပြီး တစ်ယောက်အကြောင်းရှိလျှင် တစ်ယောက်က အကူအညီပေးနေကျပဲ၊ အခုလို ရောက်လာကြတော့ ကျွန်မတော့ သိပ်ပြီးအားရှိတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ အခြားသူများအတွက် နားနားနေနေ နေရန် စီစဉ်ပေးပြီး အနယ်နယ်မှ ရောက်လာသော ခေါင်းဆောင်များကို သီးသန့်ဆောင်သို့ ခေါ်သွားလေသည်။

အတွင်းခန်းဆောင်မှာ အတော်ကျယ်ဝန်းပြီး သူတို့အရင် ရောက်နှင့်နေသူများလည်း ရှိနေပေသည်။

စောနန္ဒာ ရောက်လာသောအခါ အခြေအနေ အရပ်ရပ်ကို ရှင်းပြလေသည်။

"အခုလို အနယ်နယ်အရပ်ရပ်မှာ ရှိကြတဲ့ သူရဲကောင်းမိတ်ဆွေတွေကို·စုစည်းခေါ်ရတဲ့အကြောင်းကတော့ အခုအခါမှာ မျက်နှာဖြူနယ်ချဲ့တွေဟာ ကျွန်မတို့ မြန်မာပိုင်နက်တွေကို မတရား ကျူးကျော် သိမ်းပိုက်ဖို့ ကြိုးစားနေကြပါတယ်၊ အခုတစ်ကြိမ်ပါနဲ့ဆို မျက်နှာဖြူနယ်ချဲ့တွေဟာ ကျွန်မတို့ရဲ့ မြန်မာပြည်ကို ကျူးကျော် ဝင်ရောက်တာ သုံးကြိမ်ရှိပါပြီ"

"ဟုတ်ပါတယ် သခင်မလေး"

"ပထမအကြိမ်က ၁၈၂၄ ခုနှစ်မှာ ဖြစ်ပါတယ်၊ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့မှာ မြန်မာပြည်ကို စစ်ကြေညာပြီး အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို စတင်ဖန်တီးခဲ့ကြတယ်၊ အဲဒီအချိန်တုန်းက ရခိုင်စစ်မျက်နှာမှာ ပန်းဝါတိုက်ပွဲ၊ ဓနုဖြူတိုက်ပွဲတွေမှာ စစ်သူကြီး မဟာဗန္ဓုလ ဦးဆောင်တဲ့ မျိုးချစ်





သူရဲကောင်းတို့ အစွမ်းပြ တိုက်ခိုက်ခဲ့ကြတယ်၊ ကျွန်မတို့ရဲ့ ရှမ်းအမျိုးသားတွေကလည်း ဝက်ထီးကန်တိုက်ပွဲမှာ နယ်ချဲ့တွေကို ရှုပ်ရှုပ်ချုံချုံ တွန်းလှန် တိုက်ခိုက်ခဲ့ကြတယ်၊ အဲဒီအချိန်တုန်းကလည်း မြန်မာပြည်အနှံ့အပြားမှာ နေထိုင်ကြတဲ့ မျိုးချစ်သူရဲကောင်းတွေဟာ နယ်ချဲ့မျက်နှာဖြူတွေကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့ကြတာ အားလုံးအသိပါပဲ"

"ဟုတ်ပါတယ် သခင်မလေး"

"အဲဒီနောက် ပုဂံမင်းလက်ထက်မှာ အင်္ဂလိပ်တွေဟာ ဒုတိယအကြိမ် နယ်ချဲ့ဖို့ ကြိုးစားကြပြန်တယ်၊ အဲဒီတုန်းက နယ်ချဲ့တွေဟာ နိုင်ငံကြီးသားတွေ စောင့်စည်းရမယ့် အစဉ်အလာကို ဖောက်ဖျက်ပြီး လုံးဝ စစ်မကြေညာဘဲ ၁၈၅၂ ခု၊ ဧပြီလ ၅ ရက်နေ့မှာ ရန်ကုန်၊ ပုသိမ်၊ မုတ္တမတို့ကို ဝင်ရောက်တိုက်ခိုက်ရာက အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ခဲ့ရပြန်တယ်၊ အဲဒီ ဒုတိယ မြန်မာ-အင်္ဂလိပ် စစ်ပွဲမှာလည်း ကျွန်မတို့ တိုင်းရင်းသား မျိုးချစ်သူရဲကောင်းတွေဟာ နယ်ချဲ့တွေကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့ကြတာ သမိုင်းမှတ်တမ်းတွေ ရှိခဲ့ပါတယ်"

"မှန်ပါတယ် သခင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ပြီးတဲ့နောက်မှာ အောက်မြန်မာနိုင်ငံဟာ အင်္ဂလိပ်တွေ လက်အောက်ကို ရောက်သွားခဲ့ရတယ်။

အခုအခါမှာတော့ အင်္ဂလိပ်မျက်နှာဖြူ နယ်ချဲ့တွေဟာ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံ အထက်ပိုင်းတွေကိုပါ ကျူးကျော် နယ်ချဲ့ သိမ်းပိုက်ဖို့ ကြိုးစားနေကြပြီ ဖြစ်ပါတယ်"

"အသေးစိတ်ပြောပြပါ သခင်မလေး"

"၁၈၈၅ ခုနှစ် ဧပြီလအတွင်းမှာ ဘုံဘေးဘားမား သစ်ကုမ္ပဏီက မြန်မာနိုင်ငံက သစ်လုံးရေ ရှစ်သောင်းထုတ်ပြီး သုံးသောင်းပဲ စာရင်းလိမ်ပြလို့ မြန်မာအစိုးရက ဒဏ်ငွေရိုက်တာကို အကြောင်းပြ ရမယ်ရှာပြီး တတိယစစ်ပွဲ ဆင်နွှဲဖို့ ခြေလှမ်းပြင်လာကြတယ်"

"ဒါ တမင်အကြောင်းရှာတာပဲ"

"ဟုတ်တယ်၊ သူတို့က တမင် စစ်မဖြစ် ဖြစ်အောင် ဖန်တီးနေကြတာပဲ၊ အခုဆိုရင် နေပြည်တော်ကိုတောင် မျက်နှာဖြူတွေ သိမ်းပိုက်ပြီလို့ ကြားတယ်၊ ဘာပဲဖြစ်ဖြစ် နေပြည်တော်ကို သိမ်းပိုက်ပြီးရင်တော့ အထက်ပိုင်း ဒေသတွေကို ဆက်လက်သိမ်းပိုက်ဖို့ ကြိုးစားလာကြမှာ အသေအချာပဲ"





"ဟုတ်ပါတယ် သခင်မလေး၊ အခုဆိုရင် မြန်မာပြည် အနှံ့အပြား နေရာတွေမှာ ကျူးကျော်လာတဲ့ အင်္ဂလိပ်နယ်ချဲ့တွေကို မျိုးချစ်သူရဲကောင်းတွေဟာ ပြန်လည်တိုက်ခိုက်နေပါပြီ သခင်မလေး"

"အင်း...ဒီလိုပဲဖြစ်ရမှာပေါ့၊ အစကတည်းက သူတို့က ဒီလိုပဲ ဖန်တီးလာကြတာပဲ၊ ကျွန်မတို့ စုံစမ်းသိရသလောက် ဆိုရင် မကြာခင်မှာ နယ်ချဲ့မျက်နှာဖြူတွေဟာ မိုင်းပွန်နယ်ဘက်ကို ချီတက်လာတော့မယ်လို့ အထောက်တော်များဆီက သတင်းအတိအကျ ရထားပြီးပါပြီ၊ ဒါကြောင့် အခုလို မျိုးချစ်သူရဲကောင်းတွေကို ခေါ်ရတာဖြစ်ပါတယ်"

စောနန္ဒာ၏ စကားကို ကြားရသောအခါ ကျော်စွာ အပါအဝင် မျိုးချစ် တိုက်ခိုက်ရေးသမားများမှာ လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်နှင့် ရန်သူများကို ယခုပင် ပြေးတွေ့လိုက်ချင်သည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာလေသည်။

"အဲဒီတော့ သခင်မလေး ဘယ်လို စီစဉ်ချင်သလဲ ဆိုတာသာ ပြောပါ"

"အခုဆိုရင် နယ်ချဲ့မျက်နှာဖြူတွေဟာ ချင်းတွင်းမြစ်ကြောင်းအတိုင်း အထက်ကို ဆန်တက်လာနေပြီလို့ သတင်းကြားရတယ်၊ ကျွန်မတို့လုပ်ရမှာက အဲဒီမိစ္ဆာတွေကို အထော



www.burmeseclassic.com

www.burmeseclassic.com



မတက်နိုင်အောင် ကန္တီ၊ မင်းကင်း၊ ကင်းတပ်၊ တောင်ထွတ်၊ ဟုမ္မလင်း စတဲ့ နေရာတွေမှာ ခုခံတိုက်ခိုက်နေတဲ့ လူတွေကို လိုအပ်သလို ပူးပေါင်းတိုက်ခိုက်ပေးကြဖို့ ဖြစ်ပါတယ်"

"ကောင်းတယ်၊ အမြန်သာ စီစဉ်ပါတော့"

"အခု ကျွန်မတို့ ရှမ်းပြည်နယ်တစ်ပိုက်မှာ လင်းပင် မင်းသား ဦးဆောင်တဲ့ တော်လှန်ရေး တပ်ဖွဲ့တွေ တိုက်ခိုက် နေကြတယ်၊ အဲဒီကနေ ဒီဘက်ကို ကျွံထွက်လာတဲ့ နယ်ချဲ့ တွေကို ကျွန်မတို့ တပ်ဖွဲ့တွေက ဒီကစောင့်တိုက်ကြရမယ်"

"ကောင်းပါတယ်၊ ကျုပ်တို့ကလည်း ဒီမျက်နှာဖြူတွေ ကို တိုက်ချင်နေတာ လက်ကိုယားနေတာပဲ"

"ဒါပေမယ့် သူတို့တစ်တွေမှာ ကျွန်မတို့ထက် လက်နက် အင်အား သာတာတော့ အမှန်ပဲ၊ တိုက်ခိုက်ရင်လည်း အတော့်ကို စနစ်တကျနဲ့ တိုက်ခိုက်ကြရမှာ ဖြစ်တယ်"

"ရပါတယ် သခင်မလေးရယ်၊ ဒီအတွက် စိတ်မပူ ပါနဲ့၊ သူတို့က လက်နက်အင်အား သာပေမယ့် ကျုပ်တို့က ကျုပ်တို့ရဲ့ မြေပေါ်မှာ တိုက်ခိုက်ရတာပဲ တစ်ပန်းသာပါတယ်"

ဟု အားရှိဖွယ်ရာ ပြောကြသည်။

ထိုအခါ ကျော်စွာက...





"တိုက်ပွဲတစ်ပွဲမှာ လက်နက်အင်အား၊ လူအင်အား ထက် စိတ်ဓာတ်အင်အား သာရင် တစ်ပန်းသာတာပါပဲ၊ နည်းဗျူဟာကောင်းမွန်အောင်တော့ ကျွန်တော်တို့ စည်းစည်း လုံးလုံး၊ တိုင်ကိုင်ပင်ပင်နဲ့ ကြိုးစားကြရင် ရပါတယ်"

ဟု ပြောသောအခါ အားလုံးက တက်တက်ကြွကြွ နှင့် ထောက်ခံပြောဆိုကာ အစီအစဉ်များကို တိုင်ပင်ဆွေးနွေး ကြသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၂ ]

# ဘဝဟောင်းမှ ချစ်သူပေလော

မိုင်းပွန်သို့ ရောက်လာပြီးကတည်းက ကျော်စွာတို့ စ်တွေမှာ တစ်ရက်မှ မအားလပ်ရတော့ပေ။

ပြောက်ကျားတိုက်ခိုက်ရေးများ၊

စစ်ရေးလေ့ကျင့်မှုများ၊

သေနတ်၊ ဓား၊ လှံ၊ လေး၊ မြား ပစ်ခတ် တိုက်ခိုက် ည်းများ၊ ထိသေအဆိပ်များ ဖော်စပ်အသုံးပြုနည်းများ၊ နည်းကပ်တိုက်ပွဲများတွင် ကိုယ်လုံပညာများ ကျွမ်းကျင်မှု ရှိစေရန်အတွက် လေ့ကျင့်မှုများအပြင် ဆေးဝါးဖော်စပ် သုံးပြုနည်းများပါ လေ့ကျင့် သင်ကြားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ၑင်းတို့အား ရှမ်းသိုင်းဆရာကြီးများ၊ ဆေးဆရာကြီး များက သင်ကြားပေးကြသည်။

အစကတည်းက တိုက်ရည်ခိုက်ရည် ပညာများ အခံ ရှိကြသူများပေမို့ ယခုလို ကျွမ်းကျင်သူများနှင့် ထပ်မံသင်ကြား သောအခါ ပိုမိုကျွမ်းကျင်မှုများ ရှိလာကြတော့သည်။

ကျော်စွာမှာ ဟူးကောင်းတောင်ကုန်း သင်္ချိုင်းဟော် အတွင်းမှ ဒေါ်မင်းဇာ ရှာဖွေပေးလိုက်သော မိုးကြိုးသံသေတ မှာလည်း ယခုအခါ လွန်စွာ အသုံးဝင်လျက်ရှိသည်။

ထို့ပြင် သူ၏ လည်ပင်း၌လည်း တစ်ဝက်မျှသာရှိသော ကျောက်မျက်ရှင် လည်ဆွဲကိုလည်း အမြဲတစေ ဆွဲထားလေ သည်။

အချိန်ရပါက မိုင်းခွန်းဆိုသော ရွာကို သွားရောက် ရှာဖွေရန် စိတ်ကူးထားသည်။

"တောထဲမှာ တွေ့ခဲ့တဲ့ မိန်းကလေး ပြောသွားတာတွေ က ဖြစ်ကောဖြစ်နိုင်ရဲ့လား၊ ဟုတ်ရောဟုတ်ရဲ့လား၊ ငါ့ကို တောခြောက်လိုက်တာများဖြစ်မလား၊ ဘာပဲဖြစ်ဖြစ် ငါ့ရင်ထဲ မှာတော့ ဒီအကြောင်းတွေကို မကြာခဏသတိရနေတာအမှန် ဒီက နယ်ခံတွေကို မေးမြန်း စုံစမ်းကြည့်တဲ့အခါ မိုင်းခွန်းဆိုတဲ့ ရွာတစ်ရွာ ရှိတယ်လို့ ပြောကြတယ်၊ ဘာပဲဖြစ်ဖြစ်လေ...





ငါ့ရဲ့ ဖူးစာရှင် အမှန်ဖြစ်ရင်တော့ ကျောက်မျက်ရှင် လည်ဆွဲတစ်ဝက်ရှိတဲ့ မိန်းကလေးကို တစ်နေ့ကျရင် တွေ့ရ မှာပဲ"

ဟုသာ စိတ်ကို ဖြေထားလိုက်သည်။

မိုင်းခွန်းဘက်မှလာသော မိတ်ဆွေတစ်ဦးက ဤသို့ ပြောပြလေသည်။

"ဟူးကောင်းနယ်ဘက်မှာတော့ မိုင်းခွန်းရွာကို မသိကြ တဲ့လူ မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီရွာက တော်လှန် ရေးကာလ တစ်လျှောက်မှာ သမိုင်းတွင်ခဲ့တဲ့ နေရာပဲဗျ"

"ဘယ်လိုသမိုင်းတွင်ခဲ့တာလဲ၊ ပြောပြပါဦးဗျ"

"ကျွန်တော်တို့ ဘိုးဘေးတွေ မှတ်တမ်းရေးခဲ့တာတွေ ရှိတယ်ဗျ၊ မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၁ ခုနှစ်တုန်းက စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်း လက်ထက်မှာ အာသံဘုရင် စန္ဒရကန္တာသိုရ်ဟာ ဗြိတိသျှ နယ်ချဲ့ ကြေးစားတပ်တွေ အကူအညီနဲ့ အင်းဝနေပြည်တော် ကို သောင်းကျန်း ပုန်ကန်ခဲ့တယ်"

"အင်း"

"ဒါကြောင့် စစ်သူကြီး မဟာဗန္ဓုလဟာ စစ်သည်တော် ၅၀၀၀ ကို ကွပ်ကဲပြီး အာသံကို ချီတက်ခဲ့တယ်၊ စစ်သူကြီး



www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလ စစ်ကြောင်းဟာ အင်းဝနေပြည်တော်မှ ဗန်းမော်၊ မိုးကောင်း၊ မိုးကောင်းမှတစ်ဆင့် အာသံ ရောက်အောင် ချီတက်ခဲ့ကြတာ ဖြစ်တယ်"

"စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး"

"အဲဒီလို ချီတက်ခဲ့တဲ့အခါမှာ ဟူးကောင်းဒေသ မိုင်းခွန်းနယ်မှာရှိတဲ့ ရှမ်း၊ ကချင်၊ ဂျိမ်းဖော အကြီးအကဲတွေ ဖြစ်ကြတဲ့ ဂွမ်လောင်၊ မဇော်ဖျို၊ မကျောင်ကာဒန်၊ ဝေလော ဘွန်တူး၊ ရှာရော့လ စတဲ့ မျိုးချစ် သူရဲကောင်းတွေဟာ စစ်သူကြီးနဲ့အတူ ပူးပေါင်းတိုက်ခိုက်ဖို့ ဆွေးနွေးကြတယ်။

အဲဒီလို ဆွေးနွေးပြီး ဒူးဝါးဒိုင်ဖာ့ဂမ်ကို စစ်သည်တစ်ထောင်ရဲ့ တပ်မှူးအဖြစ်ရယ်၊ ဒူးဝါးရှာရော့လကို လက်ထောက်တပ်မှူးအဖြစ်ရယ် ရွေးချယ်ပြီး မြန်မာစစ်တပ်ကြီးမှာ ပါဝင်တိုက်ခိုက်ခွင့် ပြုခဲ့ကြတယ်"

"ကြားရတာနဲ့တင် အားရစရာကြီးပဲဗျို့"

"ဒါတင် ဘယ်ဟုတ်ဦးမလဲဗျ၊ အဲဒီ ဟူးကောင်းဒေသမှာရှိတဲ့ လူငယ်၊ လူရွယ်၊ လူကြီး တစ်ထောင်ကျော်တို့ကလည်း မြန်မာစစ်တပ်ကြီးမှာ ပါဝင်တိုက်ခဲ့ကြတယ်၊ အရေးကြီးလာရင် တိုင်းရင်းသားတွေ အချင်းချင်း ဘယ်လောက် သွေးစည်းညီညွတ်ခဲ့ကြတယ်ဆိုတာ သာဓကပဲပေါ့ဗျာ"





"အင်း... အခုလည်း ဒီလိုပါပဲလေ၊ ခင်ဗျားတို့၊ ကျွန်တော်တို့ သခင်မလေး စောနန္ဒာဆီမှာ လာရောက်စုစည်းကြတာ နယ်ချဲ့ကို တွန်းလှန်ကြဖို့ မဟုတ်လား"

"ဟုတ်လိုက်လေဗျာ၊ အဲဒီအချိန်တုန်းက မြန်မာစစ်တပ်မှာ ပါဝင်အမှုတော်ထမ်းခဲ့တဲ့ ဒူးဝါးဒိုင်ဖာဂမ်ကို မြန်မာဘုရင်က 'နေမျိုးသိန်ပရာဇ' ဆိုတဲ့ ဘွဲ့တံဆိပ်နဲ့ စစ်ခမောက်၊ တောင်ရှည်အကျီ၊ ခြေနင်း၊ ရွှေဓားလွယ်၊ ရွှေစလွယ်တစ်စုံ၊ ပိုးကန့်လန့်ကာ၊ ရွှေထီး၊ ရွှေတုတ်၊ ရွှေပြားဘွဲ့တံဆိပ်တော်အစရှိတဲ့ ဂုဏ်ထူးဆောင် ကိုးမျိုးကိုပါ ပေးအပ်ချီးမြှင့်ခဲ့တာဗျ"

"အားကျဖို့ ကောင်းလိုက်တာဗျာ"

"ဟုတ်တယ်ဗျ၊ အခု သူတို့မရှိတဲ့နောက်ပိုင်းမှာတောင် ဒူးဝါးဒိုင်ဖာဂမ်ရဲ့ ဆွေစဉ်မျိုးဆက်တွေဟာ အဲဒီ သမိုင်းဝင်ပစ္စည်းတွေကို တရိုတသေနဲ့ မြတ်နိုးတန်ဖိုးထားပြီး သိမ်းဆည်းခဲ့ကြတယ်၊ ဒါကြောင့် မိုင်းခွန်းဒေသဆိုတာ မျိုးချစ်သူရဲကောင်းတွေနဲ့ ပတ်သက်ပြီး နာမည်ကြီးခဲ့တဲ့ နေရာပေါ့ ကိုကျော်စွာရယ်"

ဟု ပြောပြလေသည်။

"ဒါထက် ခင်ဗျားနာမည်ကိုလည်း ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အဲဒီ မိုင်းခွန်းနဲ့ မဝေးလှတဲ့ ရွာမှာနေတာ၊ နာမည်က ပန်းအောင်တဲ့ဗျ"

"ဒါထက် ကိုပန်းအောင်၊ အဲဒီနယ်ဘက်တွေမှာ လူကနေ ကျားဖြစ်နိုင်တယ်ဆိုတဲ့ ထမန်းမျိုးနွယ်တွေ ရှိတယ်ဆိုတာ ဟုတ်သလားဗျ"

"ရှိတယ်ဗျ။ အရင်တုန်းက အဲဒီနယ်ဘက်မှာ ဒေါ်မင်းဇာဆိုတဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးတယ်၊ သူတို့မျိုးနွယ်တွေက ထမန်းမျိုးနွယ်တွေပဲ"

"ဒေါ်မင်းဇာ... အဲဒီ ဒေါ်မင်းဇာဆိုတာ အခု ရှိသေးလားဗျ"

"သူကတော့ မရှိတော့ဘူးဗျ။ အဲဒီမှာ သူ့ရဲ့မျိုးဆက်တွေပဲ ကျန်ခဲ့တော့တယ်"

"ဒေါ်မင်းဇာက ဘယ်ရောက်သွားလို့လဲ"

"ဒေါ်မင်းဇာက ဟော်နန်းတစ်ခုကို ရောက်သွားတယ်လို့သာ ကြားရတယ်၊ နောက်တော့ သူ့ရဲ့ သတင်းက ပျောက်သွားခဲ့တယ်၊ သူတစ်နေရာမှာ ရှိနေသလားတော့ မပြောတတ်ဘူး၊ ဒီမှာရှိတဲ့ ထမန်းမျိုးနွယ်တွေကတော့ သူရှိရာကို သွားကြတယ်လို့ ပြောကြတယ်၊ ဘာကြောင့်လဲဆိုတော့ ဒေါ်မင်းဇာဟာ ထမန်းမျိုးနွယ်ရဲ့ နောက်ဆုံးမျိုးနွယ်





ဆိုလား ပြောနေကြတာပဲဗျ။ ဘာလဲ ကိုကျော်စွာ၊ ခင်ဗျားက ထမန်းမျိုးနွယ်တွေရဲ့အကြောင်းကို စိတ်ဝင်စားလို့လား"

"မ... မဟုတ်ပါဘူး"

ကျော်စွာ့ရင်ထဲမှာ ဒေါ်မင်းဇာ ဆိုသော အမည်နှင့်ပတ်သက်၍ တွေးစရာများစွာ ရှိလာသည်။

မိုင်းခွန်းနယ်ဘက်၌ နာမည်ကြီးခဲ့သော ဒေါ်မင်းဇာမှာ ဗိုမိတို့အိမ်၌ လာရောက်နေထိုင်သော ဒေါ်မင်းဇာပင် ဖြစ်လေရော့သလားဟု ဆက်စပ်၍ တွေးမိသည်။

ထို့ပြင် ဟူးကောင်း သချိုင်းဟောင်းအတွင်း၌ တွေ့ခဲ့ရသော လူလိုလို ကျားလိုလို သတ္တဝါများမှာ ဒေါ်မင်းဇာနှင့် ဆက်စပ်မှု ရှိနေသလောဟု ကျော်စွာ ဆက်စပ်စဉ်းစားနေသည်။

သည်နယ်ဘက်မှ ပျောက်ဆုံးသွားသော ဒေါ်မင်းဇာမှာ ဗိုမိတို့ဘက်ရောက်နေသော ဒေါ်မင်းဇာဆိုလျှင် သူ အဘယ်ကြောင့် ထိုကဲ့သို့ လာရောက်နေထိုင်သည်ဟူသော အချက်ကလည်း စိတ်ဝင်စားစရာ ဖြစ်ပေသည်။

တစ်နေ့သော်အခါ စစ်ရေးလေ့ကျင့်ကွင်းဘက်မှ ပြန်လာသော ကျော်စွာသည် ဟော်နန်းဆောင်ရှေ့မှ ဖြတ်လာစဉ် ပန်းခြံအဝ,နားတွင် စောနန္ဒာနှင့် ဆုံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဦးညွှတ်၍ အရိုအသေပေးလိုက်ရာ စောနန္ဒာက အပြုံးဖြင့် နှုတ်ဆက်လေသည်။

"ကိုကျော်စွာနဲ့လည်း တစ်ခါမှ အေးအေးဆေးဆေး မတွေ့ရသေးဘူး၊ အတော်ပင်ပန်းနေပြီလား ကိုကျော်စွာ"

"တိုင်းပြည်အတွက် ရည်ရွယ်ချက်အတွက် အလုပ်လုပ်နေတာဆိုတော့ ပင်ပန်းတယ်လို့လည်း မထင်ပါဘူး သခင်မလေး"

"ကျွန်မကို စောနန္ဒာလို့ပဲ ရင်းရင်းနှီးနှီး ခေါ်နိုင်ပါတယ် ကိုကျော်စွာ"

"ကျေးဇူးတင်ပါတယ်"

"ကိုကျော်စွာ ကျွန်မနဲ့ ခဏကလေး စကားပြောဖို့ အချိန်ရမလား"

"ရပါတယ် သခင်မလေး၊ အဲ... စောနန္ဒာ"

"ဒါဖြင့် ပန်းခြံထဲ ခဏသွားကြရအောင်"

ဟုဆိုကာ စောနန္ဒာကပင် ရှေ့မှဦးဆောင် ခေါ်သွားပြီးနောက် ပန်းခြံထဲရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ထိုင်လိုက်ကြသည်။

"ကိုကျော်စွာကို တစ်ခု မေးချင်လို့ပါ"

"ဘာများပါလိမ့်... မေးပါ"



BURMESE CLASSIC .com



"ဒီလိုပါ ကိုကျော်စွာဆီမှာ ရှေးဟောင်းဓားတစ်လက်နဲ့ လည်ဆွဲရတနာ တစ်ခု ပါလာတယ်လို့ သိရပါတယ်၊ အဲဒါတွေကို ကျွန်မ ခဏကြည့်လို့ ရမလားဟင်"

"ရပါတယ်... ကျွန်တော့်ဆီမှာ ပါလာပါတယ်"

ကျော်စွာက စစ်ရေးလေ့ကျင့်ရာမှ ပြန်လာကတည်းက ကျောဥ်ဲလွယ်ထားသော မိုးကြိုးသံသေဓားကို ဖြုတ်ယူပြီး စောနန္ဒအား ကမ်းပေးလိုက်သည်။ စောနန္ဒာက ဓားကို ဓားအိမ်မှ ချွတ်ပြီး အသေအချာ ကြည့်သည်။

အတန်ကြာသောအခါ မှတ်ချက်ချသည်။

"ဒါ ရှေးဘုရင်တွေ အဆက်ဆက် အသုံးပြုခဲ့တဲ့ဓားပဲ၊ ဒီဓားကို မိုးကြိုးသွားနဲ့ သံသေ ရောစပ်ပြီး ပြုလုပ်ထားတာ ကိုကျော်စွာရဲ့၊ ဒီဓားနဲ့ ကာကွယ်ရင် မိုးကြိုးသွားကြောင့် သေနတ်နဲ့ပစ်ရင်တောင် မီးမကူးနိုင်ဘူး"

"ဟင်..."

"ဒီဓားရဲ့ နာမည်ကို ကိုကျော်စွာ သိသလား"

"ဟင့်အင်း... မသိပါဘူး"

"ဓားရဲ့နာမည်က 'ရန်မျိုးအောင်ဓား' တဲ့ ကိုကျော်စွာ"

ကျော်စွာ အံ့သြသွားသည်။ ဓားကို ကိုင်ဆောင်သူက ဓားအကြောင်း မသိဘဲ စောနန္ဒာက ဓားအကြောင်းကို သေချာစွာ ပြောပြနိုင်သဖြင့် အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောနန္ဒာက ဒီအကြောင်းတွေကို ဘယ်လို သိနေတာလဲဟင်"

စောနန္ဒာက ပြုံးသည်။

"ဒါ ကျွန်မတို့နယ်ဘက်က ထွက်သွားတဲ့ ခါးပဲ ကိုကျော်စွာရယ်၊ ဒီခါးအကြောင်းကို ကျွန်မသိနေတာ မဆန်းလှပါဘူး၊ ကိုကျော်စွာ ဒီခါးကို ပိုင်ဆိုင်ခွင့်ရတာ အတော်ကံကောင်းတယ်"

"ဘာကြောင့်လဲ စောနန္ဒာ"

"ဒီခါးမျိုးက မတိုက်ရင် ကိုင်ခွင့်မရနိုင်ဘူး၊ ပြောရရင်တော့ သူနဲ့-ပဋ္ဌာန်းဆက်ရှိတဲ့ လူမျိုးမှသာ ကိုင်ခွင့်ရနိုင်တယ်၊ ကိုကျော်စွာ ဒီခါးကို ဘယ်လိုရခဲ့တာလဲဟင်"

ကျော်စွာက ဟူးကောင်းသင်္ချိုင်းဟောင်းအတွင်းမှ ရလာခဲ့ပုံကို ပြောပြလိုက်သည်။ သို့သော် ဒေါ်မင်းဇာ၏ အမည်ကိုတော့ မပြောဘဲ ချန်ထားလိုက်သည်။

"အင်း... အတော်ထူးဆန်းတယ်၊ ဒီ ရန်မျိုးအောင်ခါးက အရင်က ကျွန်မတို့နယ်ဘက်မှာ အတော်နာမည်ကြီးခဲ့တယ်၊ နောက်တော့ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်ထားပါတော့လေ"

ဟု ခါးကို ကျော်စွာအား ပြန်ပေးလိုက်သည်။





"ကိုကျော်စွာ့ဆီမှာ ပါလာတဲ့ လည်ဆွဲကိုရော ခဏကြည့်ခွင့်ရမလားဟင်"

"ရပါတယ် စောနန္ဒာ"

ဟုဆိုကာ လည်ပင်းမှာ ဆွဲထားသော ကျောက်မျက်ရှင်လည်ဆွဲကို ချွတ်ပြီး ကမ်းပေးလိုက်သည်။

စောနန္ဒာက ကျော်စွာလှမ်းပေးသော လည်ဆွဲရတနာကို အသေအချာကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ကိုကျော်စွာ... ဒီလည်ဆွဲအကြောင်းကို ဘာတွေသိထားသလဲဟင်"

"ဟင့်အင်း... ကျွန်တော်က ဘာမှမသိပါဘူး၊ အမှတ်မထင် ရလာလို့ သိမ်းထားတာပါ၊ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ လည်ဆွဲရလာပြီးကတည်းက တစ်မျိုးတော့ ခံစားရတယ်"

စောနန္ဒာက သဘောကျစွာ ပြုံးလိုက်သည်။

"ခံစားရမှာပေါ့၊ ဒီလည်ဆွဲက ရှင်နဲ့ အဓိက ပတ်သက်နေတဲ့ လည်ဆွဲပဲ၊ ဒီလည်ဆွဲရဲ့ နာမည်က 'ကျောက်မျက်ရှင်ရတနာလည်ဆွဲ'လို့ ခေါ်တယ် ကိုကျော်စွာရဲ့"

"ဟင်... ကျောက်မျက်ရှင်လည်ဆွဲ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျောက်မျက်ရှင်လည်ဆွဲလို့ ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီလည်ဆွဲကို ပတ္တမြား၊ ဥဿဖရား၊ မြ၊ နီလာ၊ မသာရကန်၊ စိန်၊ ပြယိုးယား၊ ဂေါမုတ် အစရှိတဲ့ ကျောက်မျက်ရှင် ရှစ်ပါးနဲ့ ပြုလုပ်ထားတာကြောင့်ပဲဖြစ်တယ်၊ အခု ကိုကျော်စွာဆီမှာရှိတဲ့ လည်ဆွဲက ပတ္တမြား၊ ဥဿဖရား၊ မသာရကန်၊ စိန် အစရှိတဲ့ ကျောက်မျက်ရှင် လေးပါးပါတဲ့ တစ်ဝက်ပဲ ရှိသေးတယ်။

ကျန်တဲ့တစ်ဝက်မှာ မြ၊ နီလာ၊ ပြယိုးယား၊ ဂေါမုတ် စတဲ့ ကျောက်မျက်ရှင်လေးပါး ကျန်နေသေးတယ်"

ကျော်စွာ တအံ့တဩ နားထောင်နေသည်။

"ဒါထက် ကျောက်မျက်ရှင်လည်ဆွဲနဲ့ ကျွန်တော်နဲ့ ပတ်သက်နေတယ်ဆိုတာ ဘယ်လို ပတ်သက်တယ်ဆိုတာ စောနန္ဒာသိရင် ပြောပြပါလား"

စောနန္ဒာက လည်ဆွဲကို ကျော်စွာအား ပြန်ပေးလိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မ တစ်ခုမေးပါရစေ ကိုကျော်စွာ၊ ဘဝဆက်ဆိုတာကို ယုံကြည်သလားဟင်"





"ယုံကြည်ပါတယ် စောနန္ဒာ၊ သံသရာခရီးရှည်ကို လည်နေကြသူတိုင်း ဘဝဟောင်း၊ ဘဝသစ် ဆိုတာတွေ ရှိမှာပါ၊ ကိုယ်သိတာ၊ မသိတာ၊ မှတ်မိတာ၊ မမှတ်မိတာ တော့ ပါရမီဆက်နဲ့ သက်ဆိုင်မယ် ထင်ပါတယ်"

"ဟုတ်ပါတယ် ကိုကျော်စွာ၊ လူဖြစ်ဖြစ်၊ တိရစ္ဆာန် ဖြစ်ဖြစ် ကိုယ်ဘယ်ဘဝက ကူးပြောင်းလာတယ်ဆိုတာ မသိနိုင်ကြပါဘူး၊ အဲဒီမှာမှ ပါရမီစွမ်းအားကောင်းတဲ့သူတွေနဲ့ မေတ္တာစွမ်းအား ကြီးမားတဲ့လူတွေကတော့ ဘဝဟောင်းက ပြုခဲ့တဲ့ အကျိုးဆက်တွေနဲ့ ဘဝဟောင်းက ချစ်သူတွေကို ပြန်ပြီး သတိရကြတယ်၊ အမှတ်ရလေ့ ရှိကြတယ်။

ဒီလို သတိရတယ် ဆိုတဲ့နေရာမှာလည်း အကြောင်း တိုက်ဆိုင်မှုတစ်ခုတော့ ရှိကြရတယ် ကိုကျော်စွာ"

ကျော်စွာက စောနန္ဒာထံမှ ထိုစကားမျိုး ကြားရသော အခါ လွန်စွာ အံ့ဩနေမိသည်။

သို့ကြောင့် စောနန္ဒာမျက်နှာကို တစေ့တစောင်းကြည့်မိသည်။

ရှမ်းသွေးဖြင့် ဖြူဝင်း သန့်စင်လျက်ရှိသော သူမ၏ မျက်နှာလေးကို တစ်နေရာတွင် တွေ့ခဲ့ဖူးသလို စိတ်ထဲ၌ ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ ဒီနယ်ဘက်ကိုလာတာ ကျွန်မတို့နဲ့ ပူးပေါင်းပြီး နယ်ချဲ့ရန်ကို တွန်းလှန်ဖို့အတွက်ရယ်၊ နောက် တစ်ချက်က ဘဝဟောင်းက ချစ်သူကို ရှာဖို့ကိစ္စရော မပါဘူးလား ကိုကျော်စွာ"

"ဟင်... အဲဒီအကြောင်းတွေကို စောနန္ဒာက ဘယ်လို သိနေတာလဲဟင်"

စောနန္ဒာက သဘောကျစွာ ပြုံးလိုက်သည်။

"ဒါက ထားပါတော့လေ... တစ်နေ့ကျတော့လည်း အဖြေတစ်ခုတော့ ပေါ်ချင်ပေါ်လာမှာပေါ့၊ ဒါထက် ကိုကျော်စွာ ဆီက လည်ဆွဲကို ကျွန်မကို ခဏလောက် ပေးလိုက်လို့ ရမလားဟင်"

"မ... မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ၊ ပျောက်သွားမှာ စိုးလို့လား"

"မ... မဟုတ်ပါဘူး၊ စောနန္ဒာကို အန္တရာယ်တစ်ခုခု ဖြစ်မှာစိုးလို့ပါ၊ ဒီလည်ဆွဲက မသက်ဆိုင်သူဆွဲရင် အန္တရာယ် တစ်ခုခု ရောက်မှာစိုးလို့ပါ"

"တကယ်လို့ ကျွန်မဆွဲထားလို့ ဘာမှမဖြစ်ဘူးဆိုရင် အမြဲပေးထားနိုင်မလား ကိုကျော်စွာ"

"အဲ...အဲ၊ ဟို...ဟို၊ ကျွန်...ကျွန်တော်က..."





"ကျွန်မအတွက် အခုလို စိုးရိမ်ပေးတာ ကျေးဇူးတင် ပါတယ် ကိုကျော်စွာ၊ ကျွန်မ ဒီလည်ဆွဲကို ခဏလေးယူပြီး ကြည့်ရုံ ကြည့်မှာပါ"

"ရပါတယ်... ယူသွားပါ"

ဟုဆိုကာ ကျော်စွာက ဆွဲကြိုးကို ပြန်ပေးလိုက်ပြီး နေရာမှ ထ,ကာ စောနန္ဒာအား နှုတ်ဆက်ပြီး အပြင်သို့ ပြန်ထွက်ခဲ့လေတော့သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

## အခန်း [ ၁၃ ]

# လက်ရုံးတစ်ဖက်သည် အားတစ်ခုဖြစ်သည်

သခင်မလေး စောနန္ဒာအား မိမိ၏ ကျောက်မျက်ရှင်လည်ဆွဲ ပေးလိုက်ပြီးနောက် ကျော်စွာမှာ စိတ်တထင့်ထင့်ဖြစ်နေမိသည်။ ထိုသို့ ဖြစ်နေရခြင်းမှာ အခြားကြောင့်တော့ မဟုတ်ပေ။

စောနန္ဒာအတွက် အန္တရာယ် တစ်စုံတစ်ရာဖြစ်မည်ကို စိုးရိမ်နေသောကြောင့်ပင် ဖြစ်သည်။

နောက်ထပ် ရက်အနည်းငယ် ကြာသောအခါ သခင်မလေး စောနန္ဒာ၏ ရုံရွှေတော် မိကလျာ ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ကျော်စွာကို ကျောက်မျက်ရှင်လည်ဆွဲကို ပြန်လာပေး လေသည်။

ကျော်စွာသည် မိမိလည်ဆွဲကို ပြန်ရသောအခါ လွန်စွာ အံ့သြနေမိသည်။ အသေအချာ စစ်ဆေးကြည့်သောအခါတွင် မိမိ၏လည်ဆွဲ အစစ်အမှန်ဖြစ်ကြောင်း တွေ့ရသည်။

စောနန္ဒာသည် မိမိထံမှ လည်ဆွဲကို ဘာကြောင့် ယူသွားတာလဲ၊ ဘာ့အတွက် ယူသွားတာလဲ။

သူမသည် ဤလည်ဆွဲရတနာကို ဆွဲခြင်းဖြင့် မည်သို့သော အန္တရာယ်မှ မဖြစ်ကြောင်း ၁ှက်သေပြခြင်းအတွက် ပေလော၊ မပြောတတ်ပေ။

မိကလျာ လာပေးသော လည်ဆွဲကို မိမိလည်၌ ပြန်လည်ဆွဲလိုက်စဉ် မိကလျာက...

"သခင်မလေးက အရေးတကြီး ပြောစရာရှိတဲ့အတွက် ခန်းမဆောင်ထဲကို လာခဲ့ဖို့ မှာလိုက်ပါတယ်ရှင့်"

ဟု ပြောသည်။

"ကောင်းပြီ... ငါ အခုပဲ လာခဲ့ပါမယ်"

မိကလျာ ပြန်ထွက်သွားသောအခါ ကျော်စွာသည် မိုးကြိုးဓားကိုယူကာ ခန်းမဆောင်အတွင်းသို့ လာခဲ့သည်။





ခန်းမဆောင်အတွင်း၌ စောနန္ဒာနှင့် အခြားလူများ လည်း ရောက်နေကြပြီ။ သူရောက်သွားတော့ စောနန္ဒာက စကား စ,ပြောလေသည်။

"အခုဒေါ်ပြီး တိုင်းပင်ရတဲ့ကိစ္စကတော့ နယ်ချဲ့မျက်နှာဖြူ တွေဟာ နေပြည်တော်ကို သိမ်းပိုက်ပြီးတဲ့နောက်မှာ အရှင် နှစ်ပါးကိုလည်း ပြည်ပကို ခေါ်သွားပြီလို့ သိရတယ်။

အခု သူတို့ဟာ အနယ်နယ် အရပ်ရပ်မှာ ရှိနေတဲ့ မျိုးချစ်သူရဲကောင်းတွေကို တိုက်ခိုက်ချေမှုန်းကြဖို့ နည်းအမျိုး မျိုးနဲ့ ပြုလုပ်နေကြပြီ"

"တောက်... မိုက်ရိုင်းလိုက်တာ"

"အခုဆိုရင် သူတို့ဟာ အထက်ဘက်ကို တဖြည်းဖြည်း ဆန်တက်လာပြီး မြို့ရွာတွေကို ဝါးမျိုဖို့ လုပ်နေကြတယ်၊ အနယ်နယ် အရပ်ရပ်မှာ ရှိကြတဲ့ မျိုးချစ်တွေကလည်း ကိုယ့်မြေကို တစ်လက်မမှ အထိမခံရအောင် တွန်းလှန် တိုက်ခိုက်နေကြတယ်၊ အရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက်မှာ မြင်းစိုင်းမင်းသားဟာ နီးစပ်ရာ စော်ဘွားတွေကို စုပြီးတော့ မြင်းစိုင်းအုပ်စုကို ဖွဲ့စည်းလိုက်တယ်။

အဲဒီ တော်လှန်ရေးသမားတွေဟာ အခုဆိုရင် နယ်ချဲ့ တွေ သိမ်းပိုက်ထားတဲ့ ကျောက်ဆည်နယ်ဘက်က 'နတ်ထိပ် တောင်ကြား' ကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်... ကောင်းတယ်"

"နောက်ပြီး မြင်းစိုင်းအုပ်စုတွေနဲ့ မိုင်းပွန်စော်ဘွားတွေ ပေါင်းပြီးတော့ မန္တလေးဘက်ကိုလည်း ဆင်းသွားကြတယ်၊ သူတို့ဟာ နယ်ချဲ့တွေသိမ်းထားတဲ့ မန္တလေးဘက်က နယ်မြေ အတော်များများကို ပြန်တိုက်ယူကြလိမ့်မယ်"

"ကောင်းတယ်... သခင်မလေး"

အားလုံးမှာ စိတ်အားတက်ကြွလျက် ရှိနေကြသည်။

"အခု ကျွန်မတို့ ရှမ်းပြည်နယ်တစ်ခွင်မှာလည်း လင်းပင် မင်းသား ဦးဆောင်တဲ့ တော်လှန်ရေးသမားတွေဟာ လူသူ စုဆောင်းပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေ လုပ်နေကြပြီ"

ရှမ်းပြည်နယ်တစ်ခွင် လင်းပင်အုပ်စုကို ဦးဆောင်၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲနေသော လင်းပင် မင်းသားမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ သားတော် ဖြစ်သည်။

လင်းပင်မင်းသားသည် ၁၈၈၅ ခုနှစ်၊ နေပြည်တော် ကျချိန်က မော်လမြိုင်မြို့တွင် ရှိနေခဲ့ပြီး ကျိုင်းတုံစော်ဘွား၏ ရှမ်းပြည်နယ်တစ်ခွင် လှုပ်ရှားမှုသတင်းများကို နားစွင့်နေချိန်၊ ကျိုင်းတုံစော်ဘွားနှင့် အဆက်အသွယ်ရပြီး ၎င်း၏ ဖိတ်ခေါ်မှုကို





လက်ခံကာ ၁၈၈၅ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ ရောက်ကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ခြင်းဖြစ်၏။

ဤသို့ လင်းပင်မင်းသား ရှမ်းပြည်နယ်သို့ရောက်သော အခါ ကျိုင်းတုံစော်ဘွားက လိုအပ်သော အကူအညီများ ပေးပြီးနောက် ဗြိတိသျှဆန့်ကျင်ရေးအတွက် လူသူစုဆောင်း ခဲ့ကြသည်။

ဤသို့ စုရုံးခဲ့ကြပြီးနောက်...

မိုးနဲစော်ဘွား စောခွန်ကြည်၊

ရပ်စောက်စော်ဘွား စောဝိုင်း၊

မိုင်းပွန်စော်ဘွား စောခွန်တီ၊

ကျိုင်းတုံစော်ဘွား စောခမ်းဖု၊

မိုင်းနောင်စော်ဘွား၊ မောက်မယ်စော်ဘွားတို့ ပါဝင် သော လင်းပင်အုပ်စုကြီးအား ဖွဲ့စည်းပြီးနောက် နယ်ချဲ့များကို ရှုပ်ရှုပ်ချွံချွံ တိုက်ထုတ်နေချိန်ဖြစ်သည်။

"အခု ကျွန်မတို့ ဒီက မျိုးချစ်အဖွဲ့တွေဟာ လင်းပင် မင်းသား အဖွဲ့တွေနဲ့ အဆက်အသွယ်ရအောင် ကြိုးစားပြီး မိုးနဲကို ရအောင်တိုက်ကြဖို့ အစီအစဉ်ရှိတယ်၊ ဒီကသွားမယ့် အဖွဲ့တွေကို ကိုကျော်စွာက ဦးဆောင် စီစဉ်သွားလိမ့်မယ်၊ ဒါကို အားလုံးက သဘောတူကြပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"သဘောတူပါတယ်၊ သဘောတူပါတယ်"

"ကိုကျော်စွာကရော ဘာပြောစရာရှိသေးလဲ"

"ကျွန်တော် လူနည်းနည်း ထပ်ခေါ်သွားချင်ပါတယ် သခင်မလေး"

"ဟော်နန်းကို စောင့်ဖို့ နည်းနည်းလောက်ထားခဲ့ပြီး ကိုကျော်စွာ ကြိုက်တဲ့လူကို ခေါ်သွားနိုင်ပါတယ်၊ အရေးတော်ပုံ အောင်မြင်ဖို့သာ အရေးကြီးပါတယ်"

"ကျွန်တော် တစ်ခုလောက်ပြောပါရစေ သခင်မလေး"

"ပြောပါ... ကိုကျော်စွာ"

"မိုင်းပွန် အကျဉ်းစခန်းမှာ အကျဉ်းချထားတဲ့သူတွေထဲက လူအချို့ကို ခေါ်သွားချင်ပါတယ်"

စောနန္ဒာ အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"သူတို့တစ်တွေဟာ အကြောင်းအမျိုးမျိုးနဲ့ ရာဇဝတ် သင့်နေကြသူတွေ ဖြစ်ပါတယ်၊ ခေါ်သွားလို့ စိတ်ချရပါ့မလား ကိုကျော်စွာ"

"အခုအချိန်ဟာ ကျွန်တော်တို့အတွက် တစ်ယောက်ဆိုရင် တစ်ယောက် အင်အားရှိဖို့ လိုပါတယ်၊ သူတို့တစ်တွေနဲ့လည်း ကျွန်တော် တွေ့ပြီး ပြောပြပြီးပါပြီ၊ သခင်မလေး ခွင့်ပြုချက်ရတာနဲ့ လိုက်ကြဖို့ အဆင်သင့်ပါပဲ၊ နယ်ချဲ့တွေကို





တိုက်တဲ့နေရာမှာ တစ်ယောက်ဆို တစ်ယောက် အင်အား ရှိနိုင်ပါတယ်"

"ကောင်းပြီလေ... ကိုကျော်စွာ ဆန္ဒရှိရင် အကျဉ်းစခန်းထဲက ကြိုက်တဲ့လူကို ခေါ်သွားနိုင်ပါတယ်"

ထိုသို့ ခွင့်ပြုချက်ရသောအခါ ကျော်စွာ မိုင်းပွန်အကျဉ်းစခန်းသို့ သွားကာ မိမိစိတ်ကြိုက် လူများကို ရွေးထုတ်လေတော့သည်။

"မင်းနာမည် ဘယ်သူလဲ"

"ဘစံ"

"ဘာလုပ်တတ်သလဲ"

"ဘယ်တံခါးကိုမဆို ပိတ်ထားတာမှန်သမျှကို ရအောင် ဖွင့်နိုင်ပါတယ်"

"ကောင်းပြီ... မင်းနာမည်ကရော"

နောက်တစ်ယောက်ကို မေးသည်။

"ငမဲလုံး"

"မင်းက ဘာလုပ်တတ်သလဲ"

"လေထဲပျံနေတဲ့ ငှက်ကိုတောင် မလွတ်တမ်း ပစ်နိုင်တယ်၊ ကျုပ်က လေးမြားပစ်တာ ကျွမ်းကျင်ပါတယ်"

"ကြိုက်ပြီ... နောက်တစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က မောင်ရှိန်း၊ ကျုပ်စိတ်ကြိုက် လှံနဲ့သာ ထိုးလို့ကတော့ လူတစ်ဒါဇင်လောက်ကို တံစို့ကင်သလို သီပစ်နိုင်ခဲ့တယ်၊ ကျုပ်နှမကို စော်ကားတဲ့ သူကြီးသားနဲ့ အဖွဲ့တွေကို လှံနဲ့ထိုးသတ်ခဲ့လို့ ဒီအထဲရောက်လာရတာ"

"ဟုတ်ပြီ၊ နောက်တစ်ယောက်"

"ကျုပ်နာမည်က ငစိုင်းလို့ခေါ်တယ်၊ ကျုပ်ကိုင်နေကျ ဓားကို သခင်မလေး သိမ်းထားတယ်၊ ကျုပ်ကို ရန်စ စော်ကားတဲ့ လူတွေလို အဲဒီဓားနဲ့ ခုတ်သတ်ခဲ့တာ"

"ကောင်းတယ်... ဒီတစ်ယောက်က ဘာကျွမ်းကျင် သလဲ"

"ကျွန်တော့်နာမည်က စစ်အောင်လို့ ခေါ်ပါတယ် အစ်ကို၊ ကျုပ်က ယမ်းစပ်နည်း၊ ဖောက်ခွဲနည်းတွေ တတ် ကျွမ်းပါတယ်"

"ကောင်းပြီ၊ မင်းကရော"

"ကျွန်တော့်နာမည် ငခွေးပါ၊ မှန်တာပြောရရင်တော့ မမှန်တာမှန်သမျှ အကုန်လုပ်ပါတယ်"

"မင်းစကား အဓိပ္ပာယ်က ဘယ်လိုလဲ"

"ဒီလိုပါ၊ ကျွန်တော်က မဟုတ်တာ, မမှန်တာမှန်သမျှ အကုန်လုပ်တတ်တဲ့ လူလိမ်တစ်ယောက်ပါ၊ ဒါပေမယ့် ဒီ





ပိုင်းပွန်တစ်နယ်လုံး၊ ရှမ်းပြည်နယ်တစ်ခွင်လုံး ကျွန်တော် မရောက်ဘူး၊ မသွားဘူးတဲ့နေရာ မရှိသေးပါဘူး၊ နယ်မြေ ကျွမ်းကျင်ရေး, သွားရေး, လာရေးအတွက် လျှို့ဝှက်လမ်း တွေကို ကျွန်တော် အားလုံးသိပါတယ်"

"ဒါလည်း အဆင်ပြေတာပဲ"

ကျော်စွာ သဘောကျသွားလေသည်။

ထို့နောက်တွင် အချုပ်ခန်း၊ ထောင်များထဲမှာ ရှိသော တိုက်ရည် ခိုက်ရည်အတွက် အသုံးပြု၍ ရမည်ထင်သော လူများ၊ အခြားပညာတစ်မျိုးမျိုးတို့ကို တတ်ကျွမ်းကြသူများ အား ရွေးထုတ်ပြီး အခြေအနေကို အကျဉ်းချုပ်ပြောပြလိုက် သည်။

"အခု ကျုပ်တို့ တိုင်းပြည်ကို နယ်ချဲ့တွေက မတရား လက်ဝါးကြီးအုပ် သိမ်းပိုက်ဖို့ ကြိုးစားနေကြတယ်၊ အရှင် နှစ်ပါးကိုလည်း ဖမ်းသွားကြပြီ၊ နေပြည်တော်လည်း သူတို့ လက်အောက် ရောက်သွားပြီ"

"ဟင်..."

အားလုံး တအံ့တသြ ဖြစ်သွားကြသည်။

သူတို့တစ်တွေမှာ ပြင်ပလောကနှင့် အဆက်အသွယ် ပြတ်နေကြတာ ကြာပြီဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုဆိုရင် ကျုပ်တို့ ရှမ်းပြည်နယ်ဘက်ကိုတောင် တက်လာနေကြပြီ"

"အခု ကျုပ်တို့က ဘာလုပ်ပေးရမှာလဲ ပြောပါ"

"လုပ်ရမှာကတော့ နယ်ခွဲတွေကို ညီညီညွတ်ညွတ်နဲ့ စုပေါင်းပြီး တိုက်ထုတ်ကြဖို့ပါပဲ၊ ဒါကြောင့် ခင်ဗျားတို့ကို ခေါ်ထုတ်ရတာပဲ၊ ခင်ဗျားတို့သဘောက ဘယ်လိုရှိသလဲ ပြောပါ"

"ဘာပြောစရာ ရှိသလဲဗျာ၊ ကျုပ်တို့ တစ်တွေက ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေကြောင့် ထောင်ထဲရောက် နေကြတာပဲ၊ တိုင်းပြည်နဲ့ ပတ်သက်လာရင်တော့ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကို မေ့ထားပြီး တိုက်ပွဲဝင်ရမှာပေါ့"

"ဟုတ်တယ်၊ ကျုပ်တို့မှာရှိတဲ့ ခွန်အားတွေ၊ စွမ်းအား တွေ၊ အရည်အချင်းတွေကို ထောင်ထဲမှာ မြှုပ်နှံထားရတာနဲ့ စာရင် အပြင်မှာ တိုင်းပြည်အတွက် အသုံးချရတာ ပိုပြီး တန်ဖိုးရှိတာပေါ့ဗျာ"

"ဟုတ်တယ်၊ ထောင်ထဲမှာ သေရတာနဲ့စာရင် အပြင် မှာ တိုင်းပြည်အတွက် တိုက်ပွဲဝင်ရင်း သေရတာက ပိုပြီး မြတ်တာပေါ့"





"ကျုပ်တို့တစ်တွေမှာရှိတဲ့ အစွမ်းအစတွေကို သိမ်းထား ရတာ အတော်ကြာပြီ၊ ဒီပွဲမှာမှ သေသေချာချာ ပြန်အသုံးချ ရမယ်"

ဟု အားတက်သရော ပြောကြလေသည်။

သို့ကြောင့်...

ကျော်စွာက ၎င်းတို့အား သစ္စာရေတိုက်ပြီး အချိန် အနည်းငယ်ပေးကာ လေ့ကျင့်မှုများ ပြုလုပ်ကြရန် ခွင့်ပေး လိုက်လေတော့သည်။

တကယ်တော့...

အရေးကြုံလာပါက တိုင်းပြည်အတွက် လက်ရုံးတစ်ဖက် သည်ပင် 'အား' တစ်ခု မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၄ ]

# ကျောက်မျက်ရှင် ရှစ်ပါး ပြည့်စုံသွားပြီ

နောက်ပိုင်းတွင် အထက်မြန်မာပြည် စစ်မျက်နှာများတွင် မျက်နှာဖြူနယ်ချဲ့တို့ အထိနာကြပြီး တိုင်းရင်းသားလူမျိုးများတို့၏ တော်လှန်ရေးဒီရေ တဖြည်းဖြည်းနှင့် မြင့်မားလာချိန် ဖြစ်သည်။

ရခိုင်နယ်တွင် ပုသိမ်သား ဇော်ဂျီဗိုလ်၊ မျက်ကန်းဗိုလ်တို့ဦးဆောင်သော ရခိုင်မျိုးချစ်တို့သည် သံတွဲခရိုင်အတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲကာ အောင်ပွဲခံလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဖြစ်သည်။ နမ့်ခမ်းအနီးတွင် အင်အားကြီးသော ဗြိတိသျှတပ်ကြီး တစ်ရပ်အခိုင်အမာ တပ်စွဲထားလေသည်။

ထိုနေရာတွင် နယ်ချဲ့တော်လှန်ရေးသမားများတို့ကိုလည်း သုံးပန်းအဖြစ် ဖမ်းဆီးကာ ချုပ်နှောင်ထားသည်။

ယခုအခါ ကျော်စွာတို့တစ်တွေမှာ လင်ပင်းမင်းသားအုပ်စုများနှင့် ပူးပေါင်းမိကာ အင်အားတောင့်တင်းခိုင်မာလျက်ရှိနေပြီ။ ၎င်းတို့တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းတွင် ဖမ်းဆီးထားသော တော်လှန်ရေးတပ်သားများကို ဝင်ရောက်ကယ်တင်ရန် အစီအစဉ်များ ဆွဲကြသည်။

ထို့နောက် ပြောက်ကျားနည်းစနစ်များကို အသုံးပြုကာ လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်ကြသည်။

နယ်ချဲ့များမှာ မမျှော်လင့်ဘဲ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ခံရသောကြောင့် အထိနာကာ ကစဉ့်ကလျားဖရိုဖရဲဖြစ်ကုန်ကြတော့သည်။

ထိုအခွင့်အရေးကို ကောင်းစွာအသုံးချကာ ဖမ်းဆီးထားသော တော်လှန်ရေးတပ်သားများအား ကယ်ထုတ်နိုင်ခဲ့ကြသည်။ ဆွမ်ကိန်းရွာမှ ကျော်စွာနှင့်အတူ လိုက်ပါလာကြသော





ဘရန်၊ စိုင်းကျော်၊ ဖော်ဘတို့နှင့် ဆွမ်ကိန်းရွာမှ တိုက်ခိုက်ရေးသမားများသည်လည်းကောင်း။

မိုင်းပွန် အကျဉ်းစခန်းမှ ခေါ်ထုတ်လာသော ဘစံ၊ ငမဲလုံး၊ မောင်ရှိန်း၊ ငစိုင်း၊ စစ်အောင်၊ ငချွေး အပါအဝင်အခြားတိုက်ခိုက်ရေးသမားများသည်လည်း ထိုပွဲတွင် အစွမ်းကုန်တိုက်ခိုက်ကြသဖြင့် ထိုပွဲ၌ ၎င်းတို့ဘက်မှ အရေးသာခဲ့ကြခြင်းဖြစ်သည်။

နမ့်ခမ်းအနီးတွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အရေးနိမ့်သွားသော မျက်နှာဖြူနယ်ချဲ့များတို့သည် ကိုက် ၇၀၀ ခန့် အကွာသို့ ဆုတ်ပြီး အမြောက်ကြီးများသုံးကာ ခုခံတိုက်ခိုက်ကြပြန်သည်။

သို့ကြောင့် မျိုးချစ်တပ်သားများ ကူကျိုးအထိ ဆုတ်ပေးရပြီး ထိုနေရာတွင် အခိုင်အမာ တပ်စွဲထားကြသည်။

ဗြိတိသျှတပ်များသည် ကူကျိုးတွင် တပ်စွဲထားသော တော်လှန်ရေးတပ်များရှိရာသို့ ညအချိန်တွင် အလစ်ဝင်ရောက်ပြန်ရာ အပြင်းအထန် တိုက်ပွဲများ ဖြစ်ကြလေတော့သည်။

ထို ကူကျိုးတိုက်ပွဲမှာ ရှမ်းတောင်တန်းကြီးများပေါ်တွင် မှတ်တမ်းဝင်၊ သမိုင်းတင်လောက်သော တိုက်ပွဲကြီးများဖြစ်လာပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကူကျိုးကို ဝိုင်းလာသော ဗြိတိသျှတပ်များမှာ ကိုက် ၂၀၀ အထိ နီးကပ်အောင် တိုးကပ်လာပြီး ဝင်ရောက်တိုက်ခိုက် ကြရုံမက တောင်ကုန်းများပေါ်သို့ အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

ဗြိတိသျှတပ်များသည် ကျော်စွာတို့ ပါဝင်တိုက်ခိုက် သော မျိုးချစ်သူရဲကောင်းတို့၏ နေရာများကို လွယ်လွယ်နှင့် တိုက်ခိုက်၍ မရသောအခါ ခြေကျင်တပ်များ၊ မြင်းတပ်များ သုံးကာ တရမန်းကြမ်း ဝင်လာရာ သည်ဘက်ကလည်း အပြင်းအထန် ပြန်လည်ခုခံကြရာ နှစ်ဦးနှစ်ဖက် အကျအဆုံး အထိအခိုက် များကြသည်။ ထိုအခါ ကျော်စွာက မိမိတပ် များကို ဤသို့ပြောသည်။

“တို့တစ်တွေ ခြေရာဖျောက်ပြီး တပ်ပြန်ဆုတ်ကြမယ်၊ စုရပ်က မိုင်းပွန်ကို အရောက်ပြန်နှင့်ကြ၊ တို့ကယ်ခဲ့တဲ့ လူတွေကို သခင်မလေးဆီကို အရောက်ခေါ်သွားကြ၊ ငါတို့ ကနေ ဆီးပြီး ခုခံထားပေးမယ်၊ သွားကြ... သွားကြ”

အချို့တပ်များ ထွက်ပေါက်မှ အချိန်မီ ထွက်ခွာနိုင်ကြ စေရန် ကျော်စွာတို့က အစွမ်းကုန် ခုခံတိုက်ခိုက်ပေးကြသည်။

သို့သော် နောက်ဆုံးတွင် လက်နက်အင်အား လူ အင်အား မမျှသောကြောင့် တရမန်းကြမ်းတိုက်ခိုက်ပြီး ဖောက်





ထွက်ရသည်။ ထိုပွဲတွင် ကျော်စွာကိုင်ဆောင်သော ဓားကြီး၏ အစွမ်းအစကိုလည်း တွေ့ရသည်။

မိုးကြိုးသွားနှင့် သံသေကိုစပ်၍ ပြုလုပ်ထားသော ရန်မျိုးအောင်ဓားမှာ သေနတ်မီးမကူးသော အစွမ်းရှိသော ကြောင့် ၎င်းဓားအောက်မှာ အသက်ပျောက်သွားကြသော ဗြိတိသျှစစ်သား အတော်များများ ရှိလာသည်။

ဗြိတိသျှစစ်သားများက သေနတ်နှင့်ပစ်၍ မရသော ကြောင့် ၎င်းအား စွမ်းအားရှင်တစ်ဦးဟု ထင်မှတ်ကာ လွန်စွာကြောက်ရွံ့ထိတ်လန့်ကြသည်။ ၎င်းတို့မျက်စိရှေ့မှာပင် သေနတ်နှင့်ချိန်၍ ပစ်သော်လည်း မရသဖြင့် ၎င်းဓားအောက် မှာ အသက်ပျောက်သွားသည်ကို မြင်သောအခါ ပိုမိုကြောက်ရွံ့ ကြလေသည်။ ကျော်စွာအနေနှင့်လည်း ထိုဓားကို ကိုင်ပြီး တိုက်ခိုက်ရသည်ကို အတော်ကို လက်တွေ့လှသည်။ မိမိ ကိုယ်နှင့် စိတ်ထဲတွင် သူရဲကောင်းတစ်ဦးဦး၏ အငွေ့အသက် များ ဝင်ရောက် ပူးကပ်နေသည်ဟုပင် ထင်မိလေသည်။

တိုက်ပွဲအတွင်းမှာ ဓားကိုဝင့်လျက် ပြေးဝင်လာသော ကျော်စွာကို မြင်လိုက်သည်နှင့် အလန့်တကြား အလဲလဲ အပြိုပြို ဖယ်ပေးကြသဖြင့် ကျော်စွာတို့မှာ ရန်သူများကြားမှ အလွယ်တကူ ဖောက်ထွက်နိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖောက်ထွက်သွားမှန်း သိသောအခါမှ နောက်မှ လူအင်အားများနှင့် တရမန်းကြမ်း လိုက်လံဖမ်းဆီးကြသည်၊

ကျော်စွာတို့ တစ်တွေလည်း အမှောင်ထုကို အကာ အကွယ်ယူပြီး လူစုခွဲ၍ လွတ်ရာရှောင်နိုင်ခဲ့ကြသည်။

အတန်ကြာအောင် ရှောင်တိမ်းခဲ့ပြီးသောအခါ ကျော်စွာ တစ်ယောက်တည်း လမ်းကွဲသွားလေတော့သည်။

သူသည် တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိသွား လေတော့သည်။

"အင်း... ငါ တောအုပ်တစ်ခုထဲ ရောက်နေပါလား၊ နောက်က လိုက်လာတဲ့ အသံတော့ မကြားရတော့ဘူး၊ တောထဲမှာ ဒီအတိုင်းဆက်သွားနေလို့ မဖြစ်ဘူး၊ တစ်နေ ရာရာမှာ ခဏဝင်နားမှဖြစ်မယ်၊ မနက်လင်းမှပဲ အခြေအနေ ကြည့်ပြီး လှုပ်ရှားရင်ကောင်းမယ်"

ဟု စိတ်ကူးကာ မလှမ်းမကမ်းတွင် တွေ့ရသော ညောင်လန်းပင်ကြီးတစ်ပင်ပေါ်သို့ တက်ကာ နားလိုက်သည် နှင့် မကြာခင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ။

သူနိုးလာတော့ ပတ်ဝန်းကျင်မှာ အလင်းရောင်များ ကောင်းစွာ ထွန်းလင်းနေပြီဖြစ်၏။





မျက်လုံးကို မှိတ်ထားရင်း ပတ်ဝန်းကျင်ကို နားစွင့် ကြည့်လိုက်တော့ အဝေးဆီမှ ကျားဟိန်းသံလိုလို အသံများကို ကြားရသည်။ ထိုကျားဟိန်းသံမှာ အစာမာန်ယစ်၍ ဟိန်းသော အသံဖြစ်ကြောင်းကိုလည်း ကောင်းစွာ သိသဖြင့် သစ်ပင်ပေါ်မှ ရုတ်တရက် မဆင်းသေးဘဲ အခြေအနေကို အကဲခတ်ကြည့် ရင်း စောင့်နေလိုက်သည်။

တောကောင်ကြီးများသည် တောထဲ၌ အမဲလိုက်သော အခါ အသွင်အမျိုးမျိုးဖြင့် လိုက်လေ့ရှိကြသည်။

တစ်ကောင်ချင်းလိုက်တာမျိုးရှိသလို အုပ်စုဖြင့် လိုက်ကြ သည့်အခါလည်း ရှိသည်။

အုပ်စုဖွဲ့၍ လိုက်သောအခါတွင် အခြားကျားများက ဝက်ဝိုင်းသဏ္ဍာန်ပတ်ကာ ဟိန်းဟောက် ခြောက်လှန့်လေ့ ရှိသည်။

ထွက်ပေါက်တစ်ပေါက်မှစောင့်နေသော ကျားက အသံ လုံးဝမပေးဘဲ လျှို့ဝှက်စွာ စောင့်နေသည်။

ကျားဟိန်းသံများ ကြားသောအခါ သားကောင်းများက အသံ မကြားရာဘက်သို့ ပြေးကြသည်။

ထိုအခါမှ စောင့်နေသော ကျားက စိတ်ကြိုက် သားကောင်ကို ကိုက်ဖမ်းလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ရသောအခါ ဝေမျှစားသောက်ကြသည်။ လူများ တောချောက်သည်နှင့် လွန်စွာဟူလုပေသည်။

ယခုလည်း ကျားဟိန်းသံများ ကြားသောကြောင့် ကျော်စွာ သစ်ပင်ပေါ်မှ မဆင်းဝံ့သေးပေ။

ကျားများ မိတ်လိုက်သောအချိန်နှင့် အစာမာန်ယစ်နေသော အချိန်မှာ အခြားအချိန်များထက် အန္တရာယ်ပိုကြကြောင်း ကောင်းစွာ သိထားသောကြောင့် အခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်၏။ ကျားဟိန်းသံမှာ သူရှိနေသော ညောင်လန်းပင်ကြီးနှင့် မလှမ်းမကမ်းအထိ နီးလာသည်။

အတန်ကြာသောအခါ ကျားဟိန်းသံများ ပျောက်သွားသည်။

"အစာရသွားပြီထင်တယ်၊ အခုအချိန်တော့ သစ်ပင်အောက်ဆင်းလို့ မဖြစ်သေးဘူး၊ တော်ကြာ နယ်ချဲ့စစ်သားတွေနဲ့ မတွေ့ဘဲ ကျားနဲ့တွေ့မှ ခက်မယ်"

ထိုသို့တွေးမိရင်းမှ ဝမ်းထဲ တကျုတ်ကျုတ်မြည်နေလျက် ဆာလောင်နေသည်ကို သတိပြုမိသည်။

ကျော်စွာ သစ်ပင်ပေါ်မှာနေရင်း ရသမျှ ပရိတ်တရားတော်များကို ရွတ်ဆိုနေမိသည်။





ခဏကြာသောအခါ တောတိုးလာသံများ ကြားရပြီး တောထဲမှာ လူနှစ်ယောက် ထွက်လာသည်ကို လှမ်းမြင်လိုက်ရသည်။ အသက်ငါးဆယ်ကျော် လူကြီးတစ်ဦးနှင့် အသက်နှစ်ဆယ်ဝန်းကျင် မိန်းကလေးတစ်ဦးတို့ ဖြစ်ကြသည်။

လူကြီးက အပေါ်အင်္ကျီ ဝတ်မထားဘဲ ရှမ်းဘောင်းဘီအနက်ကို ဝတ်ထားပြီး မိန်းကလေးက အပေါ်အနက်၊ အောက်အနက် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

အဘိုးကြီး၏ လက်ထဲတွင် လတ်လတ်ဆတ်ဆတ် ဖမ်းမိလာဟန်ရှိသော ဒရယ်တစ်ကောင်ကို ဆွဲလာသည်။

သူတို့ သစ်ပင်အောက်သို့ ရောက်သောအခါ ကျော်စွာက သစ်ပင်ပေါ်မှ လှမ်း၍ အသံပြုလိုက်သည်။

"ဒီ... ဒီမှာ..."

ကျော်စွာခေါ်သံကြောင့် နှစ်ယောက်သား အပေါ်သို့ မော့ကြည့်ကြသည်။ သစ်ပင်ပေါ်မှ ကျော်စွာကို မြင်သောအခါ အံ့သြသွားကြဟန် ရှိသည်။

"မင်း... ဘာလုပ်နေတာလဲ"

အဘိုးကြီးက လှမ်းမေးသည်။

"ကျွန်တော် ဒုက္ခသည်တစ်ယောက်ပါ အဘ၊ ကျွန်တော့်ကို ကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင်ပေါ်က ဆင်းခဲ့လေကွယ်"

ထိုစကားကြားသောအခါ သစ်ပင်ပေါ်မှ ဆင်းရကောင်းနိုးနိုး၊ မဆင်းဘဲနေရ ကောင်းနိုးနိုး စဉ်းစားနေမိသေးသည်။

"အင်း... စောစောကမှ ဒီနားမှာ ကျားဟိန်းသံတွေကြားရတယ်၊ အခု သူတို့နှစ်ယောက်က ဒရယ်တစ်ကောင်ကို ဖမ်းလာကြတယ်၊ ထမန်းကျားတွေများ ဖြစ်နေမလား။ သစ်ပင်အောက်ရောက်ခါမှ ငါ့ကို အန္တရာယ်ပြုနေရင် ခက်မယ်"

ကျော်စွာက သစ်ပင်ပေါ်မှ မဆင်းသေးဘဲ စဉ်းစားနေသည်ကို အဘိုးကြီးက စိတ်မရှည်ဟန်ဖြင့် လှမ်းပြောသည်။

"ဟေ့... လူငယ်... သစ်ပင်ပေါ်က ဆင်းခဲ့လေကွယ်၊ ဘာတွေ စဉ်းစားနေတာလဲ"

"ဟုတ်... ဟုတ်ကဲ့"

ထိုအခါမှ ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘောပိုက်ကာ သစ်ပင်ပေါ်မှ ဆင်းခဲ့လေသည်။

သစ်ပင်အောက်ရောက်ပြီး မိန်းကလေးကို မြင်သောအခါ ကျော်စွာ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။ ထိုမိန်းကလေး၏ မျက်နှာမျိုးကို တစ်နေရာမှာ မြင်ဖူးသည်ဟု ထင်လိုက်မိသည်။

သို့သော်....





ဘယ်နေရာမှာ မြင်ဖူးသည်။ ဘယ်သူဖြစ်မည်ကိုတော့ သူ ကောင်းစွာ မမှတ်မိတော့။

"မင်း... ဘယ်သူလဲ"

"ကျွန်တော့်နာမည် ကျော်စွာလို့ ခေါ်ပါတယ်၊ မိုင်းပွန်က လာရင်း နယ်ချဲ့စစ်သားတွေနဲ့တွေ့လို့ ဒီဘက်ရောက်လာတာပါ"

"မင်းက နယ်ချဲ့တော်လှန်ရေးသမားလား"

ကျော်စွာက ဘာမှပြန်မပြောပေ။

"ပြောသာပြောပါကွယ်၊ တကယ်လို့ မင်းဟာ နယ်ချဲ့တော်လှန်ရေးသမားတစ်ယောက် ဆိုရင်လည်း ဒီနေရာမှာ ဘာမှ အန္တရာယ်မဖြစ်စေရပါဘူး၊ ဘာကြောင့်လဲဆိုတော့ ငါတို့ကိုယ်တိုင်က နယ်ချဲ့တွေကို မုန်းနေတာပါ"

ဟု အဘိုးကြီးက ပြောသည်။

သို့ကြောင့် အတန်အသင့် စိတ်သက်သာရာ ရသွားသည်။

မိန်းကလေးက ကျော်စွာအား စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေရင်းနှင့် သူမ၏ မျက်နှာပေါ်ဝယ် အပြုံးရိပ်ကလေးများ ယှက်သန်းနေသည်ကို ကျော်စွာ သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဆွမ်ကိန်းဘက်မှာ နေဖူးလားဟင်" ဟု မေးသည်။

"အေး... ဟုတ်တယ်၊ ငါက ဆွမ်ကိန်းရွာသား တစ်ယောက်ပဲ၊ မင်းက ဆွမ်ကိန်းနယ်ဘက် ရောက်ဖူးလို့လား"

"မဟုတ်ပါဘူး၊ ကျွန်မ မိတ်ဆွေတစ်ယောက်နဲ့တူလို့ မေးကြည့်တာပါ"

မိန်းကလေးက ထိုသို့ပြောသော်လည်း ကျော်စွာစိတ်ထဲမှာတော့ သူမကို တစ်နေရာရာတွင် မြင်ဖူးသည်ဟု ထင်နေမိသည်။

နောက်တော့ ၎င်းတို့မြေးအဘိုး ခေါ်ဆောင်ရာနောက်သို့ ကျော်စွာ လိုက်လာခဲ့တော့သည်။

၎င်းတို့ရွာမှာ တောမှထွက်သည်နှင့် လှမ်းမြင်ရပြီး တောင်တန်းတစ်ခု၏အောက်၌ တည်ရှိလေသည်။

"ဒါ ဘာရွာလို့ ခေါ်သလဲဟင်"

"မိုင်းခွန်း"

"ဟင်...မိုင်းခွန်း၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာ... ဘာမှမဖြစ်ပါဘူး အဘ၊ နာမည်ကြားဖူးလို့ မေးကြည့်တာပါ"





"ဟုတ်တယ်လေ၊ တို့ရွာက လူသိများတဲ့အကြောင်းတွေ အများကြီးရှိတာပဲကွယ့်"

ကျော်စွာစိတ်ထဲမှာတော့ သူရောက်ချင်သော မိုင်းခွန်းရွာကို မမျှော်လင့်ဘဲ ရောက်လာရသဖြင့် ဝမ်းသာကျေနပ်နေမိသည်။ သည်ရွာတွင် ကျောက်မျက်ရှင် လည်ဆွဲတစ်ဝက်ရှိသော ၎င်း၏ ဘဝဟောင်းက ဖူးစာဖက်မိန်းကလေး ရှိနေသည်ဟု သူ့စိတ်ထဲမှာ ထင်နေမိသည်။ ယခု မမျှော်လင့်ဘဲ မိုင်းခွန်းရွာသို့ ရောက်ခဲ့ရသဖြင့် သူ၏ ဖူးစာဖက်နှင့် ပြန်လည်ဆုံစည်းစေရန် အကြောင်းဖန်လာလေရော့သလား ဟုလည်း တွေးမိသည်။

ရွာသို့ရောက်သောအခါ အဘိုးကြီးက ၎င်းတို့နေသော နေရာသို့ ခေါ်သွားလေသည်။

၎င်းတို့နေရာမှာ ရွာအပြင်ဘက် စမ်းချောင်းတစ်ခု၏ အနီးတွင် ရှိသည်။ ခြံဝင်းထဲတွင် လိမ္မော်ပင်၊ ကျွဲကောပင်များရှိသည်။ ထင်းရှူးပင်ကြီးများ ဝန်းရံထားကာ အေးချမ်းတိတ်ဆိတ်သော နေရာဖြစ်သည်။

၎င်းနေအိမ်မှာ ခြေတံရှည် အိမ်ဖြစ်သည်။ အိမ်သို့ ရောက်သောအခါ ကျော်စွာအား စားသောက်စရာများ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးခြင်း၊ ဆေးတိုက်ခြင်းများ ပြုလုပ်ပေးသောအခါ မကြာခင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်ခဲ့သည် မသိပေ။ သူနိုးလာတော့ မွန်းလွဲပိုင်းသို့ ရောက်နေပြီ။

သူ အခြေအနေကို နားစွင့်ကြည့်တော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သို့ကြောင့် အိပ်ရာမှ ထ,ကာ အောက်ဘက်သို့ ဆင်းလာခဲ့သည်။ အောက်သို့ ရောက်သောအခါ မလှမ်းမကမ်းရှိ စမ်းချောင်းအတွင်းမှ ရေငင်နေသော မိန်းကလေးကို လှမ်းမြင်ရသဖြင့် အနားသို့ လျှောက်သွားသည်။ မိန်းကလေးက သူ့ကိုမြင်သောအခါ အပြုံးဖြင့် နှုတ်ဆက်လေသည်။

"အစ်ကို နိုးလာပြီလား"

"နိုးပါပြီ... ဘယ်သူမှ မရှိကြဘူးလား"

"ဒီမှာက ကျွန်မတို့ မြေးအဘိုးနှစ်ယောက်ပဲ နေကြတာ၊ အဘက ရွာထဲကို အသားသွားပို့တယ်၊ အစ်ကို ပင်ပန်းလာတယ်၊ ရေချိုးလိုက်ပါလား၊ အိုးထဲမှာ ရေငင်ထည့်ထားတာ ရှိတယ်"

"မင်း ငင်ထားတဲ့ ရေကိုတော့ မချိုးပါရစေနဲ့ စမ်းချောင်းထဲမှာပဲ သွားချိုးတော့မယ်"





"အို... မဖြစ်ဘူးထင်တယ်"

"ဘာကြောင့်လဲ"

"စောစောကပဲ အဲဒီ စမ်းချောင်းတစ်ဝိုက်မှာ နယ်ချဲ့စစ်သားတွေ ဖြတ်သွားတာ တွေ့လိုက်ရတယ်၊ အစ်ကို့ကို မြင်ရင် မေးလား၊ စမ်းလား လုပ်နေလိမ့်မယ်၊ နောက်ပြီး အစ်ကို့ဓားကြီးကိုလည်း လုံခြုံအောင် ဝှက်ထားဖို့ ကောင်းတယ်"

ဟု အကြံပေးသဖြင့် ရန်မျိုးအောင်ဓားကို လုံခြုံသော နေရာတွင် ဝှက်ထားလိုက်လေသည်။

"ကဲ...မင်းပြောတာနဲ့ပဲ စမ်းချောင်းထဲ မသွားတော့ပါဘူး၊ ဒီမှာပဲ ချိုးတော့မယ်၊ ပေး... ပေး ဝါးကျည်တောက်ကို ဒီပေး... အစ်ကိုပဲ ရေငင်လိုက်ပါ့မယ်"

ဟုဆိုကာ မိန်းကလေးဆီမှ ဝါးကျည်တောက်ကိုယူပြီး အိုးထဲသို့ ရေငင်ထည့်ကာ ရေချိုးရန် အပေါ်အင်္ကျီကို ချွတ်လိုက်သောအခါ သူ့လည်ပင်း၌ ဆွဲထားသော ဆွဲကြိုးကို မိန်းကလေးက မြင်သွားသည်။

"ဟင်...ဒီဆွဲကြိုးက..."

"မင်းက ဒီဆွဲကြိုးကို သိလို့လား"

"ဒါ ကျောက်မျက်ရှင်လည်ဆွဲ မဟုတ်လား အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကျွန်မ အိပ်မက်ခဏခဏ မက်တယ်၊ အဲဒီဆွဲကြိုးမျိုး ဆွဲထားတဲ့ လူတစ်ယောက် ကျွန်မဆီ မကြာခဏ ရောက်ရောက် လာတတ်တယ်၊ သူရောက်လာရင်လည်း ဒီဆွဲကြိုးမျိုး အမြဲဆွဲထားတယ်၊ အဲဒီလူက အစ်ကိုနဲ့ သိပ်ပြီးတူတာပဲ"

"ဟင်..."

"အစ်ကို့ဆွဲကြိုး ကျွန်မကို ခဏပြပါလားဟင်"

ကျော်စွာက လည်ပင်းမှ ဆွဲကြိုးကို ချွတ်ပြီး မိန်းကလေးကို ပေးလိုက်သည်။ မိန်းကလေးက ဆွဲကြိုးကို အသေအချာကြည့်ပြီး တိုးတိုးလေး ရေရွတ်နေသည်။

"ဟုတ်ပါတယ်၊ ဒါ ကျောက်မျက်ရှင်လည်ဆွဲ အစစ်ပါပဲ၊ ဒါပေမယ့် ဒီလည်ဆွဲက တစ်ဝက်ပဲရှိသေးတယ်"

"မင်းက ဒီလည်ဆွဲကို သိလို့လား"

"သိပါတယ်၊ ဒီလည်ဆွဲရဲ့ တစ်ဝက်က ကျွန်မဆီမှာ ရှိပါတယ်"

"ဟင်..."

ထိုစကား ကြားသောအခါ ကျော်စွာ အံ့သြသွားသည်။ ရင်ခုန်သံ မြန်သွားလေသည်။





မိမိရှာဖွေနေသော ဘဝဟောင်းက ချစ်သူသည် ယခု မိမိရှေ့မှောက်တွင် ရောက်နေပြီလား။

သူ့ရှေ့မှ မိန်းကလေး၏ မျက်နှာကို အသေအချာကြည့်လိုက်သောအခါမှ တဖြည်းဖြည်းနှင့် သတိရသလို ဖြစ်လာသည်။

"မင်း... မင်းကို ငါ တစ်ခါတွေ့ဖူးတယ်၊ မင်းဟူးကောင်းတောင်ကုန်းပေါ်က တောထဲမှာ ကျားလိုက်ခံရလို့ ပြေးရင်း ငါနဲ့တွေ့ခဲ့ဖူးတယ် မဟုတ်လား"

မိန်းကလေးက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

"ဒါဖြင့် မင်း ငါ့ကို မြင်စ,ကတည်းက မှတ်မိနေတယ် မဟုတ်လား"

"အစကတော့ သိပ်မမှတ်မိပါဘူး၊ ဒီလည်ဆွဲကိုမြင်မှ မှတ်မိသွားတာ"

"ဒါဖြင့် မင်းက 'မာလာ' ဆိုတဲ့ မိန်းကလေးပေါ့၊ ဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြပြန်သည်။

"မင်းဆီမှာရှိတဲ့ လည်ဆွဲတစ်ပိုင်းရော ဘယ်မှာလဲ"

"အိမ်ပေါ်မှာ သိမ်းထားတယ်"

"လာ... သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ ရေမချိုးတော့ဘဲ အပေါ်အင်္ကျီပြန်ဝတ်ကာ မာလာဆိုသော မိန်းကလေးနှင့် အိမ်ပေါ်ပြန်တက်ခဲ့သည်။ အိမ်ပေါ်ရောက်သောအခါ မာလာက ဝါးဘိုးဝါးတစ်လုံး၏ အခေါင်းပေါက်အတွင်းမှ သေတ္တာငယ်တစ်လုံးကို ထုတ်ယူကာ ပေးသည်။ ထိုသေတ္တာအတွင်း၌ လည်ဆွဲတစ်ပိုင်းရှိသည်။ ကျော်စွာက ယူကြည့်သောအခါ ၎င်းလည်ဆွဲမှာ မြ၊ နီလာ၊ ပြယိုးယား၊ ဂေါ်မုတ် အစရှိသော ကျောက်မျက်ရှင်လေးပါးနှင့် ပြုလုပ်ထားသည်။

ကျော်စွာက ၎င်းလည်ဆွဲမှ ပတ္တမြား၊ ဥဿဖရား၊ မသာရကန်၊ စိန်တို့ဖြင့် ပြုလုပ်ထားသော လည်ဆွဲကို ဖြုတ်ယူပြီး နှစ်ခု ဆက်ကြည့်သောအခါမှ ကျောက်မျက်ရှင် ရှစ်ပါးနှင့် ပြည့်စုံသော ရတနာလည်ဆွဲတစ်ကုံး ဖြစ်သွားလေတော့သည်။

"ဒီလည်ဆွဲကို မင်း ဘယ်ကရသလဲဟင်"

"ကျွန်မ သချိုင်းဟောင်းတစ်ခုထဲက ရခဲ့တာ၊ ဒီလည်ဆွဲ ရှိတဲ့နေရာကို ကျွန်မရဲ့ အဘွားတစ်ယောက်ပဲ သိတယ်"

"မင်း အဘွားက ဘယ်သူလဲ"

"ကျွန်မအဘွားက အခု ဒီမှာ မရှိတော့ပါဘူး"





"မင်းအဘွားက ဒီလည်ဆွဲနဲ့ ပတ်သက်ပြီးတော့ ဘာပြောထားသေးလဲ"

"တခြားတော့ ဘာမှမပြောပါဘူး၊ တစ်နေ့ကျရင် ဒီလည်ဆွဲတစ်ဝက်ရှိတဲ့ လူတစ်ယောက် ဒီကိုရောက်လာလိမ့်မယ်လို့ ပြောထားပါတယ်"

"မင်းအဘွားနာမည်က ဘယ်သူလဲဟင်"

"အဘွားက သူ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ မှာထားပါတယ်"

ကျော်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

မိမိနှင့် မာလာတို့အကြားတွင် မိမိ မသိသေးသော လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိနေလိမ့်မည်ဟု စိတ်ထဲတွင် ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၅ ]

# ဒေါ်မင်းဇာ၏ လျှို့ဝှက်သော အကြံအစည်

"ကျောက်မျက်ရှင် ရှစ်ပါးပြည့်စုံရင် သိဒ္ဓိရှိတယ်၊ သူ့မှာ ဂြိုဟ်ရှစ်လုံးရဲ့ဓာတ်တွေ ပါတယ်၊ နက္ခတ် ၂၇ လုံးရဲ့ ဓာတ်တွေလည်း ပါတယ်၊ ဒါကြောင့် မသက်ဆိုင်တဲ့လူတွေ၊ မထိုက်တဲ့လူတွေဆီ ရောက်သွားရင် ဥပါဒ်ဖြစ်တာပဲ"

ဟု မာလာ၏ အဘိုးဖြစ်သူ ဦးထန်ဖုန်းက ပြောပြသည်။

"တကယ်တော့ ဒီပစ္စည်းနှစ်ခုဟာ ဆက်စပ်မှုရှိတယ်၊ အတာတ်ဟောင်းက အကြောင်းတွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အတိတ်ဟောင်းမျိုးလဲ"

"ဒီအဖြစ်အပျက်တွေက ကြာတော့ ကြာခဲ့ပါပြီ၊ အရှေ တုန်းက ဒီဘက်မှာ မဏိပုတြဆိုတဲ့ နယ်ကြီးတစ်နယ် ရှိ ဖူးတယ်၊ အဲဒီမှာ မဏိပုတြက သူရဲကောင်းနဲ့ ဘုရင့်သမီ တော်နဲ့ မေတ္တာမျှခဲ့ကြတဲ့ ဇာတ်လမ်းတွေလည်း ရှိခဲ့တယ် နောက်တော့ သူတို့ချင်း ကွဲကွာသွားကြတယ်၊ ဒီလို ကွဲကွ ခါနီးမှာ ကျောက်မျက်ရှင် လည်ဆွဲကို တစ်ဝက်စီ ဖြတ်ယ ကြပြီး၊ နောက်ဘဝမှာ ပြန်လည်ဆုံတွေ့ကြဖို့ ကျောက်မျက် ရှင် လည်ဆွဲကို သက်သေအဖြစ်ထားပြီး သစ္စာဆိုခဲ့ကြတယ်"

ထိုအကြောင်းများကို ဒေါ်မင်းဇာဆီမှာ တစ်ကြိမ်ကြ ခဲ့ရပြီး ဖြစ်၏။ ယခုတစ်ဖန် ဦးထန်ဖုန်းထံမှ ကြားရပြန်သော အခါ လွန်စွာ အံ့ဩနေမိသည်။

"အခု မင်းတို့နှစ်ယောက်က ကျောက်မျက်ရှင် လည်ဆွဲ တစ်ဝက်စီရှိကြတဲ့ သူချင်းဆိုတော့ ဘဝဟောင်းက လူဝင်စာ တွေ ဖြစ်ကြမယ်လို့ ငါထင်တယ်၊ ဟုတ် မဟုတ်တော့ မင်းတို့လူငယ်ချင်း ဆွေးနွေးကြည့်ကြပေါ့ကွာ၊ ကိုင်း... အဘ တောထဲသွားပြီး အမဲသွားလိုက်ချေဦးမယ်"

ဟု ဆိုကာ နေရာမှထ,သည်။

"အဘ ဘယ်သူ့ကို အဖော်ခေါ်သွားမှာလဲ"





မာလာက မေးသည်။

"အဘအတွက် မပူနဲ့၊ ရွာထဲက တစ်ယောက်ကို င်းစားပေးမယ်ဆိုပြီး အဖော်ခေါ်သွားပါ့မယ်"

ဟုဆိုကာ သည်အတိုင်း ဘာလက်နက်ကိုရိယာမှ ယူဘဲ ဆင်းသွားသဖြင့် ကျော်စွာ အံ့ဩသွားသည်။

"ဟင်... တောထဲကို အမဲလိုက်သွားမယ့်လူက ဘာ က်နက်မှ ယူမသွားဘူးလားဟင်"

"ဟင့်အင်း... ယူစရာ မလိုပါဘူး"

"ဘာကြောင့်လဲဟင်"

"ကျွန်မတို့ ထမန်းမျိုးနွယ်တွေက တောထဲမှာ အမဲ ိုက်ကြတဲ့အခါမှာ လက်နက်မလိုကြပါဘူး"

"ဒါဖြင့် ဘယ်လိုလိုက်တယ်ဆိုတာလဲ ပြောပြပေးပါဦး လာ"

"သမန်းကျားလို့ လူတွေသိနေကြတဲ့ ထမန်းမျိုးနွယ် တွေဆိုတာ လူစင်စစ်ကနေ ကျားအသွင် ပြောင်းသွားတာ ုတ်ပါဘူး။ လူရဲ့စိတ်ကို ကျားစိတ်အဖြစ် ပြောင်းလိုက်တာပါ"

"အဲဒီလို ပြောင်းလဲလို့ ရသလားဟင်"

"ရပါတယ်၊ လူ့ရဲ့စိတ်ဆိုတာ နူးညံ့သိမ်မွေ့လေတော့ ပြင်ပြောင်းလဲလို့ ရပါတယ်၊ ကောင်းတဲ့ဘက်ကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ မကောင်းတဲ့ဘက်ကို ပြောင်းတာပဲ ကွာပါတယ်၊ မိမိ စိတ်ကို ကျားစိတ်ပြောင်းရင်လည်း ရတယ်၊ ခြင်္သေ့အဖြစ် ပြောင်းချင်လည်း ရပါတယ်၊ ကျွန်မတို့ ထမန်းမျိုးနွယ်တွေ ဆိုတာ ကျားတွေနဲ့ တစ်သွေးတစ်သားတည်း၊ တစ်စိတ်တည်း ဖြစ်နေကြလို့ပါပဲ"

"ထားပါတော့လေ၊ စိတ်ကို ပြောင်းလို့ရတယ်ပဲ ထား ပါဦး၊ လူကတော့ ဒီအတိုင်းပဲလား"

"လူကတော့ ဒီအတိုင်းပဲလေ၊ ဒါပေမယ့် ကျားစိတ် ဝင်နေတဲ့အခါကြတော့ ကျားကိုမြင်ရင်လည်း မကြောက် တော့ဘူး၊ သားကောင်တစ်ကောင်ကို တွေ့ရင်လည်း ကျား တစ်ကောင်လိုပဲ တိုက်ခိုက် သတ်ဖြတ်၊ ဖမ်းဆီးနိုင်တယ်"

"နောက်တော့ လူစိတ် ဘယ်လိုပြန်ပြောင်းသလဲ"

"ဒါကြောင့် ကျားစိတ်ပြောင်းတော့မယ်ဆိုရင် အဖေ့ တစ်ယောက် ခေါ်သွားရတာပေါ့၊ အဖေ့က အဝတ်အစား တွေကို သူမြင်သာအောင် လှုပ်ရှားပြတဲ့အခါမှာ ပြန်ပြီး သတိရလေ့ရှိပါတယ်"

"အတော်ထူးဆန်းတဲ့ ဓလေ့ပဲ၊ အတော်များများက တော့ သမန်းကျားဆိုတာ လူကနေ ကျားအဖြစ် ပြောင်းတယ် လို့ချည်း ထင်နေကြတာ၊ ကျားစိတ် ပြောင်းတယ်လို့





သိပ်မသိကြဘူး၊ ဒါထက် မာလာရော ကျားစိတ် ပြောင်းလို့ ရသလား"

"ရတယ်"

"အဲသည်လို ပြောင်းဖူးလား"

"အရေးကိစ္စရှိရင်တော့ ပြောင်းဖူးပါတယ်"

"ဒါက ထားပါတော့၊ ဒီကျောက်မျက်ရှင် လည်ဆွဲ ရတနာ တစ်ဝက်ကို ဘယ်သူ့ဆီက ရတာလဲဟင်"

"အဘွားဆီကရတာလို့ အစ်ကို့ကို ပြောထားတယ်လေ"

"ဒီလည်ဆွဲရတနာအကြောင်းနဲ့ ပတ်သက်တာတွေကို မင်းလည်း သိထားပြီဆိုတော့ ဒီလည်ဆွဲတစ်ဝက်စီ ရှိကြတဲ့ သူ နှစ်ဦးဟာ အရင်ဘဝက ချစ်သူတွေဆိုတာ မင်း လက်ခံ သလားဟင်"

"ကျွန်... ကျွန်မ မပြောတတ်ဘူး၊ အဘ ပြောတာ တော့ ကြားဖူးတာပဲ"

"အဲဒီအကြောင်းတွေကို မင်း... တကယ်ယုံသလား ဟင်"

မာလာက သူ့ကို မျက်လုံးရွဲကြီးများဖြင့် မော့ကြည့် နေသည်။ သူမ၏ အမူအရာမှာ တစ်စုံတစ်ရာ ပြောလိုဟန် ရှိသော်လည်း ဘာတစ်ခွန်းမှတော့ မပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မာလာ၊ မင်းရော ဘယ်လို သဘောရသလဲ"

"ကျွန်မ မပြောတတ်ဘူး အစ်ကို"

"မင်းကို ငါ တစ်ခုပြောမယ် မာလာ၊ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတယ်၊ မေတ္တာရှိကြတယ်ဆိုတာ သာမန်အကြောင်းနဲ့ မဖြစ်နိုင်ဘူး၊ ဘာအထောက်အပံ့ပစ္စည်းမှလည်း မလိုပါဘူး၊ တစ်ဦးနဲ့တစ်ဦး မေတ္တာစစ်နဲ့ ချစ်ခင်နိုင်ခြင်းသာ အဓိက ကျပါတယ်၊ အကြောင်းတစ်ခုခုကြောင့် ချစ်ရတာမျိုး မဖြစ်သင့်ဘူး"

မာလာက ခေါင်းကလေးငုံ့ကာ နားထောင်နေသည်။

"ကိုယ်ထင်တာကတော့ ဒီလည်ဆွဲနှစ်ခုနဲ့ ပတ်သက်ပြီး လျှို့ဝှက်တဲ့အကြောင်းတစ်ခု ရှိတော့ ရှိလိမ့်ဦးမယ် ထင်တယ်၊ တစ်နေ့ကျရင် အဖြေတစ်ခုတော့ ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်၊ ကိုယ် ဒုက္ခရောက်နေတုန်း အခုလို အကူအညီပေးတာကို ကျေးဇူးတင်ပါတယ်၊ ကိုယ် မင်းကို ညီမလေးတစ်ယောက်လို ခင်ပါတယ် မာလာ"

ဟု ပြောလိုက်သောအခါ မာလာ၏ မျက်နှာပြင်ပေါ်မှာ မျက်ရည်များ စီးကျလျက် တရှုတ်ရှုတ် ငိုနေသည်ကို တွေ့ရသည်။





"မငိုပါနဲ့ မာလာရယ်... မငိုပါနဲ့၊ မင်း စိတ်ထိခိုက်စေအောင် ကိုယ် ဘာများပြောမိလို့လဲဟင်၊ တကယ်လို့ မင်းအတွက် စိတ်ထိခိုက်လောက်အောင် စကားများပါသွားရင် ကိုယ့်ကို ခွင့်လွှတ်ပါကွယ်"

"မဟုတ်ပါဘူး၊ ကျွန်မဘဝကိုတွေးပြီး စိတ်မကောင်းဖြစ်မိလို့ပါ၊ ဘဝဆိုတာ ဆန်းကြယ်သလို အချစ်ဆိုတာကလည်း သိပ်ပြီးဆန်းကြယ်တဲ့ အရာတစ်ခုပါပဲ၊ ဟိုး ဟူးကောင်းတောင်ကုန်းပေါ်မှာ အစ်ကို့ကို စ,တွေ့ခဲ့ပြီး ပြန်လာကတည်းက အစ်ကို့ကို အမြဲပဲ သတိရနေမိတယ်၊ တစ်နေ့ ကျွန်မတို့ဆီကို ရောက်လာမယ်ဆိုတာ သိလို့ စောင့်မျှော်နေမိတယ်"

"ဟင်..."

"ဟုတ်ပါတယ်၊ အစ်ကို ဒီရွာ ဒီနေရာကို ရောက်လာဖို့လည်း အကြောင်းတွေအမျိုးမျိုး ဖန်တီးခဲ့ကြတယ်"

"ဘယ်လို ဖန်တီးခဲ့ကြတာလဲ မာလာ၊ အစ်ကိုတော့ မင်းရဲ့စကားတွေကို နားမလည်နိုင်တော့ဘူး၊ ကိုယ် နားလည်အောင် နည်းနည်းလောက် ရှင်းပြပေးပါလားဟင်"

မာလာက မျက်ရည်စွန်းသော မျက်ဝန်းဖြင့် သူ့ကို မော့်ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကျရင် အစ်ကို ကျွန်မတို့ဆီကို မရောက်ရောက်အောင် ဖန်တီးခဲ့တဲ့ သူကတော့ တခြားသူမဟုတ်ပါဘူး၊ ကျွန်မရဲ့အဘွား ဒေါ်မင်းဇာပါပဲ"

"ဟင်... ဒေါ်မင်းဇာ ဟုတ်လား၊ ဘယ် ဒေါ်မင်းဇာလဲဟင်၊ ဆွမ်ကိန်းရွာက ဒေါ်မင်းဇာလားဟင်"

မာလာက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ အဲဒီ ဒေါ်မင်းဇာက ကျွန်မတို့ရဲ့အဘွားပါ၊ ကျွန်မဆီက လည်ဆွဲတစ်ပိုင်းက သူပေးထားတာပါ၊ တကယ်တော့ ဒီလည်ဆွဲရဲ့ ပိုင်ရှင်အစစ်က..."

မာလာက စကားစ,ရပ်ပစ်လိုက်သည်။

"ပြောပါ မာလာ၊ လည်ဆွဲပိုင်ရှင်အစစ်က ဘယ်သူလဲဟင်"

"ကျွန်မဆီမှာရှိတဲ့ လည်ဆွဲပိုင်ရှင်အစစ်က မိုင်းပွန်ကသခင်မလေး စောနန္ဒာပါ အစ်ကို"

"ဟင်... စောနန္ဒာ ဟုတ်လား"

ကျော်စွာ အလွန်အံ့သြသွားမိလေသည်။

"ဟုတ်ပါတယ်၊ သခင်မလေး စောနန္ဒာရဲ့ လည်ဆွဲပါ"

"ဒါဖြင့် မင်းဆီကို ဒီလည်ဆွဲက ဘယ်လို ရောက်လာတယ် ဆိုတာကိုလဲ ပြောပြပေးပါ မာလာ"





ထိုအခါ မာလာက ဒေါ်မင်းဇာနှင့် ပတ်သက်သော အကြောင်းအရာများကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် ကာလလောက်က မမင်းဇာသည် မိုင်းပွန်ဟော်နန်းတွင် လွန်စွာ အရေးပါအရာရောက်သူတစ်ဦးအဖြစ် လူသိများ ထင်ရှားခဲ့ပေသည်။ သူမသည် ထမံသီနယ်ဘက်မှဖြစ်ပြီး လွန်စွာ ရုပ်ရည်ချောမောလှပ လွန်းသောကြောင့် စော်ဘွားကြီးက တော်ကောက်ခဲ့ခြင်းဖြစ်၏။

လွန်စွာချစ်မြတ်နိုးသောကြောင့် ဟော်နန်းထဲမှာ အရေးပေးခြင်း ခံရလေသည်။ အခြား စော်ဘွားကတော်များနှင့် ဟော်နန်းသူ ဟော်နန်းသားများကတော့ မမင်းဇာ၏ အပြုအမူများ၊ မောက်မာမှုများကို မနှစ်သက်ကြပေ။

သို့သော် စော်ဘွားကြီးက မြှောက်စားထားသည်က တစ်ကြောင်း၊ ထမံသီနယ်ဘက်မှ ဖြစ်သောကြောင့် ကျားအဖြစ် ပြောင်းလဲကာ ရန်ပြုနိုင်သည် ထင်သောကြောင့် သူမအား ကြောက်ရွံ့ခဲ့ကြသည်။

နောင်သောအခါ မမင်းဇာသည် ၎င်းနယ်ပယ်မှ မျိုးနွယ်များအား ဟော်နန်းသို့ခေါ်ကာ ဟော်နန်းအား အပိုင်သိမ်းရန် ကြံစည်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အကြံအစည်ကို အောင်မြင်စေရန်အတွက် ဟော်နန်းထဲမှာ ရှိနေသော နယ်ချဲ့ သူလျှိုတစ်ယောက်က အကူအညီပေးသည်။ ၎င်းတို့နှစ်ဦးမှာလည်း ငြိစွန်းလျက် ရှိနေကြသည်။

ထိုအကြောင်းကို စော်ဘွားကြီး သိသွားသောအခါ မမင်းဇာနှင့် အပေါင်းပါများကို ဖမ်းဆီးသုတ်သင်ရန် စီစဉ်နိုက်မှာပင် မမင်းဇာသည် ၎င်း၏အတတ်ပညာများကို အသုံးပြုကာ တိုက်နိုက်၍ ထွက်ပြေးလေသည်။ ၎င်းနှင့်အတူ စစ်သူကြီး အဝတ်အစားများကို ဟန်ဆောင် ဝတ်ဆင်ထားသော သူလျှိုလည်း ပါသွား၏။

၎င်းတို့နှင့်အတူ ဟော်နန်းတွင် စော်ဘွားကြီးများ အဆက်ဆက်ကိုင်ဆောင်သော ရန်မျိုးအောင်ဓားနှင့် ကျောက်မျက်ရှင် လည်ဆွဲတစ်ပိုင်း ပါသွားလေတော့သည်။

ဤတစ်ပိုင်းက စောနန္ဒာ၏ မယ်တော်ထံတွင် ကျန်ရစ်ခဲ့လေသည်။ မမင်းဇာသည် ၎င်းထွက်ပြေးသောအခါ စော်ဘွားကြီး၏ သားတော်တစ်ပါးဖြစ်သော စပ်နန္ဒကိုပါ ခိုးယူသွားခဲ့သည်။ ထိုအချိန်က စပ်နန္ဒမှာ တစ်နှစ်သားအရွယ်မျှသာ ရှိသေး၏။





အမှန်တော့ စပ်နန္ဒအား ခိုးယူသွားခြင်းမှာ စော်ဘွားကြီးနှင့် မိသားစုများအား ကလဲ့စားချေရန်အတွက် ဖြစ်ပေသည်။

မမင်းဇာသည် ချင်းတွင်းမြစ်အတိုင်း အောက်ဖက်သို့ စုန်ဆင်းလာခဲ့ပြီးနောက် ဆွမ်ကိန်းရွာသို့ ရောက်သောအခါ မိမိ၏ ဘဝဇာတ်ကြောင်းများကို မြှုပ်ကာ ဦးလဖော်တို့ထံ၌ နေလေသည်။ စပ်နန္ဒကိုလည်း ဦးလဖော်အား မွေးစားရန် ပေးခဲ့သည်။ စပ်နန္ဒ အရွယ်ရောက်သောအခါ ထိုအကြောင်းများအား တစ်စွန်းတစ်စ ကြားသိခဲ့သည်။

နောင်သောအခါ ဦးလဖော်ကလည်း ထိုအကြောင်းများအား သိရှိခဲ့လေသည်။ သို့သော် မည်သူ့ကိုမှတော့ မပြောပေ။ မမင်းဇာနှင့် အတူပါလာသော သူလျှိုကတော့ ဟူးဟောင်းတောင်ကုန်း တောထဲတစ်နေရာတွင် လျှို့ဝှက်စွာ နေရင်းမှ နှစ်အတန်ကြာသောအခါ သေဆုံးသွားလေသည်။

မမင်းဇာက ထိုအလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီး ၎င်းနှင့်အတူ ရန်မျိုးအောင်ဓား၊ ကျောက်မျက်ရှင်လည်ဆွဲကိုပါ လျှို့ဝှက်စွာ မြှုပ်နှံထားလိုက်လေ၏။

ဒေါ်မင်းဇာ ဆွမ်ကိန်းရွာမှာ ရှိနေစဉ်အတွင်း မိုင်းပွန် ဟော်နန်းမှ သတင်းများကို အမြဲတစေ စုံစမ်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မိုင်းခွန်းရွာမှ ဦးထန်ဖုန်း၊ မာလာတို့နှင့်လည်း အမြဲတစေ အဆက်အသွယ်ရှိခဲ့သည်။

၎င်း၏ ရည်ရွယ်ချက်မှာ တစ်နေ့ကျလျှင် လူသူအင်အား၊ လက်နက်အင်အားစုဆောင်း၍ မိုင်းပွန်ဟော်နန်းကို ပြန်လည်သိမ်းပိုက်ရန်အတွက် ဖြစ်သည်။

သို့ကြောင့် အရည်အချင်းပြည့်ဝသော ကျော်စွာအား သူ့အလုပ် အောင်မြင်စေရန် ပစ်မှတ်ထားကာ စည်းရုံးခဲ့သည်။

ကျော်စွာ ယုံကြည်စေရန်အတွက်လည်း ရန်မျိုးအောင်ဓား၊ ကျောက်မျက်ရှင် လည်ဆွဲတို့ကို ပေး၍ ၎င်းဖန်တီးထားသော ဇာတ်လမ်းအချို့ကို ပြောပြခဲ့လေသည်။

နောင်သောအခါ စောနန္ဒာမိခင် သေဆုံးသွားသောအခါ ၎င်းထံတွင် ကျန်နေသော ကျောက်မျက်ရှင်လည်ဆွဲတစ်ပိုင်းကို ၎င်း၏ ထမန်းနက်အဖွဲ့ဝင်များအား ရအောင်ခိုးယူခိုင်းပြီးနောက် တူမဖြစ်သူ မာလာထံတွင် သိမ်းဆည်းထားခိုင်းလေသည်။

ထိုလည်ဆွဲနှစ်ခုကို အကြောင်းပြုပြီး ကျော်စွာနှင့် မာလာတို့ကို နီးစပ်စေရန်အတွက် ဖြစ်ပေသည်။

ဦးထန်ဖုန်းမှာ ဒေါ်မင်းဇာ၏ 'မောင်'ဖြစ်ပြီး မိုင်းပွန်နယ်အတွင်းမှာရှိသော ထမန်းနက်အဖွဲ့ဝင်များကို ဦးဆောင်





နေသူဖြစ်၏။ ၎င်းတို့၏ ထမန်းနက်အဖွဲ့ဝင်များမှာ ဂျပန်ပြည်မှ နင်ဂျာအဖွဲ့ဝင်များကဲ့သို့ ကျားစိတ်ကျားမာန် သွင်းနိုင်သူများဖြစ်ကာ တိုက်ရည်ခိုက်ရည် လွန်စွာကောင်းသူများ ဖြစ်ကြသည်။

၎င်းတို့ အဓိက အသုံးပြုသောလက်နက်မှာ သံဖြင့် ပြုလုပ်ထားသော ချွန်ထက်လှသည့် အဆိပ်လက်သည်းများ ဖြစ်သည်။

ထမန်းနက် အဖွဲ့ဝင်များသည် အကြောင်းရှိလာရင် ကျားစိတ်ကျားမာန်သွင်းပြီး ကျားတစ်ကောင်ကဲ့သို့ ခုန်ပျံကျော်လွှား တိုက်ခိုက်ကြလေသည်။ ၎င်းတို့၏ အဆိပ်လက်သည်းနှင့် ထိမိပါက နာရီပိုင်းအတွင်း အဆိပ်တက်ကာ သေဆုံးနိုင်သည်။

မာလာ့ထံမှ ထိုအကြောင်းများကို ကြားသိရသောအခါ ကျော်စွာမှာ လွန်စွာအံ့သြသွားလေသည်။

ရန်ငြိုးကြီးလှသည်နှင့်အမျှ အကွက်ကျကျ စီစဉ်ဆောင်ရွက်တတ်သော ဒေါ်မင်းဇာ၏ လုပ်ဆောင်မှုများကိုလည်း ချီးကျူးမိသည်။

ထို့ပြင် ဒေါ်မင်းဇာ ကြိုးဆွဲစီစဉ်ရာ လှုပ်ရှားဆောင်ရွက်နေရသော မာလာ့အပေါ်မှာလည်း သနားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မင်းဇာဟာ သူတတ်ကျွမ်းတဲ့ ဂမ္ဘီရပညာတွေကို လွဲမှားတဲ့နေရာတွေမှာ အသုံးချနေတာကတော့ စိတ်မကောင်းစရာပဲ၊ အခုအချိန်က ကိုယ်အချင်းချင်းတွေ သွေးကွဲနေရမှာ မဟုတ်ဘူး၊ အားလုံး စည်းစည်းလုံးလုံးနဲ့ တိုင်းတစ်ပါးက ကျူးကျော်လာတဲ့ နယ်ချဲ့တွေကို တိုက်ကြရမှာ"

"ဟုတ်ပါတယ် အစ်ကို၊ ဒါပေမယ့် ကျွန်မတို့တစ်တွေက အဘွားကို လွန်ဆန်ဝံ့ကြတာမှ မဟုတ်တာ၊ သူစီစဉ်တဲ့အတိုင်း လုပ်နေကြရတာ၊ အစ်ကို ဒီမှာ ခဏနားပြီးရင် မိုင်းပွန်ကို ပြန်မှာမဟုတ်လား"

"ဟုတ်တယ် ပြန်မှာ"

"မြန်မြန်ပြန်မှ ဖြစ်မယ် အစ်ကို၊ နောက်တစ်ရက်နှစ်ရက်ဆိုရင် အဘွား ဒီကို ရောက်လာတော့မယ်"

"ဟင်..."

"ဟုတ်တယ်၊ သူပြန်လာတော့မယ်၊ အစ်ကို့ကို ဒီမှာတွေ့ရင် သူ ဘယ်နည်းနဲ့မှ ပြန်လွှတ်မှာမဟုတ်ဘူး၊ ဒါကြောင့် အစ်ကို သူနဲ့မတွေ့အောင် မြန်မြန်ပြန်မှ ဖြစ်မယ်"

"ကျေးဇူးတင်ပါတယ် မာလာ၊ မင်းအစ်ကို့ကို အခုလို အကူအညီပေးတဲ့ကျေးဇူးကို အစ်ကို ဘယ်တော့မှ မမေ့ပါဘူး၊ အစ်ကို အခုပဲ သွားတော့မယ်"





ဟုဆိုကာ မာလာကိုနှုတ်ဆက်ပြီး ရန်မျိုးအောင်စားကိုယူပြီး အောက်သို့ဆင်းလာခဲ့သည်။

မာလာခမျာမှာတော့ မျက်ရည်ကလေး အဝိုင်းသားဖြင့် ပြတင်းပေါက်နားမှာ လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေတော့သည်။ အခိုက်အတန့် တွေ့လိုက်ရသော်လည်း ကျော်စွာအပေါ်တွင် သူမ၏သံယောဇဉ် ကြိုးများက ရစ်ပတ်နေပြီကို သူမ ပါးပြင်ပေါ်မှ မျက်ရည်စ,များက သက်သေခံလျက်ရှိသည်။

"သွားပေဦးတော့ ချစ်သူရယ်..."



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၆ ]

# ချစ်ခြင်းမေတ္တာရဲ့ ပဟေဠိများ

ကျော်စွာ မိုင်းပွန်ဟော်နန်းသို့ ပြန်ရောက်လာသော အခါ သခင်မလေး စောနန္ဒာနှင့် ရဲဘော်ရဲဘက်များက ဝမ်းသာအားရ ဖြစ်ကြသည်။ သူတို့အားလုံး ကျော်စွာအတွက် စိတ်ပူနေကြခြင်း ဖြစ်၏။

စောနန္ဒာက...

"ကိုကျော်စွာ ပြန်ရောက်လာပြီလား၊ အားလုံးက ကိုကျော်စွာအတွက် စိတ်ပူနေကြတာ၊ အခုလို ပြန်ရောက် လာတော့မှပဲ စိတ်အေးရတော့တယ်"



www.burmeseclassic.com

ကျော်စွာက သခင်မလေး စောနန္ဒာအား ဦးညွှတ်၍ အရိုအသေပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်မလေး"

"ကိုကျော်စွာတို့တစ်တွေ ဆောင်ရွက်ခဲ့ကြတဲ့ကိစ္စတွေကတော့ အတော့်ကို အောင်မြင်ပါတယ်၊ ကူကျိုးတိုက်ပွဲမှာ နယ်ချဲ့မျက်နှာဖြူတွေ အတော်အထိနာသွားကြတယ်လို့ သိရပါတယ်၊ ကိုကျော်စွာတို့ ကယ်တင်ခဲ့တဲ့ လူတွေလည်း ဒီကို အားလုံး ပြန်ရောက်ပါပြီ၊ ဒီပွဲကတော့ ကျွန်မတို့ မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ စွမ်းရည်ကို ပြနိုင်ခဲ့တဲ့ပွဲဆိုရင် မမှားပါဘူး"

"ဟုတ်ပါတယ် သခင်မလေး၊ အားလုံး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြလို့ အခုလို အောင်မြင်ခဲ့ကြတာပါ၊ ကျွန်တော်တို့တစ်တွေရဲ့ အောင်ပွဲက ကျွန်တော်တို့ တစ်မျိုးသားလုံးအတွက်၊ တိုင်းပြည်အတွက် အောင်ပွဲပါပဲ သခင်မလေး"

"ဘာပဲဖြစ်ဖြစ် ကိုကျော်စွာတို့ရဲ့ အောင်ပွဲအတွက် ကျွန်မ ဂုဏ်ယူပါတယ်၊ အခုလို ဘေးမသီ ရန်မခ ပြန်ရောက်လာတာကိုလည်း ဝမ်းသာလှပါတယ်"

ကျော်စွာ ပြန်ရောက်လာပြီး နောက်တစ်နေ့ ညဘက်တွင် အောင်ပွဲခံသောပွဲ ကျင်းပပေးသည်။





ခေါင်ရည်တစ်ကျိုက်၊ အသားတစ်ကိုက်ဖြင့် သူတို့အားလုံး ပျော်ကြသည်။

ထိုပွဲတွင် ဘရန်၊ စိုင်းကျော်၊ ဇော်ဘ၊ ဘဖဲ၊ ငမဲလုံး၊ မောင်ရှိန်း၊ စိုင်းနော်၊ စစ်အောင်၊ ငခွေး စသည့်လူများ စုံလင်စွာ ရှိနေကြသည်။

ထိုပွဲသို့ အနီးဝန်းကျင်နယ်များမှ စော်ဘွားများနှင့် သူရဲကောင်းများလည်း လာရောက်ကြသည်။ ထိုသူများမှာ သခင်မလေး စောနန္ဒာက ဖိတ်ကြားသဖြင့် လာရောက်ကြခြင်း ဖြစ်ကြသည်။

အမှန်တော့ ထိုသို့လာရောက်ကြသော စော်ဘွားများ၊ သူရဲကောင်းများမှာ တိုင်းရေးပြည်ရေးကိစ္စများ ဆွေးနွေးရန်၊ တော်လှန်ရေးကိစ္စများ ဆွေးနွေးရန်ကိစ္စအတွက် လာရောက်ကြခြင်းဖြစ်သည်က တစ်ကြောင်း၊ အချို့ စော်ဘွားများ၊ သူရဲကောင်းများ၊ တော်လှန်ရေးသမားများကတော့ သခင်မလေး စောနန္ဒာ၏ မေတ္တာပန်းကို ဆွတ်ခူးနိုင်ရန် လာရောက်ကြိုးစားကြခြင်း ဖြစ်သည်။ ထိုအထဲတွင် စော်ဘွားကလေး စောခွန်သာနှင့် တော်လှန်ရေးသမား တစ်ဦးဖြစ်သူ နေဗလတို့လည်း ပါဝင်ကြသည်။ စော်ဘွားကလေး စောခွန်သာမှာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ်ကျော် အရွယ်သာ ရှိသေးသော လူရွယ်တစ်ဦးဖြစ်သည်။

နှုတ်ခမ်းမွှေးရေးရေးနှင့် အသားဖြူဖြူ လူပုံချောချော ဖြစ်သည်။ နေပလကတော့ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် ဖြစ်သည်။

သူတို့နှစ်ဦးကတော့ စောနန္ဒာနှင့် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ဟန်ရှိပြီး တရင်းတနှီး ဆက်ဆံကြသည်။ နေပလ အနီးတွင် မရှိခိုက်တွင် စောခွန်သာက ၎င်းပြောလိုသော စကားများကို စောနန္ဒာနှင့် နှစ်ကိုယ်ချင်း ပြောသည်။

"နန္ဒာ... ကိုယ်ကမ်းလှမ်းထားတဲ့ အဖြေကို စဉ်းစားထားပြီးပြီလား၊ စောင့်ရတာ ကြာလှပြီ နန္ဒာရယ်၊ အဖြေပေးပါတော့"

ဟု နားပူနားဆာ လုပ်လေသည်။

"အခုလောလောဆယ်မှာ ကျွန်မ ဒီအကြောင်းတွေကို ဘယ်လိုမှ မစဉ်းစားချင်သေးလို့ပါ စောခွန်သာ၊ အခုအချိန်က ကျွန်မတို့တစ်တွေ နှလုံးသားကိစ္စတွေကို ဦးစားပေးရမယ့် အချိန်လည်း မဟုတ်ပါဘူး၊ ကိုယ့်တိုင်းပြည်ကို တိုင်းတစ်ပါးသားတွေ လက်ထဲမရောက်အောင် ပိုင်းဝန်း ကြိုးစားကြရမယ့် အချိန် ဖြစ်ပါတယ်"





ထိုစကား ကြားသောအခါ စောခွန်သာမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"နှလုံးသားရေးရာကိစ္စထက် တိုင်းပြည်လွတ်လပ်ရေးရဖို့ကိစ္စကို ပိုပြီးဦးစားပေးရမယ့် အချိန်ဖြစ်လို့ ကျွန်မတို့ ဒီအကြောင်းတွေကို ခေါင်းထဲကထုတ်ပြီး တိုင်းပြည်ကိစ္စနဲ့ ပတ်သက်တာလေးတွေ ဆွေးနွေးကြရင် ပိုမကောင်းဘူးလား ဟင်"

"ဒါတော့ ဒါပေါ့ နန္ဒာရယ်၊ တိုင်းရေးပြည်ရေးကိစ္စကလည်း အရေးကြီးတာ ကြီးတာပဲပေါ့၊ ဒါပေမယ့် နန္ဒာဆီက ကိုယ်လိုချင်တဲ့ အဖြေတစ်ခုရတော့ ကိုယ့်အတွက် အားပိုရှိတာပေါ့၊ မဟုတ်ဘူးလား"

ဟု ကန့်ကလန့် ပြောနေပြန်သည်။

"တိုင်းပြည်ကိစ္စနဲ့ နှလုံးသားကိစ္စကို မရောထွေးချင်ပါနဲ့ စောခွန်သာရယ်၊ ကျွန်မ ဒီအကြောင်းတွေကို စဉ်းစားဖို့ အချိန်ရတဲ့အခါ စောခွန်သာ ပြောထားတာကို ထည့်ပြီး စဉ်းစားပေးပါ့မယ်၊ အခုတော့ ပျော်ပျော်ပါးပါး စားသောက်ပါဦး"

ဟု ပြောကာ စောနန္ဒာ ထွက်သွားသောအခါ စောခွန်သာမှာ မချင့်မရဲနှင့် ကျန်ခဲ့ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဗလနှင့် တွေ့သောအခါတွင်လည်း ထိုအကြောင်း ကိုပင် နားပူနားဆာလုပ်နေပြန်ရာ လီမွာပါးနပ်စွာဖြင့် ငြင်းပယ် ခဲ့ရပြန်လေသည်။ ကြာတော့ လူတွေကြားထဲမှာ နေရတာကို ငြီးငွေ့လာသောကြောင့် အပြင်သို့ တစ်ယောက်တည်း ထွက် လာခဲ့သည်။

ဟော်နန်းဆောင်နှင့် မနီးမဝေးရှိ ပန်းခြံထဲမှာ လရောင် က မှုန်ပျပျရှိနေသည်။ နှင်းမှုန်များက ကျဲကျဲပါးပါး ဖုံးလွှမ်း ထားသည်။ ပန်းခြံအနှံ့အပြားရှိသော သစ်ပင်များပေါ်တွင် တင်ထားသည့် သစ်ခွပန်းပွင့်များ၏ ရနံ့ကလည်း ထုံသင်း ပျံ့မွှေးလျက်ရှိသည်။

ထိုနေရာသို့ရောက်မှ လွတ်လပ်မှုရှိသွားပြီး စိတ်ကြည် လင် လန်းဆန်းမှု ဖြစ်လာသည်။

တစ်နေရာသို့ ရောက်သောအခါ ပန်းခြံတစ်နေရာရှိ ခုံပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရသည်။

ပထမတော့ ဇဝေဇဝါဖြစ်သွားပြီး အသေအချာ ကြည့် လိုက်တော့မှ မှတ်မိလွယ်သော ပုံရိပ်ဖြစ်သောကြောင့် အနီး သို့ လျှောက်သွားလေသည်။

အနီးသို့ ရောက်သွားသောအခါ ခုံပေါ်တွင် အေးအေး ဆေးဆေး ထိုင်နေသော ကျော်စွာက နေရာမှ ကပျာကယာ ထ,သည်။





"ဩော်... သခင်မလေးပါလား၊ ကျွန်တော့်အတွက် အနှောင့်အယှက် ဖြစ်တယ်ဆိုရင် ခွင့်လွှတ်ပါ သခင်မလေး"

"ရပါတယ် ကိုကျော်စွာရယ် ထိုင်ပါ၊ ကျွန်မလည်း အထဲမှာနေရတာ ငြီးငွေ့လို့ အပြင်ထွက်လာတာပါ၊ ကိုကျော်စွာ အထဲမှာ ဘာကြောင့် မနေတာလဲဟင်"

"ကျွန်တော် အဲဒီလိုပွဲမျိုးကို ဝါသနာမပါဘူး၊ လူများ များနဲ့ သောက်စားနေရတာကိုလည်း ဝါသနာမပါလို့ပါ သခင်မ လေး"

"ကျွန်မကို အပြင်မှာ စောနန္ဒာလို့ပဲ ခေါ်ပါ ကိုကျော်စွာ ရယ်"

ဟုဆိုကာ ခုံတန်းလျားပေါ်တွင် ဝင်ထိုင်လေသည်။

"အခု လရောင်ဆမ်းတဲ့ ပန်းခြံလေးထဲမှာ သင်းပျံ့တဲ့ ပန်းရနံ့လေးတွေ ရှူရင်း လွတ်လွတ်လပ်လပ် နေရတာ အတော်စိတ်ချမ်းသာဖို့ ကောင်းတယ်နော် ကိုကျော်စွာ"

"ဟုတ်ပါတယ် စောနန္ဒာ၊ လွတ်လပ်မှုဆိုတာ လူတိုင်း နှစ်သက်ပြီး လူတိုင်း တောင့်တတဲ့ အရာတစ်ခုပါပဲ၊ လူ တစ်ယောက်မှာပဲဖြစ်ဖြစ်၊ တိုင်းပြည် တစ်ပြည်မှာပဲဖြစ်ဖြစ် လွတ်လပ်မှု မရှိရင် ပျော်ရွှင်မှု မရှိနိုင်ပါဘူး"

စောနန္ဒာက သိမ်မွေ့စွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို တွေ့တုန်း ကျွန်မ ကိုကျော်စွာကို တစ်ခု မေးချင်ပါတယ်"

"မေးပါ"

"လောကမှာ စိတ်ချမ်းသာဖို့အတွက် အလိုအပ်ဆုံးက ဘာလဲဆိုတာကို ကျွန်မ သိချင်ပါတယ်၊ ကိုကျော်စွာ ကျွန်မ ကို ပြောပြပါလား"

"လူတစ်ယောက်ကို စိတ်ချမ်းမြေ့စေတဲ့ အကြောင်း အမျိုးမျိုး ရှိပါတယ်၊ မိဘနဲ့ သားသမီးတို့ရဲ့ မေတ္တာ၊ ချစ်သူ နှစ်ယောက်ရဲ့ စစ်မှန် ခိုင်မြဲတဲ့အချစ်၊ အောင်မြင်မှု ပန်းတိုင် ကို ရောက်ရှိမှု၊ စီးပွားရတနာ တိုးတက်မှုနဲ့ မျှော်လင့်ချက် တွေဟာ လူတစ်ယောက်ရဲ့စိတ်ကို အကြီးအကျယ် ပြောင်းလဲ စေတဲ့ အရာတွေလို့ ထင်ပါတယ်၊ အဲဒီမှာမှ ပြောင်းလဲမှု မြန်ဆန်တာနဲ့ နှေးတာတော့ ကွာမယ် ထင်ပါတယ်"

"ကိုကျော်စွာ့စကားက စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဆက်ပြောပါ ကိုကျော်စွာ"

"ဥပမာ... မိဘနဲ့ သားသမီး မေတ္တာမျိုးက သိပ်ပြီး အပြောင်းအလဲ မရှိဘူး၊ တည်ကြည် ခိုင်မြဲတယ်၊ ပြောင်းလဲမှု နှေးပါတယ်၊ ချစ်သူနှစ်ဦးရဲ့ ချစ်ခြင်း မေတ္တာမျိုးကျတော့





ပြောင်းလဲမှု မြန်တယ်၊ သွက်လက်တယ်၊ ဆွဲငင်မှု အင်အား ကြီးတယ်ပေါ့၊ ခံစားရတာချင်းလည်း မတူဘူးလေ"

"ဘယ်လို မတူတာလဲ ကိုကျော်စွာ"

"မိဘနဲ့ သားသမီး မေတ္တာမျိုးက မျှော်လင့်ချက် မပါ ဘူး၊ ချစ်သူမေတ္တာမျိုးကြတော့ မျှော်လင့်မှု ပါတော့ ပိုပြီး ခံစားရတယ်"

"အဲဒါဖြင့် အဲဒီမျှော်လင့်ချက်ပြည့်အောင်၊ ကိုယ်လိုချင် တာရအောင် ဘာတွေလိုသလဲ ကိုကျော်စွာ"

"ကြိုးစားမှုတော့ လိုတယ်၊ ဒါပေမယ့် အဲဒီကြိုးစားမှုရဲ့ နောက်မှာ စစ်မှန်တဲ့ အင်အားတစ်ခုတော့ ရှိဖို့လိုမယ် ထင် တယ်၊ ကျွန်တော်ကိုယ်တိုင်က အချစ်နဲ့ပတ်သက်ပြီး အတွေ့ အကြုံ မရှိသေးတော့ အဲဒီလောက်ပဲ စဉ်းစားမိပါတယ် ဓောနန္ဒာ"

"ကိုကျော်စွာက တိုက်ရည်ခိုက်ရည် ကောင်းသလို စကားပြောတာလည်း သိပ်တော်တာပဲနော်၊ ကျွန်မ သိချင် တာတွေကို သိခွင့်ရလိုက်တဲ့အတွက် ကိုကျော်စွာကို ကျေးဇူး တင်ပါတယ်"

ထိုသို့ပြောနေစဉ် သူတို့နှစ်ယောက် ထိုင်နေရာသို့ လူတစ်ယောက် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စောနန္ဒာ ပျောက်လို့ လိုက်ရှာနေတာ စောနန္ဒာက ဒီမှာ ရောက်နေတာကိုး၊ သူက ဘယ်သူလဲဟင်"

နေဗလက ကျော်စွာကို တစ်ချက်ကြည့်ကာ မေးလိုက်လေသည်။

"ဒါ... ကျွန်မရဲ့မိတ်ဆွေပါ ကိုနေဗလ၊ အထဲမှာ ညှော်သည်တွေကို ညှော်ဝတ်ကျေပွန်အောင် ပြုစုဖို့ မိကလျာတို့ကို ကျွန်မ မှာထားပါတယ်၊ ကျွန်မ ခေါင်းနည်းနည်းကိုက်လို့ ဒီမှာ ထွက်နေတာပါ"

"နန္ဒာကလည်းဗျာ... ညှော်သည်တွေကိုတော့ ဖိတ်တုန်းက ဖိတ်ထားပြီး ရောက်လာမှ အိမ်ရှင်က အခုလို ရှောင်နေတာ မကောင်းပါဘူး၊ အခုလို တစ်ယောက်ချင်း ညှော်ခံရမယ့် ညှော်သည်မျိုး နန္ဒာ့မှာ မရှိသေးဘူးနဲ့တူပါတယ်"

"ရှင် ဘာစကားပြောတာလဲ နေဗလ၊ ညှော်သည်က ညှော်သည်စကားကိုပဲ ပြောပါ၊ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ထိပါး စော်ကားတဲ့စကားမျိုး ပြောတာ မကောင်းပါဘူး"

"နန္ဒာကလည်းဗျာ၊ ဒီလောက်ကလေး ပြောတာနဲ့ ဒီလောက် စိတ်ဆိုးစရာမလိုပါဘူး၊ ကျုပ်က တော်လှန်ရေးနဲ့ ပတ်သက်လာရင် နန္ဒာတို့တောင်းတဲ့ အကူအညီ ဘယ်လောက်





ပေးနိုင်တယ်ဆိုတာကိုလည်း မမေ့နဲ့နော်၊ ကဲ... လွတ်လွတ်လပ်လပ် စကားပြောကြပါ၊ ကျုပ် သွားလိုက်ပါဦးမယ်၊ ဪ... ဒါထက် ကျုပ်တောင်းထားတဲ့ အဖြေကိုပေးဖို့ စဉ်းစားဖို့ကိုလည်း တစ်လက်စတည်း သတိပေးခဲ့ပါရစေ"

ဟု မထိတထိပြောဆိုကာ ပြန်ထွက်သွားလေသည်။

"ကျွန်တော့်အတွက်ကြောင့် နန္ဒာတို့ မိတ်ဆွေချင်း အခုလို အထင်လွဲ အမြင်လွဲဖြစ်ကြရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ရပါတယ် ကိုကျော်စွာရယ်၊ သူ အထင်အမြင်လွဲသွားလို့လည်း ကျွန်မအတွက် ဘာမှမဖြစ်ပါဘူး၊ ကျွန်မဘဝအတွက် ကျွန်မကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်တွေ ရှိပါတယ်၊ ကျွန်မက ကိုကျော်စွာအတွက် အားနာတာပါ"

"ရပါတယ် စောနန္ဒာ"

"မိန်းမသားတစ်ယောက်ရဲ့ ဘဝလုံခြုံမှုဆိုတာ အတော်အရေးကြီးတာပဲ၊ ရာထူး၊ ဂုဏ်ပကာသနတွေနဲ့လည်း ကာကွယ်လို့ မရဘူး၊ ကြွယ်ဝချမ်းသာတဲ့ စည်းစိမ်ဥစ္စာတွေနဲ့လည်း တားဆီးလို့မရဘူး၊ ဆွေမျိုး မိဘ မောင်ဘွား အသိုက်အဝန်းတွေဆိုတာကလည်း ဘေးကနေ အရန်အတားလောက်ပဲ လုပ်ပေးနိုင်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက နားမလည်စွာ ငေးကြည့်နေသည်။

"မိန်းမသားတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာကို လုံခြုံမှုအတွက် ဘဝတစ်သက်တာမှာ ယုံကြည်စိတ်ချရတဲ့ အဖော်ကောင်း တစ်ယောက်တော့ရှိမှ တင့်တယ်မယ်လို့ ကျွန်မထင်တယ်၊

ဒီအတွက် ကျွန်မအနေနဲ့ ရွေးချယ်ပိုင်ခွင့် ရှိတယ်လို့ ဆိုရင်တောင်မှ မိန်းမသားတစ်ယောက် ဖြစ်နေလို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တာတော့ အမှန်ပါပဲ၊

ကဲ... ညဥ့်နက်လှပြီ၊ အတွင်းဆောင် ဝင်ကြရအောင် ကိုကျော်စွာ"

ထိုညက ဘဝ၏ အဘိဓမ္မာကို မပိုင်ဘဲ သရုပ်ခွဲခဲ့မိသော ကျော်စွာအတွက် နားမလည်နိုင်သော ပုစ္ဆာတစ်ခုသာ အဖတ်တင် ကျန်နေခဲ့သည်ကို သူကိုယ်တိုင်ပင် မသိလိုက်ပေ။





အခန်း [ ၁၇ ]

## ဟော်နန်းထဲမှ လျှို့ဝှက်ရန်သူ

နောက်တစ်ရက် နှစ်ရက်ခန့် ကြာသောအခါ မိုင်းပွန်ဟော်နန်းဆောင်အတွင်းသို့ မမျှော်လင့်သော အန္တရာယ်တစ်ခု ဝင်ရောက်လာလေသည်။

ထိုညက လရောင်ရှိသည် ဆိုသော်လည်း မြူနှင်းများ ပိတ်ဆီးနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။ သန်းခေါင်ယံ အချိန်ဖြစ်သောကြောင့်လည်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဟော်နန်းအပြင်ဘက်ရှိ သစ်တောများရှိရာဘက်မှ တောခွေးအူသံများနှင့် ကျေးငှက်များ လန့်ပျံသံများ ပေါ်ထွက်လာသဖြင့် ဟော်နန်းပတ်ဝန်းကျင်၌ စောင့်နေကြသော အစောင့်များမှာ ပတ်ဝန်းကျင်သို့ သတိပြု၍ စောင့်နေကြသည်။

ထိုအချိန်တွင် တောစပ်ဘက်မှ မည်းမည်းသဏ္ဍာန်တစ်ခု ထွက်လာသည်။ ၎င်းသည် မှုန်ဝါးသော အမှောင်ထုကို အားပြုကာ ဟော်နန်းဆောင်၏ ခြံစည်းရိုးတစ်နေရာမှ အတွင်းဘက်သို့ ပေါ့ပါးစွာ ခုန်ဝင်လာသည်။ ၎င်းခုန်ဝင်လာပုံမှာ ကြောင်တစ်ကောင်အလား ပေါ့ပါးလျင်မြန်လှသောကြောင့် အစောင့်များက သတိမပြုမိလိုက်ကြပေ။

တစ်ကိုယ်လုံး အနက်ရောင် လွှမ်းထားသော ထိုသတ္တဝါသည် တစ်နေရာမှ တစ်နေရာသို့ ရွေ့ရှားသွားလာပုံမှာ လွန်စွာလျင်မြန်လှသည်။ ငိုက်မျဉ်းစပြုနေသော အစောင့်တစ်ယောက်က ၎င်းနှင့်မလှမ်းမကမ်းဆီမှ ရိပ်ခနဲ ဖြတ်သွားသော မည်းမည်းသဏ္ဍာန်ကို လှမ်းမြင်လိုက်ရသဖြင့် လှံရှည်ကိုဆွဲကာ ထိုနေရာသို့ ထ,လာသည်။ နှင်းမှုန်ထဲမှာ ထိုသဏ္ဍာန်၏ လှုပ်ရှားမှုကို ဝိုးတဝါးမျှသာ တွေ့လိုက်ရသည်။ ဟော်နန်း





ဆောင်အနီး ရောက်သောအခါ ထိုသဏ္ဍာန်အား မျက်ခြည်ပြတ်သွားလေတော့သည်။

အစောင့်က ဇဝေဇဝါဖြင့် အခြားအစောင့်များကိုလည်း ဇဝေဇဝါဖြင့် လိုက်လံ သတိပေးလေသည်။

"ဟေ့... တို့ဟော်နန်းဆောင်အတွင်းကို အပြင်က မကောင်းဆိုးဝါး တစ်ကောင် ဝင်လာတာမြင်လိုက်တယ်ဟေ့၊ အားလုံး ဝိုင်းရှာကြစမ်း၊ သတိ ဝီရိယ ထားကြစမ်းဟေ့"

ထိုသတိပေးသံကြောင့် ကျန်အစောင့်များကလည်း လက်နက်များကို ကိုင်ဆောင်ပြီးလျှင် ဟော်နန်းဆောင်အတွင်း အပြင် တစ်ဝိုက်သို့ လိုက်လံရှာဖွေကြလေသည်။

ထိုလှုပ်ရှားမှုများကြောင့် အိပ်ပျော်နေသူများပင် လန့်နိုးလာကြသည်။ ထိုသို့ရှိနေစဉ် ကျော်စွာသည်လည်း နိုးလာပြီးနောက် ဓားကိုဆွဲကာ အပြင်သို့ ထွက်လာသည်။

သူ အပြင်သို့ရောက်လာပြီး မကြာခင်မှာပင် မလှမ်းမကမ်းဆီမှ စူးစူးဝါးဝါး အော်သံ တစ်သံ ကြားလိုက်ရသဖြင့် ထိုနေရာဘက်သို့ ပြေးလာခဲ့သည်။ ဝန်းကျင်တစ်ခုလုံးမှာလည်း မီးတုတ်၊ မီးတိုင်များ ထွန်းညှိလိုက်သောကြောင့် ပတ်ဝန်းကျင်အား အတန်အသင့် မြင်နိုင်ကြသည်။ အခြား



www.burmeseclassic.com

www.burmeseclassic.com



လူများကလည်း အသံကြားရာဘက်သို့ လာကြသဖြင့် ထိုနေရာတွင် လူများ စုနေတော့သည်။

ကျော်စွာ ရောက်သွားတော့ လူများ ဝိုင်းကြည့်နေသောအလယ်တွင် လဲကျနေသော အစောင့်တစ်ယောက်ကို လှမ်းမြင်ရသည်။

မှောက်လျက်အနေအထား လဲကျနေပြီး မျက်နှာနှင့်လည်ပင်း တစ်ဝိုက်ဆီမှ သွေးများစီးကျနေသည်။

အနီးသို့သွားပြီး လှန်ကြည့်လိုက်တော့ မျက်နှာနှင့်လည်ပင်းပေါ်တွင် ဓားဖြင့်ခွဲထားသကဲ့သို့ အစင်းကြောင်းကြီးများ တွေ့ရပြီး ထိုနေရာတစ်ဝိုက်မှ သွေးများစီးထွက်နေခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ"

ထိုအခါ မှဆိုးဘရန်က ပြောပြသည်။

"ငါလည်း မှဆိုးလုပ်လာတာကြာပြီ၊ ဟူးကောင်းတစ်ကျောမှာလည်း ငါမရောက်ဘူးတဲ့နေရာ၊ မတွေ့ဘူးတဲ့သတ္တဝါ မရှိသလောက်ပါပဲ၊ အခု သတ္တဝါကတော့ ဘယ်လိုသတ္တဝါလည်း မသိဘူး၊ ဒီဘက်မှာ လူတစ်ယောက်ကိုသတ်ထားခဲ့ပြီး လူတွေ ဒီဘက်ရောက်နေကြတုန်း သူကမင်း အဆောင်ဘက်ကို သွားတာကို ငါမြင်လိုက်ရတယ်"





ဒါ နည်းပရိယာယ်တစ်ခု ဖြစ်မည်ကိုတော့ ကျော်စွာရိပ်မိသည်။

"ဒါပေမယ့် ငါလိုက်သွားတော့လည်း သူ့ကို မတွေ့ရပြန်ဘူး၊ နောက်ဆုံး ခြံစည်းရိုးကို အသာကလေး ခုန်ထွက်သွားတာကိုပဲ မြင်လိုက်ရတယ်၊ ဘယ်လိုသတ္တဝါလဲ မသိဘူး၊ လူလိုလို ကျားလိုလို ကြောင်လိုလိုနဲ့ မြန်တာတော့ အတော်မြန်တယ်"

ကျော်စွာက သေဆုံးနေသူကို အသေအချာ စစ်ဆေးကြည့်သည်။ ဒဏ်ရာများမှာ ဓားထက်ထက်ဖြင့် ခွဲထားသကဲ့သို့ရှိပြီး ဒဏ်ရာတစ်ဝိုက်တွင် အညိုရောင်များ သမ်းနေသည်။ နောက်ဆုံး ထွက်သောသွေးများက အနီရောင် မဟုတ်ဘဲ အနက်ရောင်များဖြစ်နေသည်ကို ကြည့်ခြင်းဖြင့် ဒဏ်ရာကြောင့် အသက်သေခြင်း မဟုတ်ဘဲ အဆိပ်သင့်၍ သေခြင်းဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။

"ကိုကျော်စွာ ဒဏ်ရာတွေကြည့်ရတာ . ကျား ဒါမှမဟုတ် ကျားသစ်တစ်ကောင် ကုတ်ထားတာလို့ ထင်စရာရှိပေမယ့် ကျားလက်သည်း ဒဏ်ရာက ဒီလောက်မကြီးဘူး၊ မနက်ဘူးဗျ၊ တကယ်လို့ ဟုတ်တယ်ဆိုရင်လည်း ဒီဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့တော့ ချက်ချင်းမသေနိုင်ဘူး၊ စဉ်းစားရ အတော် ခက်တယ်"

ဟု တစ်ယောက်က မှတ်ချက်ချသည်။

"'ကျားအစစ်မဟုတ်နိုင်ဘူးဆိုရင်တော့ မကောင်းဆိုးဝါ တစ်ကောင်ကောင်၊ ဒါမှမဟုတ် ထမန်းကျားတွေများ ဒီအ ဝင်လာရော့သလား မသိဘူး"

"ကြားဖူးတာကတော့ ထမန်းကျားဆိုတာ ကျားထက် ပိုပြီး ကြောက်စရာကောင်းသတဲ့၊ ဘာကြောင့်လဲဆိုတော့ တိရစ္ဆာန်တစ်ကောင်ရဲ့ ခွန်အားနဲ့ လူတစ်ယောက်ရဲ့ အသိဉာ ရောနေလို့ပဲ"

"ထမန်းကျားဆိုရင်လည်းကွာ ဒီဟော်နန်းထဲကို ဘာလ လုပ်မှာလဲ၊ သူတို့နဲ့ တို့နဲ့က ရန်ငြိုးရန်စ ရှိတာမှ မဟုတ်တာ ပစ္စည်းတစ်ခုခု လိုချင်လို့လာတာများလား မပြောတတ်ဘူး"

ဟု တစ်ယောက်တစ်မျိုး ထင်ကြေးပေးကြသည်။

ကျော်စွာက အားလုံးကို ခါတိုင်းထက်ပိုပြီး သတိဝီရိယ နှင့် နေကြရန် မှာကြားပြီး သခင်မလေး စောနန္ဒာအဆော ဘက်သို့ ထွက်ခဲ့သည်။ အဆောင်ဝ၌ စောနန္ဒာနှင့် တွေ့ သည်။

"ကိုကျော်စွာ ဘာဖြစ်ကြတာလဲဟင်"





ကျော်စွာက အကျိုးအကြောင်း ပြောပြလိုက်သည်။

"သူတို့ပြောတဲ့ ထမန်းကျားဆိုတာများ ဖြစ်နေမလား မသိဘူး၊ ဆူညံသံတွေကြားလို့ ကျွန်မ အဆောင်ထဲက လှမ်းကြည့်နေတုန်း အမှောင်ထဲမှာ မည်းမည်းသဏ္ဍာဝါ တစ်ကောင် ရိပ်ခနဲဖြတ်သွားတာကို မြင်လိုက်ရတယ်၊ ကျွန်မ အဆောင်ဘက်တောင် လှည့်ကြည့်သွားသေးတယ်၊ ဘာ ကောင်လဲဟင်"

"အခုတော့ ဘာမှ မပြောနိုင်သေးဘူး၊ ဒါပေမယ့် ခါတိုင်းထက်တော့ ကျွန်တော်တို့ သတိဝီရိယ ပိုပြီးထားရ လိမ့်မယ်၊ ဒါထက် ဒီဟော်နန်းမှာ ဆေးဝါးကောင်းကောင်း ဖော်စပ်နိုင်တဲ့ ဆရာတစ်ယောက်လောက် မရှိဘူးလား"

"အင်း... ဒီမှာတော့ သာမန်သမားတော်တွေပဲ ရှိကြ တယ်၊ ဆေးအစွမ်းထက်တဲ့ ဆရာတစ်ယောက်တော့ ရှိတယ်၊ သူ့နာမည်က ဦးစိုင်းလုံတဲ့၊ ဒါပေမယ့် သူက အခု ဒီမှာမရှိဘူး"

"သူ့ကို ဘယ်မှာတွေ့နိုင်မလဲ"

"သူက ကိစ္စပြီးရင်တော့ ဒီကိုပြန်လာလေ့ ရှိပါတယ်၊ အခု တောင်ပေါ်သွားပြီး အဝိဇ္ဇာန်ဝင်ရင်း ဂမုန်းပင်တွေနဲ့ ဆေးမြစ် ဆေးဥတွေ သွားရှာနေပါတယ်၊ ဘာကြောင့် သူ့ကို မေးတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းရှိလို့ပါ။ သူပြန်ရောက်လာရင်သာ ကျွန်တော့်ကို ပြောပါ၊ ကဲ... ကဲ... စောနန္ဒာလည်း အနားယူပေဦးတော့၊ ကျွန်တော် ဟိုဘက်တွေ လိုက်ကြည့်လိုက်ဦးမယ်"

ဟုဆိုကာ မိမိအခန်းရှိရာဘက်သို့ ထွက်ခဲ့သည်။

ငှားနေထိုင်သောအခန်းမှာ ဟော်နန်းဆောင်၏ အစွန်ဘက်၌ ရှိပေသည်။ သူ့ အခန်းဝ, ရောက်သည်နှင့် ခြေရာလက်ရာပျက်နေသော အခန်းအခြေအနေကို ဦးစွာ သတိပြုမိသည်။

မိမိအခန်းကို တစ်စုံတစ်ယောက် ဝင်ရောက် မွှေနှောက်သွားပေပြီ။

မိမိအခန်းထဲမှ အခြားအဖိုးတန်ပစ္စည်းဟူ၍ ဘာမှ မရှိပေ။

အိပ်ရာဝင်ခါနီးတွင် ချွတ်၍ ခေါင်းအုံးအောက်တွင်ထားသော ကျောက်မျက်ရှင်လည်ဆွဲသာ ရှိသည်။

အခန်းတွင်းသို့ ကပျာကယာဝင်ပြီး ခေါင်းအုံးအောက်ကို ကြည့်လိုက်တော့ မိမိထားသော လည်ဆွဲမရှိတော့ပေ။

"ဟင်..."

ကျော်စွာ ရင်ထိတ်သွားသည်။

"ငါထားတဲ့လည်ဆွဲ ဘယ်ရောက်သွားပြီလဲ"





မိမိအထား မှားလေရော့သလားဟု အခြားနေရာများတွင် လိုက်လံရှာဖွေသော်လည်း မတွေ့ရပေ။

သေချာပြီ...။

မိမိထားသော ကျောက်မျက်ရှင်လည်ဆွဲအား တစ်စုံတစ်ယောက်က ဝင်ယူသွားပြီ။

ကျော်စွာ စဉ်းစားကြည့်သည်။

မိမိလည်ဆွဲကို မည်သူဝင်ယူမည်နည်းဟု စဉ်းစားသော်လည်း အဖြေမပေါ်ပေ။

ထိုအကြောင်းကို မည်သူကိုမှ မသိမပေးတော့ဘဲ သတိနှင့်နေရန်သာ ရှိတော့သည်။

ကျော်စွာတို့ နောက်ရက်များတွင် သတိ ဝီရိယဖြင့် စောင့်ကြည့်နေသောအခါ မည်သည့်ထူးခြားမှုမျိုးမှ မတွေ့ရပေ။ သို့ကြောင့် အခြားကိစ္စများဖြင့် မအားမလပ် ရှိနေစဉ်မှာပင် လူသတ်ကောင်က ဟော်နန်းအတွင်းသို့ နောက်တစ်ကြိမ် ဝင်လာပြန်၏။ ဝင်လာပုံကလည်း အတော်ဆန်းသည်။

အစောင့်များ သေချာစွာ စောင့်နေကြသည့်ကြားမှ မည်သို့မည်ပုံ အတွင်းသို့ ရောက်လာသည် မသိဘဲ သခင်မလေး စောနန္ဒာအခန်းထဲသို့ ဝင်ရောက်ရန် ကြိုးစားပြန်၏



www.burmeseclassic.com

www.burmeseclassic.com



အစောင့်များက မြင်သောကြောင့် ဝိုင်းဝန်းတိုက်ခိုက်ကြရာ ထွက်ပြေးသွားသည်။

ကျော်စွာ ရောက်သွားသောအခါ လ,ရောင်မှုန်ပျပျ အောက်ဝယ် ဝတ်ရုံတဖားဖားနှင့် လွှားခနဲ ခုန်ထွက်သွားသော သဏ္ဌာန်တစ်ခုကိုသာ မသဲမကွဲ မြင်လိုက်ရသည်။

သခင်မလေး စောနန္ဒာ အဆောင်သို့ ရောက်သောအခါ ကြောက်ရွံ့ ထိတ်လန့်မှုကြောင့် မျက်နှာလေး ဖြူဖပ်ဖြူရော်ဖြစ်နေသော စောနန္ဒာကို တွေ့ရသည်။

"ဘယ်လိုဖြစ်တယ်ဆိုတာလဲ ပြောပါဦး စောနန္ဒာ"

"ခုတစ်လော ကျွန်မစိတ်ထဲမှာ တစ်ခုခုဖြစ်မယ်လို့ ထင်နေတယ်၊ ဒါကြောင့် ညဘက်တွေမှာ သိပ်ပြီး အိပ်မပျော်ဘူး၊ ဒီညလည်း သလွန်ပေါ်မှာ မှေးနေတုန်း ပြတင်းတံခါးနားမှာ ရိပ်ခနဲ သဏ္ဌာန်တစ်ခု မြင်လိုက်ရလို့ ထကြည့်တော့ အထဲ ဖောက်ဝင်ဖို့ ကြိုးစားနေတဲ့ မျက်နှာကြီးကို တွေ့လိုက်ရတယ်"

"ဘယ်လိုမျက်နှာမျိုးလဲ စောနန္ဒာ၊ သေသေချာချာ မြင်လိုက်ရသလား"

"မြင်လိုက်ရတယ်၊ သူ့လှုပ်ရှားမှုက လူနဲ့တူပြီး မျက်နှာနဲ့ တစ်ကိုယ်လုံးကတော့ ကျားနဲ့တူတယ်"

"ဒါဆိုရင် ထမန်းကျားများ ဖြစ်နေမလားဘဲ"





"ထမန်းကျား ဟုတ်လား ကိုကျော်စွာ"

"ဟုတ်တယ် စောနန္ဒာ ပြောပုံအရဆိုရင် ထမန်းကျား ဖြစ်ဖို့များတယ်"

"ဒီလိုဆိုရင်တော့ ကျွန်မတို့ ပိုပြီး သတိထားမှ ဖြစ်တော့မယ်"

"ဘာကြောင့်လဲဟင်"

"ဟိုးနှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ဒီမိုင်းပွန်ဟော်နန်းမှာ ထမန်းကျားမျိုးနွယ်တွေနဲ့ ရန်ငြိုးရန်စတွေ ရှိခဲ့ဖူးတယ် ကိုကျော်စွာ၊ အခု အဲဒီ ရန်ငြိုးတွေ တစ်ကျော့ပြန်လာပြီလား မပြောတတ်ဘူး၊ ကျွန်မတော့ သိပ်ကြောက်တာပဲ"

"ကျွန်တော့်ကို နည်းနည်းလောက် ပြောပြပါလား စောနန္ဒာ"

ထိုအခါ စောနန္ဒာက သူ့ကို မာလာ ပြောပြခဲ့သည့် ဒေါ်မင်းဇာနှင့် ပတ်သက်သော အကြောင်းများကို ပြောပြသည်။

"ဒေါ်မင်းဇာဆိုတာ ကျွန်မတို့ငယ်ငယ်က ဒီဟော်နန်းမှာရှိခဲ့ဖူးတယ်၊ နောက်တော့ သစ္စာဖောက်တစ်ယောက်နဲ့ အတူ ဒီဟော်နန်းက ထွက်သွားတဲ့အခါမှာ ကျောက်မျက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲတစ်ဝက်နဲ့ စော်ဘွားကြီးတွေ အဆက်ဆက် ကိုင်ခဲ့ကြတဲ့ ရန်မျိုးအောင် ဓားကိုပါယူပြီး ထွက်ပြေးသွားခဲ့တယ်၊

အဲဒီကတည်းက သူ့သတင်းကို မကြားရတော့ဘူး၊ သူတို့ဇာတိက မိုင်းခွန်းဆိုတဲ့ ရွာဘက်ကဆိုတော့ အဲဒီရွာဘက်မှာတော့ သူ့ရဲ့ဆွေမျိုးသားချင်းတွေ ရှိနေသေးတယ် ကိုကျော်စွာ"

ဟု ပြောပြသည်။

"ကျောက်မျက်ရှင် လည်ဆွဲက ဒေါ်မင်းဇာ တစ်ဝက်ယူသွားတယ်ဆိုတော့ ကျန်တဲ့တစ်ဝက်က ဘယ်မှာလဲဟင်"

"ကျွန်မ မယ်တော်မကွယ်လွန်မီက ကျွန်မကို ပေးထားခဲ့တယ်၊ ဒါပေမယ့် နောက်တော့ ဟော်နန်းထဲမှာတင် ပျောက်ဆုံးသွားခဲ့တယ်၊ တစ်ယောက်ယောက်က ခိုးယူသွားတာ ဖြစ်မယ်ထင်တယ်၊ ကျွန်မတို့ နောက်တော့ သတင်းအစ,အန,ရတယ်၊ အဲဒီလည်ဆွဲကို မိုင်းခွန်းဘက်က ထမန်းမျိုးဆက်တွေ ခိုးယူသွားခဲ့တယ်လို့ သိရတယ်"

"ဒါဖြင့် ကျွန်တော့်ဆီမှာ ပါလာတဲ့ ကျောက်မျက်ရှင်လည်ဆွဲတစ်ဝက်က စောနန္ဒာတို့ ပိုင်ဆိုင်တဲ့ လည်ဆွဲဆိုတာ သေချာတာပေါ့"

စောနန္ဒာက ပြုံး၍ ခေါင်းညိတ်ပြသည်။





"ကိုကျော်စွာဆီမှာ အဲဒီလည်ဆွဲကို မြင်လိုက်ကတည်းက ကျွန်မတို့ နန်းစဉ်ရတနာ ကျောက်မျက်ရှင်လည်ဆွဲတစ်ဝက်ဆိုတာကို ကျွန်မ သိခဲ့ပါတယ်"

"ဒီလိုဆိုရင် ကျွန်တော် စောနန္ဒာကို ပြန်ပေးပါ့မယ်၊ ဒါပေမယ့် အခု အဲဒီလည်ဆွဲ မရှိတော့ဘူး စောနန္ဒာ"

"ဟင်... ဘယ်ရောက်သွားပြီလဲဟင်"

"ဟိုတစ်လောက ဟော်နန်းထဲကို သတ္တဝါတစ်ကောင်ဝင်လာပြီး ကျွန်တော့်အခန်းထဲမှာထားတဲ့ လည်ဆွဲ ပျောက်သွားတယ်"

"အဲဒါဆိုရင်တော့ ဒေါ်မင်းဇာရဲ့ အဆက်အနွယ် တစ်ယောက်ယောက် လာခိုးယူသွားတာ ဖြစ်မယ်ထင်တယ် ကိုကျော်စွာ"

"ဟုတ်ရင်လည်း ဟုတ်မှာပါ၊ နောက်ပိုင်းရက်တွေမှာတော့ ပိုပြီးသတိထားကြရမယ်၊ ကျွန်တော်တို့မှာ နယ်ချဲ့ရန်အတွက် တွန်းလှန်ဖို့ ကြိုးစားရတာက တစ်ဖက်၊ ဟော်နန်းက ရန်ကြွေးအတွက် ထမန်းကျားတွေရဲ့ရန်က တစ်ဖက်နဲ့ ဖြစ်နေပြီ"

"ဟုတ်တယ် ကိုကျော်စွာ"

"ဒါပေမယ့် ကျွန်တော်တို့တစ်တွေ သတိရှိမယ်၊ စည်းလုံးညီညွတ်မှုရှိမယ်ဆိုရင် ဘယ်လိုအန္တရာယ်မှ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး၊ ကျွန်တော်မှာထားတဲ့အတိုင်း ဆေးဆရာကြီး ဦးစိုင်းလုံ ပြန်ရောက်လာရင်သာ ကျွန်တော့်ကို ပြောပါ"

"ကျွန်မ ဦးစိုင်းလုံအတွက် လူလွှတ်ပြီး အခေါ်ခိုင်းထားပါတယ်၊ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်"

"ကောင်းပါပြီ၊ စောနန္ဒာလည်း အနားယူပေဦးတော့၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော်တို့ ဒီပတ်ဝန်းကျင်မှာ ကင်းလှည့်ရင်း စောင့်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုကျော်စွာ"

စောနန္ဒာက ကျော်စွာကို နှုတ်ဆက်ပြီးနောက် ဟော်နန်းအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။





## အခန်း [ ၁၈ ]

# အတိတ်မှ ရန်ငြိုးရန်စ

နောက်နှစ်ရက်ခန့် ကြာသောအခါ တောင်တန်းများပေါ်တွင် ဆေးမြစ်ဆေးဥနှင့် ဂမုန်းပင်များ သွားရှာနေသော ဦးစိုင်းလုံ ပြန်ရောက်လာသည်။

ဦးစိုင်းလုံသည် အသက်ငါးဆယ်ကျော် အရွယ်သို့ရှိပြီး အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ဖျတ်လတ် သွက်လက်နေဆဲဖြစ်သည်။ သျှောင်တစောင်းကို ခေါင်းပေါင်းထားကာ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများရှိပြီး မျက်လုံးများက အရွယ်နှင့်မမျှအောင် စူးရှတောက်ပြောင်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဦးစိုင်းလုံနှင့် တွေ့သောအခါ အခြေအနေများကို ပြောပြလိုက်သည်။

ထိုအခါ ဦးစိုင်းလုံက...

"လောကမှာ အနာရှိရင် ဆေးရှိစမြဲပါကွယ်၊ အနာနဲ့ဆေး သင့်အောင် ပေးတတ်ဖို့သာ လိုပါတယ်၊ ဆေးဘက်မဝင်တဲ့အပင်၊ ဆေးဘက်မဝင်တဲ့ အရာဝတ္ထုဆိုတာလည်း မရှိပါဘူး၊ 'ဝိသဿ–ဝိသမောဓ' ဆိုတဲ့ ပါဠိစကားလိုပါပဲ၊ အဆိပ်သည်ပင် အဆိပ်ရဲ့ဖြေဆေး ဖြစ်ပါတယ် လူကလေး"

ဟု ပြောပြသည်။

"လူကလေးပြောတဲ့ အကြောင်းတွေကို နားထောင်လိုက်တာနဲ့ ဘယ်သူ့လက်ချက်လဲဆိုတာ အဘ ခန့်မှန်းနိုင်ပါတယ်၊ အတတ်ပညာတစ်ခုဆိုတာ ထူးချွန်လာတဲ့အခါမှာ သိပ်ပြီး အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအတတ်ပညာကို ကောင်းတဲ့ဘက်မှာ အသုံးချရင် သိပ်ကောင်းပြီး မကောင်းတဲ့ဘက်မှာ အသုံးချရင်တော့ သိပ်ဆိုးတာတွေ ဖြစ်လာနိုင်တယ်"

"ဟုတ်ပါတယ် အဘ"

"ရှေးက စက္ကောမပညာဆိုတာ ရှိတယ်၊ အဲဒီအတတ်ပညာကို ဒီဘက်ရောက်လာတော့ မှော်အတတ်ပညာတွေ





အဖြစ် ပြောင်းသုံးလာကြတယ်၊ အမှန်တော့ မှော်ပညာတွေကို ရောဂါကုထုံးကျမ်းတွေထဲမှာ ထည့်သုံးခဲ့ရင် လူ့အသက်ကို ကယ်နိုင်တဲ့ ဆေးကောင်းဝါးကောင်းတွေ၊ အတတ်ပညာတွေ၊ ကုထုံးတွေ ဖြစ်လာနိုင်တယ်"

"ဟုတ်ကဲ့"

"အဲဒီလို မဟုတ်ဘဲ လူတွေကို ဒုက္ခပေးတဲ့ ပြုစားနည်းတွေဘက်ကို အသုံးချတော့ ကြောက်စရာကောင်းတဲ့ စုန်း၊ ကဝေ အတတ်ပညာတွေ ဖြစ်ကုန်တာပေါ့ကွယ်"

"ဟုတ်ပါတယ် အဘ"

"ထမန်းကျားလို့ လူတွေသိနေတဲ့ ထမန်းမျိုးနွယ်တွေ အကြောင်းကို အဘ နည်းနည်းပြောပြမယ်၊ အဲဒီ မျိုးနွယ်ဆက်တွေဟာ ဟိုးနှစ်ပေါင်းများစွာကတည်းက ရှိနေတာပဲ၊ နာဂတောင်တန်းတွေဘက်က အစ ပျိုးခဲ့တဲ့ ပညာရပ်တစ်ခုပဲ၊

နာဂတွေဟာ တောထဲ တောင်ထဲမှာနေကြတာဆိုတော့ သားကောင်ဖမ်းဆီးတဲ့အခါမှာ ကျားတစ်ကောင်လို အားမာန်အပြည့်နဲ့ ဖမ်းဆီးကြရတယ်၊ အမှန်တော့ လူကိုယ်ထဲကို ကျားစိတ်သွင်းတာပါပဲ၊ အဲဒါကို ထမန်းကျားလို့ ခေါ်ကြတာပါ"

"ဟုတ်ကဲ့... အဘ"



www.burmeseclassic.com

www.burmeseclassic.com



"သားကောင်ဖမ်းတဲ့အခါမှာ ဒီကျားစိတ်သွင်းပြီး ဖမ်းရင် အလွယ်တကူရနိုင်လို့ တစ်ဖက်က ကောင်းတယ် ဆိုပေမယ့် ဒီစိတ်ကို အကြောင်းပြုပြီးတော့ ရန်ငြိုးဖွဲ့တာတို့၊ လက်တုံ့ပြန် တိုက်ခိုက်တာတို့၊ အခြားလူတွေကို ဒုက္ခပေးတာမျိုးကတော့ မကောင်းပြန်ဘူး"

"ဟုတ်ကဲ့"

"နောက်တော့ တောင်ပေါ်မှာနေတဲ့ နာဂတွေဟာ ချင်းတွင်းမြစ်ရိုးဘက် ရောက်လာခဲ့ပြီး ထမံသီရွာမှာ အဲဒီ ပညာတွေ အဟော်ပျံ့နှံ့လာခဲ့တယ်၊ ထမံသီရွာကို အစွဲပြုပြီး တော့ ထမန်းကျားဆိုတဲ့အမည် ဖြစ်လာခဲ့တာပဲ"

"ဟုတ်ပါတယ်"

"ထမံသီနယ်ဘက်ကလူတွေ မှန်သမျှ ကျားမျိုးနွယ် တွေလို့ သတ်မှတ်လို့တော့ မရဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီဘက်မှာရှိတဲ့ လူတိုင်း အဲဒီလို မတတ်ကြဘူး၊ မလုပ် ကြပါဘူး၊ မိုင်းခွန်းရွာဘက်မှာတော့ အရင်က အဲဒီမျိုးနွယ်တွေ ရှိခဲ့ဖူးတယ်၊ အဲဒီတုန်းက အဆက်အနွယ်တွေဟာ အခုထိ အဲဒီမှာ ကျန်နေသေးတယ်၊ အရင်က အဲဒီနယ်ဘက်က မမင်းဇာဆိုတဲ့ အမျိုးသမီးတစ်ယောက် ဒီဟော်နန်းကို ရောက် လာဖူးတယ်၊ သူ့အတွက်ကြောင့် ဒီဟော်နန်းမှာ အတော်





ကွတွေဖြစ်ခဲ့ဖူးတယ်၊ ဒီဟော်နန်းနဲ့ပတ်သက်တဲ့ အနှောင့် ယှက်တွေမှန်သမျှ ဒေါ်မင်းဇာရဲ့ ပယောဂတွေ သိပ်မကင်း ဘူးလို့ ကျုပ်ထင်တယ်"

ဦးစိုင်းလုံ၏ မှတ်ချက်ချ ထင်ကြေးပေးမှုကို ကျော်စွာ နေနဲ့ လက်ခံသည်။ အဘယ်ကြောင့်ဆိုသော် ယခုတလော ဖြစ်ပျက်နေမှုများမှာ ဦးစိုင်းလုံ ထင်သကဲ့သို့ ဖြစ်နိုင်သော အကြောင်းများ ရှိနေပေသည်။

"ကျုပ် ကြားဖူးတာကတော့ ထမန်းနက်ဂိုဏ်းဆိုပြီး လျှို့ဝှက်စွာ ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ရှိတယ်၊ သူတို့အဖွဲ့ ဟာ လူတွေဆီက ပစ္စည်းဥစ္စာတွေကို လုယက် တိုက်ခိုက် ကြတယ်၊ သူတို့ရဲ့ အဓိက လက်နက်တွေကတော့ အဆိပ် တွေ ထည့်ထားတဲ့ ကျားလက်သည်းပဲ လူကလေး"

"ဘယ်လို ကျားလက်သည်းလဲ အဘ"

"ကျားတစ်ကောင်ဆီက ရတဲ့ လက်သည်းတွေကို လက်အိတ်မှာတပ်ထားပြီး အဲဒီလက်သည်းမှာ အဆိပ်တွေ ထည့်ထားတာပဲ"

"ဟုတ်တယ်... ဟုတ်တယ်၊ ဟိုတလောက သေသွား တဲ့လူဟာ အဲဒီလက်သည်းချက်ကြောင့် သေရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ထမန်းနက်အဖွဲ့သားတွေဟာ အရေးအကြောင်း ရှိလာတဲ့အခါ ကျားတစ်ကောင်ရဲ့ စိတ်မျိုးသွင်းပြီး ခုန် ကျော်လွှား တိုက်ခိုက်နိုင်ကြတယ်၊ သူတို့လက်သည်း တစ်ချ ထိတာနဲ့ အဆိပ်သင့်ပြီး ချက်ချင်း သေနိုင်တယ်"

"ကြောက်ဖို့ ကောင်းလှပါလား၊ အဲဒါကို ဘယ်လို ကာကွယ်နိုင်မလဲ အဘ"

"အဆိပ်သင့်တာနဲ့ ချက်ချင်းဖြေဆေးသောက်နိုင်မယ် ကုသနိုင်မယ်ဆိုရင်တော့ အသက်အန္တရာယ် မရှိနိုင်ပါဘူး ကျုပ်မှာ အဲဒီလို အဆိပ်ဖြေဆေးတွေ ဖော်စပ်ဖို့ ပင့်ကူ ဂမုန်းဥတွေ အများကြီး ပါလာပါတယ်"

ဟု အားရှိဖွယ်ရာ ပြောပြလေသည်။

ဦးစိုင်းလုံက ဆက်ပြောသည်။

"နောက်ပြီး ကျုပ် ကြားထားတာက အဲဒီထမန်းနက် အဖွဲ့တွေဟာ ဒေါ်မင်းဇာနဲ့ တစ်နည်းတစ်ဖုံ အဆက်အသွယ် ရှိပုံရတယ်၊ သူတို့ရဲ့ အဓိက ရည်ရွယ်ချက်က ဒေါ်မင်းဇာ ပတ်သက်ခဲ့တဲ့ ဒီဟော်နန်းအမွေကို မရ,ရအောင် ပြန်တို ယူဖို့ အကြံအစည် ရှိကြပုံပေါ်တယ်"

"ဟင်... ဟုတ်လား"





"ဟုတ်တယ်၊ အခုခေတ်ကာလက နယ်ချဲ့တွေရန် ကြောင့် တိုင်းပြည်အဝန်းမှာ မငြိမ်မသက်ဖြစ်နေတယ် မဟုတ် လား၊ တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသလို သူတို့အတွက် အခွင့်ကောင်းကာလ ဆိုတော့ ဒီဟော်နန်းကို သူတို့ ဝင်ရောက် တိုက်ခိုက်ဖို့ အကောင်းဆုံး ပေါ့ကွယ်"

"သူတို့ ထမန်းနက်အဖွဲ့ကို ဘယ်သူက ဦးဆောင်နေ သလဲဆိုတာ ဦးစိုင်းလုံ သိသလား"

"တပ်အပ်တော့ မပြောနိုင်ဘူး၊ ငါ့အထင်ပြောရရင် တော့ အရင်က ဒီဟော်နန်းက ပျောက်ဆုံးသွားတဲ့ ဒေါ်မင်းဇာ နဲ့တော့ အဓိက ပတ်သက်မယ် ထင်တယ်"

ဟု ပြောပြလေရာ ကျော်စွာအနေနှင့် ရှေးကထက်ပို၍ သတိ ဝီရိယ ထားရလိမ့်မည်ဟု တွေးမိသည်။ ထို့ထက် သခင်မလေး စောနန္ဒာအတွက်လည်း အန္တရာယ်က ကာကွယ် ပေးရန် လိုအပ်လိမ့်မည်။

အကယ်၍ ဦးစိုင်းလုံပြောသလို ထမန်းနက်အဖွဲ့ဝင် များသည် ဟော်နန်းအမွေကို ပြန်ရအောင် ကြိုးစားကြမည် ဆိုလျှင် စောနန္ဒာအား ဘယ်လိုအကြောင်းနှင့်မျှ ချမ်းသာပေး လိမ့်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ပိုမိုဂရုစိုက်ရန် တွေးမိသည်။

ဘာပဲဖြစ်ဖြစ်...

ဦးစိုင်းလုံ ပြန်ရောက်လာသည့်အတွက်တော့ အားတက်ဖွယ်ရာပင်။

ဦးစိုင်းလုံက ပင့်ကူနက် ဂမုန်းဥများအား အဆိပ်ဖြေဆေးများ ဖော်စပ်ကာ ဟော်နန်းအတွင်းရှိ လူများကို ပေးထားသည်။

အချို့ကို စုတ်ဖြင့်ထိုးသည်။

အချို့ကို ဆေးကျွေးသည်။

အချို့ကိုတော့ အဆောင်အဖြစ် ပေးထားသည်။

ထိုအဆိပ်ဖြေဆေးများ ရရှိသောကြောင့် အဖွဲ့ဝင်များမှာ စိုးရိမ်စိတ်များ အတန်အသင့် လျော့ပါးသွားလေသည်။

နောက်တစ်ရက်တွင် ကျော်စွာကို လူတစ်ယောက်က ပေစာတစ်စောင် လာပေးလေသည်။

ပေစာမှာ ကတ္တီပါစ,အနီဖြင့် သေချာစွာ ပတ်ထုပ်ထားလေသည်။ ဖြေကြည့်လိုက်သောအခါ သင်္ကေတ ရေးနည်းဖြင့် ရေးထားသော ပေစာတစ်ရွက်ကို· တွေ့ရသည်။

ပေစာပေါ်တွင် ရေးထားသော အကြောင်းအရာမှာ...





(ကျောက်မျက်ရှင် လည်ဆွဲကို ပြန်လိုချင်ရင် လပြည့်နေ့ ညမှာ မြောက်ပြင်က ဘုရားကုန်းပေါ်ကို တစ်ယောက်တည်း လာခဲ့ပါ)

ဟူ၍ ဖြစ်ပေသည်။

သို့ကြောင့်...

ထိုအကြောင်းကို မည်သူ့ကိုမှ အသိမပေးတော့ဘဲ ရန်မျိုးအောင်ဓားကိုယူပြီး လပြည့်နေ့ ညဘက်တွင် ဘုရားကုန်းဘက် ထွက်ခဲ့သည်။

ညဦးပိုင်းဖြစ်သောကြောင့် နှင်းမှုန်နှင်းဖွဲများ မထူထပ်သောကြောင့် လရောင်က မှုန်ဝါးဝါး ကျဆင်းနေသည်။

ဘုရားကုန်းမှာ ဟော်နန်းရှိရာနှင့် အတန်ငယ်ဝေးသောကြောင့် မြင်းနှင့်လာရသည်။

ကုန်းတော်ပေါ်ရောက်သောအခါ တိတ်ဆိတ် ငြိမ်သက်လျက်ရှိပြီး သက်ရှိသတ္တဝါဟူ၍ တစ်စုံတစ်ယောက်မှ မတွေ့ရပေ။

သူ ရင်ပြင်တော်ပေါ်ရောက်သည်အထိ အခြေအနေက မထူးခြားသေးပေ။

စေတီတော်ဆီမှ ဆည်းလည်းသံလေးများက လေအဝှေ့ဝယ် ကြည်နူးဖွယ်ရာ ပေါ်ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်တစ်ပတ် လိုက်ကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့ရပေ။

"ငါ့ကို တစ်ယောက်ယောက်က နှောင့်ယှက်ပြီ ထင်တယ်"

ဟု တွေးရင် ရင်ပြင်တစ်နေရာတွင်ထိုင်ပြီး စေတီတော်အား ဝတ်ပြု ကန်တော့လိုက်သည်။

ထိုအခိုက်ကလေးမှာပင် သူ့နောက်ဖက်ဆီမှ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ သတိပြုမိလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

လရောင်အောက်တွင် မည်းမည်းသဏ္ဍာန်တစ်ခုက သူနှင့် မလှမ်းမကမ်းတွင် မတုန်မလှုပ် ရပ်နေသည်။

ကျော်စွာက ဓားကို အသင့်ကိုင်ပြီး နေရာမှ သတိဖြင့် ထ,သည်။

"မင်း... သစ္စာပျက်တယ်"

မည်းမည်းသဏ္ဍာန်ဆီမှ စကားသံ ထွက်လာသည်။

"ကျုပ်က ဘာသစ္စာပျက်လို့လဲ၊ ခင်ဗျား ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာ မင်း မေ့နေပြီလား၊ မင်းကို ဒီအခြေအနေ ရောက်အောင် တွန်းပို့ပေးလိုက်တဲ့ မင်းရဲ့ ကျေးဇူးရှင်လေ"





သည်တော့မှ အသံကို မှတ်မိသလို ရှိသွားတော့သည်။

"ဒေါ်မင်းဇာ..."

ရပ်နေသူက ၎င်းဦးခေါင်းတွင် စွပ်ထားသော ကျားခေါင်းသဏ္ဍာန် အဝတ်နက်စကို ဖယ်လိုက်သောအခါမှ ဒေါ်မင်းဇာ၏ မျက်နှာကို မသဲမကွဲ လှမ်းမြင်ရသည်။

"ကျုပ်ဆီက လည်ဆွဲကို ဝင်နိုးသွားတာ ခင်ဗျားတို့လား"

"မင်းလက်ထဲက ဓားနဲ့ လည်ဆွဲက ငါရှာပေးထားတဲ့ ပစ္စည်းပဲ၊ တကယ်လို့ ငါပြန်ယူတော့လဲ ဘာဖြစ်သလဲ၊ ဒါပေမယ့် ငါ အခုလာတာ မင်းနဲ့ စာရင်းရှင်းစရာရှိလို့ လာခဲ့တာ"

"ကျုပ်နဲ့က ဘာစာရင်း ရှင်းစရာရှိသလဲ"

"ငါ့မှာ ရည်ရွယ်ချက်တွေ အများကြီးရှိတယ်၊ မင်းကို ဓားနဲ့ လည်ဆွဲပေးပြီး မာလာနဲ့ နီးစပ်အောင် မိုင်းပွန်ဟော်နန်းရဲ့ အတွင်းထဲရောက်အောင် ငါ စီမံကိန်းချပြီး လုပ်ခဲ့တာပဲ၊ အခုတော့ မင်းက ငါထင်သလို ဖြစ်မလာဘူး၊

ငါက ငါမကြိုက်တာလုပ်ရင် ဘယ်လိုဆုံးမတတ်တယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

"စပ်နန္ဒကို အချုပ်ထဲ တမင်လွှတ်ပေးပြီး နောက်က လိုက်သတ်လိုက်တာ ခင်ဗျား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ စပ်နန္ဒက ငါ့အကြောင်းတွေကို သိနေတဲ့ လူဆိုတော့ မိုင်းပွန်ဟော်နန်းကို ပြန်အရောက်ခံလို့ ရတာပဲ ဖြစ်မလဲ၊ ဒါကြောင့် သတ်ပစ်လိုက်တာ"

"ခင်ဗျား သိပ်ရက်စက်တယ်၊ ဟူးကောင်း သချိုင်း ဟောင်းမှာ အသတ်ခံရတဲ့လူတွေလည်း ခင်ဗျားတို့သတ်တာ မဟုတ်လား"

"သူတို့ကတော့ ငါ လျှို့ဝှက်ထားတဲ့ ပစ္စည်းတွေကို တမင်လာရှာနေကြလို့ မသတ်ချင်ဘဲ သတ်လိုက်ရတာပါ"

"ခင်ဗျားဟာ တကယ်တော့ လမ်းမှားရောက်နေတဲ့ သူပဲ၊ ကိုယ့်အတ္တအတွက်ပဲ ကြည့်ပြီးတော့ မလုပ်သင့်တာ တွေကို လုပ်နေတာပဲ၊ အခုအချိန်ဟာ ကိုယ့်တိုင်းရင်းသား အချင်းချင်းတွေ သွေးစည်းညီညွတ်ရမယ့်အချိန်၊ တိုင်းတစ်ပါး က ရန်သူတွေကို ပြန်တိုက်ရမယ့်အချိန်မှာ ခင်ဗျားလုပ်နေတဲ့ အလုပ်တွေဟာ သိပ်ပြီး လမ်းမှားနေတယ် ဒေါ်မင်းဇာ"

"ဩော်... မင်းကတောင် အခု ဒီလေသံတွေနဲ့ ငါ့ကို ပြန်ပြီး နားချနေတယ်ပေါ့၊ ဟေ့... ဒီမှာ ကျော်စွာ... ငါ ပိုင်ဆိုင်ခွင့်ရှိတဲ့ ဟော်နန်းအမွေကို ပြန်ရအောင် ကြိုးစားတာ ငါ မှားသလား၊

မင်းကို ငါ တစ်ခု သတိပေးလိုက်မယ်၊





ငါ့လုပ်ငန်းထဲမှာ ဘာမှ ဝင်မပါနဲ့၊ တကယ်လို့ မင်းနဲ့ ငါနဲ့ နောက်တစ်ကြိမ်တွေ့ရရင်တော့ ငါ့ကို အဆိုးမဆိုနဲ့နော်"

"ခင်ဗျားကို ကျုပ် ထပ်ပြောမယ်၊ ခင်ဗျား မှားနေ တယ် ဒေါ်မင်းဇာ၊ ခင်ဗျားမျှော်လင့်သလို ကျုပ် မာလာကို လက်မထပ်နိုင်ဘူး၊ သူ့ကို နှမလေးတစ်ယောက်လိုပဲ ခင်တယ်၊ နောက်ပြီး ဒီအချိန်မှာ ကျုပ် ဒါတွေကို လုံးဝ စိတ်မဝင်စား သေးဘူး"

"ဩော်... မင်းက ဟော်နန်းက စောနန္ဒာအပေါ် စိတ်ညွတ်နေလို့ ဒီစကားမျိုး ပြောတာလား၊ ဒီမှာ မင်းကို ငါတစ်ခုပဲ ပြောလိုက်မယ်၊ ဒီဟော်နန်း အမွေက မကြာခင် ငါ့လက်ထဲကို ရောက်တော့မှာ၊ အဲဒီကျမှ မင်း နောင်တ မရ စေနဲ့"

ဟု ပြောကာ လှွားခနဲ တောင်အောက်သို့ ခုန်ဆင်း သွားတော့သည်။ ကျော်စွာ နောက်မှလိုက်ကြည့်တော့ အစ အနမျှပင် မတွေ့ရတော့ပေ။

ဒေါ်မင်းဇာ၏ အသက်အရွယ်နှင့် မြန်ဆန်သွက်လက် သည်ကို အံ့သြနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၉ ]

# မိုင်းခွန်းရွာကိုက်ပွဲ

နောက်ပိုင်းရက်တွင် သူတို့ရှိရာ မိုင်းပွန်ဟော်နန်းသို့ သတင်းတစ်ခု ရောက်လာသည်။

အခြားမဟုတ်ပေ...။

မိုင်းပွန်ဟော်နန်းသို့ ဝင်ရောက် တိုက်ခိုက်ရန်အတွက် နယ်ချဲ့မျက်နှာဖြူများ သည်ဘက်ကိုလာနေပြီဖြစ်ရာ ယခုအခါ မိုင်းခွန်းရွာတစ်ဝိုက်တွင် စခန်းချနေသည် ဟူသော သတင်းဖြစ်သည်။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာတို့တစ်တွေမှာ အားလုံးတိုင်ပင်ပြီး လိုအပ်သော အစီအစဉ်များကို ပြုလုပ်ရလေသည်။

ဦးစိုင်းလုံ၊ ဘရန်၊ စိုင်းကျော်တို့နှင့် အခြားတပ်ဖွဲ့များကို ဟော်နန်းလုံခြုံအောင် စောင့်ကြရန် တာဝန်ပေးသည်။

"ကိုကျော်စွာ ရန်သူတွေက ကျုပ်တို့ဆီကို လာမှာဆိုတော့ ဒီမှာ ခံစစ်ပြင်တာလည်း ပြင်တာပေါ့၊ အကောင်းဆုံးက ဒီက လက်ရွေးစင် တိုက်ခိုက်ရေးသမားတွေ သွားပြီး လမ်းကဖြတ်တား တိုက်နိုင်ရန် ပိုကောင်းမယ်"

"ဘယ်လို တိုက်ချင်ကြသလဲ"

"လူနည်းနည်းနဲ့ ပြောက်ကျားနည်းနဲ့ တိုက်ရင် ပိုကောင်းမယ်"

"ဟုတ်တယ် ကိုကျော်စွာ၊ ဟော်နန်းမှာ ဖောက်ခွဲရေးပစ္စည်းတွေလည်း ရှိတာပဲ၊ ကျုပ်တို့ လမ်းက ဖြတ်တိုက်တာ ပိုကောင်းမယ်"

"နောက် သတင်းတစ်ခု ကြားတာရှိသေးတယ်"

"ဘာလဲ..."

"အခု နယ်ချဲ့တွေက ဟော်နန်းကိုတိုက်ဖို့ ထမန်းနယ် ဂိုဏ်းသားတွေကို စည်းရုံးပြီး ပူးပေါင်းလိုက်တယ်လို့ သတင်းကြားရတယ်"





"တောက်... ဒါ အသားထဲက လောက်ထွက်တာပဲ၊ ကိုယ့်အမျိုးသားချင်း သစ္စာဖောက်တာပဲ"

"ဟုတ်တယ်... ဒါကြောင့် ကျုပ်တို့က လက်ဦးဖို့လိုတယ်၊ ရန်သူတွေ ဒီဘက်ရောက်မလာခင် လမ်းကနေ ဆီးကြိုဖြတ်တိုက်ရင် ပိုကောင်းမယ်"

"ကောင်းပြီလေ၊ အစီအစဉ်လုပ်ပြီး ချက်ချင်းသွားကြတာပေါ့"

ကျော်စွာရဲ့စိတ်ထဲမှာလည်း မိုင်းခွန်းရွာသို့ တစ်ခေါက်ပြန်သွားချင်နေသည်။ မာလာနှင့် တွေ့ချင်နေသည်။

အချိန်ရပြီး အဆင်ပြေပါက မာလာနှင့်တွေ့ပြီး အကျိုးအကြောင်းများ မေးချင်သည်။

ကျော်စွာ မိုင်းခွန်းသို့သွားရန် လူခုနစ်ယောက်ကို ရွေးထုတ်သည်။ တံခါးဟူသမျှ၊ သော့ဟူသမျှ ဖွင့်နိုင်သော ဘဖဲ၊ လေးမြားကျွမ်းကျင်သူ ငမဲလုံး၊ လုံထိုး လုံပစ် တော်သူ မောင်ရှိန်၊ ဓားခုတ် ဓားရေး အစွမ်းထက်သူ စိုင်းနော်၊ ယမ်းစပ်နည်း၊ ဖောက်ခွဲနည်း၊ မိုင်းထောင်ရန်အတွက် စစ်အောင်၊ လမ်းပြကျွမ်းကျင်သူ ငခွေးနှင့် ဆေးဆရာကြီး ဦးစိုင်းလုံတို့ကိုပါ ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရန်အတွက် မြင်းများကို ပြင်ဆင်နေဆဲမှာပင် သခင်မလေး စောနန္ဒာက အနီးသို့ ရောက်လာပြီး ဤသို့ မှာကြားလေသည်။

"ကိုကျော်စွာတို့တစ်တွေ သတိ ဝီရိယထားပြီး လုပ်ကိုင်ကြပါ၊ အခုအချိန်က ကျွန်မတို့အတွက် အလွန်အရေးကြီးတဲ့ အချိန်ကို ရောက်နေပြီ"

"ဟုတ်ပါတယ် သခင်မလေး"

"အခု နယ်ခွဲ့တွေက နယ်ခံဖြစ်တဲ့ ထမန်းနက်ကိုထား သားတွေကို စည်းရုံးပြီး ပူးပေါင်းလိုက်တယ် ဆိုတာကတော့ ကျွန်မတို့အတွက် အတော် သတိထားရမယ့် ကိစ္စပဲ"

"ဟုတ်ပါတယ် သခင်မလေး၊ အခု ကျွန်တော်တို့ သွားတာကလည်း အခြေအနေမှန်ကို သိချင်လို့ ကြိုပြီး သွားကြတာပါ၊ ဟိုရောက်တဲ့အခါမှာ အခြေအနေကြည့်ပြီး ဆောင်ရွက်ကြမှာပါ"

"ကိုကျော်စွာတို့ ကိစ္စပြီးတာနဲ့ ပော်နန်းကို အမြန်ဆုံး ပြန်လာကြမှာ မဟုတ်လားဟင်"

"စိတ်ချပါ... အမြန်ဆုံး ပြန်လာမှာပါ"

"ကိုကျော်စွာ... မိုင်းခွန်းရောက်ရင် မာလာဆိုတဲ့ မိန်းကလေးနဲ့ တွေ့ဖြစ်ဦးမှာလား"





ထိုစကားကြောင့် ကျော်စွာ အပြေရခက်သွားသည်။

"ဪ... ဒီလိုပါ၊ ကျွန်မ မေးတာက မာလာဆိုတဲ့ မိန်းကလေးနဲ့တွေ့ရင် အခြေအနေ အတော်များများ သိနိုင်မလားလို့ပါ"

"ဟုတ်ကဲ့၊ အဆင်ပြေရင် ကျွန်တော် တွေ့ပြီး မေးခဲ့ပါ့မယ် သခင်မလေး"

"ကောင်းပါပြီ... ကိုကျော်စွာတို့တစ်တွေ ဘေးမသီ ရန်မခ,ဘဲ အောင်မြင်မှုရကြပါစေ"

ကျော်စွာတို့တစ်တွေ သခင်မလေး စောနန္ဒာအား နှုတ်ဆက်ပြီး မြင်းပေါ်တက်ကာ မိုင်းခွန်းဘက်သို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြသည်။ မိုင်းပွန်နယ်တစ်ကြောတွင် ထုံးလိုမွှေ ရေလိုနှောက်နိုင်သူ ငခွေး ပါလာသောကြောင့် ပုံမှန်လမ်းများမှ မသွားဘဲ လျှို့ဝှက်လမ်း၊ ဖြတ်လမ်းများမှ သွားကြလေသည်။

ဖြတ်လမ်းများမှာ လမ်းကြမ်းသည်၊ ခက်ခဲသည်ဆိုသော်လည်း ခရီးတွင်လှသည်။ တောင်တက်လမ်းများတွင် လူစီးသော မြင်းများထက် ဖောက်ခွဲရေးပစ္စည်း တင်ထားသော မြင်းကို အထူးဂရုစိုက်ကာ မောင်းနှင် ခေါ်ဆောင်ရသည်။

လမ်းမရှိသော တောင်ကြားများမှသော်လည်းကောင်း၊ တောနက်အတွင်းမှ သွားရသောအခါ အခြား [illegible]ရိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များရန်ကိုသာ ဂရုပြုရပြီး အခြားအန္တရာယ်အတွက် စိတ်ချလုံခြုံမှု ရရှိလေသည်။

မိုင်းခွန်းရွာမှာ နယ်စပ်နှင့်နီးပြီး စခန်းထောက် စခန်းချရာ နေရာလည်းဖြစ်၊ လမ်းခုလတ်နေရာလည်း ဖြစ်သောကြောင့် မိုင်းပွန်သို့ချီတက်လာသော နယ်ချဲ့စစ်တပ်များမှာ မိုင်းခွန်းရွာတွင် ဂင်ရောက် စခန်းချနေကြခြင်း ဖြစ်၏။

ထိုသို့ စခန်းချရင်းမှပင် မိုင်းပွန်ဟော်နန်းကို ရန်ရှာလိုသော ထမန်းနက် အဖွဲ့သားများနှင့် ပူးပေါင်း ဆက်သွယ်မိခြင်းဖြစ်မည်ဟု တွေးမိကြသည်။

နယ်ခံတစ်ဦးကို စုံစမ်းကြည့်သောအခါ...

နယ်ချဲ့စစ်သားများမှာ မိုင်းခွန်းရွာအနီးရှိ တောင်ကုန်းတစ်ကုန်းပေါ်တွင် ခေတ္တစခန်းချနေကြောင်း သိရပြီး အင်အားတစ်ရာကျော်ခန့် ရှိသည်ဟုလည်း သိရလေ၏။

"ဒီနယ်ချဲ့တွေဟာ ကုက္ကိုးဘက်က ဆင်းလာတဲ့လူတွေ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ မိုင်းပွန်ကို ဆက်ပြီး မသွားနိုင်အောင်တော့ တို့တစ်တွေ တတ်နိုင်သမျှ ဟန့်တားရမယ်၊ နယ်ချဲ့တွေရဲ့ အင်အားက တို့ထက် အများကြီးသာတော့ ဒီအတိုင်း ပြောင်ဝင်တိုက်လို့တော့ မဖြစ်ဘူး၊ ညအမှောင်ကို





အားကိုးပြီး ပြောက်ကျားနည်းဗျူဟာသုံးပြီး အလစ်ဝင်တိုက်မှ ဖြစ်မယ်"

"ကောင်းပါတယ်"

"ဒီလိုတိုက်တဲ့အခါမှာလည်း တစ်ယောက်ချင်း တစ်နေရာစီခွဲပြီး လျှပ်တစ်ပြက် တိုက်ကြမယ်၊ ဆရာကြီးကတော့ တစ်နေရာကနေ စောင့်နေပါ"

ဟု ဦးစိုင်းလုံကို လှည့်ပြောလိုက်သည်။

"ကျုပ်က ဘာကြောင့် စောင့်နေရမှာလဲ"

"ဆရာကြီးက အသက်အရွယ်ကြီးပြီဆိုတော့ အန္တရာယ်ဖြစ်မှာ စိုးရိမ်လို့ပါ"

"မောင်ရင်လေးက ကျုပ်ကို အထင်သေးတာလား၊ ကျုပ် ဓားတစ်လက်၊ လှံတစ်ချောင်းတော့ ကောင်းကောင်းနိုင်ပါသေးတယ်၊ ကျုပ်တတ်ထားတဲ့ ရှမ်းရိုးရာသိုင်းပညာကိုလည်း ဒီနေရာမှာ ကောင်းကောင်း အသုံးချပါရစေ၊ ကျုပ်က ဆေးဝါးပညာ ကျွမ်းကျင်သလို ဓားရေးလည်း ကျွမ်းကျင်ပါသေးတယ်"

ဟု ပြောသဖြင့် ဦးစိုင်းလုံကိုပါ ပါဝင် တိုက်ခိုက်ခွင့် ပေးလိုက်သည်။ နေစောင်း၍ အမှောင်ရိပ်သမ်းလာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများ စခန်းချနေသော တောင်ကုန်းအနီးသို့ ချဉ်းကပ်မိကြသည်။

တောထဲတွင် လျှို့ဝှက်စွာ စောင့်ဆိုင်းနေကြစဉ် ခြင်နှင့်မှက်များ ကိုက်ခဲမှု ခံရသော်လည်း မလှုပ်ဝံ့ကြပေ။

အတန်ငယ် ညဉ့်နက်လာသောအခါ အမှောင်ထုများလာသည်နှင့် နှင်းမှုန်နှင်းဖွဲများပါ ကျဆင်းလာသည်။ အအေးဓာတ်က ပိုလာသည်။

မိုင်းခွန်းတောင်ကုန်းမှာ ညအမှောင်ထုအောက်မှ ထီးထီးမားမားကြီး ရှိနေပုံမှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့်ပင် တူနေတော့သည်။

"တို့ လ မွန်းတည့်ချိန်လောက်မှ လုပ်ငန်းစ,မယ်၊ အခု အချိန်ရသမျှ ခဏ နားလိုက်ကြဦး"

ဟုဆိုကာ အသီးသီး ခေတ္တ အနားယူကြသည်။

ကျော်စွာတို့ရှစ်ယောက်မှာ ညဉ့်ဦးပိုင်း တစ်မှေး မှေးလိုက်ကြပြီးနောက် သန်းခေါင်ကျော်လောက်တွင် နိုးလာကြသည်။

"ကဲ... တို့လှုပ်ရှားကြမယ်၊ အစီအစဉ်တွေကတော့ ကျုပ်ပြောတဲ့အတိုင်း တစ်ယောက်ချင်း ပြောက်ကျားစနစ်နဲ့ပြီး လှုပ်ရှားကြမယ်၊ စုရပ်ကတော့ တို့ မြင်းတွေထားခဲ့တဲ့နေရာကိုပဲ သတ်မှတ်ကြမယ်၊ ဘာပြောစရာရှိသလဲ"





"မရှိဘူး"

"မရှိရင် အစီအစဉ်အတိုင်း လှုပ်ရှားကြမယ်၊ တို့ပြည့်အတွက်၊ တို့အတွက်ဟေ့"

ရှစ်ယောက် လက်ဝါးချင်းအပ်ရိုက်လိုက်ကြပြီးနောက် အမှောင်ထဲသို့ တိုးဝင်သွားကြလေတော့သည်။

မကြာမီ ပတ်ဝန်းကျင်တစ်ဝိုက် မူလအခြေအနေအတိုင်း ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ တစ်ခါတစ်ခါ အမှောင်ထဲမှာ တစ်တီတူးငှက်ကလေးများ အော်သံ ပေါ်လာ၏။

ခဏအကြာတွင် တောင်ကုန်းထိပ်တွင် ကင်းစောင့်နေသော နယ်ချဲ့စစ်သားမှာ အမှောင်ထဲမှ ဖြတ်ဝင်လာသော အဆိပ်လူးမြားတစ်စင်းက လည်ပင်းကို လာရောက် စိုက်ဝင်ပြီး အသံပင် မထွက်နိုင်တော့ဘဲ ပစ်လဲကျသွားတော့သည်။

အစောင့်မရှိတော့သောအခါ ထိုနေရာသို့ စစ်အောင်ရောက်လာပြီး ပေါက်ကွဲစေတတ်သော ယမ်းစည်းများကို လိုက်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေရာတွင် ငိုက်မျဉ်းစ,ပြုနေသော အစောင့်မှာ နှင်းမှုန်ကြားထဲမှ ဘွားခနဲပေါ်လာသော မည်းမည်းသဏ္ဍာန်ကို မြင်လိုက်ရသဖြင့် ဇဝေဇဝါဖြင့် သေနတ်နှင့် ထိုးချိန်လိုက်သည်နှင့် လှစ်ခနဲပြေးထွက်လာသော လုံ့တို တစ်ချောင်း ရင်ဝ,ကို လာရောက်စူးဝင်ပြီး တောင်စောင်းမှ အောက်သို့ လိမ့်ကျသွားသည်။

ထိုနေရာတွင် ယမ်းစည်းများ လာရောက်ချပြန်သည်။ ဤသို့ဖြင့် အမှောင်တွင်းမှ တိုက်ခိုက်ရေးသမားများ၏ အသံတိတ် လက်နက်များကြောင့် အစောင့်များ တစ်ယောက်ပြီး တစ်ယောက် သေသွားသောအခါ ခဏအကြာ တောင်ကုန်းပတ်လည်တွင် အစောင့်မရှိတော့။

ထိုအချိန်တွင် စနက်တံကို မီးရှို့ထားသော ယမ်းစည်းများမှာ နယ်ချဲ့များစခန်းချနေသော နေရာများပေါ်သို့ မိုးသီးများပမာ ကျရောက်လာပြီး တဝုန်းဝုန်း ပေါက်ကွဲလေသည်။ အငိုက်မိသွားသော နယ်ချဲ့သမားများမှာ အထိနာပြီး သွေးရူးသွေးတန်းဖြင့် လက်နက်များဆွဲ၍ တောင်ကုန်းပေါ် ပြေးတက်လာရာ အဆက်မပြတ် ဝင်လာသော အဆိပ်လူးမြားတံများကြောင့် တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်သည်။ တစ်နေရာမှ သေနတ်သံများပေါ်လာသဖြင့် ထိုသေနတ်သံ





ကြားရာဘက်သို့ သေနတ်များဖြင့် တရကြမ်း ပြန်လည်ပစ်ခတ်ကာ ဆင်းသွားသော နယ်ချဲ့များမှာ တောင်စောင်းတစ်နေရာတွင် ထောင်ထားသော စနက်တံများအား တက်နင်းမိကာ မိုင်းများ ပြင်းထန်စွာ ပေါက်ကွဲပြန်သဖြင့် သေကြပြန်သည်။

ထိုအချိန်တွင် အခြားတစ်ဖက်မှ တောင်အောက်ဆင်းရန် ကြိုးပမ်းကြသော နယ်ချဲ့များလည်း ယင်းစည်းများကြောင့် ပေါက်ကွဲမှုများဖြစ်ကာ အတုံးအရုံး သေကြပြန်ရာ နယ်ချဲ့များမှာ တစ်ဖက်ရန်သူကို မမြင်ရဘဲ ပေါက်ကွဲမှုများကြောင့် လူအတော်များများ သေကုန်သဖြင့် သွေးရူးသွေးတန်းဖြစ်ကာ မည်းမည်းမြင်ရာ စွတ်ပစ်လေသောကြောင့် တိတ်ဆိတ်လျက်ရှိသော ပတ်ဝန်းကျင်တစ်ဝိုက် သေနတ်သံများဖြင့် ငရဲပွက်သံအလား ဆူညံနေတော့သည်။

နယ်ချဲ့များဘက်မှ အရေးနိမ့်နေခြင်းမှာ တစ်ဖက်ရန်သူက သူတို့ကို ကောင်းစွာမြင်နေရပြီး ၎င်းတို့က တစ်ဖက်ရန်သူအား မမြင်ရပေ။

နံနက်လင်းကာနီးသောအခါ အနောက်ဘက် တောင်ကုန်းဘက်မှ နယ်ချဲ့လက်ကျန်များ ဆုတ်ခွာသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းပြီး နှင်းကွဲသွားသောအခါ ပတ်ဝန်းကျင်တစ်ဝိုက် တိတ်ဆိတ်ခြင်းက ပြန်လည် မင်းမူသွားပြန်သည်။ နံနက်လင်း၍ နယ်ခွဲ့များ ဆုတ်ခွာသွားသည်ကို တွေ့ရသော ရွာသားများမှာ ညက သေနတ်သံများကြားရာ တောင်ကုန်းဘက်သို့ အသီးသီး ရောက်လာကြသည်။

ကျော်စွာတို့ကတော့ တောင်ကုန်းပေါ်သို့တက်ကာ အတုံးအရုံး လဲကျသေဆုံးနေသော နယ်ခွဲ့များထံမှ သေနတ်စသော ရသမျှပစ္စည်းများကို လိုက်လံ၍ စုဆောင်း သိမ်းဆည်းနေကြသည်။

ရွာသူ ရွာသားများက လူရှစ်ယောက်ဖြင့် နယ်ခွဲ့များကို အပြုတ်နှံလိုက်သော လူစွမ်းကောင်းများကို ချီးကျူးမဆုံးနိုင်အောင် ရှိနေကြတော့သည်။

"ဒီမိစ္ဆာကောင်တွေကို အခုလို စေ့စေ့ညက်ညက်ကြေအောင် ဆုံးမလိုက်တာ အတော်ကောင်းတယ်၊ မဟုတ်ရင် သူတို့ရောက်လာကတည်းက ရွာထဲဝင်,ဝင်ပြီး နှိပ်စက်လိုက်တာ မပြောပါနဲ့တော့၊ လူတွေမှာ အတော်ခံကြရတယ်၊ အခုမှပဲ စိတ်ချမ်းသာရတော့တယ်"

ရွာခံသမားတစ်ဦးက အားရပါးရ ပြောပြနေသည်။

ထိုအခါ ကျော်စွာက...





"ဒီရွာဖျားမှာ ဦးထန်ဖုန်းတို့၊ မာလာတို့ နေကြတယ် မဟုတ်လား"

"ဆရာက မာလာတို့နဲ့ သိလို့လား"

"ဟုတ်ကဲ့... သိပါတယ်၊ သူတို့ ရှိကြသေးတယ် မဟုတ်လား"

"အရင်ကတော့ ရွာဖျားဘက်မှာ နေကြပါတယ်၊ ဒါပေမယ့် အခုတော့ မရှိကြတော့ဘူးဗျ"

"ဟင်... ဘယ်ရောက်သွားလို့လဲ"

"ပြောရရင်တော့ ဇာတ်က ခပ်ရှည်ရှည်ဗျ၊ သူတို့က ထမန်းမျိုးနွယ်တွေရဲ့ နောက်ဆုံး အမွေခံမျိုးဆက်တွေပေါ့၊

မာလာတို့ရဲ့အဒေါ် ဒေါ်မင်းဇာဆိုတာ ထမန်းမျိုးနွယ်တွေထဲမှာ နာမည်ကြီးပေါ့၊

ကြာတော့ ကြာခဲ့ပြီဗျ၊ လူတစ်ယောက်ကို သတ်မိတာနဲ့ ရာဇဝတ်သင့်ပြီး ဟိုဟူးကောင်းတောင်ကြား တစ်ဖက်က ရွာတစ်ရွာမှာသွားပြီး ဇာတ်မြှုပ်နေတယ်လို့ သတင်းကြားတယ်၊

ဒါပေမယ့် အခုတော့ ရွာကို ပြန်ရောက်လာတာ တွေ့ရတယ်"

"ဩော်... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ မရောက်ခင်ကလေးမှာ မာလာတို့ သားအဖဆီကို နယ်ချဲ့ တော်လှန်ရေးသမားတစ်ယောက် ရောက်လာတယ်လို့ သတင်းကြားလိုက်တယ်၊ နယ်ချဲ့တွေဟာ အဲဒီသတင်းကိုလည်း ကြားရော နယ်ချဲ့တပ်သားတွေ ရောက်လာပြီး မာလာတို့ သားအဖကို ဖမ်းခေါ်သွားကြတယ်"

"ဟင်..."

"ဒါပေမယ့် လမ်းလည်းရောက်ရော ထမန်းကျားလို လူတွေ ထွက်လာပြီး ဝိုင်းကိုက်တာ နယ်ချဲ့တွေ တော်တော်များများ သေကုန်ပါရောလား၊ မာလာတို့ သားအဖလည်း အဲဒီကတည်းက ခြေရာပျောက်သွားကြတယ်၊ အဲဒီနောက်တော့ အခု ဆရာတို့ တိုက်ထုတ်လိုက်တဲ့ နယ်ချဲ့တွေ ရောက်လာပြီး မာလာတို့နေတဲ့ အိမ်ကလေးကို ဖျက်ဆီးပစ်လိုက်ကြတယ်"

"သြော်... ဖြစ်ရလေ"

ကျော်စွာ့ရင်ထဲမှာ စိတ်မကောင်း ဖြစ်သွားသည်။

ထို့နောက် အပြန်တွင် မာလာတို့နေသော နေရာဘက်မှ လှည့်ကြည့်ရာ အိမ်ကလေးမှာ မီးလောင်ကျွမ်းထားသဖြင့် ပြာပုံဘဝ ရောက်နေပြီ။





ယခင်က မာလာနှင့် ဆုံတွေ့ခဲ့ရသော နေရာလေးများမှာ ယခုတော့ ခြောက်သွေ့ တိတ်ဆိတ်လျက်...

"ဘယ်အရပ်၊ ဘယ်ဒေသကိုများ ရောက်သွားပြီလဲ မာလာရယ်၊ ကိုယ့်ရဲ့ အခြေအနေမှန်တွေကို ရှင်းပြခွင့်မှ မရတော့ပါလား၊ ကိုယ်နဲ့ပတ်သက်ခဲ့လို့များ မင်းတို့ အခုလို အဖြစ်ဆိုးတွေနဲ့ ကြုံခဲ့ရတာလားကွယ်"

ကျော်စွာ စိတ်မကောင်းစွာ ရေရွတ်နေမိသည်။

နောက်တော့ နယ်ချဲ့များဆီမှ သိမ်းဆည်းရသော လက်နက်ပစ္စည်းများကို သယ်ဆောင်၍ မိုင်းပွန်သို့ ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၂၀ ]

# ထမန်းနက် ရန်စွယ်

ကျော်စွာတို့တစ်တွေ မိုင်းခွန်းရွာဘက် ရောက်နေကြစဉ် မိုင်းပွန်ဟော်နန်းသို့ ကြောက်မက်ဖွယ်ရာ အန္တရာယ်များ ဝင်လာလေတော့သည်။ လရောင်အားနည်း၍ မှောင်မိုက်သော ညအချိန်တွင် မည်းမည်းသဏ္ဌာန်အချို့သည် မိုင်းပွန်ဟော်နန်း ခြံစည်းရိုးအနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာလေသည်။

၎င်းတို့ လှုပ်ရှားမှုများမှာ လွန်စွာလျင်မြန်လှသောကြောင့် အမှောင်ရိပ်ထဲမှာ ဖျတ်ခနဲပေါ်လာလိုက်၊ ပျော[illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက် ဖြစ်နေသည်။ ယခုကာလသည် နယ်ချဲ့ရန်ကို ကာကွယ်ရန် သတိ တစ်ချက်ကလေးမှ အလစ်ပေး၍မရဘဲ သတိ ဝီရိယနှင့် စောင့်ကြပ်နေရသော ကာလမို့ ပော်နန်း အတွင်းအပြင်မှာ အစောင့်များ ထူထပ်စွာ ရှိနေကြသည်။

တစ်နေရာတွင် ခြံဝင်းထဲကို ခုန်ကျော်ဝင်လာသော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်နှင့် အစောင့် က လက်ထဲမှာ အသင့်ကိုင်ထားသော မြားဖြင့်ပစ်သည်။

မြားထွက်သွားသည်နှင့် အရိပ်မည်းက ထိုနေရာမှာ မရှိတော့။ အစောင့်က ဇဝေဇဝါဖြင့် လိုက်ကြည့်နေစဉ်မှာ ဖျတ်ခနဲ နောက်ဘက်မှပေါ်လာပြီး အဆိပ်လက်သည်းများ ဖြင့် ဝင်ရောက် တိုက်ခိုက်ရာ အစောင့်မှာ နောက်တစ်ကြိမ် မလှုပ်ရှားနိုင်ဘဲ နေရာမှာ လဲကျသွားလေတော့သည်။

အရိပ်မည်းများမှာ တိုက်ရည် ခိုက်ရည် ကောင်းရုံမက လျင်မြန်လှသောကြောင့် အစောင့်အချို့မှာ အချိန်အနည်း ငယ် အတွင်းမှာ အသီးသီး လဲကျကုန်တော့သည်။

ဒဏ်ရာရသူများမှာ အဆိပ်ကြောင့် ချက်ချင်း အသက် သေသွားနိုင်သော်လည်း ဦးစိုင်းလုံ ဖော်စပ်ပေးသော ဆေးများ ကောင်းလှသဖြင့် သတိမေ့ရုံသာ မေ့သွားကြသည်။





ဤသို့ဖြင့် အစောင့်များကို လျင်မြန်စွာ ဝိုက်ခိုက်ပြီးလျှင် အရိပ်မည်းအချို့ သခင်မလေး စောနန္ဒာ အဆောင်ရှိရာ ဘက်သို့ သွားကာ ထိုမှအစောင့်များကိုပါ ထပ်မံ တိုက်ခိုက် ကာ စောနန္ဒာအား ဖမ်းဆီး ခေါ်ဆောင်သွားလေတော့သည်။

အလင်းရောက်ရှိသော နေရာ ရောက်သောအခါမှ ရန်သူများမှာ အနက်ရောင်ဝတ်စုံကြီးများ ဝတ်ဆင်ကာ ကျားခေါင်းသဏ္ဍာန် ခေါင်းစွပ်များအား စွပ်ထားသည်။

လက်တွင် ကျားလက်သည်းများကို အသီးသီး စွပ်ထား ကာလ အဓိကလက်နက်အဖြစ် အသုံးပြု တိုက်ခိုက်ကြသည်။

အထူးခြားဆုံးမှာ ၎င်းတို့၏မျက်လုံးနှင့် အကြည့်များ ပင်ဖြစ်၏။ စူးရှသော ၎င်းတို့မျက်လုံးအကြည့်နှင့် မျက်လုံး ချင်း ဆုံမိလိုက်ပါက တစ်ဖက်လူမှာ စိတ်ညို့ခံလိုက်ရသလို ခေတ္တမျှ ကြောင်၍ ရပ်တန့်သွားစဉ် လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်ကြခြင်း ဖြစ်၏။

ထိုပညာရပ်မှာ ရှေးက ယောနယ်ဘက်မှာ အသုံးများ သော "အဟန့်အတားပညာ"ဟု အရပ်ခေါ်သော စိတ်ညို့ ပညာတစ်မျိုးပင် ဖြစ်၏။ ၎င်းတို့နှင့် အကြည့်ချင်းဆုံမိက် အဟန့်ဖြင့် တန့်သွားသူကို လျှပ်တစ်ပြက် ဝင်ရောက် တိုက် ခိုက်သောနည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စောနန္ဒာ ပါသွားမှန်းသိသောအခါ စခန်းတစ်ခုလုံးရှိ လူများ အုပ်စုခွဲခွဲ၍ လိုက်လံ ရှာဖွေကြသော်လည်း အစအန မျှပင် မတွေ့ရပေ။ နောက်တစ်နေ့တွင် ကျော်စွာတို့အဖွဲ့ ပြန်ရောက်လာသောအခါ ထိုသတင်းဆိုးက ဆီးကြိုနေတော့သည်။

"ဘယ်လိုဖြစ်တယ်ဆိုတာလဲ ပြောပါဦး ဘရန်"

"ဒီလိုကွ... ကျော်စွာရ၊ တို့လည်း မင်းတို့မရှိတုန်း ဟော်နန်းကို ဂရုစိုက်ပြီး စောင့်ကြတာပါပဲ၊ ဒါပေမယ့် ဒီအန္တရာယ်ကောင်တွေက အတော်လျင်တယ်၊ သူတို့က စိတ်ညို့ပညာတွေလည်း တတ်ကြပုံရတယ်၊ သူတို့နဲ့ ရင်ဆိုင်တွေ့လိုက်ရင် ဘာလုပ်ရမှန်း မသိအောင် ကြောင်နေတော့တာပဲ၊ အဲဒီမှာ တို့တစ်တွေ ခံရတာပါပဲ"

ဟု မုဆိုးကြီး ဘရန်က စိတ်ပျက်လက်ပျက် ပြောပြလေသည်။

"ဟုတ်တယ် ကျော်စွာရ၊ တို့တစ်တွေလည်း ဒီလောက် တိုက်ရည် ခိုက်ရည် ညံ့တာမှ မဟုတ်တာ၊ သိုင်းပညာတွေလည်း တတ်ကြတာပဲ၊ ဒါပေမယ့် သူတို့နဲ့တွေ့ရင် ဘာမှ မယ်မယ်ရရ မတုံ့ပြန်နိုင်တာ အခက်ဆုံးပဲ"

"အခု သခင်မလေး စောနန္ဒာ ပါသွားပြီလား"





"ဟုတ်တယ်၊ သူတို့ ဖမ်းသွားကြပြီ၊ မင်း အတန်တန် မှာထားတဲ့ကြားက အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး ကျော်စွာ"

စိုင်းကျော်က ပြောသည်။

"အခု ဒဏ်ရာရသူတွေ အခြေအနေကရော ဘယ်လို ရှိသလဲ"

"ဦးစိုင်းလုံ ဆေးတွေကြောင့် အသက်တော့ မသေကြဘူး၊ ဒါပေမယ့် အတော်ခံကြရတယ်၊ အခု ဦးစိုင်းလုံ ပြန်ရောက်လာလို့ လိုက်ကြည့်ပေးနေတယ်"

"ဒါက အရေးမကြီးဘူး၊ တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ သခင်မလေး စောနန္ဒာ မရှိတော့ဘူးလို့ အခြားဆွေတော်မျိုးတော်တွေ သိရင် တစ်မျိုးဖြစ်ကုန်မယ်၊ တို့ကိုလည်း အပြစ်ပြောကြလိမ့်မယ်၊ မင်း စဉ်းစားဦး ကျော်စွာ"

"စောနန္ဒာကို ပြန်ရအောင် ရှာရမှာပေါ့"

စောနန္ဒာအား ရှာဖွေရန်အတွက် ဦးစိုင်းလုံ အပါအဝင် နယ်မြေကျွမ်းကျင်သူများ၊ မိုင်းခွန်းနယ်ဘက် ကျွမ်းကျင်သူများကိုပါခေါ်၍ တိုင်ပင်ဆွေးနွေးရသည်။

မိုင်းပွန်ဟော်နန်းမှ အသက်အရွယ်ကြီးသော ရှေ့မီ နောက်မီ ပုဂ္ဂိုလ်တစ်ဦးက...



www.burmeseclassic.com

www.burmeseclassic.com



"ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တစ်ဝိုက်မှာ ထမန်းမျိုးဆက်တွေ အနည်းအပါးရှိကြတယ်၊ ချင်းတွင်းမြစ်ရိုးဘက်က မျိုးဆက်တွေကတော့ ဒီဘက်ကို မလာနိုင်ကြတာ သေချာတယ်၊ ဖြစ်နိုင်တာကတော့ မိုင်းခွန်းနယ်ဘက်က မျိုးဆက်တွေ ဖြစ်ဖို့ များပါတယ်"

ဟု ပြောပြသည်။

"သူတို့က တစ်နေရာမှာ ခိုအောင်းနေထိုင်ကြတယ်၊ အခု သခင်မလေး စောနန္ဒာကိုလည်း အဲဒီနေရာကို ဖမ်းခေါ်သွားလိမ့်မယ် ထင်တယ်၊ အဲဒီနေရာကို သိတဲ့လူ ရှိသလား"

"ကျုပ်သိတယ်"

ထိုစကားပြောသူမှာ အချုပ်ခန်းတွင်းမှ ထုတ်ထားသော လူလိမ် ငခွေး ဖြစ်သည်။

မိုင်းခွန်းတောင်ကုန်းပေါ်မှ နယ်ခြံများကို တိုက်ခိုက်ရာတွင် ငခွေး၏ နယ်မြေကျွမ်းကျင်မှုများက များစွာ အထောက်အကူ ရခဲ့ပေသည်။

"ကောင်းပြီ... အချိန်သိပ်ဆွဲနေလို့ မဖြစ်ဘူး၊ တို့တစ်တွေ စောနန္ဒာကို အမြန်ဆုံးလိုက်ရှာကြဖို့ ပြင်ဆင်ကြမယ်"

"ခရီးမထွက်ခင် လိုအပ်တာလေးတွေတော့ ပြောပါရစေ"





"ပြောပါ ဦးစိုင်းလုံ"

"ထမန်းမျိုးနွယ်တွေဟာ ခုနှစ်ပျံကျော်လွှား၊ တိုက်ခိုက်တဲ့ နေရာမှာတော်သလို ဂမ္ဘီရပညာတွေလည်း တတ်မြောက်ကြတယ်၊ အတော်များများ စိတ်ညှို့ပညာတို့၊ အိပ်မွေ့ချပညာတွေကိုလည်း အသုံးပြုကြတယ်၊ ဒါကြောင့် အကာအကွယ်လေးတွေတော့ အားလုံး ဆောင်သွားကြဖို့ လိုမယ်"

"ကောင်းပြီ... ဦးစိုင်းလုံ လိုအပ်တာ စီစဉ်ပေးပါ"

"နောက်တစ်ချက်က သူတို့နဲ့ ရင်ဆိုင်တွေ့တဲ့အခါမှာ သူတို့မျက်လုံးနဲ့ မျက်နှာကို လုံးဝ မကြည့်မိအောင် ဂရုစိုက်ပါ၊ ဒဏ်ရာရရင် ကုသရမယ့် ဆေးတွေလည်း ပေးလိုက်မှာဆိုတော့ တခြားစိုးရိမ်စရာ မရှိတော့ပါဘူး"

ထိုသို့ လိုအပ်တာများ စီစဉ်ကြပြီးသည့်နောက်တွင် ကျော်စွာတို့ မိုင်းခွန်းဘက်သို့ တစ်ကျော့ပြန်၍ ခရီးထွက်ကြရပြန်သည်။ သည်ခရီးကိုလည်း ငခွေးကပင် ဦးဆောင်ကာ လျှို့ဝှက်လမ်းများ၊ တောင်ကုန်း၊ တောင်ကြားလမ်းများမှ သွားကြသည်။

တောင်တန်းတစ်ခုပေါ် ရောက်သောအခါ ငခွေးက နေလုံးကြီး ဝင်သွားသော အနောက်ဘက်ရှိ တောင်စွယ်တစ်ခုကို လက်ညှိုးထိုးပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတောင်စွယ်ကို ဒေသခံတွေက 'မရဏာတော စွယ်'လို့ အမည်ပေးထားကြတယ်၊ ဘာကြောင့်လဲဆိုတေ မျက်စိလည် လမ်းမှားပြီး ရောက်သွားတဲ့ လူတောင် ပြန်လ မရှိတဲ့ နေရာဖြစ်လို့ပဲ၊ အဲဒီမှာ ထမန်းဂူဆိုတာ ရှိတယ်၊

ထမန်းမျိုးနွယ်တွေဟာ အရေးကိစ္စရှိရင် အဲဒီဂူ လာရောက် စုလေ့ရှိကြတယ်၊ ကျုပ်အထင် ပြောရရင်တေ သခင်မလေး စောနန္ဒာကို အဲဒီဂူမှာ ထားလိမ့်မယ် ထင်တယ်"

မြူနှင်းများ ကာဆီးထားသဖြင့် ဆည်းဆာရော နောက်ခံနှင့် မရဏာတောင်စွယ်ကို ခပ်ရေးရေး လှမ်းမြင်ရ ရသည်။

"တို့ ဘယ်အချိန် ဝင်ကြမလဲ"

"ထမန်းနယ်ဂိုဏ်းသားတွေဟာ လပြည့်လကွယ်လို နေ့မျိုးတွေ၊ လမွန်းတည့်တဲ့ အချိန်မျိုးတွေမှာ ဒီဂူထဲမှာဆုံပြ ဆောင်ရွက်စရာ၊ တိုင်ပင်စရာကိစ္စတွေကို ဆောင်ရွက်ကြ တိုင်ပင်ကြတယ်၊

သူတို့အယူက လပြည့်နေ့မှာ စန္ဒောခတ်ကိုယူပြ လှုပ်ရှားရင် ပိုပြီးစွမ်းအားရှိတယ်လို့ ယုံကြည်ကြတယ်"

"ဟင်"





"ဟုတ်တယ် ကိုကျော်စွာ၊ လူစင်စစ်က ကျားစိတ် ပြောင်းတယ်ဆိုပေမယ့် အလေ့အကျင့်မရှိရင် မလွယ်ဘူး၊ နောက်တစ်ချက်က တစ်စုံတစ်ခုကို ယုံကြည်မှု မရှိကြဘဲနဲ့ လည်း မရဘူး၊ လပြည့်လကွယ်နေ့မျိုးတွေမှာ လူတွေကို ဒုက္ခပေးနိုင်တဲ့၊ အန္တရာယ်ပေးနိုင်တဲ့ မိစ္ဆာတွေမှန်သမျှ အပြင် ထွက်လာလေ့ရှိတယ်၊

(၁၂)လရာသီမှာ မိစ္ဆာတွေမကြိုက်တဲ့ လပြည့်ညဆိုလို့ တန်ဆောင်မုန်းလပြည့်နေ့ညပဲ ရှိတယ်"

"ဘာကြောင့်လဲ ငွေးရဲ့၊ ပြောပြပါဦး"

"တန်ဆောင်မုန်း လပြည့်နေ့ညက ဆေးပေါင်းခတဲ့ည ဆိုတော့ တန်ခိုးရှိတဲ့ ဂမုန်းရန့်တွေရဲ့ဒဏ်ကို သူတို့ မခံနိုင် ကြဘူး၊ ဒါကြောင့် မကြိုက်တာပါ"

"မင်းက အဲဒါတွေ ဘယ်လိုသိနေတာလဲ"

"ကျုပ်က လူလိမ်တစ်ယောက်ပဲ၊ အရင်တုန်းက ထမန်းနက်အဖွဲ့သား အယောင်ဆောင်ပြီး သူတို့နဲ့ နေခဲ့ဖူးလို့ သိတာပါ"

"စုံလည်းစုံပါပေ့ ငွေးရယ်၊ ကဲ... တို့ ဂူထဲကို ဘယ်အချိန် ဝင်မလဲဆိုတာသာပြော"

"လမွန်းတိမ်းသွားပြီးမှ ဝင်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... ဒီလိုဆိုရင်လည်း ဒီမှာပဲ စောင့်ကြတာ ပေါ့"

လမွန်းတိမ်းသည်အထိ စိတ်ရှည်လက်ရှည် စောင့်ကြ ပြီး သန်းခေါင်ကျော် လမွန်းတိမ်းသွားသောအခါမှ ထမန်း ဂူရှိရာသို့ သွားကြသည်။ ခွေးမှာ နယ်မြေကျွမ်းကျင်သူဟု ပြောရသည်ထက်ပင် ပိုမိုလမ်းကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း အားလုံးသိကြရသည်။

အမှောင်ထု ဖုံးလွှမ်းနေသော တောထဲမှာ သွားရစေ ကာမူ လမ်းမှားခြင်း၊ လမ်းလွဲခြင်းမရှိဘဲ အတန်ကြာသော အခါ ထမန်းဂူအနီးသို့ ရောက်ကြလေသည်။

ထမန်းဂူသည် တောင်စောင်းတစ်နေရာတွင် ရှိသည်။ ဂူပေါက်ဝ,မှာ လျှိုတစ်ခုအတွင်း၌ ရှိသောကြောင့် အပြင်မှ ကြည့်လျှင် မမြင်နိုင်ပေ။ ထို့ပြင် ဂူပေါက်ဝ,တွင် သစ်ပင် ချုံနွယ်များ ဖုံးနေသောကြောင့် ညအချိန်မဆိုထားနှင့် နေ့အချိန် မှာပင် ရုတ်တရက်တွေ့ဖို့ မလွယ်ကူပေ။

"တောတောင်ကို အမှီပြုပြီးနေကြတဲ့ မကောင်းဆိုးဝါး သတ္တဝါတွေ၊ တိရစ္ဆာန်တွေ၊ မိစ္ဆာတွေဟာ လမွန်းတိမ်းချိန်က အရုဏ်မတက်ခင်အချိန်အထိ အပြင်ထွက် လှုပ်ရှားလေ့ရှိကြ တယ်၊





ကျား၊ ကျားသစ်တွေလည်း ဒီအချိန်မျိုးမှာ အပြင် ထွက်လေ့ရှိကြတယ်လေ၊ ဒါကြောင့် ထမန်းနက်ဂိုဏ်းသား တွေလည်း ဒီအချိန်မှာ အပြင်ထွက်ကြမှာပဲ"

ဟု ဦးစိုင်းလုံက တိုးတိုးပြောသည်။

"ဘာကြောင့်လဲ..."

"ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့ကိုယ်သူတို့ ကျားစိတ်သွင်းထားပြီး ကျားလို့ ထင်နေကြတာကိုး"

လမွန်းတိမ်းသွားပြီးသောအခါ ဂူအတွင်းဝင်ကြမည့် သူများကို ဦးစိုင်းလုံက ဆေးအစီအရင်များ ထပ်ပေးသည်။

ထိုအခိုက်မှာပင် ဂူအတွင်းမှ အဝတ်နက်ကြီးများ ခြုံထားသော ထမန်းနက်ဂိုဏ်းသားသုံးဦး ထွက်လာပြီးနောက် တောလမ်းအတိုင်း အောက်ဘက်သို့ ဆင်းသွားသည်ကို လှမ်းမြင်လိုက်ရသည်။

နောက်ထပ် အခြေအနေ စောင့်ကြည့်သော်လည်း မည်သို့မှ မထူးတော့သောအခါ အားလုံး သတိဖြင့် ဂူအတွင်း သို့ ဝင်ကြသည်။

သူတို့အားလုံး ဂူထဲ စ,ဝင်သည်နှင့် မျက်စိကိုဖွင့် နားကိုစွင့်ကာ လက်နက်များကိုလည်း အဆင်သင့် ကိုင်ထား ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းပိုင်းမှာ အတန်အသင့် ကျယ်ဝန်းပြီး ညှီစို့စို့ အနံ့အသက်များ ရှိနေသည်။

အတွင်းပိုင်း အတော်ရောက်သည်အထိ အခြေအနေ မထူးခြားသဖြင့် အသင့် ဆောင်ယူလာသော ကညင်ဆီမီးတိုင်များကို မီးထွန်းညှိလိုက်သောအခါ ဂူအတွင်းပိုင်းတစ်ခုလုံး လင်းသွားတော့သည်။

ဂူအတွင်းပိုင်း တစ်နေရာသို့ ရောက်သောအခါ ဂူနံရံတွင် ကပ်နေသော ထမန်းနက် ဂိုဏ်းသားနှစ်ဦး ထွက်လာပြီး လက်သည်းများကို အသုံးပြုကာ တရမန်းကြမ်း ဝင်ရောက်တိုက်ခိုက်ရာ ကျော်စွာတို့တစ်တွေမှာ လူအင်အားများသဖြင့် မကြာခင်မှာပင် ၎င်းတို့နှစ်ဦးကို ဖမ်းဆီးလိုက်နိုင်သည်။

၎င်းတို့ကို ဖမ်းမိသည်နှင့် လက်သည်းများကို အသုံးမပြုနိုင်အောင် လက်နှစ်ဖက်ကို တုပ်နှောင်ထားလိုက်သည်။

ပြီးသောအခါ ဂူအတွင်း ဝင်လာကြရာ အတွင်းနေရာရှိ ကျောက်ကလပ် စင်တစ်ခုပေါ်တွင် သတိမေ့နေသော စောနန္ဒာကို တွေ့ကြရသည်။

စောနန္ဒာကိုတွေ့လျှင် ဦးစိုင်းလုံက ၎င်း၏ဆေးများဖြင့် ပြုစုပေးသောအခါ သတိပြန်ရလာသည်။ ထိုသို့ သတိရသောအခါမှ ကျောက်သွေးတစ်ခွက် တိုက်လိုက်သည်။





ထိုကျောက်သွေးမှာ ကျောက်တောင်ကြားထဲမှ တစ်စက်စက် ကျနေသော ကျောက်သွေးအစစ် ဖြစ်သောကြောင့် စောနန္ဒာမှာ ထိုကျောက်သွေးတစ်ခွက် သောက်လိုက်ပြီးသည်နှင့် သတိပြန်ရလာတော့သည်။

စောနန္ဒာမှာ သတိရသည်နှင့် မိမိပတ်ဝန်းကျင်မှ လူများကို အထိတ်တလန့် ကြည့်လိုက်သောအခါ ကျော်စွာတို့ဖြစ်မှန်း သိလေမှ ဝမ်းသာ ဝမ်းနည်းဖြစ်ကာ ငိုကြွေးလေတော့သည်။

"တိတ်ပါတော့ သခင်မလေး၊ ကျွန်တော်တို့ ပေါ့လျော့လို့ သခင်မလေး အခုလိုဒုက္ခရောက်ရတာ စိတ်မကောင်းပါဘူး"

"ကိုကျော်စွာတို့ ရောက်လာတာ ကျွန်မ ဝမ်းသာလိုက်တာ ကိုကျော်စွာရယ်၊ သူတို့က သိပ်ပြီး ကြောက်ဖို့ကောင်းတာပဲ၊ လူ့ကိုယ်နဲ့ ကျားစိတ်ပေါက်နေကြတဲ့ လူတွေ"

"သခင်မလေးကို ဘယ်လို နှိပ်စက်ကြသေးလဲဟင်"

"ကျွန်မကို ဘာမှတော့ မလုပ်ကြသေးပါဘူး၊ ပြောပုံအရတော့ ကိုကျော်စွာနဲ့ပတ်သက်ပြီး မကျေနပ်လို့ ကလဲ့စားချေဖို့ ကျွန်မကို ဖမ်းလာကြတာလို့တော့ တစ်စွန်းတစ်စ သိရတယ်"

"သူတို့ ဘယ်သူတွေလဲဆိုတာ သခင်မလေး သိသလား၊ သူတို့မျက်နှာတွေကိုရော မြင်ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်နက်ကြီးတွေ ခြုံထားတော့ မျက်နှာကိုလည်း မမြင်ရဘူး၊ ဘယ်သူဘယ်ဝါတွေမှန်းလည်း မသိရပါဘူး၊ ဒါပေမယ့် အဲဒီအဖွဲ့ထဲမှာ အမျိုးသမီးတွေရဲ့ အသံကိုလည်း ကြားရတယ်"

ဟု စောနန္ဒာက ပြောပြသည်။

"ကိုကျော်စွာ အရဏ်မတက်ခင် ကျုပ်တို့ အပြင်ကို ပြန်ထွက်ရအောင်"

တစ်ယောက်က သတိပေးလိုက်သဖြင့် အားလုံး အပြင်ဘက်သို့ ပြန်ထွက်ရန် ပြင်ဆင်ကြသည်။ ကြောက်ရွံ့စိတ်များနေသောကြောင့် လမ်းကောင်းစွာ မလျှောက်နိုင်သော စောနန္ဒာအား ကျော်စွာက တွဲခေါ်ခဲ့ရသည်။

သူတို့အဖွဲ့ ဂူပေါက်ဝ ရောက်သောအခါ ထမန်းနက်ဂိုဏ်းသားများ၏ ဝိုင်းဝန်းတိုက်ခိုက်မှု ခံရပြန်သဖြင့် အစွမ်းကုန် ပြန်လည်တိုက်ခိုက်ကြရသည်။

သူတို့ဘက်မှ တစ်ပန်းသာသောအချက်မှာ...

ထမန်းနက်အဖွဲ့သားများမှာ ဓား၊ လှံ၊ လက်နက်၊ သေနတ်များ ကိုင်ဆောင်ခြင်းမရှိဘဲ ၎င်းတို့၏ အဆိပ်လက်သည်းများကိုသာ အားကိုး တိုက်ခိုက်ရသဖြင့် အနီးကပ်ဝင်ရောက် တိုက်ခိုက်မှသာ ရသည်။





ကျော်စွာတို့ကတော့ သေနတ်၊ လေးမြား၊ ဓား လှံစသော အဝေးပစ် လက်နက်များရှိသောကြောင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ကျော်စွာတို့ဘက်မှ တစ်ပန်းသာခြင်းဖြစ်၏။

အချိန်တိုတို အတွင်းမှာပင် ရန်ပြုလာသော ထမန်းနက်ဂိုဏ်းသားများကို သုတ်သင်ဖယ်ရှားနိုင်ကာ မိုင်းပွန်သို့ ကောင်းမွန်စွာ ပြန်လာနိုင်ကြသည်။

ဟော်နန်းသို့ ပြန်ရောက်သောအခါ သခင်မလေး စောနန္ဒာအား ဆေးဆရာကြီး ဦးစိုင်းလုံ ကိုယ်တိုင် ဂရုစိုက်ကာ ဆေးကောင်းဝါးကောင်းများဖြင့် ပြုစု ကုသပေးရသည်။

အထူးသဖြင့် ကျော်စွာမှာ အနီးမှ မခွာရအောင် ပြုစုကုသပေးရသည်။

တစ်နေ့သောအခါ စောနန္ဒာ၏ ရံရွေတော် မိဂလျာက ကျော်စွာအား ဤသို့ ပြောလေသည်။

"ကိုကျော်စွာကို သခင်မလေးက အတော် သံယောဇဉ်ရှိတဲ့ပုံ ရတယ်"

"ဘာ့ကြောင့်လဲဗျ"

"သတိမေ့နေတုန်းမှာ၊ အိပ်ပျော်နေရင်းမှာတောင် 'ကိုကျော်စွာ ကိုကျော်စွာ' လို့ မကြာခဏ ယောင်ယောင်ပြီး အော်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကယောင်ကတမ်း ရေရွတ်တာ ဖြစ်မှာပါ"

"မဟုတ်ဘူးရှင့်... လူတစ်ယောက် ရင်ထဲမှာရှိတဲ့ ခွဲလမ်းမှုစိတ်ဆိုတာ သာမန်အခြေအနေမှာ မသိနိုင်ဘူး၊ တစ်ဦးနဲ့တစ်ဦး ဝေးကွာတဲ့အခါ၊ ခွဲခွာရတဲ့အခါမှာ သိနိုင်တယ်၊ မသိစိတ်ဖုံးနေတဲ့အခါမှာ ပေါ်လာတတ်တယ်၊ ကျွန်မပြောဝံ့တာ တစ်ခုတော့ရှိတယ်၊ မိန်းမတစ်ယောက်ဟာ သာမန်ခွဲလမ်းမှု ရှိရုံနဲ့တော့ ယောကျ်ားတစ်ယောက်ရဲ့ နာမည်ကို အခုလို တဖွဖွ ရေရွတ်နေမှာ မဟုတ်ဘူး"

ဟု ပြောကာ မိကလျာ ထွက်သွားလေသည်။

မိကလျာကို ငေးကြည့်ရင်း ကျော်စွာ့ရင်ထဲမှာ လှိုင်းခတ်လျက် ကျန်ရစ်ခဲ့သည်။

အသေအချာ စဉ်းစားကြည့်သောအခါမှ မိမိကိုယ်တိုင်ကလည်း စောနန္ဒာနှင့် ပတ်သက်သော အကြောင်းများကို မကြာခဏ သတိရနေခြင်းများကို သတိပြုမိလေသည်။

တကယ်တော့ အချစ်စိတ်ဟူသည် သိမ်မွေ့စွာ နှောင့်ယှက်တတ်သော ဝေဒနာတစ်ခုပင်ဖြစ်၏။





အခန်း [ ၂၁ ]

# ရန်ငြိုးရန်စနှင့် နှောင်တ

ထမန်းဂူ တစ်ဂူလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဂူထဲမှာ ထမန်းနက်ဂိုဏ်းသားများ စုံစုံလင်လင် ရောက်နေကြသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဒေါ်မင်းဇာသည် ကျောက်စင်တစ်ခုပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အသက်ငါးဆယ်ကျော် အရွယ်ရှိသည့်တိုင် သန်မာဖျတ်လတ်ဆဲဖြစ်သော ဒေါ်မင်းဇာ၏မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် တင်းမာ ခက်ထန်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့တစ်တွေ တစ်ယောက်မှ အသုံးမကျဘူး၊ ငါ အသေအချာ လေ့ကျင့်ပေးထားတဲ့ ပညာတွေ ဘယ်ရောက်ကုန်ကြပြီလဲ၊ အခု မိုင်းပွန်ဟော်နန်းကို ကျော်စွာနဲ့ ဆေးဆရာ ဇိုင်းလုံ ရောက်ကတည်းက ငါ့ရဲ့အစီအစဉ်တွေ အနှောင့်အယှက် အများကြီး တွေ့ရတယ်၊ ကျော်စွာကို မိုင်းပွန်ရောက်အောင် ဥပါယ်တံမျဉ်နဲ့ ငါပို့ခဲ့တာကိုက ငါ့ရဲ့အမှားပဲ"

ဒေါ်မင်းဇာ၏ အသံမှာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော ဂူထဲမှာ ကြောက်မက်ဖွယ်ရာ ဟိန်းထွက်နေသည်။

"ငါဟာ မိုင်းပွန်ဟော်နန်းကို စွန့်ခွာခဲ့ပြီးကတည်းက ဒီဟော်နန်းကို ပြန်ရောက်အောင်၊ ပြန်ရအောင် စီမံကိန်းတွေချပြီးတော့ လုပ်ခဲ့ရတယ်၊ လူဆိုတာ ကိုယ်လိုချင်တာကိုရဖို့ ရည်ရွယ်ချက် ကြီးကြီးထားပြီး မရ,ရအောင် ကြိုးစားဆောင်ရွက်နိုင်တဲ့ စွမ်းအားရှိရတယ်၊ ရည်ရွယ်ချက် အောင်မြင်ဖို့ဆိုရင် ဘဝနဲ့ရင်းတန် ရင်းရတယ်၊ နောက်ဆုံး အသက်နဲ့ရင်းတန် ရင်းရတယ်၊ မကြိုးစားဘဲ ထိုင်နေတာနဲ့စာရင် ကြိုးစားရင်း အသက်စွန့်ရတာက ပိုပြီး မြတ်တယ်"

အားလုံး တိတ်ဆိတ်လျက်ရှိသည်။

"ငါ့ဘဝမှာ ရည်ရွယ်ချက် အောင်မြင်ဖို့ အချိန်ကာလများစွာ ဘဝအမျိုးမျိုးကို ရင်းနှီးမြှုပ်နှံခဲ့ရတယ်၊ ဒါတွေဟာ တကယ်တော့ စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်ဘူး"





ဒေါ်မင်းဇာ၏ ရီဝေစ,ပြုနေသော မျက်လုံးထဲတွင် နှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ရသော ဘဝပုံရိပ်များကို တရေးရေး ပြန်လည်မြင်ယောင်လာလေတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်နီးပါး အချိန်လောက်က မိုင်းခွန်းနယ်တစ်ကြောတွင် မမင်းဇာ၏ အချောအလှ သတင်းမှာ ပန်းရနံ့များကဲ့သို့ မွှေးကြိုင်ခဲ့ပေသည်။

ရွာစား၊ နယ်စား စော်ဘွားများ စိတ်ဝင်စားခြင်းခံခဲ့ရသူဖြစ်၏။ နောက်တွင် မိုင်းပွန်စော်ဘွား စပ်ခွန်ဖ၏ တော်ကောက်ခြင်းခံရပြီး မိုင်းပွန်ဟော်နန်းသို့ ရောက်ခဲ့သည်။

မိုင်းပွန်ဟော်နန်းသို့ ရောက်ခဲ့သော မမင်းဇာမှာ ချောမော လှပခြင်းကြောင့် မာန်တက်သည်ကတစ်ကြောင်း၊ ထို့ပြင် နယ်သူနယ်သားများက သတ်မှတ်သော စုန်း၊ ကဝေ အဝတ်များ (ဂမ္ဘီရအတတ်များ) တတ်ကျွမ်းသည်ကတစ်ကြောင်းကြောင့် ဟော်နန်းတွင် မောက်မာရိုင်းစိုင်းမှုများ ရှိခဲ့သည်။

နောင်သောအခါ နန်းတွင်းသူလျှိုတစ်ဦးနှင့် ပေါင်းမိပြီး မိုင်းပွန်ဟော်နန်းကို အပိုင်သိမ်းရန် ကြံစည်မှုများ ပေါက်ကြားသွားသဖြင့် ထိုသူလျှိုနှင့်အတူ ချင်းတွင်းမြစ်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ထွက်ပြေးခဲ့ရာမှ သူမျှော်လင့်ခဲ့သော မိုင်းပွန်ဟော်နန်း ကို သိမ်းပိုက်ရန် အကြံအစည်ကိုလည်း စွန့်လွှတ်ခဲ့ရပေသည်။

သူသည် ချင်းတွင်းမြစ်ရိုး ရောက်သောအခါ ဆွမ်ကိန်း ရွာမှ ဦးလဖော်တို့ထံတွင် ဇာတ်မြှုပ်နေထိုင်ရင်း ဟော်နန်းမှ နိုးယူလာခဲ့သော စော်ဘွားကြီး၏ ရင်သွေးတစ်ဦးဖြစ်သူ စပ်နန္ဒကိုလည်း ဦးလဖော်တို့အား မွေးစားရန်ပေးခဲ့သည်။

ဦးလဖော်မှာ မိုးပွန်စော်ဘွားနှင့် အဆက်အသွယ်ရှိသူ ဖြစ်ရုံမက ဩဇာအာဏာရှိသူ၊ လူအင်အား တောင့်တင်း နိုင်မာသူ ဖြစ်သောကြောင် [illegible]၏သားဖြစ်သူ ကျော်စွာအား မိမိအသို[illegible] ရောက်ရှိနေစဉ် မာလာနှင့် နီးစပ်မှု ရှိစေရန် ဟော်နန်းမှ နိုးယူလာသော လည်ဆွဲကို အကြောင်း ပြုပြီး စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းများ ဖန်တီးခဲ့သည်။

ကျော်စွာက မိုင်းခွန်းသို့ရောက်ခဲ့ပြီး မာလာနှင့်တွေ့ သော်လည်း မာလာအား ချစ်သူတစ်ယောက်အဖြစ် လက် မခံရုံမက ဒေါမင်းဇာ စီစဉ်သော အကြောင်းကိစ္စ အတော် များများကိုပင် ဖျက်ဆီးပစ်ခဲ့လေသည်။

ထို့ထက် ဟော်နန်းအတွက်၊ စောနန္ဒာအတွက် အကာ အကွယ် ပေးလွန်းသည်ဟုထင်ကာ ကျော်စွာအပေါ် မကျေနပ် မှုများကြောင့် ရန်ငြိုးဖွဲ့ခဲ့ခြင်း ဖြစ်၏။





"ငါ အနှစ်နှစ် အလလ,က ကြိုးစား အားထုတ်ခဲ့ရ တာတွေကို ဒင်းတို့ကြောင့်တော့ အပျက်အစီး မခံနိုင်ဘူး၊ နှစ်ယောက်စလုံးကို အသေသတ်ပြီး ငါလည်း သက်ဆိုင်တဲ့ ဟော်နန်းအမွေကို ရအောင် ယူရမယ်ဟေ့"

"အဘွားရယ်... အပြစ်မဲ့တဲ့လူတွေ ဒုက္ခရောက်အောင် အသက်ဆုံးရှုံးအောင် မလုပ်ပါနဲ့တော့၊ အဘွားရဲ့ အာဃာတ တရားတွေ၊ ရန်ငြိုးဖွဲ့မှုတွေကိုရော ရပ်တန်းက ရပ်ပါတော့၊ ကျွန်မလည်း အဘွားခိုင်းတာတွေကို မလုပ်ချင်တော့ဘူး"

"ဟင်... မိမာလာ၊ နင်က ဒီစကားမျိုးပြောရအောင် ငါ့သွေး မဟုတ်ဘူးလား၊ ထမန်းနက် ဂိုဏ်းဝင် မဟုတ်ဘူး လား၊ ပြောစမ်း"

"မာလာသိသမျှ ပြောရရင် ထမန်းမျိုးနွယ်ဝင်တိုင်း အပြစ်မဲ့တဲ့လူတွေအပေါ်မှာ ဒုက္ခမပေးကြဘူး၊ မရက်စက် ကြဘူး၊ ကိုကျော်စွာရော သခင်မလေး စောနန္ဒာရော ကျွန်မ တို့ကို ဘယ်လိုမှ ဒုက္ခပေးကြသူတွေမဟုတ်ကြဘူး၊ ကိုယ့်ကို အန္တရာယ် မပေးတဲ့လူတွေကို အကြောင်းမဲ့ ရန်ရှာတယ်ဆိုရင် အဘွား မတရားဘူး"

"ဟဲ့... သမီး၊ ကိုယ့်အဘွားကို ဒီလို မပြောနဲ့လေ"

ဦးထန်ဖုန်းက ဝင်ရောက် ဟန့်တားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း... မာလာ၊ နင် ငါ့ကို ဘာမှ မိကျောင်းမင်းရေကင်းပြစရာ မလိုဘူး၊ ငါကောင်းမယ်လို့ စီစဉ်တာကို နင်တို့ တစ်ယောက်မှ ဖျက်လို့မရဘူး၊ ကြိုက်လည်း လုပ်ရမှာပဲ၊ မကြိုက်လည်း လုပ်ရမှာပဲ၊ ဘယ်သူမဆို ငါရဲ့အစီအစဉ်တွေကို ပျက်စီးအောင် လုပ်မယ်ဆိုရင်တော့ တမလွန်ဘဝက အသက်နဲ့လာတောင်းပန်ဖို့သာ ပြင်ထားပေတော့"

ထိုသို့ပြောပြီး ဒေါ်မင်းဇာသည် အနက်ရောင်ဝတ်ရုံကြီးကို မ,ဖယ်ကာ ဂူအပြင်ဘက်သို့ ထွက်သွားလေတော့သည်။ မာလာကတော့ နေရာတွင် မျက်စိမျက်နှာပျက်စွာကျန်ခဲ့လေ၏။ အခြား ထမန်းနက်ဂိုဏ်းသားများ မရှိတော့သောအခါမှ ဦးထန်ဖုန်းက သမီးဖြစ်သူအား ဖျောင်းဖျပြောဆိုလေသည်။

"သမီးကလည်း အဘွားကို ဘာကြောင့် ဒီလိုပြန်ပြောရတာလဲ၊ သူက မုန်တယ်ထင်ရင် ဘယ်တုန်းကမှ နောက်ဆုတ်တတ်တဲ့ လူစားမျိုး မဟုတ်တာ၊ တော်ကြာ သမီးကို အပြစ်မြင်နေပါဦးမယ်ကွယ်"

"မတတ်နိုင်ပါဘူး အဘ၊ အခုကိစ္စက အဘွားဘက်က အတော်တရားလွန်တယ်၊ ကိုယ့်အတ္တတစ်ခုတည်းအတွက်နဲ့ အပြစ်မဲ့တဲ့ လူတွေကို ဒုက္ခလိုက်ပေးသလို ဖြစ်နေတယ်"





"အဲဒါ သမီးကိစ္စ မဟုတ်ပါဘူးကွယ်၊ အဘတို့က သူ့ကို လွန်ဆန်ဝံ့တာမှမဟုတ်တာ၊ သူခိုင်းတဲ့အတိုင်း လုပ်ကြရုံက လွဲပြီး ဘာများတတ်နိုင်ကြမှာလဲ"

ဦးထန်ဖုန်းက သမီးဖြစ်သူကို ဤသို့ ဖျောင်းဖျပြောဆိုကာ အပြင်သို့ ထွက်သွားလေသည်။

ထိုအခါ မာလာသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ဂူအတွင်းတစ်နေရာသို့သွားကာ ဝှက်ထားသော ကျောက်သေတ္တာတစ်လုံးကို ယူလာခဲ့သည်။

ထိုကျောက်သေတ္တာထဲမှ ဒေါ်မင်းဇာ ယူလာသော ကျောက်မျက်ရှင် လည်ဆွဲနှစ်ခုစလုံး ရှိနေသည်။

သူမသည် ထိုကျောက်မျက်ရှင်လည်ဆွဲနှစ်ခုကို ယူကာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချပြီးနောက် ဂူအပြင်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၂၂ ]

## ဝေဒနာသတင်းပေးသူ

စောနန္ဒာမှာ မိုင်းပွန်ဟော်နန်းသို့ ပြန်ရောက်သည့်တိုင် ပင်ပန်းမှုဒဏ်၊ ကြောက်ရွံ့ ထိတ်လန့်မှု ဒဏ်များကြောင့် မထ,နိုင်ရှာသေးဘဲ ဖြစ်နေသည်။

ဆေးဆရာကြီး ဦးစိုင်းလုံ၏ အစွမ်းထက်သော ဆေးများကြောင့်သာ ရက်ပိုင်းအတွက် ယခုလောက် ပြန်လည်ကောင်းမွန်လာခြင်း ဖြစ်ပေသည်။

ကျော်စွာမှာလည်း အခြားစီစဉ် ဆောင်ရွက်စရာများ ပြီးသည်နှင့် သခင်မလေး စောနန္ဒာအား လိုအပ်တာများ ပြုလုပ်ဆောင်ရွက်ပေးရသဖြင့် မအားလပ်ရအောင် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာလည်း တခြားအလုပ်တွေ မအားရတဲ့ကြားထဲက ကျွန်မဆီလာနေရတော့ ပင်ပန်းရှာမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုကျော်စွာကိုတော့ ကျွန်မ ကျေးဇူးတင်ပါတယ်"

"စောနန္ဒာ... နေကောင်းအောင်သာ နေပါ၊ တခြားအကြောင်းတွေကို သိပ်မတွေးပါနဲ့၊ ကျွန်တော့်အတွက် အပန်းမကြီးလှပါဘူး၊ နောက် သခင်မလေးကို သတင်းကောင်းတစ်ခု ပြောရပါဦးမယ်"

"ဘာများလဲဟင်"

စောနန္ဒာမျက်နှာပေါ်မှာ စိုးရိမ်မှုများ ယှက်သန်းသွားသည်။

"ဩော်... တရားခြားတော့မဟုတ်ပါဘူး၊ အခုတလော ဆွမ်ကိန်းရွာက အဘနဲ့အမေတို့ ဒီကိုလာကြမယ်လို့ သတင်းရပါတယ်၊

အခု ဆွမ်ကိန်းနဲ့ ဟန်လိုင်းလားက အာဃာတတွေ ပြေသွားပြီး နှစ်ရွာတစ်ရွာ ပူးပေါင်းမိသွားပြီဆိုတော့ အင်အားအတော်များသွားပါပြီ၊ ဒါကြောင့် အဘက ဒီဘက်မှာ တော်လှန်ရေး တပ်သားတွေလိုရင် အင်အားဖြည့်ဖို့ ရွာသူရွာသားတွေ ထပ်ပို့ပေးဖို့ပါ စီစဉ်နေတယ်လို့ ကြားရတယ်"





"ဝမ်းသာစရာပေါ့ ကိုကျော်စွာရယ်၊ ကျွန်မတို့ဆီမှာ လူအင်အား တောင့်တင်းလေ ပိုကောင်းလေပေါ့၊ ဦးလဖော်ကတော့ ကျွန်မတို့ မိုင်းပွန်အတွက် အားကိုးရတဲ့ ရောင်းရင်းတစ်ယောက်ပါပဲ၊ အခုဆိုရင် အထက်ပိုင်း တိုက်ပွဲတွေမှာ ကျွန်မတို့ဘက်က မျိုးချစ်သူရဲကောင်းတွေက အောင်ပွဲခံနေသတဲ့၊ အခုဆိုရင် နယ်ချဲ့တွေဟာ ကချင်နဲ့ ရှမ်း နယ်ဘက်တွေကတောင် ဆုတ်ခွာပေးနေရပြီလို့ အထောက်တော်တွေဆီက သိရပါတယ်"

"ဒါ... ကျွန်တော်တို့အတွက် မင်္ဂလာသတင်းပါပဲ"

"ဦးရီးတော်တို့ကလည်း အမှာတော် ရှိလိုက်ပါတယ်၊ ကျွန်မတို့ရဲ့ မိုင်းပွန်ဘက်က၊ အောင်ပွဲတွေဟာ ကိုကျော်စွာတို့ ဦးဆောင်တဲ့ မျိုးချစ်တွေကြောင့် ရတာမို့ ဝမ်းသာဂုဏ်ယူပါတယ်တဲ့"

"ဒါကတော့ ကျွန်တော်တို့တစ်တွေ စုစည်း ညီညွတ်ခဲ့ကြလို့ ဒီလို အောင်ပွဲတွေရခဲ့တာပါ၊ ဒီဘက်က တာဝန်တွေပြီးတော့ ကျွန်တော်တို့အတွက် ကောင်းတာပေါ့ စောနန္ဒာရယ်"

"ဘာလဲ ကိုကျော်စွာက ဒီက တာဝန်ပြီးတာနဲ့ ဆွမ်ကိန်းကို ပြန်ချင်နေပြီလား၊ ဟိုမှာ လွမ်းရမယ့်သူ ကျန်နေခဲ့ပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မဟုတ်ပါဘူး၊ ညွှေ့သည်ဆိုတာ အချိန်တန်တော့လည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရတာပါပဲ"

"ကိုကျော်စွာက တာဝန်အရ လာရတယ်ဆိုပေမယ့် ကိုကျော်စွာရဲ့ လုပ်ရည် ကိုင်ရည် ကြည့်ပြီး အားလုံးက သဘောကျကြတယ်၊ ဒီမှာ အမြဲနေဖို့ အစီအစဉ် မရှိဘူးလား ဟင်…"

"ကျွန်တော် အမြဲနေချင်တယ် ဆိုရင်ရော စောနန္ဒာတို့က လက်ခံမှာမို့လားဟင်"

"ကိုကျော်စွာ အမြဲနေမယ်ဆိုရင် မိုင်းပွန်ဟော်နန်းက အမြဲတံခါးဖွင့် ကြိုဆိုနေပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်အနေနဲ့ တိုင်းပြည်တာဝန်အတွက် ဆောင်ရွက်ပြီးရင် အမိ အဖတွေကို လုပ်ကျွေးရမယ့်တာဝန်က ကျန်နေသေးတာမို့ ဆွမ်ကိန်းကိုပဲ ပြန်ရမှာပါ"

"အင်း… ကိုကျော်စွာလို လူမျိုးကတော့ တိုင်းပြည်အတွက်ရော မိသားစုအတွက်ပါ အားကိုးထိုက်တဲ့ ယောက်ျားကောင်း တစ်ယောက်ပါ"

ထိုသို့ ပြောနေစဉ် မိကလျာ ဝင်လာပြီး…





"ကိုကျော်စွာကိုတွေ့ဖို့ ညွှေ့သည်တစ်ယောက် ရောက်နေတယ်၊ ခန်းမဆောင်မှာ စောင့်နေပါတယ်"

ဟု လာပြောသဖြင့် အပြင်သို့ထွက်လာရာ ညွှေ့သည်မှာ တခြားသူမဟုတ်ဘဲ မိုင်းခွန်းရွာမှ မာလာဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

"ဟင်… မာလာပါလား"

"အစ်ကိုနဲ့တွေ့ပြီး ပြောစရာရှိလို့ မာလာ လိုက်ခဲ့တာ"

"အစ်ကို မိုင်းခွန်းရွာကို တစ်ခေါက်ထပ်ရောက်တော့ မာလာတို့ကို ရှာသေးတယ်၊ မတွေ့ရလို့ စိတ်မကောင်းဖြစ်နေမိတာ၊ ကိုယ်က မာလာကို သတိရနေတာ"

"ကျွန်မလည်း အစ်ကို့ကို သတိရနေပါတယ်၊ ဒါပေမယ့် လောက တရားဆိုတာ ကိုယ်ဖြစ်ချင်တာ ဖြစ်လို့ရတာမှ မဟုတ်တာ၊ သူဖြစ်ချင်သလို ဖြစ်နေတာဆိုတော့ ဝမ်းနည်းစရာတွေလည်း ကိုယ့်စိတ်ကို တရားနဲ့ဖြေပါတယ်"

"အရွယ်နဲ့မမျှအောင် စိတ်ဓာတ်ခိုင်မာတဲ့ မာလာ့ကို ချီးကျူးမိပါတယ်၊ အခု ဒီကိုလာတာ အစ်ကိုနဲ့တွေ့ဖို့ဆိုတော့ ဘာအကူအညီပေးရမလဲ ပြော… မာလာ"

"အစ်ကို့ကို မာလာတစ်ခု မေးပါရစေ"

"မေးပါ မာလာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သခင်မလေး စောနန္ဒာနဲ့ လက်ထပ်ကြတော့မယ်ဆို၊ အဲဒီသတင်း အမှန်ပဲလားဟင်"

"မာလာကို ဘယ်သူပြောသလဲ၊ အစ်ကို့အနေနဲ့ အဲဒီလောက် မမျှော်မှန်းရဲပါဘူးကွယ်၊ ဘာကြောင့်လဲဆိုတော့ သခင်မလေး စောနန္ဒာဘဝနဲ့ အစ်ကို့ဘဝက မိုးနဲ့မြေလို ကွာခြားလှပါတယ်"

"အစ်ကိုကသာ ငြင်းနေတယ်၊ ကျွန်မတို့နယ်ဘက်မှာတော့ အဲဒီသတင်းက လူတိုင်းသိပြီး လူတိုင်း စိတ်ဝင်စားနေတဲ့ သတင်းတစ်ခုပဲ၊ တကယ်လို့ ဟုတ်တယ်ဆိုရင်လည်း မာလာ ဝမ်းသာပါတယ် အစ်ကိုရယ်၊ အခုလာတာက အစ်ကိုနဲ့ သခင်မလေး စောနန္ဒာတို့အတွက် လက်ဖွဲ့ပစ္စည်း တစ်ခု ပေးချင်လို့ လာခဲ့တာပါ"

ကျော်စွာက တအံ့တသြ ကြည့်နေစဉ် မာလာက ကတ္တီပါအိတ်အနီဖြင့် ထုပ်ထားသော အထုပ် တစ်ထုပ်ကို ပေးသည်။

"အဲဒါ ဘာလဲဟင်"

"ဖွင့်ကြည့်လိုက်လေ၊ အထဲကပစ္စည်းကို တွေ့ရင် အစ်ကို အံ့သြသွားမှာပါ"





ကျော်စွာ ကတ္တီပါအိတ်ကို ချည်ထားသော ကြိုးစကို ဖြေလိုက်သောအခါ အတွင်းမှ လည်ဆွဲတစ်ကုံး ထွက်ကျလာသည်။

"ဟင်... ကျောက်မျက်ရှင် လည်ဆွဲပါလား"

ကျော်စွာ အံ့သြဝမ်းသာမှု ဖြစ်သွားသည်။

ကျောက်မျက်ရှင် လည်ဆွဲမှာ ယခင်လို တစ်ဝက်စီ မဟုတ်ဘဲ ပတ္တမြား၊ ဥဿဖရား၊ မသာရကန်၊ စိန်၊ မြ၊ နီလာ၊ ပြယိုးယား၊ ဂေါမုတ် စသော ကျောက်မျက်ရှင် ရှစ်ပါး ပြည့်စုံနေပြီ ဖြစ်၏။

"ဒါ ကျောက်မျက်ရှင်လည်ဆွဲအစစ်ပါ အစ်ကို၊ အရင်က ကျွန်မဆီမှာရှိတဲ့ လည်ဆွဲတစ်ဝက်နဲ့ အစ်ကို့ဆီမှာရှိတဲ့ လည်ဆွဲကို ပေါင်းထားတာပါ"

"အစ်ကို့ဆီက လည်ဆွဲက ဘယ်သူ ယူသွားတာလဲ"

"အဘွားယူခဲ့တာပါ"

"အခုလို ပြန်ပေးတဲ့အတွက် မာလာ့ကို ကျေးဇူးတင်ပါတယ်၊ ဒီလည်ဆွဲကို ပိုင်ရှင်ဖြစ်တဲ့ သခင်မလေး စောနန္ဒာကို ပြန်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး အစ်ကိုရယ်၊ မာလာက အခုလို ပြန်ပေးခွင့်ရတာကိုပဲ ကျေနပ်နေတာပါ၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ကို အရေးကြီးတဲ့ သတင်းတစ်ခုလည်း ပြောချင်လို့ လာခဲ့တာပါ"

"ဘာသတင်းလဲ မာလာ"

"တကယ်တော့ မာလာ ဒီအကြောင်းတွေကို အစ်ကို့ကို လာပြောမှန်း အဘွားတို့သိရင် ဘယ်နည်းနဲ့မှ ကျွန်မကို ခွင့်လွှတ်ကြမှာ မဟုတ်ဘူး၊ သစ္စာဖောက်တစ်ယောက်ဆိုပြီး သတ်ပစ်ကြမှာ သေချာတယ်၊ ဒါပေမယ့် မာလာက အစ်ကိုနဲ့ ပတ်သက်နေတော့ ပြောသင့်တယ်ထင်လို့ လာပြောတာပါ"

"ပြောပါ မာလာ၊ မင်းအတွက်ဆိုရင် အစ်ကို တတ်နိုင်သမျှ အကာအကွယ်ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ အခု အဘွားတို့ ထမန်းနက် ဂိုဏ်းသားတွေဟာ နယ်ချဲ့စစ်သားတွေနဲ့ ပေါင်းပြီး ဟော်နန်းကို ဝင်ရောက် တိုက်ခိုက်ကြဖို့ ပြင်ဆင်နေကြပြီ အစ်ကို"

"ဟင်... ဟုတ်လား၊ ဒီသတင်းအမှန်ပဲလား မာလာ"

"သူတို့ မကြာခင်မှာ ဒီကိုလာကြတော့မယ်၊ အဲဒါ အစ်ကိုတို့ ပြင်စရာရှိတာတွေ ပြင်ထားကြပါ၊ ကဲ... ကျွန်မ သွားတော့မယ် အစ်ကို"





"နေဦး... မာလာ၊ မင်းသွားလို့မဖြစ်ဘူး ထင်တယ်၊ လည်ဆွဲရတနာပျောက်သွားရင်၊ မင်း ဒီကို လာမှန်းသိရင် မင်းကို သူတို့ရန်ရှာကြလိမ့်မယ်၊ ဒီမှာပဲ နေပါလား၊ အစ်ကို မင်းကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ထားပါ့မယ်"

"မဖြစ်ဘူး အစ်ကို၊ အဘလည်း ကျန်သေးတာဆိုတော့ ကျွန်မ ပြန်မှဖြစ်မယ်၊ ကျွန်မ ပျောက်သွားမှန်းသိရင် ပိုဆိုးကြလိမ့်မယ်၊ ကံမကုန်ရင်တော့ ပြန်ဆုံကြဦးမှာပေါ့ အစ်ကို၊ ကျွန်မ သွားတော့မယ်"

ဟု ဆိုကာ မာလာက ထ,ပြန်သွားလေတော့သည်။

ကျော်စွာမှာ မာလာပေးသွားသော လည်ဆွဲရတနာကို ကိုင်ရင်း ငိုင်လျက်သား ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၂၃ ]

# ထမန်းနက်တို့နှင့် နောက်ဆုံးတိုက်ပွဲ

ထမန်းဂူအတွင်းသို့ သူ ပြန်ရောက်သွားသောအချိန်တွင် မီးဝင်းဝင်း တောက်လျက်ရှိသော ဒေါသမျက်လုံးများနှင့် ရင်ဆိုင်ရလေသည်။

ဒေါ်မင်းဇာရော ထမန်းနက်ဂိုဏ်းသားများကပါ လွန်စွာဒေါသထွက်နေဟန်ဖြင့် သူ့ကို စားတော့ ဝါးတော့မလိုဝိုင်းဝန်း ကြည့်ရှုနေကြသည်။

"နင် ဘယ်ကပြန်လာတာလဲ မိမာလာ"

"ကျွန်မ ရွာခဏပြန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို မညာနဲ့နော်၊ ဘယ်တုန်းက ငါ့ကို လိမ်ညာပြောလို့ ရဖူးလို့လဲ၊ ပြောစမ်း... နင် အခု မိုင်းပွန်ဟော်နန်းကို သွားပြီး ကျော်စွာတို့နဲ့ တွေ့ခဲ့တာမဟုတ်လား"

"..............."

"နင်က ငါ့ကို ငြင်းချင်သေးတယ်ပေါ့၊ ဒါဖြင့် ငါပေးထားတဲ့ ကျောက်မျက်ရှင်လည်ဆွဲ ဘယ်မလဲ ပြစမ်း"

"ကိုကျော်စွာကို ပြန်ပေးလိုက်ပြီ"

"ဟင်... ပြန်ပေးလိုက်ပြီ...ဟုတ်လား၊ ဘာကြောင့်ပြန်ပေးရတာလဲ ပြောစမ်း"

"ကိုယ့်ပစ္စည်း မဟုတ်တာကို ယူမထားချင်လို့ ပြန်ပေးလိုက်တာ အဘွား"

"ဟင်... သစ္စာဖောက်မ"

ဒေါ်မင်းဇာက အရွယ်နှင့် မမျှအောင် လျှင်မြန်စွာဖြင့် မာလာရှေ့သို့ လွှားခနဲ ခုန်ဝင်လာသည်။

"နင် သူတို့ကို ငါတို့ရဲ့အကြောင်းတွေကို ပြောပြခဲ့တယ်မဟုတ်လား"

မာလာက လုံးဝမလှုပ်ပေ။

"ငါတို့ရဲ့ ထမန်းမျိုးနွယ်တွေဟာ သစ္စာဖောက် တစ်ယောက်ကို ဘယ်လိုအပြစ်ပေးတယ်ဆိုတာ နင် အသိဆုံးပဲ





မဟုတ်လား၊ နင့်အဖြစ်က ဝိဇ္ဇာယမင်းသားကိုတွေ့လို့ ဇာတ်တူ ဘီလူးတွေအပေါ်မှာ သစ္စာဖောက်တဲ့ ဘီလူးမ မယ်ဝဏ္ဏာလို ဖြစ်နေပြီ၊ ဒါကို နင်သိရဲ့လား မိမာလာ"

"ကျွန်မဘဝမှာ မကောင်းတာဆိုရင် ဘာမှမလုပ်ချင်ဘူး၊ သေရင်တောင် လိပ်ပြာသန့်သန့်နဲ့ပဲ သေချင်တယ်၊ တမလွန်ဘဝကို ဒီဘဝက အကုသိုလ်တွေ ယူမသွားချင်ဘူး"

"အောင်မယ်... နင့်က စကားတွေ ကြီးကြီးကျယ်ကျယ်တွေ ပြောလို့ပါလား၊ သစ္စာဖောက်မ သေပေတော့ဟာ"

ဒေါ်မင်းဇာက အဆိပ်ထည့်ထားသော ကျားလက်သည်းများဖြင့် မာလာမျက်နှာကို ဖျတ်ရိုက်ချလိုက်သည်။

ထိုအချိန်မှာ နောက်မှ တစ်ယောက်က ဒေါ်မင်းဇာလက်ကို ဖမ်းဆွဲထားလိုက်သည်။

"လွှန်မယ် အစ်မ"

"နင် ဘာလုပ်တာလဲ ထန်ဖုန်း၊ ငါ့လက်ကို အခုလွှတ်စမ်း၊ ဒီသစ္စာဖောက်မကို ငါကိုယ်တိုင် သတ်မယ်"

"အစ်မ မှားမယ်၊ မာလာဟာ အစ်မရဲ့ တစ်ဦးတည်းသော ကျန်တဲ့မျိုးဆက်ပဲ၊ ကျုပ်တို့ရဲ့မျိုးဆက်ကို ဆက်ခံဖို့ သူပဲ ရှိတယ်၊ သူမှားရင်လည်း ပြင်ယူရမှာပေါ့"

ဟု ဦးထန်ဖုန်းက ဖျောင်းဖျပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…"

ဒေါ်မင်းဇာက လက်ကို ဆောင့်ရုန်းလိုက်သည်။

"ဒီလို အမျိုးဂုဏ်ကို ဖျက်ဆီးပစ်မယ့်သူကို ဆက်ထားတော့ရော ဘာအကျိုးရှိလာမှာမို့လဲ"

"သူ မရှိရင် အစ်မ နှစ်ရှည်လများ စုဆောင်းဆည်းပူးခဲ့တဲ့ ပညာတွေ မျိုးဆက်ပြတ်ကုန်မှာပေါ့၊ ကျုပ်တို့က အသက်ကြီးပြီလေ၊ ဒါကိုလည်း ထည့်တွက်ဦးမှပေါ့"

ဒေါ်မင်းဇာ စိတ်ကို ချုပ်တည်းလိုက်ဟန်ဖြင့် မာလာကို ကျောခိုင်းလိုက်သည်။

"ဒီ သစ္စာဖောက်မကို ငါ မမြင်ချင်တော့ဘူး၊ နင် ခေါ်ချင်လည်း ခေါ်သွားပေတော့ ဟန်ဖုန်း"

"ဟုတ်… ဟုတ်ကဲ့"

ဦးထန်ဖုန်းက သမီးဖြစ်သူ မာလာကို ဖျောင်းဖျပြောဆိုကာ အပြင်သို့ ခေါ်သွားလေတော့သည်။

၎င်းနောက် ဒေါ်မင်းဇာက ထမန်းနက်ဂိုဏ်းသားများ ဆောင်ရွက်ရမည့် ကိစ္စများကို အသေးစိတ် ပြောပြပြီး လူစုခွဲလိုက်ကြလေသည်။

သည်ဘက်တွင် ဒေါ်မင်းဇာတို့ အနေနှင့် အစီအစဉ်အသစ်များဖြင့် လှုပ်ရှားနေကြသည်။





ကျော်စွာတို့တစ်တွေမှာလည်း မာလာဆီမှ သတင်းကြားပြီးကတည်းက နယ်ချဲ့များအား ခုခံတွန်းလှန်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြသည်။

မိမိတို့ မိုင်းပွန် တစ်ဝိုက်ရှိ တော်လှန်ရေးတပ်သားများအပြင် ဆွမ်ကိန်း၊ ဟန်လိုင်းလား၊ ဟူးကောင်းဘက်မှ လူများကိုပါ ခေါ်ယူအားဖြည့်သည်။

လက်နက်အင်အားများ ဖြည့်ဆည်းကြသည်။

တိုက်ပွဲဝင်ကြမည့်သူ အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ရန်သူများဝင်လာလျှင် မည်သို့မည်ပုံ တိုက်ခိုက်ကြမည်ကိုပါ ကြိုတင်ပြင်ဆင်ကြသည်။

ထို့ပြင် ဝင်လမ်း ထွက်လမ်းများတွင် ထောင်ချောက်များ၊ ကြောင့်ကျင်းများ၊ မိုင်းများကိုလည်း နေရာမလပ်ချထားသည်။ ရန်သူများလာမည့်လမ်းများမှ ကင်းထောက်များ၊ အစောင့်များကိုလည်း နေရာမလပ် နေ့ရောညဉ့်ပါ ချထားပြီး သတိဖြင့် စောင့်နေကြလေသည်။

အပြင်ဘက်မှာရော အတွင်းဘက်မှာပါ တိုက်ပွဲဝင်ကြမည့်သူများမှာ စိတ်အားထက်သန်လျက် ရှိနေကြသည်။

နှင်းမှုန်ဆမ်းသော ညချမ်းအချိန်တွင် အဝေးဆီမှ ထူးထူးခြားခြား ငှက်အော်သံတစ်ချက် ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်နေရာမှ တစ်နေရာ ဆက်ကာဆက်ကာ ပေါ်ထွက်လာလေသည်။

ရန်သူတွေ ချီတက်လာနေကြပြီ။

စောင့်ဆိုင်းနေသော တပ်သားများမှာ နေရာယူပြီး ကိုယ်ရောင်ဖျောက်လိုက်ကြသည်။

နယ်ချဲ့စစ်သားများမှာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော မိုင်းပွန်ဟော်နန်းကို အပိုင်သိမ်းနိုင်ရန် ချီတက်လာနေကြသည်။ ဟော်နန်းနှင့် မလှမ်းမကမ်း ရောက်သည်နှင့် ထောင်ထားသောမိုင်းများကို နင်းမိသည်နှင့် ပေါက်ကွဲမှုများ ဆက်ကာဆက်ကာ ပေါ်လာတော့သည်။

"ဝုန်း... ဝုန်း... ဝုန်း"

မိုင်းများပေါက်ကွဲမှုကြောင့် အထိနာသွားသော နယ်ချဲ့များ သဲကြီးမဲကြီး ထောင်ချောက်များ၊ ခြောင့်ကျင်းများနှင့် တိုးကြပြန်သည်။

ထိုအခါ အသင့်စောင့်ဆိုင်းနေသော တော်လှန်ရေးတပ်သားများက ဝိုင်းဝန်းတိုက်ခိုက်ကြရာ တိတ်ဆိတ်လျက်ရှိသော ညဦးပိုင်းအချိန်မှာ ရေပွက်သံအလား ဆူညံသွားလေတော့သည်။





နယ်ချဲ့များမှာ သေနတ်ချင်းယှဉ်၍ ပစ်ခတ် တိုက်ခိုက်ရခြင်းထက် အမှောင်ထဲမှ အသံတိတ် ကျည်ဆန်များပမာ ထွက်လာသော အဆိပ်လူးမြားချက်များကြောင့် ပို၍အထိနာကြလေသည်။

အဆိပ်လူးမြားများ၌ တစ်ဆွေ့ခုန်၊ ထိ.သေ အဆိပ်များ သုတ်လူးထားသောကြောင့် သွေးစို့ရုံနှင့် တုံးခနဲလဲကျသွားလေသည်။

ထမန်းနက်ကိုကျားဝင်များက ခြံစည်းရိုးများပေါ်မှ လွှားခနဲ လွှားခနဲ ခုန်ဝင်လာကြသည်။ ထိုအခွင့်ကောင်းကို လက်လွှတ်မခံသော တိုက်ခိုက်ရေးသမားများက မြားများ သေနတ်များဖြင့် စောင့်ဆိုင်းပစ်ခတ်ကြရာ ပျံနေသော လင်းဆွဲများကို ပစ်ချလိုက်သည့်ပမာ မြေပေါ်သို့ တဗုန်းဗုန်း ကျလာတော့သည်။ အမှောင်ထဲမှာ အနီးကပ် တိုက်ခိုက်ကြသောအခါတွင်လည်း အင်အားများသော တော်လှန်ရေးတပ်သားများနှင့် ဘယ်လိုမှ မယှဉ်သာကြပေ။

"ကျော်စွာ... နင့်ကြောင့် ငါ့အစီအစဉ်တွေ ဖျက်ရပြီဟေ့၊ နင့်ကို ငါ မကျေဘူး၊ ငါ့လက်နဲ့ နင့်ကို သတ်ရမှ ကျေနပ်မယ် ကျော်စွာရေ"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံ၊ ဓားလှံ လက်နက်ချင်း ထိခိုက်သံ၊ အော်ဟစ် ကြိမ်းမောင်းသံများကြားမှ ဒေါ်မင်းဇာ၏ အော်ဟစ် ကြိမ်းမောင်းသံကြီးများ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

တစ်ကြိမ်တွင် လူအုပ်ကြားထဲမှ လွှားခနဲ ခုန်ထွက်လာသော မည်းမည်းသဏ္ဌာန်တစ်ခုသည် သခင်မလေး စောနန္ဒာအဆောင်ရှိရာဘက်သို့ ကူးသွားလေသည်။

အဆောင်တွင်းသို့ ရောက်သောအခါ တစ်နေရာတွင် ရပ်နေသော စောနန္ဒာကို လှမ်းမြင်သည်နှင့်...

"နင်လား... ဟော်နန်းရဲ့မျိုးဆက် သခင်မ၊ ငါရှိနေလျက်နဲ့တော့ နင် ဒီနေရာကို ဘယ်လိုမှ မရနိုင်စေရဘူးဟေ့၊ သေပေတော့"

ဟုဆိုကာ ကျားလက်သည်းများကို ရှေ့ထုတ်ပြီး လွှားခနဲ ခုန်ဝင်လာသည်။ ကျော်စွာက လွတ်အောင် ရှောင်လိုက်ရင်း...

"နန္ဒာ... လွတ်အောင် ရှောင်နေ"

ဟု သတိပေးလိုက်သည်။

ထို့နောက် ရန်မျိုးအောင်ဓားကို ထုတ်ပြီး ပြန်လည်တိုက်ခိုက်လေသည်။ ဒေါ်မင်းဇာက အရွယ်နှင့် မလျော်အောင် လျင်မြန်သွက်လက်စွာဖြင့် ကျားလက်သည်း နှစ်ဖက်ကို





အသုံးပြုကာ တရမန်းကြမ်း တိုက်ခိုက်သဖြင့် ကျော်စွာမှာ သတိဖြင့် ရှောင်ပေးနေရသည်။

တစ်ကြိမ်တွင် အပြင်မှ လှံရှည်တစ်ချောင်း ပြေးဝင်လာရာ ဒေါ်မင်းဇာက လွတ်အောင် ခုန်ရှောင်လိုက်သည်နှင့် နောက်ထပ် ဝင်လာသော မြားတစ်စင်းက ကျောကို ဝင်စိုက်သွားသည်။

"ဒုတ်"

"အား"

ဒေါ်မင်းဇာ ကြမ်းပေါ် ပစ်ကျသွားသည်။

ပြန်မထနိုင်ခင်မှာ အပြင်မှဝင်လာသော စိုင်းနော်က ဓားဖြင့်ခုတ်ရန် ပြေးလာသည်။

"မလုပ်နဲ့ စိုင်းနော်"

ကျော်စွာက ဟန့်လိုက်သဖြင့် စိုင်းနော်က နေရာတွင် တန့်သွားသည်။ ထိုအချိန်မှာ အပြင်မှ မောင်ရှိန်းနှင့် ငမဲလုံး တို့လည်း ဝင်လာကြသည်။

စောစောက လှံဖြင့်ထိုးသူမှာ မောင်ရှိန်း ဖြစ်ပြီး မြားနှင့် ပစ်သူမှာ ငမဲလုံး ဖြစ်တော့သည်။

ငမဲလုံး၏မြားတွင် ထိ့သေ အဆိပ်များ သုတ်ထားသောကြောင့် ဒေါ်မင်းဇာ ဘယ်လိုမှ မလှုပ်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ... ကျော်စွာ... နင့်ကို ငါ မကျေဘူး၊ ငါမကျေဘူး၊ ဘယ်တော့မှ မကျေဘူး"

ဟု ဆိုကာ ငြိမ်သက်သွားတော့သည်။

"အဘွားကြီး အသက်အရွယ်နဲ့ မလိုက်ဘူး၊ အတော်မြန်တယ်၊ အပြင်မှာ တို့လူအတော်များများကို တိုက်ခိုက်ပြီး ဒီအထဲကို ဝင်လာတာ၊ ဒီအထဲမှာ ကိုကျော်စွာ ရှိနေလို့သာပေါ့၊ မဟုတ်ရင် မလွယ်ဘူး"

ဟု မောင်ရှိန်းက ပြောသည်။

"ဟုတ်တယ်၊ အာဃာတလည်း ကြီးတယ်၊ သခင်မလေး စောနန္ဒာနဲ့ ကိုကျော်စွာကို အငြိုး အတော်ထားပုံရတယ်၊ အခုတော့ သူ့ရဲ့အာဃာတ တရားက သူ့ကိုပြန်ပြီး ဇာတ်သိမ်းပေးလိုက်ပြီပေါ့"

ငမဲလုံးကလည်း ပြောပြသည်။

"ဒါထက် အပြင်က အခြေအနေတွေရော ဘယ်လိုရှိသလဲ"

"ကောင်းပါတယ် ကိုကျော်စွာ၊ ထမန်းနက်ဂိုဏ်းသားတွေရော နယ်ချဲ့စစ်သားတွေ အတော်များများကို ချေမှုန်းပစ်နိုင်ကြတယ်၊ အခု သူတို့ ဆုတ်သွားကြပါပြီ"





ကျော်စွာတို့ အပြင်ထွက်လာတော့ ပတ်ဝန်းကျင်တစ်ဝိုက် ရောင်နီများသမ်းကာ အလင်းရောင်များ ထွန်းလင်းစပြုနေပေပြီ။

အောင်ပွဲခံလိုက်သော တော်လှန်ရေးသမားတို့၏ ပုံရိပ်များကို အားတက်ဖွယ်ရာ မြင်တွေ့ရသည်။

တစ်နေရာတွင်တော့ ဖခင်ဖြစ်သူ ဦးထန်ဖုန်း အလောင်းအနီးတွင် တရှုတ်ရှုတ် ငိုနေသော မာလာအား စိတ်မချမ်းမြေ့ဖွယ်ရာ လှမ်းမြင်ရသဖြင့် ကျော်စွာက အနီးသို့သွားကာ နှစ်သိမ့်မှု ပေးရလေသည်။

"အစ်ကို... အစ်ကို... အခု မာလာ့ဘဝမှာ အားကိုးစရာ အဘလည်း မရှိတော့ဘူး၊ အဘွားလည်း မရှိတော့ဘူး"

"စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ မာလာ၊ ပြီးတာတွေလည်း ပြီးသွားပါပြီ၊ မာလာ့ဘဝအတွက် နှမလေးတစ်ယောက်လို တစ်သက်လုံး စောင့်ရှောက်ပေးသွားပါ့မယ်"

"နေပါစေတော့ အစ်ကိုရယ်၊ မာလာအတွက်နဲ့ အပူမရှာပါနဲ့တော့၊ မာလာထိုက်နဲ့ မာလာကံပဲ ရှိပါစေတော့၊ ဒီလောက် ရှုပ်ထွေးလှတဲ့ လူ့ဘောင်လောကမှာလည်း မာလာ မနေချင်တော့ပါဘူး၊ ဒါကြောင့် ထမန်းဂူကို ပြန်ပြီး တရားအားထုတ်ရင်းနဲ့ပဲ မာလာ့ဘဝကို မြှုပ်နှံဖို့ ဆုံးဖြတ်လိုက်ပါပြီ".



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

မာလာ့ထံမှ ထိုစကား ကြားရသောအခါ ကျော်စွာတို့မှာ များစွာ အံ့သြသွားကြလေသည်။

"ဟုတ်ပါတယ်၊ တရားအားထုတ်ရင်းနဲ့ပဲ မာလာ့ဘဝကို အရှိုးထုတ်ပါတော့မယ်၊ အစ်ကိုတို့ရဲ့ဘဝ ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေလို့ မာလာ ဆုတောင်းပေးခဲ့ပါတယ်၊

မာလာ သွားတော့မယ် အစ်ကို..."

ဟုဆိုကာ အရဏ်ဦး အလင်းရောင်များ သမ်းစ,ပြုနေသော အရှေ့ဘက် တောင်တန်းများဘက်ဆီသို့ တရွေ့ရွေ့ ထွက်သွားလေတော့သည်။

ကျော်စွာနှင့် စောနန္ဒာတို့မှာ နှင်းမှုန်ကြားထဲမှာ တရွေ့ရွေ့ ဝေးကွာ ပျောက်ကွယ်သွားသော မာလာ၏ ပုံရိပ်ကို လှမ်းကြည့်ရင်း စိတ်မကောင်း ဖြစ်ရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ကြတော့ပါပေ။

လူ့ဘဝဟူသည် မြစ်ကဲ့သို့ ကွေ့ကောက်မှု များလှပေသည်။





## အခန်း (၂၄)

## မေတ္တာဒဏ်သင့်သူနှင့် မေတ္တာဆုံသောပွဲ

အခြေအနေများ အားလုံး ပြီးစီးသွားသောအခါ ဆွမ်ကိန်းရွာမှ ဦးလဖော်တို့ရော စောနန္ဒာတို့၏ ဆွေတော်မျိုးတော်များဖြစ်သော စော်ဘွားအချို့ ရောက်လာကြသည်။

၎င်းတို့တစ်တွေ ကျော်စွာနှင့် စောနန္ဒာတို့ နှစ်ဦးကို လက်ဆက်ပေးရန် စီစဉ်ကြသည်။

လက်မထပ်မီ တစ်ရက်တွင် စောနန္ဒာက ကျော်စွာကို မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ လူကြီးတွေကတော့ ကျွန်မတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်၊ ကိုကျော်စွာရဲ့ ဆန္ဒ ဘယ်လိုရှိသလဲဆိုတာ သိပါရစေ"

"ကျွန်တော့်ဘဝနဲ့ စောနန္ဒာရဲ့ဘဝ အခြေအနေက မိုးနဲ့မြေလို ကွာခြားလှပါတယ်၊ ကျွန်တော့်အနေနဲ့ အိပ်မက်တစ်ခုလိုပဲ ထင်မိပါတယ်"

"ကျွန်မတို့အဖြစ်က တာဝန်တစ်ခုအနေနဲ့ လက်ထပ်တာမျိုးများ ဖြစ်နေမလားလို့ ကျွန်မ တွေးနေမိတယ်"

"တစ်ခါတစ်ရံမှာတော့ လောကကြီးရဲ့ အပြောင်းအလဲ မြန်ဆန်တဲ့ ဖြစ်ရပ်တွေဟာ သိပ်ပြီး အံ့သြဖို့ကောင်းလှတယ်၊ ကျွန်တော့်အနေနဲ့ စောနန္ဒာလို တော်ဝင် အမျိုးသမီး တစ်ယောက်နဲ့ အခုလို လက်ထပ်ရဖို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး၊ ဒါဟာ မျှော်လင့်ရမယ့် ကိစ္စမျိုးတွေလည်း မဟုတ်ပါဘူး။ ဒါပေမယ့် အခု ဒီဟာတွေဟာ တကယ်ပဲဖြစ်လာတော့ အံ့သြမိတာတော့ အမှန်ပါပဲ၊ ဒီအတွက် အံ့သြဝမ်းသာမှုလည်း ဖြစ်ရတယ်၊ စောနန္ဒာကိုလည်း အားနာ နေမိတယ်"

"ဘာကြောင့်လဲဟင်"

"ကျွန်တော့်ကို မလွှဲမရှောင်သာ လက်ထပ်ရတာမျိုး ဖြစ်နေမှာ စိုးလို့ပါ"





စောနန္ဒာ၏ လှပသော မျက်နှာလေးပေါ်မှာ အပြုံးရိပ်ကလေးများ ယှက်သမ်းသွားလေသည်။

"ကျွန်မ အမြင်မှာတော့ တစ်ဦးနဲ့တစ်ဦး လက်တွဲပြီး ဘဝတစ်သက်တာ ခရီးကို ဖြတ်ကြဖို့ ရည်ရွယ်ပြီးရင် ဂုဏ်ပကာသနတွေ၊ အဆင့်အတန်းတွေ ဘာမှ မလိုအပ်ဘူး ထင်ပါတယ်၊ တကယ် အရေးကြီးဆုံးက စစ်မှန်တဲ့ မေတ္တာ၊ နိုင်မာတဲ့ သစ္စာတရားနဲ့ အခြေခံတဲ့ တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်မှုတွေပဲ အရေးကြီးဆုံးလို့ ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်အနေကလည်း စောနန္ဒာကို ပေးနိုင်စရာဆိုလို့ မေတ္တာတရားပဲ ရှိပါတယ်၊ ကျွန်တော့်မှာ တိုင်းပြည်အတွက် ဓားတစ်လက်ရှိသလို ချစ်သူအတွက် မေတ္တာတရား ရှိပါတယ်၊ ကျွန်တော့်ရဲ့ မေတ္တာကို စောနန္ဒာအတွက် ပေးပါရစေ... လက်ခံပါနော်"

"ကိုကျော်စွာရယ်... မကြာခင်မှာပဲ လက်ထပ်ရတော့မယ့်သူချင်း အခုမှ မေတ္တာစကား ပြောတယ်ဆိုတော့ မလွန်ဘူးလား၊ ကိုကျော်စွာ အနေနဲ့ကရော ကျွန်မကို တကယ့်မေတ္တာစစ်နဲ့ ချစ်နိုင်ပါ့မလား"

"သစ္စာရှိတဲ့လူ... မေတ္တာတရားအား တန်ဖိုးထားတဲ့ လူတစ်ယောက်ကို တကယ်မေတ္တာ မရှိဘဲနဲ့တော့ အမျိုးသမီး တစ်ယောက်ကို လက်ထပ်ဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာက ခါးရေးကောင်းသလို စကားပြောလည်း အတော်ကောင်းတာပဲ၊ ကိုကျော်စွာ့ဆီက ဒီစကားမျိုး ကြားရတာ ကျွန်မဖြင့် ကျေနပ်ပျော်ရွှင်မိပါတယ်၊ အမျိုးသမီး တစ်ယောက်ရဲ့ဘဝမှာ ဂုဏ် ပကာသန အသိုက်အဝန်းတွေ ဘယ်လောက်ပဲရှိနေပါစေ အရေးကြီးဆုံးက ကိုယ့်အပေါ် နားလည်မှုနဲ့ ဘဝတစ်သက်တာ လက်တွဲသွားမယ့် ချစ်သူပါပဲ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ နန္ဒာ၊ ကိုယ် မင်းကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ လက်တွဲသွားပါမယ်လို့ ချစ်တဲ့စိတ်နဲ့ ကတိပေးပါတယ်"

"နန္ဒာ ဝမ်းသာလိုက်တာ မောင်ရယ်..."

စောနန္ဒာမှာ ကျော်စွာ့ထံမှ ထိုစကားမျိုး ကြားရသော အခါ ကြည်နူးမှုများကြောင့် မျက်ရည်ကလေးများ လည်လာသည် အထိပင်...။

ကျော်စွာက ရဲတနာရှစ်ပါးနှင့် ပြည့်စုံသွားပြီဖြစ်သော ကျောက်မျက်ရှင်လည်ဆွဲကို စောနန္ဒာ၏ လည်တွင် သူကိုယ်တိုင် ဆွဲပေးလိုက်သည်။

ကျော်စွာနှင့် စောနန္ဒာတို့ မင်္ဂလာပွဲသို့ ဟန်လိုင်းလားရှာမှ ထူးခြားသော ဧည့်သည်တစ်ဦး ရောက်လာလေသည်။





အခြားသူ မဟုတ်ပေ... နန်းသူဇာပင် ဖြစ်တော့သည်။

နန်းသူဇာမှာ ယခင်ကလို မဟုတ်တော့ဘဲ အသွင်အပြင်ရော အမူအရာပါ ပြောင်းလဲလာပြီး တည်တည်ငြိမ်ငြိမ်ကလေး ဖြစ်နေလေသည်။

ကျော်စွာက နန်းသူဇာကို မြင်သောအခါ လွန်စွာအံ့သြနေမိလေသည်။ နန်းသူဇာက ကျော်စွာနှင့် စောနန္ဒာတို့အား တည်ငြိမ် အေးဆေးသော အပြုံးနှင့် နှုတ်ဆက်လေသည်။

"ကိုကျော်စွာဘဝအတွက် အခုလိုမြင်ရတာ ကျွန်မ ကျေနပ်မိပါတယ်၊ ဘဝဆိုတာ ဆန်းကြယ်သလို ဖူးစာဆိုတာ ကလည်း ကိုယ်လိုချင်သလို ဖွတ်ဖန်တီးလို့ မရပါဘူး၊ မေတ္တာတရားကို စော်ကားမိသူဟာ ဘဝတစ်သက်တာမှာ စစ်မှန်တဲ့ မေတ္တာတရားနဲ့ ဘယ်တော့မှ မဆုံတော့ဘူးဆိုတာ ကိုလည်း ကျွန်မ ယုံကြည်သွားပါပြီ...

တကယ်တော့ ကိုကျော်စွာရယ်...

နောင်တ,ဆိုတာကလည်း နောင်မှရတာမျိုးမဟုတ်လား၊ မေတ္တာတရားရဲ့ ဒဏ်ခတ်ခြင်းကို ခံရတဲ့သူအတွက် နောင်တ,ဆိုတဲ့ ဆုလာဘ်ကလွဲလို့ အခြားဘာနဲ့မှ မထိုက်တန်ပါဘူး၊

မေတ္တာတရားကို ဥပေက္ခာပြုမိလို့ တစ်သက်လုံး စစ်မှန်တဲ့ မေတ္တာတရားနဲ့ ပြန်မတွေ့နိုင်တော့တဲ့ ကျွန်မက စစ်မှန်တဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖူးစာဖက်နဲ့ ဆုံစည်းခွင့်ရတဲ့ ကိုကျော်စွာနဲ့ သခင်မလေး စောနန္ဒာတို့ နှစ်ဦးရဲ့ဘဝ သာယာ ချမ်းမြေ့ပါစေလို့ ဆုတောင်း ပေးခဲ့ပါတယ်"

ကျော်စွာနှင့် စောနန္ဒာတို့နှစ်ဦးမှာ မေတ္တာရဲ့ ဒဏ်ခတ်ခြင်းကို ခံရရှာသော နန်းသူဇာအတွက် ဘယ်လိုမှ မတတ်နိုင်ကြတော့ပြီမို့ စိတ်မကောင်းစွာဖြင့် သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

"မင်းဘဝအတွက် စစ်မှန်တဲ့ မေတ္တာတရားနဲ့ အနားမှာ ဖေးမ လက်တွဲပေးနိုင်မယ့် ချစ်သူတစ်ယောက်နဲ့ တွေ့နိုင်ပါစေလို့ ကိုယ် ဆုတောင်းလိုက်ပါတယ် နန်းသူဇာရယ်..."

ကျော်စွာ ရင်တွင်းမှ ပဲ့တင်သံများနှင့်အတူ ကျွန်ုပ် ရေးသားသော မဟူရာရန်စွယ် အမည်ရှိ ဂမ္ဘီရဆန်းကြယ် မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံး သတ်ပြီ ဖြစ်ပေတော့သတည်း။ ။

**အနိစ္စာ ဟောတု၊ သုခီအတ္တာနံ ပရိဟာရတု။**

(တြိစက္က)

***စာပြီးချိန်*** *– (၁၁)ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၀၄–ခုနှစ်၊*
*ဗုဒ္ဓဟူးနေ့၊ နံနက် (၃း၁၅)နာရီ*

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com